www.burmeseclassic.com

ပျိုး

ကလောင်ခွဲ

ဝ

သျှိုး

# ချစ်ခြင်းဖြင့်ဖွဲ့သီသော




DESIGN THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။

အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင် ရှိရေး။

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။

အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

BURMESE CLASSIC .com

# သုမြိုး

## ချစ်ခြင်းဖြင့်ဖွဲ့သီသော

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၆၂၀၃၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၈၅၀၄၁၁

ထုတ်ဝေသူ

ဒေါ်မြင့်မြင့်ရီ (ယ-၁၃၅၈) (ဖျူးစာပေ)

အမှတ် (၅၁)၊ အခန်း (၃၀၁)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးကျော်ရင် (မြ-၀၅၄၁၇) (ရွှေခြင်္သေ့ပုံနှိပ်တိုက်)

အမှတ် (၂၂၅)၊ (၃၂) လမ်း (အထက်)၊

ပန်းဘဲတန်း၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ

သိန်းရွှေကြည်

ပုံနှိပ်ခြင်း

ပထမအကြိမ်၊

၂၀၁၁ ခုနှစ်၊ ဇူလိုင်လ

တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀

ဖြန့်ချိရေး

စိုးမိုးစာပေ

ဖုန်း - ၀၁- ၂၉၀၉၉၅

၈၉၅ ● ၈၃

သျှီး

ချစ်ခြင်းဖြင့်ဖွဲ့သီသော / သျှီး ။ - ရန်ကုန်၊

ဖျူးစာပေ ၊ ၂၀၁၁ ။

၂၈၈ - စာ ၊ ၁၈ X ၁၂ စင်တီ။

(၁) ချစ်ခြင်းဖြင့်ဖွဲ့သီသော

BURMESE CLASSIC .com

## အခန်း ( ၁ )

မြင်တွေ့နေရသည့် အခြေအနေက မလှပတာတော့ သေချာနေသည်။

ဝေယံကိုက သူမန့်ဘေးထိုင်ခုံမှာ ခန္ဓာကိုယ်လေးကိုင်းညွတ်ပြီး ရှိရှိလေးထိုင်ကာ တတွတ်တွတ် ပြောနေ၏။ ဒါပေမဲ့ ကဥ္စနာဆိုသည့် မိန်းကလေးက အစားအသောက်မပျက် ထိုင်စားနေသည်။

စားပွဲဝိုင်းက အတော်အလှမ်းဝေးပြီး ဆောင်းဘောက်စ်ကဖွင့်ထားသော သီချင်းသံကလည်း ဆိုင်ထဲမှာ အုပ်မိုးထားတာမို့ ဘာတွေပြောဆိုနေကြသည်ကို မကြားရပါ။ ဒါပေမဲ့ သေချာသည်က ဝေယံတစ်ယောက် ရင်ထဲက ခံစားချက်တွေကို ခယယ ရင်ဖွင့်ပြောနေမှာပဲ ဖြစ်၏။

ဝေယံ့အခြေအနေကို စောင့်ကြည့်နေကြသော သူရော ရှေ့



www.burmeseclassic.com

www.burmeseclassic.com



ပါ မျက်ခုံးတွေကို အလိုမကျစွာ တွန့်ကုပ်ထားမိကြတာ သေချာသည်။

ဝေယံ့ပုံစံက ခခယယနှင့် အောက်ကျို့နေပေမယ့် ကဥ္စနာ ဆိုသည့် မိန်းမက အလေးမထား ဂရုမစိုက် မာန်အပြည့်နှင့် ရှိနေ၏။

ဘေးစောင်းမြင်နေရသော မျက်နှာလေးက လှတာတော့ လှပါသည်။ ပခုံးသာသာပဲရှိသော ဆံပင်လေးတွေက နီညိုရောင် ဆိုးထား၏။ ဝင်းမွတ်နေသော မျက်နှာလေးမှာ နှာတံလေးက သိပ် ချွန်မြနေတာမဟုတ်ဘဲ ပေါ်လွင်သည်။

ဇွန်းနှင့်ခက်ရင်းကို ကိုင်ထားသော လက်ချောင်းလေးတွေမှာ အနက်ရောင်လက်သည်းဆိုးဆေးကို ဒီဇိုင်းလှလှလေး အလင်းဖောက်ဆိုးထားသေးသည်။ နံဘေးမှာရှိနေသော ဝေယံကို တစ်ချက်လေးမကြည့်ဘဲ စားသောက်နေပုံက အာရုံမရှိ ဥပေက္ခာပြုထားသည့် သဘော။

"တွေ့တယ်မဟုတ်လား မျိုးရိုး၊ ဒီကောင်ကသာ အသည်းအသန် ကြွေနေတာ၊ ဟိုက တစ်ချက်လေးတောင် အလေးမထားဘူး"

ဂျေမီ မခံနိုင်သလို သူ့ကိုပြောသည်။ သူ ခေါင်းမညိတ် ခေါင်းမခါမိဘဲ ဆက်ပြီး အကဲခတ်နေမိသည်။

တော်တော်မာနကြီးသည့် မိန်းမထင်ရဲ့။ အလှမာန်တက်နေခဲ့တာလား မသိ။ လှတာတော့ လှသည်။ သူကြည့်နေတုန်းမှာ လက်ထဲမှာ ကိုင်ထားသော ဇွန်းနှင့်ခက်ရင်းကို ပန်းကန်ထဲ ဆောင့်ဆောင့်လေး လွှတ်ချသည်။ လက်ခနဲ အလင်းရောင်ဖြာသွားသော စိန်လက်စွပ်နှင့်





ဟန်းချိန်းက စိန်ပွင့်လေးတွေကို သတိထားမိသည်။

"ရှင် နှောင့်ယှက်တာ လွန်နေပြီနော်၊ စားသောက်နေတာကို ခိုတစ်ကောင်လိုပဲ လာညည်းနေတာ တော်လောက်ပြီ"

ဘောက်စ်ထဲက ဖွင့်ထားသောသီချင်း ရပ်သွားချိန်နှင့် သူမ ခပ်ရှုးရှုးလေးအော်ငေါက်သံက တိုက်ဆိုင်သွားတာမို့ ဆိုင်ထဲကလူအားလုံး မျက်ဝန်းတွေ လှမ်းကြည့်ကြသည်။

"ကဥ္စနာရယ် တို့ကို စိတ်မဆိုးပါနဲ့"

ဝေယံ၏ မျက်နှာငယ်လေးနှင့် တောင်းပန်ခယသံလေးကိုလည်း သူကြားသည်။ ဘောက်စ်ထဲက သီချင်းသံပြန်ထွက်လာတာမို့ ဝေယံတို့ဝိုင်းက စကားသံတွေကို ဆက်ကြားခွင့်မရတော့ပါ။

ဒါပေမဲ့ –

စောစောက ထွက်လာသောအသံနှင့် ဝေယံတို့နှစ်ယောက်ရဲ့ ပစ္စက္ခအခြေအနေတွေကြောင့် ဝိုင်းအတော်များများက အကဲခတ်ကြည့်နေကြ၏။

ဝေယံ့ကိုယ်စား သူ ထူပူရှက်သွားတာလည်း အမှန်။

"ကျွတ်စ် တကယ်အောက်တယ်ကွာ၊ ဒီကောင် ဒီလောက်ထိတောင် ယောက်ျားမာန မရှိတော့ဘူးလား"

သူ မမျိုသိပ်နိုင်တော့ဘဲ ဝေဖန်အပြစ်တင်စကားဆိုတော့ ဂျေမီက ပခုံးတွန့် မျက်နှာမဲ့ချပစ်ရင်း –

"မင်းမြင်တဲ့အတိုင်းပဲလေ၊ ကဥ္စနာမှ ကဥ္စနာ ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ကောင်၊ ကျောင်းဝန်းထဲမှာ မိန်းမဆိုလို့ ဒီတစ်ယောက်ပဲရှိတယ် ထင်နေသလား မသိဘူးကွာ''

ဂျေမီကလည်း ဝေယံ့အခြေအနေကို လက်မခံမကြည်ဖြူသူမို့ မကျေမနပ် ဝေဖန်သည်။ ဂျေမီအတွက်ကတော့ ဒီအဖြစ် ဒီမြင်ကွင်းတွေက ရိုးနေလောက်ပြီ။ သူ့မှာသာ ပထမဆုံး မြင်သိကြားလိုက်ရတာမို့ ဝေယံ့အစား ခံရခက်နေ၏။

သူ ဆက်ကြည့်နေတုန်းမှာ ကဋ္ဌနာ ထရပ်လိုက်တာ မြင်သည်။ ဝေယံဆိုသည့်ကောင်လည်း သုတ်ခနဲ ထရပ်ကာ ကဋ္ဌနာရဲ့ ဝက်ဝံရုပ်ကျောပိုးအိတ်လေးကို မဝံ့မရဲ လှမ်းဆွဲထားသည်။

ဘယ်လိုမှမထင်မှတ်သော တုံ့ပြန်မှုကို ကဋ္ဌနာတုံ့ပြန်သည်။ လှမ်းလာသော ဝေယံလက်တွေကို ဖြတ်ရိုက်တွန်းထိုးပစ်တာမို့ ဝေယံ ဟန်ချက်ပျက်ကာ စားပွဲပေါ် လက်ထောက်ကျသွားသည်။

''ခွမ်း ခလွမ်း''

စားပွဲပေါ်က ကဋ္ဌနာ စားလက်စ ဆီချက်ပန်းကန် ကျကွဲသွားသလို ဟင်းချိုပန်းကန်ပေါ် လက်ထောက်မိသော ဝေယံ့လက်တွေလည်း ပေကျံကုန်သည်။

''မျိုးရိုး''

သူ ဆတ်ခနဲ ထရပ်လိုက်တာကို ဂျေမီက ဖျတ်ခနဲ လှမ်းဆွဲကာတားသည်။

''တော်တော်ဆိုးတဲ့ မိန်းမကွာ၊ တောက်''





သူ့အသံက လိုတာထက် ပိုကျယ်သွားတာမို့ ကဋ္ဌနာ ခေါင်းလေး ချာခနဲ လှည့်ကြည့်သည်။ နီညိုရောင်ဆံနွယ်တွေ ဝဲခနဲလွင့်ကာ စူးလက်သော မျက်ဝန်းတွေက နားမှာပန်ထားသော စိန်ပွင့်ဆွဲသီးလေးကို တောက်ပနေ၏။

သူ့မျက်ဝန်းတွေကလည်း ဝေယံအတွက် ဒေါသမခံချင်စိတ်တွေနှင့် စူးရှနေမှာပဲ ဖြစ်သည်။ မျက်ဝန်းနှစ်စုံ ရင်ဆိုင်အားပြိုင်မိကြတာ စက္ကန့်ပေါင်းများစွာ ကြာသည်။

ကဋ္ဌနာကပဲ အရင်ဆုံး မျက်နှာလွှဲသွားခဲ့ကာ ဆိုင်ထဲက ကျောခိုင်းထွက်သွား၏။ အနီရဲရဲဝတ်စုံလေးနှင့် ကြော့ရှင်းသော ကောက်ကြောင်းတွေက သူ့ကို ရင်မခုန်စေပါ။

ဂူချီအနက်ရောင် ဒေါက်ဖိနပ်လေးပေါ်က ခြေဖမိုးလေးမှာ ပလက်တီနမ်ဖုဒ်ချိန်းလေးကိုတော့ သတိထားမိလိုက်သည်။

''အစ်ကို ကွဲသွားတဲ့ ပန်းကန်အတွက်က ဟို''

''ရတယ် ညီလေး၊ ကျတဲ့တန်ဖိုး အစ်ကိုတို့ဝိုင်းနဲ့ ပေါင်းရှင်းပေးမယ်ကွာ''

စားပွဲထိုးချာတိတ်လေးကို စိတ်ပျက်အားငယ်သံလေးနှင့် ပြန်ပြောနေသော ဝေယံကိုကြည့်ကာ သူ ထိုင်ခုံမှာ စိတ်ပျက်စွာထိုင်လိုက်မိ၏။ ဝေယံကတော့ သူတို့ဝိုင်းကို မျက်နှာငယ်လေးနှင့် ပြန်လာသည်။

''ကဋ္ဌနာ တကယ်ရက်စက်တယ်ကွာ''

''ဟော့ကောင် တော်တော့ကွာ၊ မင်း အဲဒီလောက်အထိ



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားမာနကင်းမဲ့တာ မဟုတ်သေးဘူး''

မပြေနိုင်သောဒေါသတွေနှင့် ဝေယံကို သူဟောက်ပစ်လိုက်သည်။ ဝေယံ မျက်နှာလေး ပိုသိမ်ငယ်သွားရင်း စားပွဲပေါ်ရှိ ဘူးထဲက တစ်သျှူးတွေ ဆွဲထုတ်ကာ လက်မှာပေကျံနေသည့် ဟင်းချိုရည်တွေကို သုတ်နေ၏။

''မင်း လက်တွေ့မြင်မှ ယုံသွားပြီမဟုတ်လား မျိုးရိုး၊ ကဋ္ဌနာနဲ့ ပတ်သက်ရင် ဒီကောင် အဲဒီလောက်အထိ ဦးကျိုးတာ''

ဂျေမီကပြောတော့ ဝေယံ ပင့်သက်မောကြီးကို လေးပင့်စွာ ရှိုက်ရင်း –

''ငါ ကဋ္ဌနာကို တကယ်ချစ်လို့ပါကွာ''

''ဟ ချစ်တာနဲ့ပဲ မင်းမာနတွေ သိက္ခာတွေ ပေးဆပ်ရမလား။ ဂျေမီပြောတုန်းက ငါမယုံဘူး။ လက်တွေ့မှ ယုံတော့တယ်၊ ဒီလောက်မာနခေါင်းစိုက်နေတဲ့ မိန်းမကွာ၊ ခေါင်းထဲက ထုတ်ပစ်လိုက်စမ်းပါ''

သူ ဖွတ်ဖိဟောက်တော့ ဝေယံ မျက်နှာလေးညှိုးကာ ခေါင်းငုံ့သွားသည်။ ဂျေမီက ဒါကိုပဲ အားမလိုအားမရဖြစ်ကာ ခေါင်းခါသည်။

''မင်း မပြောနဲ့ သိကြားမင်းဆင်းတားရင်တောင် မရနိုင်ဘူး။ စကာန်းရီးယားကတည်းက ကြောင်လာတာ၊ တတိယနှစ်ကုန်တော့မယ်ဟိုကလည်း လူပုံအလယ် မရှောင် သူ့ကိုနှိပ်ကွပ်တာ၊ ဒါလည်း ခေါင်းငုံ့ခံနေတာ''

မကျေနပ်ချက်တွေကို ဂျေမီက ဖော်ထုတ်လေလေ ဝေယံ





မျက်နှာလေး ပိုငယ်သွားကာ ခေါင်းကြီးငုံ့သွားသည်။ သူကတော့ ဝေယံ့ကိုကြည့်ကာ သနားမိသလို ကဋ္ဌနာနဲ့ ဖြစ်ပျက်ခဲ့တာကိုလည်း ဒေါသထွက်မဆုံး။

''ဂျေမီပြောတာ မှန်တယ် ဝေယံ၊ မင်းလုပ်ပုံက တကယ်သိက္ခာမဲ့တယ်၊ အဲဒီမိန်းမကို မေ့ပစ်လိုက်ကွာ၊ သူ့ထက်သာတာ အပုံကြီးပါ၊ မင်းလုပ်ပုံက သူငယ်ချင်းတွေပါ သိက္ခာကျတယ်၊ စောစောက ငါတောင် ထောင်းခနဲ ဒေါသထွက်သွားတယ်၊ ယောက်ျားချင်းသာဆို ပွဲကပြီးနေပြီ''

သူ့စိတ်ကိုသိသော ဝေယံ ခေါင်းကြီးငုံ့ကာ ဘာမှ မတုံ့ပြန်ဘဲ ငြိမ်နေသည်။ စတီတ်ကျောင်းမှာကတည်းက တတွဲတွဲ ပေါင်းသင်းခဲ့ကြသော သုံးယောက်။ တက္ကသိုလ်ရောက်တော့ အတွဲပျက်ကုန်သည်။

သူက ဆေးအမှတ်မီကာ ဆေးတက္ကသိုလ် တက်ခွင့်ရခဲ့ကာ ဂျေမီနှင့်ဝေယံက မော်ဂျာတူ အတန်းတူ ဒီစီးပွားရေးတက္ကသိုလ်ကို တက်ဖြစ်သွားခဲ့သည်။

ကျောင်းမတူပေမယ့် သူတို့သံယောဇဉ်တွေက ပိုင်းပြတ်မသွားခဲ့ကြပါ။ ကျောင်းပိတ်ရက်တွေတိုင်း ဆုံတွေ့ဖြစ်ကြသည်။ ညီအစ်ကိုရင်းချာပမာ ရှိကြစမြဲ။ သည်ဂိုဆုံရင်း ဝေယံ့အကြောင်းကို ဂျေမီပြောပြတာ ဖြစ်သည်။

''ဟော့ကောင် မျိုးရိုး၊ ဝေယံ့ကိုကြည့်ပြောဦး၊ ကဋ္ဌနာဆို



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတစ်ယောက်ကို အရူးအမူးဖြစ်နေတာကွ"

ကဗ္ဗနာရဲ့အကြောင်းတွေ ဂျေမီပြောပြသလို ဝေယံရဲ့ သိက္ခာမဲ့ အောက်ကျို့နေသည့်အကြောင်းတွေ သူကြားရတော့ တမင်မဆုံဆုံအောင် စာသင်ချိန်တွေ ဖျက်ပြီးလာခဲ့ရတာဖြစ်သည်။

အခုတော့ မျက်မြင်ကိုယ်တွေ့မို့ ဒေါသတွေ ထွက်ရသည်။ ယတိပြတ်အမိန့်ပေးကာ ဝေယံကို တားမြစ်မိသည်။

သူ့ရှေ့မှာမို့ ဝေယံ ငြိမ်သက်ခေါင်းငုံ့နေတာလား မသိ။ သူကတော့ ဒီမိန်းမရဲ့မာနအဆိပ်တွေကို မြင်ကတည်းက ချဉ်သွားခဲ့ပြီမို့။

"ကဲ ငါလစ်မယ်ကွာ၊ ဝေယံ မင်း ငါပြောတာမမေ့နဲ့နော်၊ အရေးမပါပါဘူးကွာ၊ ခေါင်းထဲက နှင်ထုတ်ပစ်လိုက်"

စေတနာစိတ်နှင့် အကြံပေးမိသည်။ ခေါင်းမညိတ် ခေါင်းမခါ တွေဝေနေသော ဝေယံကိုတော့ သိပ်အားမရလှပါ။ ဂျေမီကတော့ တိတ်ဆိတ်နေဆဲ။

ဝေယံ သဘောပေါက်မယ်လို့တော့ထင်သည်။ ကလေးတွေမှ မဟုတ်တဲ့ တက္ကသိုလ် တတိယနှစ်ကျောင်းသားတွေတောင် ဖြစ်နေပြီ။

✿ ✿ ✿



## အခန်း ( ၂ )

"သား ဒီမနက် ဘယ်သွားစရာရှိသေးသလဲ"

ကျောင်းပိတ်ရက် မနက်ကော်ဖီဝိုင်းကို သူရောက်သည်နှင့် မာမီက မေးလာ၏။ သည်ရက်တွေမှာ နေမကောင်း၍ ခွင့်ယူထားသော ဒရိုင်ဘာဦးလွန်းကြောင့် မာမီကိုယ်တိုင်ပဲ ကားမောင်းနေရတာ သူသိသည်။

"သွားစရာတော့ မရှိပါဘူး၊ မာမီ ဘယ်သွားမလို့လဲ"

"မာမီ့သူငယ်ချင်းတစ်ယောက်ဆိုင် သွားမလို့ သား၊ မှာထားတဲ့ စိန်ပွင့်လေးတွေ သွားပေးရမှာ"

စိန်ပွဲစားမာမီရဲ့အလုပ်ကိစ္စဟု သူသိလိုက်သည်။ မာမီငှဲ့ပေးသော ကော်ဖီကို တစ်ငုံသောက်ရင်း သူ ခေါင်းညိတ်ပြမိ၏။

"သား လိုက်ပို့ပေးပါ့မယ် မာမီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မာမီ ယူစရာရှိတာယူပြီး စောင့်နေမယ် သား၊ သားစားသောက်ပြီးမှ ညေ့ခန်းထွက်ခဲ့နော်"

မာမီက သူကြိုက်တတ်သော ပေါင်မုန့်ကြက်ဥကြော်ပန်းကန်ကို ချပေးပြီး ကော်ဖီဝိုင်းက ထွက်သွားခဲ့သည်။ သူ ကသောကမျောလေး စားသောက်ပြီး အခန်းထဲဝင်ကာ အဝတ်အစားလဲသည်။

ညေ့ခန်းထဲရောက်တော့ မာမီက ပြင်ဆင်ပြီး စောင့်နေပြီဖြစ်သည်။

"သွားကြစို့လေ မာမီ"

"သားကလည်း အဝတ်အစားတောင် မလဲတော့ဘူးလား"

သူ့ခန္ဓာကိုယ်မှာ ဝတ်ထားသည်က အဖြူရောင်လက်တိုတီရှပ်နှင့် ဂျင်းပြာနုပဲ ဖြစ်သည်။ ဒါကိုကြည့်ကာ မာမီ အလိုမကျသလို ပြောတာမို့။

"မာမီကလည်း သားက ကားပေါ်မှာပဲ စောင့်မှာလေ၊ ဘာများပြင်ဆင်လာစရာ ရှိလို့လဲ"

မာမီ ဘာမှထပ်မပြောတော့ဘဲ ခေါင်းတစ်ချက်ညိတ်ကာ ဆင်ဝင်အောက်မှာရပ်ထားသော လင်ခရူဇာကားပေါ် တက်သွားခဲ့သည်။ သူ မာမီ့နောက်က ကပ်လိုက်ခဲ့ရင်း ကားတံခါးဖွင့်တက်သည်။

"သားက မအိတို့ဆိုင်အထိ မလိုက်တော့ဘူးလား"

မာမီ့မိတ်ဆွေ ဒေါ်အိအိမွန်အမည်ကို ကြားသည်နှင့် သူ တွန့်ခနဲ ဖြစ်သွားသည်။ ဒေါ်အိအိမွန်၏ စိန်ရတနာဆိုင်ကို သူတစ်ခါ





နှစ်ခါလောက် မာမီနှင့် လိုက်သွားဖူးသည်။

မာမီတို့ အလုပ်ကိစ္စတွေ ပြောဆိုဆွေးနွေးကြတာကို ထိုင်နားထောင်ရတာ ပျင်းစရာကောင်းသလို အဆိုးဆုံးက ဒေါ်အိအိမွန်ရဲ့ သမီးနှစ်ယောက်ကြောင့်ပဲ ဖြစ်သည်။

မာမီတို့က အလုပ်ကိစ္စဖြင့် စကားကောင်းနေချိန်မှာ သူက သူမတို့နှစ်ယောက်ရဲ့ သာလိကာရှုံးလောက်အောင် မနားတမ်း ပြောနေသော စကားတွေနှင့် နားတွေထူပူသွားသည်အထိ ဒုက္ခခံရသည်။

"မလိုက်တော့ဘူး မာမီ၊ ဟိုသာလိကာနှစ်ကောင်ရဲ့ ဒုက္ခကို မခံချင်လို့"

သူ့စကားကြောင့် မာမီပြုံးသည်။ မာမီ့အပြုံးက သူ့အတွက် ဂုဏ်ယူကျေနပ်စွာ ပြုံးသည့်အပြုံး ဖြစ်သည်။

"သားက သဘောမကျလို့လား၊ မအိက သားကို သူ့သမီးတွေထဲက တစ်ယောက်ယောက်နဲ့ သဘောတူချင်နေတာကွဲ့"

သူ ပခုံးတွန့် မျက်နှာမဲ့ပစ်လိုက်ရင်း –

"မလုပ်ပါနဲ့ မာမီရယ် နားတွေပူလွန်းလို့ပါ၊ စိတ်လည်း မဝင်စားဘူး"

သူ ငြင်းဆိုစကားကို မာမီ ကျေနပ်စွာပြုံးရင်း ခေါင်းကို တညိတ်ညိတ်ပြု လက်ခံ၏။

"အင်း မာမီကလည်း မာမီ့သားကို စိတ်ထဲမှာ ကလေးတစ်ယောက်လို မြင်ထားတုန်းပါကွယ်၊ မာမီ့သား ဆရာဝန်လောင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



ကို တော်တန်ရုံမိန်းကလေးနဲ့ သဘောမတူပါဘူး သားရဲ့၊ အဟင်းဟင်း''

တစ်ဦးတည်းသော သားအတွက် အမြဲတမ်း ကျေနပ်ဂုဏ်ယူစွာ မာမီ ဆိုတတ်စမြဲဖြစ်သည်။ လောကကြီးထဲမှာ ဒယ်ဒီမရှိတော့ပေမယ့် မာမီသည် သူ့အတွက် မားမားမတ်မတ်ရပ်တည်ပေးနိုင်သူပဲ ဖြစ်သည်။

နှစ်ဖက်ဘိုးဘွားမိဘတွေ ချန်ထားသော အမွေအနှစ်တွေနှင့် ဒယ်ဒီရဲ့ရှယ်ယာစီးပွားရေးလုပ်ငန်းများစွာက သူတို့သားအမိဘဝကို ပူပန်စရာမရှိအောင် ပြည့်စုံပြီးသားပါပဲ။ ဒါပေမဲ့ –

မာမီက အငြိမ့်သားထိုင်နေတတ်သူ မဟုတ်ပါ။ သူမ ကျွမ်းကျင်သော စိန်ရတနာရောင်းဝယ်ရေးလုပ်ငန်းကို အောင်မြင်အောင် ကြိုးစားလုပ်သည်။ အခုဆိုလျှင် စိန်ပွဲစားလောကမှာ မာမီသည် ဘုရင်မတစ်ဆူလို ထင်ရှားသူဖြစ်သည်။

ထက်မြက်သော မာမီရဲ့သား သူကလည်း ဆရာဝန်လောင်းတစ်ဦးဆိုတော့ သမီးရှင်တွေက အလိုရှိတာ ဆန်းတော့မဆန်းပါ။

''သား ကားပေါ်ကပဲစောင့်ပေါ့၊ မာမီ ကိစ္စကို မြန်မြန်ဖြတ်ပြီးပြန်ခဲ့မယ်၊ ဟုတ်လား''

မာမီ့စကားကြားမှ ဒေါ်အိအိမွန်တို့ဆိုင်ရှိသော ပလာဇာရှေ့ကို ရောက်ပြီဟု သူ သတိထားမိတော့သည်။

ကားကို ပါကင်မှာထိုးရပ်ပြီးတော့ မာမီ ဆလင်းဘတ်အိတ်





လေးလွယ်ကာ ဆင်းသွားခဲ့သည်။ သူ ကားပေါ်မှာပဲ ထိုင်စောင့်နေလိုက်ပါသည်။

ဒက်ချ်ဘုတ်ပေါ်တင်ထားသော ဂျာနယ်တစ်စောင်ကို လှမ်းယူကာ မာမီ့ကိုစောင့်ရင်း အချိန်ဖြုန်းနေလိုက်သည်။

မြန်မြန်ပြန်လာမည်ဆိုသော မာမီက သူ ဂျာနယ်တစ်စောင်ဖတ်ပြီးချိန်အထိ ပြန်မလာသေးပါ။ ကားထဲမှာ ထိုင်ရတာ ညောင်းညာလာပြီမို့ သူ တံခါးဖွင့်ကာ အပြင်ထွက် မတ်တတ်ရပ်စောင့်သည်။

ကားတံခါးကို မှီရပ်ရင်း သူ သတိထားမိတာ သူ့ကားနံဘေးမှ ထိုးရပ်ထားသော CYGNUS ကားနက်ကြီးကို ဖြစ်သည်။ သူ ဂျာနယ်ဖတ်နေတုန်းက ထိုးရပ်လာတာ ဖြစ်သည်ထင်သည်။

အနက်ရောင်မှန်ချပ်တွေ အလုံပိတ်ထားသော ကားထဲမှာလည်း ဘယ်သူမှ ရှိဟန်မတူပါ။ ပလာဇာမှာ ဈေးလာဝယ်ရင်း ထိုးရပ်ထားခဲ့သော ကားပဲ ဖြစ်မည်။ ခန့်မှန်းအတွေးတွေနဲ့တွေးရင်း မာမီ့ကိုပဲ ဆက်မျှော်နေလိုက်သည်။

ထိုအချိန်မှာပဲ တစ်ကိုယ်လုံးမှာ စိန်တွေရွှေတွေနှင့် တောက်ပနေသော မိန်းမကြီးတစ်ယောက်ကို သူမြင်လိုက်သည်။ နံဘေးမှာ လက်ဆွဲအိတ်လေးတွေ ဆွဲပြီး ပါလာသူက ဒရိုင်ဘာဖြစ်ဟန်တူသည်။

သူ့နံဘေးက CYGNUS ကားနက်ကြီးဆီကိုပဲ ဦးတည်လာကြတာ ဖြစ်သည်။ ထိုအခိုက်မှာပဲ ကားနက်ကြီးရဲ့ တံခါးပွင့်သွားခဲ့ကာ ဆင်းလာသော အရိပ်တစ်ခုကို သူ မြင်တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ အံ့ဩသွားမိတာတော့ အမှန်ပဲဖြစ်သည်။ ကားမှန်နက်တွေ အလုံပိတ်ထားတာမို့ ဘယ်သူမှ မရှိနိုင်ဟု သူထင်ခဲ့မိသည်။ အခုတော့ ထိုကားနက်ထဲက ဆင်းလာတာ မိန်းကလေးတစ်ယောက်ဖြစ်နေသည်။

နက်မှောင်သော မဟူရာဆံနွယ်တွေက လွင့်ခနဲ ရှည်လျားလှသော ဆံပင်တွေကို ဒီအတိုင်း ဖားလျားချထားတာမို့ မျက်နှာလေးကို ဖုံးကွယ်နေသည်။ မြင့်မားသောအရပ်အမောင်းနှင့် ပြေပြစ်ကြော့ရှင်းသော ကိုယ်ဟန်ကတော့ အတော်ကို လှပလွန်းသည်။

"တကတဲတော်၊ အားကိုးရမလား ခေါ်လာမိပါတယ်၊ လူတောထဲမတိုးရဲဘဲ ကားထဲမှာ အခန့်သားထိုင်နေတယ်၊ သယ်ပါဦး ခင်ပျိုမေရဲ့"

မိန်းမကြီး၏ အလိုမကျစွာပြောသံကြောင့် မိန်းကလေးက လက်ထဲက လက်ဆွဲအိတ်တစ်လုံးကို ဆွဲယူသည်။ တကယ်ဆို အဝတ်အစားထည့်သော ဆွဲအိတ်လေးရဲ့ အလေးချိန်က ဘာမှလေးပင်လှတာ မဟုတ်ပါဘဲ မိန်းမကြီးမျက်နှာက မာထန်နေ၏။

"ဦးလေးအောင် ပျို့ကိုပေးလေ"

"ရတယ်သမီး ရတယ်၊ ဘာမှလေးတာ မဟုတ်ပါဘူး ဦးလေးအောင်ဘာသာ သယ်ပါ့မယ်"

ဒရိုင်ဘာလူကြီးကတော့ ခင်ပျိုမေဆိုသော မိန်းကလေးကို နူးညံ့ညင်သာစွာပဲ ပြောသည်။ အခုမှပဲ သူမမျက်နှာလေးကို သူ





ဘေးစောင်းလေးမြင်လိုက်ရ၏။ နုညက်နေသောမျက်နှာလေးက ဘာအခြယ်အသမှ မတင်ပါဘဲ ရှင်းသန့်နေတာ ဖြစ်၏။

မျက်တောင်ရှည်ကြီးတွေ ဖျတ်ခနဲပုတ်ခတ်ပြီး သူ့ဆီ တစ်ချက်လှမ်းကြည့်သော မျက်ဝန်းတွေက ကြည်လင်တောက်ပနေသည်။

"တော်ပြီ တော်ပြီ၊ နောက်ဆို ဘာမှအားကိုးမရတဲ့ နင့်ကို ခေါ်မလာတော့ဘူး၊ အိမ်မှာပဲ လုပ်စရာရှိတာလုပ်"

မိန်းမကြီးရဲ့ အပြစ်တင်စကားတွေကို ခေါင်းလေးငုံ့ခံနေရသော သူမကို ဘာကြောင့်မှန်းမသိ သူ စာနာသနားသွားမိသည်။ ပတ်ဝန်းကျင်မှာ သူ့လို ရွယ်တူလူငယ်ယောကျ်ားလေး ရှိနေတော့ သူမ ရှက်မှာသေချာ၏။

သူမ မျက်နှာလေးကို သူမြင်တွေ့သွားမှာစိုးသည့်အလား ဆံပင်ရှည်ကြီးတွေနှင့် ပိုမိုကွယ်ဝှက်ပစ်ကာ ကားထဲ ခေါင်းလေးငုံ့ဝင်သွားခဲ့သည်။ တဒင်္ဂမြင်လိုက်ရသော မျက်နှာဘေးစောင်းလေးမှာ မေးစပ်က မှဲ့နက်လေးကိုတော့ သူ မှတ်မှတ်ထင်ထင် သတိထားလိုက်ခဲ့မိသည်။

"သား စောင့်နေတာ ပျင်းနေပြီလား၊ စကားက တော်တော်နဲ့ ပြတ်မရလို့ သားရေ၊ အဟင်း မဒီရဲ့သမီးနှစ်ယောက်ပါ ရှိနေတာလေ"

"ကျွန်တော် လိုက်မလာဖြစ်တာ တော်သေးတာပေါ့"

"အဟင်း သူတို့ညီအစ်မက သားပါမလာဘူးလား ဝိုင်းမေးကြလို့ မာမီက ပါမလာဘူးလို့ပဲ ညာလိုက်ရတာ"



www.burmeseclassic.com

www.burmeseclassic.com



သူ မကြည့်ဖြူတာသိနေသော မာမီကလည်း ဒေါ်အိအိမွန်ရဲ့ သမီး သာလိကာမနှစ်ယောက်ကို အာရုံမကျတာဘဲ တော်သေးတော့ သည်။

"စားသောက်ပြီးမှ ပြန်ရအောင်သားရယ်၊ တစ်ဆိုင်ဆိုင်ကို မောင်း"

မာမို့စကားကို သူ ခေါင်းညိတ်သဘောတူမိသည်။ စောင့်ရတာ ကြာတော့ ဝမ်းကလည်း ဟာချင်နေပြီ။ ကားလေးကို သူ ညင်သာစွာပဲ မောင်းထွက်ခဲ့တော့၏။

✿ ✿ ✿



## အခန်း ( ၃ )

"စိတ်ညစ်လိုက်တာ"

စားလက်စ ပန်းသီးစိတ်လေးကို ပန်းကန်လေးထဲ ဆောင့်ဆောင့်အောင့်အောင့် ပစ်ထည့်ရင်း ညည်းလိုက်သည်။ ကဥ္စနာအသံကြောင့် ခင်ပျို ခေါင်းလေးမော့ကြည့်မိ၏။

"ဘာဖြစ်လို့လဲဟင် ကဥ္စနာ"

"နားတွေပူတော့မှာမို့ပေါ့၊ ဟိုမှာ နင်မမြင်ဘူးလား။ အာခေါင်နီအဖွဲ့ ရောက်လာပြီလေ"

ဝရန်တာလေးမှ လှမ်းမြင်နေရသော အိမ်ရှေ့လမ်းမဆီမှာ ဂစ်တာတွေ ပွေ့ပိုက်လာသော လူငယ်တစ်စုကို ကဥ္စနာ ရည်ညွှန်း ပြောတာဖြစ်သည်။ ဆိုလိုက်လျှင် R ဇာနည်ရဲ့ သီချင်းတွေပဲဖြစ်သည်။

ညစဉ်တိုင်း အိမ်ရှေ့လမ်းမပေါ်က မီးတိုင်အောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



သီချင်းတွေ လာဆိုပြီး ကဥ္စနာကို ပျော်တော်ဆက်နေသည့်အဖွဲ့။ အသံတွေက ကြောင်ကြောင်စူးစူးတွေမို့ ကဥ္စနာက အာခေါင်နီဟု အမည်ပေးထားတာပဲဖြစ်သည်။

"အခန်းထဲ ပြန်ဝင်မလို့လား ကဥ္စနာ"

ခင်ပျိုမေးတော့ ကဥ္စနာ ခေါင်းလေးခါယမ်းရင်း -

"တစ်ဖက်ပဲ ကျန်တော့တာမဟုတ်လား၊ ဆက်ဖျက်ဟာ၊ ခဏတော့ သည်းခံရမှာပေါ့"

ကဥ္စနာခြေသည်းတွေမှာ ဆိုးထားသော ဆိုးဆေးတွေကို ဖျက်ဆေးနှင့် ခင်ပျိုဖျက်ပေးနေတာက မပြီးပြတ်သေးတာမို့ ကျန်နေသော ခြေတစ်ဖက်ကို ခုံပုလေးပေါ် ကဥ္စနာတင်ပေးသည်။

ငေးလောက်အောင်လှသော ကဥ္စနာသည် အလှအပကိုလည်း သိပ်မက်မောတွယ်တာသည်။ တစ်ပတ်တစ်ခါလောက် မြို့တီဆာလွန်းကို သွားတတ်သည်။ ပေါင်းတင်၊ ခေါင်းလျှော်တာတွေကို ဆိုင်မှာလုပ်ပေမယ့် ဆိုးထားသောခြေသည်းလက်သည်းတွေကို ဖျက်သည့်ကိစ္စမှာတော့ ခင်ပျို့ကိုပဲ စေခိုင်းတတ်သည်။

ပြီးခဲ့သည့်နှစ်ရက်ကမှ ဒီဇိုင်းထွင်ကာ ဆိုင်မှာဆိုးခဲ့သော ခြေသည်းတွေကို ရိုးပြီဆိုကာ ဖျက်ခိုင်းနေသည်။ နောက်ထပ် ငွေကုန်ခံကာ ဘယ်လိုဒီဇိုင်းအရောင် ထပ်ဆိုးဦးမည် မသိပါ။

တစ်လတစ်လကို ကဥ္စနာရဲ့ အလှအပပြုပြင်စရိတ်က မသေး။ လှပြီးသားအလှကို ဘာကြောင့်များ ကဥ္စနာ ပိုပြင်ဆင်နေတာ





လဲ မသိ။

ခြေဖမိုးမို့မို့လေးကို ကိုင်ကာ ခြေသည်းတွေက ဆေးတွေကို ဖျက်ဆေးနှင့် ပွတ်ရင်းသန့်ပေးရင်း ခင်ပျို လွင့်ပျံ့လာသောသီချင်းကို ဘာရယ်မဟုတ်ဘဲ နားစွင့်ထားမိသည်။

"လှပါတယ် ဆိုနေမှ ဒီထက်ပိုလှချင်သူလေး ++ ကိုယ်က မင်းကို လှလို့ ချစ်တာမဟုတ် ++ ချစ်လို့လှတာပါ"

တိုက်တိုက်ဆိုင်ဆိုင် သီချင်းကလည်း ကဥ္စနာကိုပဲ စောင်းမြောင်းဆိုနေသလားဟုတောင် ခင်ပျို တွေးမိကာ မော့ကြည့်မိ၏။ ကဥ္စနာ နှုတ်ခမ်းဖူးဖူးလေးတွေ မဲ့သွားတာမြင်သည်။

"အဲဒီသီချင်းကို နင် လက်ခံသလား ခင်ပျို"

"ဟင်"

ကဥ္စနာအမေးကို နားမလည်တာမို့ ခင်ပျို မျက်စောင်းလေးတွေ ပုတ်ခတ်ပြီး ကြည့်မိ၏။

"သီချင်းစာသားအဓိပ္ပာယ်ကိုပြောတာလေ၊ ဘယ်ယောကျ်ားက မလှတဲ့၊ မချောတဲ့ မိန်းကလေးကို သဘောကျမှာလဲ"

ခင်ပျို ဘာမှပြန်မဖြေမိပါ။ ရင်ထဲမှာတော့ နင့်ခနဲ ဖြစ်သွားခဲ့သည်။ ကဥ္စနာစကားက ခင်ပျို့ကိုပဲ ရည်ရွယ်ပြောတာလား၊ ကဥ္စနာ အကြည့်တွေက ခင်ပျို့ရဲ့မျက်နှာကို စူးစူးနစ်နစ်လေး ကြည့်သည်။

"အလှအပဆိုတာ လိုအပ်ချက်တစ်ခုဆိုတာ ခင်ပျို့က သက်သေပဲလေ၊ ခင်ပျို့ရဲ့ အကျည်းတန်နေတဲ့ အမာရွတ်မျက်နှာကြီး



www.burmeseclassic.com

www.burmeseclassic.com



လှုပ်အလယ်မှာ ခင်ပျို့ သွားလာရဲပါ့မလား၊ ဘာပဲဖြစ်ဖြစ် သိမ်ငယ်စိတ်နဲ့ မဝံ့မရဲမှာ သေချာတယ်''

ကဥ္စနာစကားတွေက မှန်နေတာမို့ ခင်ပျို့ နှုတ်ဆိတ်နေမိသည်။ ဒီမျက်နှာကြီးနဲ့ ခင်ပျို့ ဘဝမှာ သိမ်ငယ်ခဲ့ရတာတွေ အများကြီးပါပဲ။ ကံကြမ္မာက ဆိုးရွားစွာ ခင်ပျို့အပေါ်မှာ ကျရောက်ခဲ့တာလေ။

ခန္ဓာကိုယ်မှာ အကျည်းတန်ခဲ့ရသလို ခင်ပျို့နှလုံးသားမှာလည်း ဒဏ်ရာတွေနဲ့ တွေးမိတိုင်း ဝမ်းနည်းနာကျင်ရသည့်အဖြစ်တွေ၊

''အလှအပဆိုတာ မိန်းမတိုင်း မက်မောကြတာပါပဲ၊ ယောက်ျားဆိုတာကလည်း ဒီအလှအပကိုပဲ မက်မောခင်တွယ်ကြတာပါ၊ ဘယ်ယောက်ျားက အကျည်းတန်နေတဲ့မိန်းမကို ချစ်မှာလဲ''

ကဥ္စနာစကားတွေက မှန်ကန်နေကောင်း မှန်နိုင်ပေမယ့် ခင်ပျို့နားထဲမှာ ကြားနေရတာကတော့ သိမ်ငယ်ဝမ်းနည်းစေပါသည်။ ခင်ပျို့ကိုယ်တိုင်က ချွတ်ယွင်းချက်တွေအများကြီးနှင့်သူပဲလေ။

''ကဥ္စနာကတော့ အလှကို မက်မောတယ်၊ ဒီအလှကြောင့်ပဲ ယောက်ျားတွေ ကဥ္စနာအနားမှာ ဒူးထောက်ဖို့ အသင့်ရှိနေကြတာလေ၊ အဟင်း ဒါလား အလှကိုမမက်မောကြတာ''

ကဥ္စနာက တစ်ယောက်တည်းပြုံးရင်း ပြောချင်တာကိုပဲ ပြောနေသည်။ ပြောနိုင်အားရှိအောင်လည်း ကဥ္စနာက လှပချောမောသည်။ ပြီးတော့ ပြည့်စုံချမ်းသာပြီး ဘာမှ လိုလေသေးမရှိသည့်ဘဝကို ပိုင်ဆိုင်ထားသူဖြစ်သည်။





ကဥ္စနာအချစ်ကို တောင်းခံနေသော ယောက်ျားတွေအကြောင်း ကဥ္စနာ အမြဲပြောပြတာမို့ ခင်ပျို့ကြားဖူးသည်။

''တို့ကတော့ ဘယ်ယောက်ျားကိုမှ အထင်ကြီးလို့ မရသေးဘူး ခင်ပျို့၊ တို့အနားမှာရှိနေတဲ့ ယောက်ျားတွေ အများကြီးပါ၊ ရုပ်ရည်, ငွေကြေးရော ပညာအဆင့်အတန်းပါ မြင့်မားတဲ့သူတွေလည်းပါတယ်၊ ဒါပေမဲ့ တို့ တစ်ယောက်ကိုမှ ကြာကြာလည်း သံယောဇဉ်တွယ်လို့ မရဘူး ခင်ပျို့ရဲ့''

အိမ်အထိ ရောက်လာဖူးသော၊ ဖုန်းထဲက စကားတွေ ဖောင်ဖွဲ့တတ်သော ကဥ္စနာရဲ့ ယောက်ျားလေးသူငယ်ချင်းများစွာကို ခင်ပျို့ သိပါသည်။ ဒါပေမဲ့ တစ်ယောက်ကိုမှ ကဥ္စနာချစ်သည်ဟု ပြောဖူးတာ ခင်ပျို့ မကြားခဲ့ရပါ။

''ကဲ တော်ပြီ ခင်ပျို့၊ ရပြီ၊ နင်လုပ်စရာရှိတာ လုပ်တော့၊ ငါလည်း အိပ်ရာဝင်တော့မယ်''

ပြောပြီး ကဥ္စနာ ဒရင်းဘတ်လေးပေါ်က လျှောဆင်းကာ အခန်းထဲ ဝင်သွားခဲ့၏။ ဝရန်တာမှာ ကျန်ရစ်ခဲ့သော ပစ္စည်းတွေကို ခင်ပျို့ သိမ်းဆည်းဖို့ ပြင်ဆင်ရ၏။

လမ်းပေါ်က လူငယ်အဖွဲ့ကတော့ ဂစ်တာတွေတီးလို့ သီဆိုကောင်းတုန်းပဲ ရှိသည်။ ကဥ္စနာတစ်ယောက် အခန်းတံခါးပိတ်ကာ အိပ်စက်သွားတာကို သိကြမည်မထင်။

သိမ်းဆည်းစရာတွေ သိမ်းဆည်းပြီးတော့ ခင်ပျို့ အန်ဆို



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မိုးမြင့် အခန်းဘက်ကို လျှောက်ခဲ့သည်။ အခန်းတံခါး စေ့ပိတ်ထားတာကို ခပ်ဖွဖွလေး တစ်ချက်ခေါက်ရင်း –

"အန်တီမြင့်၊ ခင်ပျို ဘာလုပ်ပေးရဦးမလဲ"

"ဘာမှမလိုတော့ဘူး ငါအိပ်တော့မှာ၊ သမီးကဥ္စနာရော အိပ်ရာဝင်သွားပြီလား"

"ဟုတ်ကဲ့၊ အခုပဲ ဝင်သွားပါပြီ"

"ဒါဆို ညည်းလည်း အိပ်တော့၊ မနက်စောစောထပြီး ခြံထဲက ဘုရားပန်း ဆင်းခူးပြီး ဘုရားပန်းတွေလဲထားနော်"

"ဟုတ်ကဲ့ အန်တီမြင့်"

ခင်ပျိုပြောပြီး အခန်းရှေ့က ခြေသံဖွဖွလေးနှင့် ပြန်လှည့်ခဲ့သည်။ အောက်ထပ်မီးဖိုခန်း နံဘေးကအခန်းက ခင်ပျို့ရဲ့အိပ်ခန်းပဲဖြစ်သည်။ ဒီအိမ်ကြီးမှာနေကာ ခိုလှုံခွင့်ရတာကပဲ ခင်ပျို့အတွက် ကံကောင်းခြင်းလား။

နှောင်တွယ်ရာမဲ့ ခင်ပျို့ဘဝမှာ အားကိုးရသည် အန်တီမြင့်တို့ပဲ ရှိခဲ့သည်။ အန်တီမြင့်တို့အရိပ်မှာ ခင်ပျို ခိုလှုံခဲ့ရသောကာလက ဆယ်နှစ်မကာ ကြာခဲ့ပြီဖြစ်သည်။

ဒီအိမ်ကြီးပေါ်ကို ရောက်ခဲ့တုန်းကတော့ ခင်ပျို့ဘဝက ပျော်စရာတွေနှင့် ဆုံကြုံခဲ့ပါသည်။

အန်ကယ်ဦးဆွေသန့်နှင့် ကိုကိုထင်တို့ရဲ့ နွေးထွေးကြင်နာမှုတွေနှင့် ခင်ပျို ဘဝမှာ နွေးထွေးခဲ့သည်။





"သမီး ဒီအိမ်ကြီးမှာ သမီးတစ်သက်လုံး နေရမယ်နော်၊ ဘာမှ အားမငယ်နဲ့၊ ဟုတ်လား"

ဖေဖေ့ရဲ့ညီနှစ်ဝမ်းကွဲ အန်ကယ်ဦးဆွေသန့်က ခင်ပျို့ကို သမီးရင်းချာလို ချစ်ခင်သည်။ အထူးသဖြင့် ကံဆိုးလှသော ခင်ပျို့ဘဝလေးကို စာနာစိတ်တွေနှင့် ကြင်နာသနားခဲ့တာ ဖြစ်သည်။

အန်ကယ်ဦးဆွေသန့်အိမ်ကို ခင်ပျိုရောက်တော့ ဆယ့်တစ်နှစ်သမီးပဲ ရှိသေးသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် တွယ်ရာမဲ့သွားသည့် ခင်ပျို့ဘဝကို အန်ကယ်က ကယ်တင်ပေးခဲ့သည်။

ဘဝကြီးတစ်ခုလုံးကို ပေတောလေလွင့်ပြီး ရေစုန်မျှောထားခဲ့သော ဖေဖေ အရက်ဆိုင်ထဲက ရန်ပွဲတစ်ခုမှာ လူသတ်မှုကျူးလွန်ပြီး ထောင်ကျခဲ့၏။ မေမေကပဲ ဒုက္ခတွေ ပင်လယ်ဝေကာ ခင်ပျို့ကို စောင့်ရှောက်ပြုစုခဲ့၏။

ထိုအချိန်မှာကတည်းက အန်ကယ်ဦးဆွေသန့်က မေမေ့ဆီ ရောက်လာကာ လိုအပ်သမျှ ထောက်ပံ့ကူညီပေးခဲ့၏။ မေမေ့အပေါ် အစ်မရင်းချာလို ခင်မင်သလို ခင်ပျို့ကိုလည်း တူမရင်းချာလို သဘောထားခဲ့သည်။

မေမေဆုံးတော့ ခင်ပျို့ကို အန်ကွယ်ဆွေက ဒီအိမ်ကြီးပေါ် ခေါ်တင်ခဲ့၏။ အန်တီမြင့်ကတော့ သိပ်မကြည်ဖြူခဲ့ပါ၊ ဒါပေမဲ့လည်း အန်ကယ်ဆွေကို မလွန်ဆန်နိုင်တာမို့ မငြင်းသာခဲ့ချေ။

အန်ကယ်ဆွေတို့မှာက သားသမီးနှစ်ယောက် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အကြီးဆုံး ကိုကိုထင်ရှားအောင်က မွေးစားသားတစ်ယောက်ဖြစ်၏။ သားသမီးမရနိုင်ဟုထင်ကာ ကိုကိုထင်ကို မွေးစားခဲ့ပြီး ငါးနှစ်ကျော်ကြာမှ ကဥ္စနာဆိုသော သမီးကို မွေးဖွားခဲ့ကြတာဟု ခင်ပျိုသိထားသည်။

အန်ကယ်ဆွေက သားသမီးရင်းချာလို သဘောထားပေမယ့် အန်တီမြင့်ကတော့ မသတ်မှတ်လိုတာ သိသာသည်။

"ကိုဆွေရယ်၊ ဒီကလေးအဖေက ထောင်ထဲမှာနော်၊ ထောင်ကလွတ်လာရင် လာပြဿနာရှာနေဦးမယ်"

"ဘာလို့ရှာမှာလဲကွ၊ သူက ငါ့အစ်ကိုပါ၊ အခု သူ့သမီးကို စောင့်ရှောက်ထားလို့ သူက ကျေးဇူးတင် ဝမ်းသာနေတာ"

ပြောခွင့်မသာတော့ အန်တီမြင့် ထပ်မပြောပါ။ ဒါပေမဲ့ အန်ကယ်ဆွေရဲ့ ကွယ်ရာမှာတော့ မကျေနပ်မှုကို ပြတတ်၏။

"သားကြီးရော သမီးငယ်ပါ မာမီပြောထားမယ်နော်၊ ခင်ပျို မေလေးနဲ့ ကျွမ်းကျွမ်းဝင်ဝင် မနေနဲ့"

"ဘာဖြစ်လို့လဲ မာမီ၊ ဒယ်ဒီက ခင်ပျို့ကိုလည်း ညီမအရင်းလို သဘောထားရမယ်တဲ့"

"အိုး မထားရပါဘူး၊ သားဒယ်ဒီရဲ့ ဝမ်းကွဲအစ်ကိုသမီးဆိုပေမယ့် သွေးက အဝေးကြီးပါ၊ ပြီးတော့ အဲဒီလူက လူဆိုးလူပေ၊ ထောင်ထဲမှာရောက်နေတာ၊ ဒီတော့ မကျွမ်းဝင်တာ ကောင်းတယ်"

အန်တီမြင့် ဘာပြောပြော ကိုကိုထင်ကတော့ ခင်ပျို့အပေါ်





မှာ ဂရုစိုက် ကြင်နာခဲ့သည်။ ညီမလေးလို စောင့်ရှောက်ပေးသည်။ အရွယ်တူ ကဥ္စနာကတော့ မိခင်စကားတွေကြောင့် ခင်ပျို့အပေါ်မှာ ခပ်စိမ်းစိမ်းပဲ ဖြစ်သည်။

ထောင်ထဲမှာပဲ အဖေဆုံးပါးသွားတော့ အန်ကယ်ဆွေက သမီးရင်းအဖြစ် သတ်မှတ်မွေးစားဖို့ ဆုံးဖြတ်ခဲ့သည်။ ခင်ပျို့အပေါ်မှာ အန်ကယ်ဆွေနှင့် ကိုကိုထင်သည် နွေးထွေးဖြူစင်သော မေတ္တာတွေပဲ ပေးခဲ့တာဖြစ်၏။

ဒါပေမဲ့ ခင်ပျို့ရဲ့ကံကြမ္မာကိုက ဆိုးလွန်းခဲ့တာ ဖြစ်သည်။

ခင်ပျိုဆယ်တန်းအောင်သည့်နေ့က အန်ကယ်ဆွေက ခင်ပျိုနှင့် ကဥ္စနာကို ခေါ်ကာ ဂုဏ်ပြုညနေစာ လိုက်ကျွေးသည်။ အပြန်မှာတော့ တစ်ဖက်ကယာဉ်ကြောမှားကာ ဝင်လာသောကားကို ရှောင်တိမ်းရင်း ခင်ပျိုတို့ကား တိမ်းမှောက်ခဲ့သည်။

ကံဆိုးသူအန်ကယ်ဆွေက နေရာမှာပဲ တိမ်းပါးခဲ့သည်။ ခင်ပျိုကတော့ ညာဘက်မျက်နှာတစ်ခြမ်းလုံး အမာရွတ်တွေနှင့် အကျည်းတန်အောင် ထိခိုက်ဒဏ်ရာရခဲ့သည်။

ကဥ္စနာကတော့ အနည်းငယ်ပွန်းပဲ့တာကလွဲလို့ ဘာဒဏ်ရာအနာတရမှ မရခဲ့ရှာပါ။

ကံကြမ္မာရဲ့ ထိုပြောင်းလဲမှုကြီးကတော့ ခင်ပျို့ဘဝကို လှုပ်ခတ်စွာ ပြောင်းလဲသွားစေခဲ့၏။ အန်ကယ်ဆွေမရှိတော့သော အိမ်ကြီးမှာ ခင်ပျို့ဘဝက အိမ်စေတစ်ယောက်အဖြစ် ရောက်မှန်းမသိ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။

အကျည်းတန်လှသော မျက်နှာကြီးကြောင့် ခင်ပျို ကျောင်းဆက်တက်ဖို့လည်း မဝံ့ရဲခဲ့ပါ။

အပြင်တစ်ခါထွက်မိတိုင်း ခင်ပျို ဒဏ်ရာနှင့်မျက်နှာကြီးကို မြင်တွေ့ကာ တွန့်ခနဲ ဖြစ်သွားကြသူတွေကို မြင်တိုင်း မျက်ရည်ဝဲဝမ်းနည်းမိ၏။

"ဘာမှ အားငယ်စရာမဟုတ်ဘူး ပျိုလေး၊ ပျိုလေးမျက်နှာက ဒဏ်ရာကို ခွဲစိတ်ကုသလို့ရတယ်"

ကိုကိုထင်က အားပေးစကားနှင့် မျှော်လင့်ချက်တွေ ပေးခဲ့ပေမယ့် အန်တီမြင့်ကတော့ ဒီအစီအစဉ်ကို လက်မခံခဲ့ပါ။

"အပေါ်ယံအလှအပက ဘာများ အရေးပါလို့လဲ၊ အခုကိုဆွေကလည်း ရှိတော့တာမဟုတ်ဘူး၊ ငွေကုန်ကြေးကျကုန်ခံပြီး ကျုပ် ကုမပေးနိုင်ပါဘူးတော်၊ ကျွေးမွေးစောင့်ရှောက်ရမယ့်တာဝန်ကြီးကပဲ လွန်လှပြီ"

အန်တီမြင့်စကားကို ကိုကိုထင်လည်း လွန်ဆန်နိုင်ခဲ့တာမဟုတ်ပါ။ ခင်ပျိုဘဝက ကံစီမံရာအတိုင်းပဲ ရှိခဲ့သည်။

နောက်ဆုံးတော့ ခင်ပျိုဘဝ ရှင်သန်ရပ်တည်မှုသည် သည်အိမ်ကြီးမှာပဲ နိုင်းဖတ်တစ်ယောက် ဖြစ်ခဲ့ရသည်။ အန်တီမြင့် ကျေနပ်အောင် အိမ်မှုကိစ္စတွေမှာ ခင်ပျိုလုပ်ကိုင်ပေးရသည်။

ခင်ပျို့ကို ကြင်နာချွေးထွေးတတ်သော ကိုကိုထင်လည်း





အန်တီမြင့်ရဲ့အစီအမံအတိုင်း အမေရိကားမှာ ရောက်နေခဲ့သည်။ ခင်ပျို့ဘဝကို ခင်ပျိုနေတတ်အောင် ကြိုးစားရှင်သန်နိုင်ဖို့ပဲ ဆုံးဖြတ်ထားခဲ့ပြီ။

ကံကြမ္မာရဲ့ဒဏ်တွေကို ခင်ပျို ရင်ဆိုင်တတ်ခဲ့ပြီပဲ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၄ )

ဆံနွယ်အလိပ်အခေါက်လေးတွေကြားက ကဥ္စနာမျက်နှာလေးက ဝင်းမွတ်ကြည်လင်လို့နေသည်။ နှုတ်ခမ်းလေးတွေကလည်း ပန်းနုရောင်ဖျော့ဖျော့လေးမို့ ငေးကြည့်ချင်စရာကောင်းအောင် ဖွဲ့ဆောင်မှုရှိသည်။

ကော့ညွှတ်နေသည့် မျက်တောင်တွေရဲ့အလှက အိုင်းရှဲဒိုးတွေပါ ကူထားတာမို့ ပိုပြီးတောက်ပသွားသလိုပါပဲ။ ကဥ္စနာအလှက တစိမ့်စိမ့်ကြည့်လေ ပိုလှလေပါပဲ။

"ဘာကြည့်နေတာလဲ ခင်ပျို၊ ငါပြင်ဆင်ထားတာ အဆင်ပြေရဲ့လား"

"အင်း လှပါတယ် ကဥ္စနာရဲ့"

ရင်ထဲကအတိုင်းပဲ ခင်ပျို ပြောမိတာဖြစ်သည်။ တကယ်





လည်း ကဥ္စနာ လှပပါသည်။ အဝါနုရောင် ကြိုးတစ်ချောင်း ဂါဝန်ဖူးဖုံးလေးနှင့်မို့ ကဥ္စနာရဲ့အလှက ပိုပြီး နုပျိုသွားသလိုရှိသည်။

လုံးဝန်းဝန်း ပခုံးသားလေးတွေရဲ့ အလှကိုလည်း မြင်သာထင်ရှားစေသည်။ လည်တိုင်ရှင်းရှင်းလေးမှာ ပလက်တီနမ်ဆွဲကြိုးလေးကို ရှင်းရှင်းလင်းလင်း ဆင်မြန်းထားသည်။

ဖန်စီနားဆွဲလေးမှ စိန်ပွင့်လေးက တလက်လက်တောက်ပနေစေ၏။

"ကဲ အဆင်ပြေတယ်ဆိုရင်လည်း သွားကြမယ်၊ နင်က ဘာမှ မပြင်မဆင်တော့ဘူးလား"

ခင်ပျို ခေါင်းကလေးပဲ ခါပြလိုက်မိသည်။ ခင်ပျိုအတွက်က တကယ်လည်း ဘာမှ ပြင်ဆင်စရာမှ မလိုအပ်တာဘဲလေ။

ကဥ္စနာက ဖွတ်အတင်းခေါ်တာမို့ မလိုက်ချင်ဘဲ လိုက်ရတာဖြစ်သည်။ ခင်ပျို အပြင်ထွက်ချင်စိတ်က လုံးဝမရှိပါ။ အထူးသဖြင့် လူတွေစုစုဝေးဝေး ရှိတတ်သည့် နေရာမျိုးကို ခင်ပျို ပိုလို့ ကြောက်မိသည်။

"နင်ကလည်း ဘာဖြစ်နေတာလဲ၊ အပြင်ထွက်ရမှာစိုးလို့ ကြောက်နေတာလား၊ အဲဒီလို ကြောက်နေရင် နင့်ဘဝ အညွှန့်တုံးသွားလိမ့်မယ်၊ ဘာလို့ အိမ်တွင်းပုန်းလုပ်နေရမှာလဲ"

ကဥ္စနာက အားမလိုအားမရ ပြောသည်။ အန်တီမြင့်ထက်ကလျှင်တော့ ကဥ္စနာက ခင်ပျို့အပေါ်မှာ ကောင်းသည့်စိတ်လေးရှိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အတူနေတာကြာပြီဆိုတော့ သံယောဇဉ်လေး ပိုတာလည်း ဖြစ်နိုင်ပါသည်။

"ကဲ သွားမယ်၊ လာ"

ပြောပြီး ရှေ့ကလှမ်းထွက်သွားတာမို့ ခင်ပျို ခပ်ရွံ့ရွံ့လေးပဲ လိုက်ခဲ့ရသည်။ ကိုယ့်ရဲ့အားနည်းချက်ကြီးအတွက် စိတ်ထဲမှာ မဝံ့မရဲ ဖြစ်နေတာတော့ အမှန်။

ကဥ္စနာက ကားကို ကိုယ်တိုင်ပဲမောင်းသည်။ ခင်ပျို နံဘေးမှာ တိတ်ဆိတ်စွာပဲ ထိုင်ပါလာပေမယ့် ကဥ္စနာကတော့ စကားတွေ မနားတမ်း ပြောနေ၏။

"ငါလည်း သိပ်သွားချင်တာမဟုတ်ပါဘူး။ ငြိမ်းစုက အရင်းနှီးဆုံးသူငယ်ချင်း ဖြစ်နေလို့ပါ၊ ငြိမ်းစုအစ်မကလည်း ခင်မင်နေတော့ သူ့သမီးလေးမွေးနေ့ပွဲကို အရောက်လာစေချင်နေတာ"

ခင်ပျို့ကိုခေါ်ကတည်းက ပြောပြပြီးသော အကြောင်းတွေကိုပဲ ကဥ္စနာထပ်ပြောနေပြန်သည်။ သွားမည့်ပွဲက အသက်ခုနစ်နှစ်ကျော် ကလေးလေးတစ်ယောက်ရဲ့ မွေးနေ့ပွဲဆိုပေမယ့် ကဥ္စနာ ပြင်ဆင်ထားပုံက လိုအပ်တာထက် ပိုလွန်းနေသည်ထင်၏။

ခြံဝန်းကျယ်ကြီးထဲကို ကားလေး မောင်းဝင်လိုက်တော့မှပဲ ခင်ပျို သဘောပေါက်လိုက်မိတော့သည်။

စီတန်းရပ်ထားသော ကားတွေကပဲ ဆယ်စီးမကရှိသည်။ ညစ်ခံပွဲက အိမ်ထဲမှာ မဟုတ်ပါဘဲ ခြံဝန်းထဲက မြက်ခင်းလွင်ပြင်မှာ





စားပွဲဝိုင်းတွေနှင့် ကျကျနန ပြင်ဆင်ထားတာ ဖြစ်သည်။

စားပွဲဝိုင်းတွေမှာ ထိုင်နေကြသော ညှိသည်တွေကို မြင်ရုံနှင့်ပဲ ခင်ပျို တွန့်ခနဲ ဖြစ်သွားခဲ့သည်။ ကလေးတစ်ယောက်ရဲ့ မွေးနေ့ပွဲက ဒီလောက်အထိ ကျယ်ပြန့်ခမ်းနားမည် မထင်ခဲ့မိ။

"ဆင်းလေ ခင်ပျိုရဲ့"

ကဥ္စနာ သတိပေးမှပဲ တံခါးလေးဖွင့်ကာ ခင်ပျို ဆင်းလိုက်မိသည်။ မွေးနေ့လက်ဆောင် ပါကင်ထုပ်ထည့်ထားသော အိတ်လေးကို ဆွဲကာ ကဥ္စနာနောက်က ကပ်လိုက်ခဲ့သည်။

"ဟယ် နောက်ကျလိုက်တာ ကဥ္စနာရယ်၊ လာ လာ"

ဆီးကြိုသူက ငြိမ်းစုဖြစ်သည်။ အိမ်ကို လေးငါးကြိမ်လောက် ကဥ္စနာနဲ့ ပါလာဖူးတာမို့ ခင်ပျိုသိနေသည်။

"ခင်ပျိုလည်း ပါလာတာကိုး၊ လာနော်"

ငြိမ်းစုက ခင်ပျိုကိုလည်း ရင်းရင်းနှီးနှီး ဖိတ်ခေါ်သည်။ မွေးနေ့ရှင်ငြိမ်းစုနဲ့ တူမလေးက အဖြူရောင်ဂါဝန်လေးနှင့် အနားရောက်လာ၏။

"ခင်ပျို၊ သမီးလေးအတွက် လက်ဆောင်ပေးလိုက်ပါဦး"

ကဥ္စနာ လှမ်းပြောတာမို့ လက်ထဲကအိတ်ကို ခင်ပျို လှမ်းပေးလိုက်သည်။ လက်ဆောင်အိတ်လေးကို လှမ်းယူသော ကလေးရဲ့ လက်တွေက တွန့်ခနဲဖြစ်သွားကာ နောက်ဆုတ်သွားသည်။

"ယူလိုက်လေ သမီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘင့်အင်း မီးကြောက်တယ်"

ကလေးငယ်က ခင်ပျို့မျက်နှာကိုကြည့်ကာ ပြောလိုက်တာမို့ ခင်ပျို ရှက်ရွံ့သွားသည်။ ငြိမ်းစုက အားတုံ့အားနာနှင့်ပြုံးရင်း ခင်ပျို လက်ထဲက အိတ်ကိုယူကာ ပေးမှပဲ ကလေးက လှမ်းယူတော့၏။

"လာ ကဥ္စနာနဲ့ခင်ပျိုတို့ ဒီဝိုင်းမှာ ထိုင်ကြနော်"

ငြိမ်းစုထိုင်နိုင်းသော ဝိုင်းမှာပဲ ခင်ပျိုတို့ ထိုင်လိုက်ကြသည်။ ခင်ပျို စိတ်ထဲမှာတော့ လိုက်လာခဲ့မိတာကိုပဲ နောင်တတွေ ရနေမိတော့သည်။

ညှော်ခံကျွေးမွေးလာသော ခေါက်ဆွဲကြော်ကိုလည်း ပျိုမေ မတို့တထိ စားသောက်နေမိသည်။

"ကဥ္စနာ"

ခေါ်လိုက်တာက ကဥ္စနာအမည် ဖြစ်သည်။ ခင်ပျိုမော့ကြည့်တော့ လူရွယ်တစ်ယောက် ခင်ပျိုတို့စားပွဲဝိုင်းအနားမှာ လာရပ်၏။ မျက်ဝန်းတွေက ကဥ္စနာကိုပဲ ခဲယယ ကြည့်နေ၏။

"တို့ ထိုင်ပါရစေနော်"

"နင် ဘာလာရှုပ်ဦးမှာလဲ ဝေယံကို"

"ကဥ္စနာရယ် ဘာလို့ တို့အပေါ် အရမ်းခါးသီးနေတာလဲ ဟင်"

ပြောရင်း ဝေယံကိုဆိုသူက ထိုင်ခုံမှာ ဝင်ထိုင်သည်။ ကဥ္စနာရဲ့မျက်နှာက အလိုမကျမှုတွေနှင့် မာထန်နေသည်။





"ဝေယံကို၊ နင် ဘာပြောစရာရှိလို့လဲ၊ ပြောပြီးရင်ပြန်တော့"

"တို့ ကဥ္စနာကို ခင်မင်ရင်းနှီးချင်တာပါ"

"ဒါဆိုရင်တော့ ဆောရီးပဲ၊ နင့်ကို ငါက ဘယ်လိုအကြောင်းနဲ့မှ မပတ်သက်ချင်တာ"

ကဥ္စနာက စကားကို အပြတ်သားဆုံးပဲပြောသည်။ ညှိုးကျသွားသော မျက်နှာနှင့်ဝေယံကို့ကို ကြည့်ကာ ခင်ပျိုတောင် သနားသွားမိသည်။ ကဥ္စနာရဲ့ စကားတွေက သိပ်ကို မာထန်လွန်းသည်။

"မရက်စက်ပါနဲ့ ကဥ္စနာရယ်၊ တို့ ကဥ္စနာကို ဘယ်လောက်ချစ်သလဲဆိုတာ ကဥ္စနာအသိဆုံးပါ"

"လာပြန်ပြီလား ဒီစကား၊ ဒီမှာ ဝေယံကို အပြတ်ပြောလိုက်မယ်၊ နင့်လိုအခြေအနေမျိုးကို ငါ့ခေါင်းထဲ မထည့်ဘူး၊ နင့်ရဲ့ အခြေအနေ အဆင့်အတန်းလောက်တော့ ကဥ္စနာတို့က ဂရုကိုမစိုက်တာ"

မာနသံတွေ စွက်နေသော ကဥ္စနာစကားအသုံးအနှုန်းတွေက ကြမ်းတမ်းခက်ထန်လွန်းနေခဲ့သည်။ ကြားထဲက မဆီမဆိုင် အားတွေနာနေမိတာက ခင်ပျိုပဲဖြစ်သည်။

"ဝေယံ"

မာထန်ထန်အသံနှင့်အတူ စားပွဲဝိုင်းကိုရောက်လာသူက နောက်တစ်ယောက် ဖြစ်နေသည်။

"လာစမ်းပါကွာ၊ ဒီလောက် မာနခေါင်ခိုက်နေတဲ့ မိန်းမကို ဖူးထောက်အညှာမခံစမ်းပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဂျေမီး နင့်သူငယ်ချင်းကို နင် အမြန်ခေါ်သွားတော့၊ တစ်ခါတည်း ငါထပ်ပြောလိုက်မယ်၊ နင်တို့ကောင်လေးလောက်တော့ ကဍ္ဍနာဆိုတဲ့ ငါ့သမိုင်းမှာ မပါဘူး"

"နေပါဦး ကဍ္ဍနာ၊ နင်က ဘာလို့ ဒီလောက်အထိ မာန်တွေတက်နေတာလဲ၊ ဝေယံက နင့်ကို ချစ်ခွင့်ပန်တယ်၊ နင် လက်မခံရင် ငြင်းလိုက်၊ ပြီးပြီပေါ့"

နောက်ထပ်ရောက်လာသည့် သူက သူငယ်ချင်းဖြစ်သူအစား မခံနိုင်ဖြစ်ကာ ခွန်းတုံ့ပြန်နေသည်။ လူတွေကြားထဲမှာ ပြဿနာတွေဖြစ်ကုန်မှာကို ခင်ပျို စိုးရိမ်သွားမိ၏။

"ငါ့ဘက်က အပြတ်ငြင်းပြီးသားပဲ၊ နင့်သူငယ်ချင်းက အရှက်သိက္ခာမရှိ ဘယ်နေရာတွေ့တွေ့ လာနှောင့်ယှက်နေတာလေ"

"ကဍ္ဍနာရယ် တော်ပါတော့ဟယ်၊ တခြားဝိုင်းတွေက ဝိုင်းကြည့်မနေပြီ"

မနေနိုင်တော့သည့်အဆုံး ကြားက ခင်ပျိုပဲ ဝင်တောင်းပန်မိသည်။ ကဍ္ဍနာနှင့်အပြိုင် ဒေါသတွေဆူဝေနေသော ဂျေမီက ဝေယံကိုလက်မောင်းကို ဆွဲခေါ်သွားတော့မှပဲ ခင်ပျို စိတ်အေးသွားရ၏။

"ကဍ္ဍနာရယ် နင် ဒီလောက် ဒေါသမကြီးသင့်ဘူး"

"မကြီးလို့ မရတော့ဘူး ခင်ပျို၊ တွေ့တိုင်း လူနာအမဲခြောက်တောင်းသလို တောင်းနေတာ၊ အလကား ဘာမှ အရည်အချင်းမရှိပါဘူး။ ဒီလိုမျိုးတော့ ငါတို့က ယောင်လို့တောင် ခေါင်းမညိတ်ဘူး"





ကဍ္ဍနာနှင့်ပြိုင်ပြီး ခင်ပျို ပြောမနေချင်တော့ပါ။ ကဍ္ဍနာမာနတွေ ခေါင်းခိုက်နေတာ အလှတရားကြောင့်လား။ ပြည့်စုံကြွယ်ဝသော ဥစ္စာဓနကြောင့်လား။ နှစ်ခုစလုံးကြောင့်လား၊ ခင်ပျိုပင့်သက်လေးပဲ ရှိုက်မိတော့၏။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )

"တကယ်ကွာ၊ ဒီကောင့်ကြောင့် အရှက်ကိုကွဲရောပဲ၊ မွေးနေ့ပွဲကြီးမှာ အဖဲ့ခံလိုက်ရတာ"

ဂျေမီ ကြိတ်မနိုင်ခဲမရ ရေရွတ်နေတော့ ဝေယံက အပြစ်ရှိသူပီပီ ခေါင်းကြီးငုံ့ကာ ငြိမ်သက်နေသည်။

ဖြစ်ပျက်ခဲ့သမျှကို ဂျေမီပြောပြနေကတည်းက နားထောင်နေရသော သူကိုယ်တိုင်လည်း မခံမရပ်နိုင်ဖြစ်နေသည်၊ ဝေယံကိုလည်း ဒေါသတွေ ဖြစ်နေမိသည်။

"ဝေယံရာ၊ အဲဒီမိန်းမနဲ့ မင်း မပတ်သက်ပါနဲ့လို့ ငါပြောထားရဲ့နဲ့ကွာ"

"ငါ တကယ်ခံစားရတယ်ကွာ၊ ကဥနာ ဒီလောက်အထိ ရက်ရက်စက်စက် ပြောမယ်မထင်ဘူး"





"တော်စမ်းပါကွာ၊ လူတွေကို အဆင့်အတန်းတွေ ဂုဏ်ပုဒ်တွေနဲ့ ကိုင်ပေါက်လိုက်တာ ခံရခက်တယ်၊ မင်းကို ငါ အတန်တန်သတိပေးရက်နဲ့"

ဂျေမီ အံကြိတ်ရေရွတ်သည်။ သူမျက်မှောင်ကုတ်သွားရင်း–

"နေပါဦး၊ အဲဒီမိန်းမက ဘာလို့ ဒီလောက်မာန်တက်နေတာလဲ၊ သူ့မိဘအသိုက်အဝန်းက ဘယ်လောက်ချမ်းသာလို့လဲ"

သူမေးတော့ ဂျေမီ ဝေယံ့ဆီကအကြည့်တွေ သူ့ဆီပြန်ဦးတည်လာရင်း –

"ချမ်းသာတာတော့ အတော်ချမ်းသာတယ် မျိုးရိုး၊ သူတို့မှာ အဖေတော့ မရှိတော့ဘူး၊ အမေပဲ ရှိတယ်၊ နဂါးဆောက်လုပ်ရေးကုမ္ပဏီက သူတို့ကုမ္ပဏီလေ၊ အရောင်းကုန်တိုက်တွေနဲ့ ရှယ်ယာဝင်ထားတဲ့လုပ်ငန်းတွေလည်း ရှိတယ်၊ သူတို့အစ်ကိုတစ်ယောက်က နိုင်ငံခြားမှာ ဘွဲ့လွန်သင်တန်းတစ်ခု တက်နေတာတဲ့"

ဂျေမီပြောတာတွေကို နားထောင်ရင်း သူ မဲ့ခနဲပြုံးလိုက်မိသည်။ ဂျေမီကတော့ ခံရခက်နေဟန်နှင့် မကျေနပ်ချက်တွေကို ဝန်ခံနေဆဲ။

"မင်း စဉ်းစားကြည့် မျိုးရိုး၊ ဝေယံလို ကောင်မျိုးကို မစဉ်းစားဘူးဆိုတဲ့ သဘောမျိုးပြောတာ၊ ငါ့ကိုတောင် အဆစ် နှိပ်ကွပ်လိုက်သေးတယ်၊ အလုမာန်ရော ဥစ္စာမာန်ပါ တက်နေတဲ့မိန်းမ"

"အေး အဲဒီမိန်းမကို ငါ ဦးချိုးပြမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် ဝေယံ ခေါင်းမော့ကြည့်လာသည်။ သူ ဝေယံ့ကို စူးစူးနစ်နစ် ရင်ဆိုင်ကြည့်ပစ်ရင်း –

"မင်း ဘာမှဝင်မပြောနဲ့ ဝေယံ၊ ငါမေးတာပဲ ဖြေ၊ ကဠနာ ဆိုတဲ့မိန်းမကို မင်း တကယ်ပြတ်သွားပြီလား"

"အင်း သူကမှ ငါ့ကို"

"ရတယ် တော်ပြီ အပိုတွေ ထပ်မပြောနဲ့တော့၊ မင်း နောက်ဆုတ်နေလိုက်တော့၊ အဲဒီမိန်းမကို ငါလိုက်မယ်"

"ဘယ်လို မျိုးရိုး၊ ကဠနာကို မင်း သဘောကျနေလို့လား"

ဝေယံ အထိတ်တလန့်မေးလာတော့ သူ တည်ငြိမ်စွာပဲ ခေါင်းခါပြမိသည်။ ဂျေမီကတော့ တိတ်ဆိတ်စွာနှင့် သူ့စကားတွေကို နားထောင်နေခဲ့၏။

"ဆောရီးပဲ ဝေယံ၊ အဲဒီလိုမိန်းမတစ်ယောက်ကို ငါ စိတ်မဝင်စားဘူး၊ ဒါပေမဲ့ မင်းနဲ့ ဂျေမီတို့အတွက်တော့ ငါ တစ်ခုခု တုံ့ပြန်ပြမယ်၊ ဘယ်လောက်ထိ မာန်တက်နေသလဲ၊ ငါနဲ့ ထိပ်တိုက်တွေ့မယ်"

"ကောင်းတယ် မျိုးရိုး၊ မင်းနဲ့ဆို အဆင်ပြေမှာသေချာတယ်၊ မင်းအခြေအနေမျိုးဆို ကဠနာ ငြင်းစရာအကြောင်းမရှိဘူး၊ အားလုံးယှဉ်နိုင်တဲ့အခြေအနေပဲကွ"

ဂျေမီက သူ့အစီအစဉ်ကို ထောက်ခံသည်။ ဝေယံကတော့ နှုတ်ဆိတ်စွာ ကြည့်နေရင်း ဘာမှတော့ ဝင်မပြောပါ။





ကဠနာဆိုသော မိန်းမအတွက် ဒီကောင် ခံစားမှုလောင်နေရတုန်းလား မသိပါ။

သူကတော့ ဆုံးဖြတ်ပြီးခဲ့ပြီ။

ဒီမိန်းမကိုတော့ ပတ်သက်ဦးမှဖြစ်တော့မည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

"လွယ်တော့မလွယ်ဘူးဗျ"

အာကာ တွန့်ခနဲဖြစ်ကာ ညည်းညည်းလေးပြောသည်။ ဒါပေမဲ့ သူ စိတ်ဓာတ်ကျမသွားခဲ့။ အာကာ့ပခုံးကိုပုတ်ရင်း –

"ဘာလို့ မလွယ်ရမှာလဲ အာကာရာ၊ မင်းနဲ့ ကဥနာတို့က အမျိုးတွေပဲဥစ္စာ"

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့ သိပ်ရင်းနှီးတာ မဟုတ်ဘူး၊ သွေးကလည်း ဝေးပါတယ်"

"သွေးဝေးတာဝေးတာပဲ၊ ဆွေမျိုးတော်တာက တော်တာပဲ လေကွာ၊ ဒါလောက်တော့ မင်း ကူညီပေးနိုင်မှာပါ"

အာကာ အင်တင်တင်လုပ်နေသေးည်။ သူ ဘောင်းဘီအိတ်ထဲက ဘူးလေးကို စားပွဲပေါ် ထုတ်တင်ထားလိုက်၏။





"ဘူးလေးက လှလိုက်တာ၊ ဘာလဲအစ်ကို"

"သိချင်ရင် ဖွင့်ကြည့်လေကွာ"

သူ လိမ္မော်ရည်ကို တစ်ငုံသောက်ရင်း ပြောလိုက်တော့ အာကာ့လက်တွေက ဘူးလေးကို လှမ်းယူပြီးဖွင့်ကြည့်သည်။

"ဟာ လှလိုက်တာဗျာ"

ဘူးလေးထဲက နာရီကိုမြင်တော့ အာကာရဲ့မျက်ဝန်းတွေ အရောင်တလက်လက် တောက်ပသွားသည်။ လှပသောနာရီလေးဆီက အာကာ တော်တော်နှင့် အကြည့်တို့မခွာနိုင်အောင် ဖြစ်နေ၏။

"ဘယ်လောက်ပေးရသလဲဟင် ကိုမျိုးလေး"

"မင်းက ဘာလို့မေးတာလဲ"

"အိမ်က ဖားသားကြီးကို ဝယ်ခိုင်းမလို့လေ"

"မင်း ဝယ်ချင်လည်း ဒီမှာမရဘူးကွ၊ ဒါက အင်္ဂလန်က ဝယ်လာတဲ့သူက ငါ့ကို လက်ဆောင်ပေးထားတာ၊ မင်းလိုချင်ရင် ယူလိုက်"

"ဗျာ"

အာကာ တအံ့တသြမျက်ဝန်းတွေနှင့် သူ့ကိုမော့ကြည့်သည်။ ပြီးတော့ မယုံမရဲ လေသံဖျော့တော့တော့လေးနှင့် –

"ကိုမျိုးလေး တကယ် တကယ်ပြောတာလား"

"တကယ်ပေးတာပါကွာ၊ မင်းကြိုက်ရင် ငါလက်ဆောင်ပေးတယ်လို့ သဘောထားလိုက်"

www.burmeseclassic.com



"ဟာဗျာ ရက်ရောလိုက်တာ၊ ကျေးဇူးအရမ်းတင်တယ်ဗျာ"

အာကာ ဝမ်းသာအားရဆိုရင်း လက်မှာပတ်ထားသော နာရီကို ချက်ချင်းချွတ်ကာ ဘူးထဲကနာရီလေးကို ထုတ်ပြီးဝတ်တော့သည်။

"မိုက်တယ်ဗျာ၊ သူငယ်ချင်းတွေမြင်ရင် တော်တော် သဘောကျသွားကြမှာ၊ ဒီကောင်တွေကို ကြွားရမယ်၊ အင်္ဂလန်ကပြန်လာတဲ့ ငါ့အစ်ကိုပေးတာလို့"

နာရီဝတ်ထားသောလက်ကို တမြှောက်မြှောက်နှင့် အာကာ ကျေနပ်လို့နေ၏။ သူ အာကာပခုံးကို သိုင်းဖက်လိုက်ရင်း –

"မင်း တကယ်ကျေးဇူးတင်တယ်ဆိုရင် ငါ့ကိုလည်း ပြန်ကူညီပေးရမယ်"

"စိတ်ချ အစ်ကိုမျိုးလေး၊ ကျွန်တော် ကူညီပေးမှာပါ"

သူပေးလိုက်သော လက်ဆောင်နာရီတစ်လုံးမျက်နှာနှင့် အာကာ သူ့ဘက်က ပါလာပြီဖြစ်သည်။

သူကျေနပ်စွာ မဲ့ပြုံးလိုက်သည်။ အာကာဆိုသည့် ချာတိတ်ကတော့ နာရီအသစ်လေးကို တကြည့်ကြည့်နှင့် ကျေနပ်ပီတိဝေနေခဲ့၏။

✿





"ဘာရယ်၊ ငါ့အတွက် လက်ဆောင်၊ ဟုတ်လား အာကာ"

ပါဆယ်ထုပ်လေးနှင့် အသေအချာထုပ်ပိုးထားသော အထုပ်လေးကိုကြည့်ကာ ကဥ္စနာ အံ့သြသွားမိသည်။

"ဘာလက်ဆောင်မို့ နင်က အသေအချာ ထုပ်ပိုးထားတာလဲ"

"မမကဥ္စနာ ဖွင့်ကြည့်လေ၊ တန်ဖိုးရှိတဲ့လက်ဆောင် ဖြစ်ရမယ်ဆိုတာ ကျွန်တော် အာမခံတယ်"

အာကာ့စကားတွေကြောင့် ကဥ္စနာ အံ့သြမိပြန်သည်။ အိမ်ကို လာမလည်တာ ကြာပြီ။ ရောက်လာလျှင်လည်း ကိုယ့်ဆီကပဲ ရသမျှကို တောင်းဆိုပြီး ပြန်သွားတတ်သည့် အာကာက လက်ဆောင်တွေပေးလာသည်ဆိုတော့ –

"နေပါဦး အာကာ၊ နင်က ဘာအတွက် ငါ့ကိုပေးတာလဲ ပြောစမ်းပါဦး"

"အဲ ဟို ဒါ ကျွန်တော်ပေးတာ မဟုတ်ပါဘူး"

"ဘာရယ်"

"ဟို အစ်ကိုတစ်ယောက်က မမကဥ္စနာကို ပေးခိုင်းလို့ပါ"

"ဟင်"

နည်းနည်းတော့ အံ့သြသွားမိသည်။ အာကာက ဒါကြောင့် သူမဆီ ရောက်လာခဲ့တာကိုး။

"နေပါဦး၊ ဘယ်သူလဲ ဘယ်ကလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲ အဲဒါတော့ ကျွန်တော်မသိဘူး မမကဥ္စနာ၊ အဲဒီအစ်ကိုက မမနဲ့ကျွန်တော် မောင်နှမတော်တာကိုသိနေတယ်၊ မမလည်း သူ့ကိုသိပါတယ်တဲ့၊ အဲဒီလက်ဆောင်လေး ပေးခိုင်းလို့"

"နင်ဟာ မဟုတ်သေးဘူး အာကာ၊ ဘယ်သူဘယ်ဝါဆိုတာ မသိဘဲနဲ့ ဘာလို့ ယူလာတာလဲ၊ ကိုယ့်အစ်မကို ပေါက်ကရ ကလေကချေတွေ့ စေခိုင်းတိုင်း နင်က ဒီလိုယူလာရသလား"

"ဟာ အဲဒါတော့မှားတယ်၊ ဒီအစ်ကိုက မမကဥ္စနာ ပြောသလို လူစားမျိုး မဟုတ်တာတော့သေချာတယ်"

"အံမယ် နင်က ရှေ့နေလုပ်ပေးနေပုံထောက်ရင် နင့်အတွက် ဘယ်လောက်ရထားသလဲ၊ မှန်မှန်ပြောစမ်း အာကာ"

အာကာ ကွက်ခနဲ မျက်နှာပျက်သွားသည်။ ဒါပေမဲ့ ချက်ချင်းပဲ မျက်နှာကိုပြင်ရင်း –

"ကျွန်တော်ပြောတာ ဒီသဘောမျိုး မဟုတ်ပါဘူး မမရယ်၊ အဲဒီလူက ကျွန်တော်ထိုင်နေတဲ့ လက်ဖက်ရည်ဆိုင်ကို ရောက်လာတာ၊ သူစီးတဲ့ကားက လင်ခရူဇာကားကြီး၊ လူပုံကလည်း မင်းသားရုပ်လောက်အောင် ချောတယ်"

အာကာ့စကားတွေကို မျက်မှောင်ကုတ်ပြီး ကဥ္စနာ နားထောင်မိသည်။ ဒါပေမဲ့ ဘယ်သူဘယ်ဝါဆိုတာ ခန့်မှန်းလို့မရတာ အမှန်။ ဒီလိုလက်ဆောင်တွေ လာပေးသည်ဆိုကတည်းက ကဥ္စနာကို ချဉ်းကပ်နေသူတွေထဲက ဖြစ်မည်။





"နင့်ကို သူက နာမည်မပြောဘူးလား"

"ဟင့်အင်း၊ အဲဒါပဲ ပေးခိုင်းတာ"

ဆက်မေးနေလျှင်လည်း အာကာ့ဆီက ဘာစကားမှ ထပ်ထွက်လာမှာမဟုတ်တာ သိနေတာမို့ အာကာ့ရှေ့မှာပဲ လက်ဆောင်ပါကင်ထုပ်လေးကို ကဥ္စနာ ဆွဲခွာပစ်လိုက်သည်။

အထဲမှာတွေ့လိုက်ရတာ အနက်ရောင်ကတ္တီပါဘူးလေး ဖြစ်နေ၏။ အာကာကလည်း စိတ်ဝင်စားသွားကာ ခါးကိုင်းကြည့်သည်။

ကဥ္စနာ ဖွင့်ကြည့်လိုက်တော့ အထဲမှာတွေ့လိုက်ရတာ အသည်းနှစ်ထပ်ရင်ထိုးလှလှကလေး ဖြစ်နေ၏။

"ဟာ လှလိုက်တာဗျာ"

အာကာ့နှုတ်က ရေရွတ်သံထွက်လာသည်။ ကဥ္စနာကိုယ်တိုင်လည်း အံ့သြစွာ ပင့်သက်သွားခဲ့သည်။ ပလက်တီနမ်ကွပ်ထားသော ရောင်စုံကျောက်ပွင့်တွေနှင့် ရင်ထိုးလေးက အတော်လှပပါသည်။

တန်ဖိုးကလည်း နည်းမှာမဟုတ်တာ ခန့်မှန်းကြည့်ရုံနှင့် သိသည်။

"မမ သဘောကျသွားပြီ မဟုတ်လား"

အာကာက အပြုံးမျက်နှာနှင့်ကြည့်ရင်း မေးသည်။ ကဥ္စနာ နှုတ်ခမ်းတွေ တွန့်ပြုံးလိုက်ရင်း –

"အဲဒီပစ္စည်းကို နင်ပြန်ယူသွား"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"ဟုတ်တယ်လေ၊ ငါ့ကိုပေးခိုင်းတဲ့သူလက်ထဲ ပြန်ထည့်ပေးလိုက်"

"ဟာ ဘာဖြစ်လို့လဲ မမကဥ္စနာ"

"ငါခိုင်းတာလုပ်စမ်းပါ၊ ငါ့ကို လက်ဆောင်ပေးချင်တယ်ဆိုရင် ကိုယ်တိုင် သတ္တိရှိရှိလာပေးလို့ ပြောလိုက်"

ကဥ္စနာပြန်ပေးသော ဘူးလေးကို ကိုင်ပြီး အာကာ ခေါင်းတွေ တဖျင်းဖျင်းကုတ်သည်။

"မမရာ ယူထားလိုက် ပြီးရော၊ ဒီလောက်လှတဲ့ပစ္စည်းကို"

"ငါခိုင်းသလိုပဲ လုပ်စမ်းပါ၊ ကဲ အဲဒီလူ့လက်ထဲ နင်ပြန်ထည့်ပေးလိုက်နော်"

"ဟို သူက ကိုယ်တိုင်လိုက်လာပေးမယ်ဆိုရင်ရောဟင်"

"ခေါ်လာခဲ့ပေါ့"

"ဟာ တကယ်နော် မမ"

အာကာ ထခုန်တော့မတတ် ဝမ်းသာပြီး ပြန်သွားတော့မှ ကဥ္စနာ ပြုံးလိုက်မိသည်။ ပဟေဠိတွေနှင့် သူမကို လာပတ်သက်လာသူက ဘယ်သူလဲဆိုတာကိုပဲ သိချင်သည်။

အာကာကလည်း ရောက်အောင်ခေါ်လာမှာ သေချာသည်။ သေချာအောင်လည်း သူမ လက်ဆောင်ကို ပြန်ပေးလိုက်တာပဲ ဖြစ်သည်။





တွေးတော့ တွေးစရာကောင်းလွန်းနေ၏။ ကဥ္စနာနှင့်ပတ်သက်ဖို့ ကြိုးစားကြသူတွေထဲမှာ ဒီယောက်ျားက ထူးခြားသည်။

ဘယ်သူလဲဆိုတာ သိချင်မိတာ တစ်ခုကလွဲလို့ ကဥ္စနာရင်ထဲမှာ ထူးထူးခြားခြားတော့ မခံစားရပါ။ အချစ်ဆိုတာကို နှလုံးသားက မခံစားတတ်သူဟု အားလုံးက ထင်နေသည်လား။

တကယ်ဆို ကဥ္စနာ နှလုံးသားက ချစ်တတ်ပါသည်။ အဲဒီအချစ်တွေကလည်း တစ်ယောက်တည်း အပေါ်မှာပါပဲ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၇ )

ခြံထဲကို မောင်းဝင်လာသော ကားဟွန်းသံသဲ့သဲ့ကြော
ပိတောက်ပင် ပင်စည်ကြီးကို မှီထိုင်နေသော ခင်ပျို့ ခန္ဓာကိုယ်လေ
တောင့်မတ်သွား၏။

ခင်ပျို့လိုပဲ နံဘေးမှာရှိနေသော သီတာလည်း ဆင်ဝ
အောက်မှာ ထိုးရပ်သောကားကြီးကို ငေးကြည့်နေ၏။

"ညွှိသည်တွေလား မသိဘူး"

သီတာ ရေရွတ်နေတုန်းမှာ ကားတံခါးဖွင့်ဆင်းလာတ
အာကာဖြစ်၏။ ပြီးမှ နောက်တစ်ယောက် ထပ်ဆင်းလာတာကို ေ
သည်။

ကျောခိုင်းထားသော အနေအထားမို့ မျက်နှာကို မမြင်ရ
ဝတ်ဆင်ထားသော ဆင်စွယ်ရောင်တီရှပ်လက်ရှည်နှင့် ဂျင်းပြ





ကြောင့် မြင့်မားသောအရပ်အမောင်းကို ပေါ်လွင်ထင်ရှားစေသည်။

အာကာက ဧည့်ခန်းထဲဝင်သွားတော့ ထိုသူက ရပ်ကျန်ခဲ့သည်။ မျက်မှန်နက်ကိုချွတ်ကာ မျက်နှာကခင်ပျို့တို့ဘက် ဦးလှည့်လာတော့ –

"ဟင်"

ခင်ပျို့ မျက်ဝန်းလေးတွေ ပိုင်းစက်သွားမိသည်။ ဝင်းမွတ်ကြည်လင်ချောမောရှင်းသန့်နေသော မျက်နှာကို မမှတ်မိစရာမရှိပါ။

လွန်ခဲ့သော နှစ်ပတ်ကျော်လောက်ကပဲ ခင်ပျို့ မြင်တွေ့ခဲ့ဖူးသောသူ ဖြစ်နေသည်။ မှတ်မှတ်ရရ အန့်တီမြင့်တို့ ပလာဇာကို ဈေးဝယ်သွားတုန်းက တွေ့ခဲ့ရတာဖြစ်သည်။

လူတွေရှုပ်ထွေးလှသော ပလာဇာထဲအထိ မဝင်ရဲတာမို့ ကားပေါ်ကပဲ ခင်ပျို့ထိုင်စောင့်ရင်း သူ့ကိုမြင်တွေ့ခဲ့တာဖြစ်သည်။ အနက်ရောင်မှန်တွေကြောင့် သူကတော့ အထဲက ခင်ပျို့ကို မြင်တွေ့ပုံမရပါ။

ခင်ပျို့ စိတ်တိုင်းကျ ကားထဲကပဲ တစိမ့်စိမ့်ငေးကြည့်နေခဲ့မိသူ။ ယောက်ျားတန်မဲ့ နုဖပ်နေအောင် မျက်နှာက ချောမောလွန်းသည်။ ကိုယ်က ခိုးဝှက်ကြည့်နေတုန်း အန့်တီမြင့်တို့ ပြန်ရောက်လာတာမို့ ကားထဲကထွက်ကာ အိတ်တွေပြေးသယ်ပေးခဲ့ရသည်။

ကိုယ့်မျက်နှာပေါ်က အကျည်းတန်မှုတွေကို သူ မမြင်တွေ့အောင် ဆံပင်တွေနဲ့ ကွယ်ဝှက်ထားခဲ့ရသေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ပျို ခင်ပျို နင်သိလို့လား"

ပန်းကို ပုတ်ကာ သီတာမေးတော့မှ ခင်ပျို ကသောကမျောလေး ခေါင်းကိုခါယမ်းပြရင်း –

"ဟင့်အင်း မသိဘူး၊ ကဗ္ဗနာ့ဆီ လာတာနေမှာပေါ့"

ခင်ပျိုပြောတော့ သီတာ ခေါင်းလေးညိတ်ငေးကြည့်ရင်း

"တော်တော်ချောတဲ့သူနော်၊ ကဗ္ဗနာကလည်း ချောတော့ သူ့ကိုကြိုက်နေတဲ့သူတွေက အများကြီးပဲ၊ ကံကောင်းလိုက်တာ"

သီတာ အားကျသလိုလေး ပြောသည်။ ဘာကြောင့်မှန်းမသိ ခင်ပျို ရင်ထဲမှာ ဝမ်းနည်းချင်သလိုလို ဖြစ်သွား၏။ ကိုယ့်ရဲ့အားနည်းချက်ကို ကိုယ်ပြန်တွေးမိတိုင်း အားငယ်စိတ်တွေက ရင်မှာ အမြဲဖြစ်ပေါ်လာတတ်စမြဲ။

"တကယ်ဆို နင်လည်းချောပါတယ်၊ ဒါပေမဲ့ ကံကဆိုးတော့ နင့်အလှက ပျက်သွားရတာ"

မေ့ထားချင်သောအတိတ်ကို သီတာက ပြန်အစဖော်ပေးနေပြန်၏။ ခင်ပျိုအတွက်တော့ သီတာကပဲ စကားပြောဖော်တစ်ယောက်ဖြစ်နေသည်။ တစ်ဖက်ခြံမှာနေသော သီတာကတော့ နေ့လယ်နေ့ခင်းဆို ခင်ပျိုဆီလာတတ်ကာ စကားပြောဖော်ဖြစ်စေ၏။

ခင်ပျိုတို့ကြည့်နေတုန်းမှာပဲ အာဂါနှင့်အတူ အန်တီမြင့်ထွက်လာကာ ကိုလူချောကို ဧည့်ခန်းထဲ ဖိတ်ခေါ်သွားခဲ့သည်။

"ကြည့်ရတာ ဒီလူက အဆင်းရောအချင်းပါ ပြည့်စုံတဲ့သူ





ထင်တယ် ခင်ပျိုရေ၊ အန်တီမြင့်ကြီးကိုယ်တိုင် မျက်နှာကြီးပြုံးပြီး အိမ်ထဲခေါ်သွားပြီဟဲ့"

"အိမ်မှာ ကဗ္ဗနာမရှိတာမို့ အန်တီမြင့် ဧည့်ခံတာထင်သည်။ ခင်ပျိုလည်း ကသောကမျောလေး ထရပ်ကာ –

"အန်တီမြင့် တစ်ခုခုခိုင်းဦးမယ်ထင်တယ် သီတာ၊ ငါသွားလိုက်ဦးမယ်"

"သွား သွား ခင်ပျို၊ တော်ကြာ လူကြားမရှောင် ဆူပူနေဦးမယ်"

အန်တီမြင့်အကြောင်းသိနေသော သီတာက သတိပေးစကားလေး ဆိုလိုက်သေးသည်။ ခင်ပျို အိမ်နောက်ဘက်တံခါးပေါက်က ခပ်သုတ်သုတ်လေး ဝင်ခဲ့သည်။

"ခင်ပျို ဟဲ့ ခင်ပျို၊ ဒီကိုအမြန်လာစမ်း"

"ဟုတ် ဟုတ်ကဲ့ အန်တီမြင့်"

သူ့ရှေ့မှောက်မှာ ခင်ပျိုရဲ့ အကျည်းတန်မျက်နှာကြီးကို မဖော်ပြချင်ပေမယ့် ခင်ပျို မလွန်ဆန်ရဲတော့ ထွက်ခဲ့ရသည်။

"ဒီမှာ ဧည့်သည်အတွက် ကော်ဖီဖျော်ခဲ့စမ်း။ ခေါ်လိုက်ရတာ ကြာ၊ ဘာလုပ်နေတာလဲ"

"ဟို ဘာ ဘာမှ မလုပ်ပါဘူး အန်တီမြင့်"

ခင်ပျို အသံတုန်တုန်လေးနှင့် ဖြေမိတော့ သူ့အကြည့်တွေက ခင်ပျိုဆီ လွင့်ခနဲရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာပေါ်က အုံ့သြရိပ်တို့ ဖြတ်သန်းသွားတာကိုလည်း ခင်ပျိုအသေအချာ မြင်လိုက်ရပါသည်။ ခင်ပျို့ရဲ့ မျက်နှာပေါ်က အကျည်းတန်အမာရွတ်တွေကြောင့်ပဲ ထင်ပါသည်။

ခင်ပျို ရှက်လည်းရှက် ဝမ်းလည်းနည်းသွားမိသည်။ ဝဲတက်လာသော မျက်ရည်တွေကို မျက်တောင်ရှည်ကြီးတွေ ပုတ်ခတ်သိမ်းဆည်းလိုက်ရ၏။

"ဟဲ့ ဘာလုပ်နေတာလဲ၊ သွားလေ၊ အူတူတူ အတတနဲ့ ခက်ပါလား"

အန်တီမြင့် ငေါက်သံကြားမှပဲ ခင်ပျို ခေါင်းကလေးညိတ်ကာ ထွက်ခဲ့မိသည်။ မီးဖိုခန်းထဲရောက်သည်အထိ ဝမ်းနည်းစိတ်တွေက ရင်မှာပြည့်လျှံနေခဲ့၏။ သူစိမ်းယောကျ်ားလေးတွေနဲ့ ဆုံတိုင်း ခင်ပျို့ဘဝက သိမ်ငယ်နေခဲ့ရတာအမြဲ။

တကယ်ဆို ခင်ပျိုကသာ သူ့ကိုမှတ်မိနေခဲ့တာပါ။ သူကတော့ ခင်ပျိုကို ဘယ်လိုမှ မှတ်မိမှာမဟုတ်။

ပထမတစ်ခါတုန်းက ခင်ပျို မျက်နှာတစ်ခြမ်းကို သူ မမြင်အောင် ဆံပင်ရှည်ကြီးတွေနဲ့ ကွယ်ဝှက်ထားခဲ့ဖူးသည်။ ဒီတစ်ခါတော့ ခင်ပျို ဘယ်လိုမှ ဖုံးကွယ်ထားခွင့်တောင် မရလိုက်ပါ။

ကော်ဖီနှစ်ခွက်ဖျော်ကာ မုန့်တွေကိုပါ ပန်းကန်ထဲထည့်ပြီး ဗန်းလေးနှင့်ပဲ ခင်ပျိုသယ်ခဲ့သည်။

"သားက သမီးကို သိနေသလား၊ အဟင်း အန်တီက





အာကာပဲလာတာထင်လို့ အိမ်ထဲ မဖိတ်ခေါ်မိတာ စိတ်မဆိုးနဲ့နော်"

အန်တီမြင့် အသံချိုချိုကို ဧည့်ခန်းမရောက်ခင်ကတည်းက ခင်ပျိုကြားပါသည်။ သူ့အသံကိုလည်း ခင်ပျိုတစ်ယောက်တည်း ကြားရ၏။

"ရပါတယ်အန်တီ၊ ကျွန်တော့်နာမည်က မျိုးရိုးကျော်စောပါ"

"နာမည်က အဆန်းပါလား၊ အန်တီမှတ်မိပါပြီကွယ်၊ သားမိဘတွေကရောကွဲ့"

"ကျွန်တော့်ဒယ်ဒီက ဆုံးသွားပြီ အန်တီ၊ မာမိပဲရှိတော့တာပါ၊ မာမီနာမည်က ဒေါ်ခင်မျိုးစန္ဒာပါ အန်တီ"

"ဘယ်သူ၊ ခင်မျိုးစန္ဒာ ဟုတ်လား"

"ဟုတ်ပါတယ် အန်တီ၊ မျိုး စိန်ရတနာရောင်းဝယ်ရေးဆို အန်တီသိမလား မသိဘူး"

"ဟာ သိတာပေါ့ သားရဲ့၊ အန်တီ အမြဲတမ်း ဝယ်အားပေးတဲ့ စိန်တိုက်ပဲဟာ၊ သားမာမီနဲ့ အန်တီခင်မင်တာပေါ့"

အန်တီမြင့်ကတော့ ချက်ချင်းလက်ငင်းကို သူ့အပေါ် ရင်းနှီးကျွမ်းဝင်သွားပုံရသည်။ မျက်နှာကြီးချိုပြုံးလျက် ခင်ပျိုယူလာသော ကော်ဖီဗန်းတွေကို ကမ်းယူကာ ကိုယ်တိုင်ဧည့်ခံနေပြန်၏။

"သောက်နော် သား၊ အာကာလည်း သောက်ကွဲ့၊ သူစိမ်းတွေ ထင်နေတာ၊ မောင်မျိုးရိုးကျော်စောအမေနဲ့ အန်တီက ရင်းနှီးခင်မင်ပြီးသားပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ခင်ပျို မျက်နှာတစ်ချက်ပင့်အကြည့်မှာ ခင်ပျိုကိုကြည့်နေသော သူ့မျက်ဝန်းတွေနှင့် ထပ်ဆုံရပြန်တာမို့ ရင်ထဲမှာ လှိုက်ခနဲဖြစ်သွားခဲ့သေး၏။ ညည်ခန်းထဲက ခပ်သုတ်သုတ်ပဲပြန်ခဲ့ကာ မီးဖိုထဲမှာပဲ ခင်ပျို ရပ်နေလိုက်ပါသည်။

သူ့အကြည့်တွေကြောင့် လှုပ်ခါနေသော ရင်ခုန်သံတွေက နွေးထွေးရှိန်းမြနေသည်။

ရင်မှာ ကြည်နူးစိတ်လေးတွေက ကိုယ့်အခြေအနေကို ပြန်သတိရသွားတော့ ချက်ချင်းပင် ပျောက်ကွယ်ကုန်သည်။

ခင်ပျိုကို သူကြည့်တာ ရုပ်ပျက်ဆင်းပျက်မျက်နှာက ဒဏ်ရာကြီးကြောင့်ပဲ ဖြစ်မှာပါ။ ဒီလောက် အကျည်းတန်စေတဲ့ မျက်နှာကြီးနဲ့ ခင်ပျိုက ဘာလို တိတ်တခိုး ရင်ခုန်နေမိတာလဲ။

ရှက်စရာကောင်းလိုက်တာ။

ကြေကွဲဝမ်းနည်းစိတ်က ချက်ချင်းတိုးဝင်လာကာ ခင်ပျိုမျက်ရည်တွေကျရပြန်ပါသည်။

ခင်ပျို့ဘဝက ဒီမျက်ရည်တွေနဲ့ အမြဲတမ်း ရှင်သန်နေရတော့မယ် ထင်ပါရဲ့။

✿





"အာကာ ငါတို့ထိုင်နေတုန်းက ကော်ဖီလာပို့ပေးတဲ့ မိန်းကလေးက ဘယ်သူလဲ"

အပြန်လမ်းမှာ မမျိုသိပ်နိုင်တော့ဘဲ မေးမိတော့ အာကာ အံ့သြသွားသလို မော့ကြည့်သည်။ တွေ့ဖို့လာခဲ့သော ကဥ္စနာကို မတွေ့ခဲ့ရတာကြောင့် ကဥ္စနာအကြောင်းပဲ မေးမည်ဟု အာကာထင်ထားပုံရ၏။

"ဪ မမပျိုကိုမေးတာလား"

"ဘာရယ်၊ သူ့နာမည်က ဘယ်သူ"

"ခင်မေပျိုတဲ့ ကိုမျိုးလေးရဲ့"

နာမည်လေးက လှပချစ်စရာကောင်းနေပေမယ့် သူမမျက်နှာလေးက မလိုက်ဖက်တာကို သူ စာနာသွားမိသည်။

ဒီမိန်းကလေးကို သူမှတ်မိသည်။ တစ်ခါဆုံဖူးစဉ်ကတည်းက နက်မှောင်သောဆံနွယ်ကြီးတွေနှင့် အခြယ်အသကင်းစင် ဝင်းမွတ်သော မျက်နှာတစ်ခြမ်းကိုပဲ သူမြင်ခဲ့ရ၏။

မျက်နှာကို ဆံနွယ်တွေနဲ့ သူမ ဖုံးကွယ်ထားရသောအကြောင်းရင်းကို အခုမှပဲ သဘောပေါက်သည်။

"မမပျိုက မိဘတွေမရှိကြတော့ဘူး၊ အန်တီမြင့်တို့နဲ့ ဆွေရိပ်မကင်းပါဘူး၊ ဒါပေမဲ့ အန်တီမြင့်က အမျိုးအဆွေလို့ မသတ်မှတ်ပါဘူး၊ မမပျိုဘဝကလည်း သနားစရာဗျ"

"နေဦး အာကာ၊ တစ်ဆိုင်ဆိုင်ဝင်ပြီး စကားပြောရအောင်



www.burmeseclassic.com

www.burmeseclassic.com



ကွာ၊ သူ့အကြောင်း ငါသိချင်လို့''

အာကာ တအံ့တသြမျက်ဝန်းတွေနှင့် ကြည့်ကာ ခေါင်းညိတ်သည်။ ကဋ္ဌနာဆီကနေ ခင်ပျိုမေဆီကို အာရုံတွေပြောင်းသွားတာမို့ အံ့သြနေပုံရပါသည်။ ဘာပဲဖြစ်ဖြစ် အခုချိန်မှာ ခင်ပျိုမေအကြောင်းကိုပဲ သူစိတ်ဝင်စားနေတာ အမှန်။

ကဋ္ဌနာအကြောင်းက ခေါင်းထဲမှာ မရှိတော့ပါ။

တကယ်ဆို အရင်ကတည်းက ကဋ္ဌနာဆိုတာကလည်း သူ့ရင်မှာ ငြိတွယ်ခဲ့တာမှ မဟုတ်ဘဲ။ ဒါကို အာကာမသိပါ။

ထိုနေ့က အာကာပြောပြသော ခင်ပျိုမေအကြောင်းတွေကို နားထောင်ရင်း သူ ရင်ထဲမှာ စာနာစိတ်တွေ ပိုမိုသွားခဲ့သည်။ ဘဝကံဆိုးလှသော ခင်ပျိုမေအကြောင်းတွေက ရင်ထဲအထိ ငြိတွယ်သွားခဲ့၏။

သနားစရာကောင်းလှတဲ့ ကောင်မလေး၊၊ နဂိုမျက်နှာလေးက အပြစ်ဆိုရက်စရာမရှိအောင် ချောမောလွန်းတာ အကောင်းပကတိရှိနေသော မျက်နှာလေးက သက်သေပါပဲ။ ဒီလိုချောမောသော မျက်နှာလေးက ကံကြမ္မာဆိုးကြောင့် အမာရွတ်တွေနှင့် အကျည်းတန်ခဲ့ရ၏။

တကယ်ဆို သူမရဲ့ မျက်နှာလေးကို နဂိုအတိုင်း ခွဲစိတ်ကုသလို့ ရနိုင်ပေမယ့် သူမကို ကူညီစာနာမည့်သူမရှိတာ သူသိလိုက်၏။

အာကာရဲ့ ပြောပြမှုအရဆိုလျှင် အန်တီမြင့်က သူမကို တမင်မကုသပေးဘဲထားတာ ဖြစ်သည်။





သူတို့အခြေအနေတွေက ခင်ပျိုမေ ကုသမှုလေးအတွက် ကြွယ်ဝမှုတွေကုန်ဆုံးမွဲတေသွားလောက်မှာ မဟုတ်ပါ။

တွေးရင်း ဒေါ်ခင်မျိုးမြင့်ကို စိတ်က မုန်းတီးမိသလို ကဋ္ဌနာကိုလည်း စာနာတရားကင်းမဲ့သူဟု မြင်လာမိသည်။

သူ့ရဲ့ဦးတည်ချက်တွေကတော့ လမ်းကြောင်းချော်ထွက်နေပြီလားမသိ။

ခင်ပျိုမေအကြောင်းက ရင်မှာ ခံစားငြိတွယ်စေခဲ့တာတော့ သေချာနေပြီ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၈ )

"ဟင့်အင်း၊ သမီးနဲ့ မသိပါဘူး၊ အာကာနဲ့ပါလာတာဆိုရင် ဒါ တမင်ခုတုံးလုပ်ပြီး မာမီ့ကို ဝင်ရောတာဖြစ်မယ်"

မာမီပြောလာတော့ ကဥ္စနာ အမှန်အတိုင်းပဲ ပြောမိသည်။ ဒီနာမည်မျိုးကို သူမ မသိပါ။ မပတ်သက်ဖူးတာလည်း သေချာနေ၏။

"ဘာပဲဖြစ်ဖြစ် သမီးကို စိတ်ဝင်စားပြီးရောက်လာတာတော့ သေချာနေတာပဲလေ"

"မာမီပြောတဲ့နာမည်က သမီးမကြားဖူးဘူး"

"မျိုးရိုးကျော်စောတဲ့၊ ဆေးကျောင်းတက်နေတဲ့ သူငယ်လေး ကွဲ၊ သူ့အမေက မျိုး စိန်ရတနာတိုက်ပိုင်ရှင် စိန်ပွဲစားတစ်ယောက် သမီး"

မာမီ့လေသံတွေထဲမှာ ကျေနပ်ဂုဏ်ယူခြင်းတွေ ပါနေတာ





ကဥ္စနာသတိပြုမိသည်။ အာကာနှင့် သူမထံသို့ လက်ဆောင်တွေပေးကာ ချဥ်းကပ်ဖို့ကြိုးစားသူကို သိချင်မြင်ချင်တာကြောင့်လည်း ထိုလက်ဆောင်ကို သူမ ပြန်ပေးခဲ့သည်။

အခု အာကာနှင့်အတူ အိမ်အထိရောက်လာကာ မာမီနှင့်တောင် ကျွမ်းဝင်သွားခဲ့သည်တဲ့။

"မာမီကတော့ ဒီသူငယ်ကို သဘောကျတယ်သမီး၊ ရုပ်ရည်ရော ပညာအရည်အချင်းနဲ့ အဆင့်အတန်း, မိဘမျိုးရိုး ဘာတစ်ခုမှ အပြစ်အနာအဆာမရှိအောင် ပြည့်စုံတဲ့သူနော်"

မာမီ့စကားတွေကြောင့် ကဥ္စနာ စိတ်တွေတောင် ရှုပ်ထွေးသွားမိသည်။ အမှန်ဆို ကဥ္စနာတောင် မြင်ဖူးတာမဟုတ်သေးဘဲ မာမီက ဆုံးဖြတ်စီစဥ်အကြံပေးနေတာကတော့ သိပ်ကို ယုံကြည်လွန်းနေပြီထင်သည်။

"မာမီကလည်း ဘာတွေပြောနေတာလဲ၊ အခု မာမီပြောတဲ့သူကို သမီးတောင် မမြင်ဖူးမသိသေးဘူး"

"သမီးကို သူကသိတယ်၊ သမီးကို စိတ်ဝင်စားလို့ အိမ်အထိတောင် ရောက်လာပြီပဲကွယ်"

"ကဲပါ မာမီရယ်၊ သမီးနဲ့ ထိပ်တိုက်ဆုံတွေ့မှ ဒီအကြောင်းကို ဆွေးနွေးရအောင်"

"ဒါတော့ မာမီယုံတယ် သမီး၊ ဒီကလေး သမီးနဲ့တွေ့ဖို့ ထပ်လာဦးမှာပါ၊ အိမ်ကို အချိန်မရွေး ဝင်ထွက်နိုင်ကြောင်း မာမီက



www.burmeseclassic.com

www.burmeseclassic.com



လည်း ခွင့်ပြုပေးလိုက်တယ်''

''အင်း သမီး အဝတ်အစားလဲလိုက်ဦးမယ် မာမီ''

ကဥ္စနာ စကားစဖြတ်ပြီး ထွက်ခဲ့သည်။ ခေါင်းထဲမှာ ရှုပ်ထွေ နောက်ကျိအောင် မာမီ့စကားတွေက ကသိကအောက်တော့ ဖြစ်စေ သည်။ မျိုးရိုးကျော်စောတဲ့။ နာမည်ကတော့ စားသည်။

ပညာအဆင့်အတန်းကလည်း ဆရာဝန်လောင်းတဲ့။ သူ့မိဘ ရဲ့ဂုဏ်ဒြပ်တွေကတော့ အမြင့်ဆုံးမှာ ဖြစ်သည်။ ဒါပေမဲ့ ကဥ္စနာ နားမလည်နိုင်တာက ဒီလူရဲ့ချဉ်းကပ်ပုံက တွေးစရာဖြစ်နေတာအမှန်

မိန်းမတစ်ယောက်ကို သဘောကျနှစ်သက်သည်ဆိုသူက ကာယကံရှင်ကိုကျော်လွှန်ကာ မိဘတွေအနားထိ ချဉ်းကပ်နေပုံက အူကြောင်ကြောင်တော့ ဆန်လွန်းသည်။ ခေတ်လူငယ်တစ်ယောက်ရဲ့ ပုံစံတော့ မဟုတ်ပါ။

တကယ့်ပုံတုံး အူကြောင်ကြားစတိုင်လ်ကြီးပဲလား။ ကိုယ့် စိတ်နှင့်ကိုယ် တွေးမိရင်း ကဥ္စနာ ပြုံးမိလေသည်။

ပေါ့ပေါ့ပါးပါး ဘလောက်စ်အင်္ကျီပါးလေးကို ပွရောင်းရောင်း ဒူးဖုံးဘောင်းဘီတိုတစ်ထည်နှင့် တွဲဝတ်ဆင်ကာ ကဥ္စနာ ထွက်ခဲ့ သည်။

ညွှန့်ခန်းထဲမှာ မာမီ မရှိတော့ပါ။ ရှိုးကေ့စ်ပေါ်တွေကို ကြက် မွေးလှည်းတံလေးနှင့် ရှင်းလင်းသန့်ရှင်းရေးလုပ်နေသော ခင်ပျို့ကို တွေ့သည်။





''ခင်ပျို''

''ဟင် ဘာလဲဟင် ကဥ္စနာ''

''ခဏလာစမ်းပါဟာ၊ ငါ နင့်ကို မေးစရာရှိလို့''

ဆိုဖာထိုင်ခုံမှာ ဝင်ထိုင်ရင်း သူမ ခင်ပျို့ကို စောင့်နေလိုက် သည်။ ခင်ပျို ကြက်မွေးလှည်းတံလေးကိုင်ကာ သူမနံဘေးမှာ ဝင်ထိုင် သည်။

''ခင်ပျို နေ့လယ်က အာကာနဲ့ပါလာတဲ့ ယောကျ်ားတစ် ယောက်ကို နင် မြင်လိုက်သလား''

''အင်း မြင်လိုက်ပါတယ်''

''ဘယ်လိုပုံစံလဲဆိုတာ ငါ့ကိုပြန်ပြောစမ်းပါ''

ခင်ပျို မျက်တောင်ရှည်ကြီးတွေ ပုတ်ခတ်ပြီး ငြိမ်သက်သွား ၏။ သူမ,မြင်နေရသော မျက်နှာက ဒဏ်ရာအမာရွတ်တွေ ကင်းစင်နေ တာမို့ ခင်ပျို့ရဲ့ ရှင်းသန့်ပြီး အပြစ်ကင်းစင်သော မျက်နှာလေးကိုမြင်နေ ရ၏။

ဒဏ်ရာတွေသာ ကင်းစင်သွားလျှင် ခင်ပျို့ရဲ့အလှက ငေး မောလောက်အောင် ချောမောသွားမှာ သေချာသည်။

''ခင်ပျို ပြောလေဟာ၊ နင် မြင်လိုက်တယ်ဆို၊ ပါဝါမျက်မှန်နဲ့ ပါးလို့လို့ ဖြူရော်ရော် ပိုးဟပ်ကောင်စတိုင်လ်လား''

''ဟင့်အင်း မဟုတ်ပါဘူး၊ လူပုံက လူချောတစ်ယောက်ပါ၊ အဲ အဲဒါသက် ခင်ပျို ဘာမှမပြောတတ်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ဟာ နင်ကလည်း ကိုယ်မြင်ရတဲ့ယောက်ျားတစ်ယောက်ပုံစံတောင် ပြန်မပြောတတ်ဘူးလား"

"ဟိုလေ ခင်ပျို့က ကော်ဖီသွားချပေးတဲ့ ခဏလေးပဲ မြင်လိုက်ရတာပါ"

ခင်ပျို့စကားကြောင့် ကဥ္စနာ ကျွတ်ခနဲ စုတ်သပ်ရင်း ဆိုဖာထိုင်ခုံမှာ မှီချလိုက်မိသည်။ ယောက်ျားတစ်ယောက်အပေါ် မိန်းမတစ်ယောက်ရဲ့ အမြင်ခံစားမှုကိုတောင် ခင်ပျို့မပြောတတ်တော့ဘူးတဲ့လား။

"နင်က တကယ်တုံးတယ်၊ ချောတာ လှတာ အကျည်းတန်တာတောင် မခံစားတတ်တော့ဘူးလား၊ အင်း နင့်ဘဝကတော့ ဒီလိုနဲ့ပဲ အရိုးဆွေးမယ့်ပုံပဲ"

စိတ်ထဲက အလိုမကျဖြစ်ကာ ကဥ္စနာဆိုတော့ ခင်ပျို့မျက်နှာ ကွက်ခနဲပျက်ယွင်းသွားခဲ့ကာ ခေါင်းကလေးငုံ့သွားသည်။

ဖားလျားချထားသော ဆံနွယ်ရှည်ကြီးတွေကြောင့် ခင်ပျို့မျက်နှာလေးက ပျောက်ကွယ်သွားပြန်သည်။ မျက်နှာပေါ်က ချွတ်ယွင်းချက်တွေကို ဒီဆံရှည်ကြီးတွေနှင့် ခင်ပျို့ ပုန်းကွယ်ထားတတ်တာ ကြာပြီ။

"ကဥ္စနာက သူ့ကို မသိဘူးလား"

ခင်ပျို့ ခေါင်းကလေးပြန်မော့လာကာ နားမလည်သလို မေးသည်။ ကဥ္စနာခေါင်းခါပြရင်း –





"တကယ်ကို ငါမသိတာ၊ သူက ငါ့ကို သိတယ်ဆိုတာ ဟုတ်ချင်ဟုတ်မှာပေါ့၊ ဒါပေမဲ့ သူ့နာမည်ကို ငါ အခုမှကြားဖူးတာ"

ခင်ပျို့ ငြိမ်ငြိမ်ကလေး နားထောင်နေသည်။ ကဥ္စနာကတော့ စိတ်ထဲမှာ ဇဝေဇဝါဖြစ်နေသောကိစ္စကို ထပ်ပြောနေ၏။

"ဘယ်ယောက်ျားမဆို ကိုယ်ချစ်တဲ့မိန်းမကို ကိုယ့်အရည်အချင်းနဲ့ ချဉ်းကပ်ဖို့ ကြိုးစားကြတာပဲလေ၊ အခု သူက ပြောင်းပြန်ဖြစ်နေတယ်၊ ဘာသဘောလဲ"

ကဥ္စနာမေးတာကို ခင်ပျို့လည်း အဖြေမပေးနိုင်ပါ။ ငေးငေးလေးကြည့်ကာ တိတ်ဆိတ်နေတာပဲ ဖြစ်သည်။

ခင်ပျို့ပုံစံကိုကြည့်ကာ ကဥ္စနာတောင် စိတ်ပျက်ချင်သွားသည်။

"ကဲ နင့်အလုပ် နင်ဆက်လုပ်တော့၊ နင့်တိုင်ပင်လို့လည်း ဘာမှ ထူးခြားမှာ မဟုတ်ဘူး။ တော်ပြီ ငါ့ဘာသာ ဒီကိစ္စကို ရှင်းမှဖြစ်မယ်"

ပြောပြီး ထထွက်သွားသော ကဥ္စနာကိုကြည့်ကာ ခင်ပျို့ ပင့်သက်မျှဉ်းမျှဉ်းလေး ရှိုက်မိသည်။ ကဥ္စနာက သူ့ကို မသိဘူးတဲ့။ ဒါ အမှန်ပဲလား။ ချစ်သူခင်သူတွေ ဝိုင်းနေသော ကဥ္စနာက သူ့လို ကိုလူချောကို မသိဘူးဆိုတာ သိပ်တော့သဘာဝမကျပါ။

ဒီလောက် အရာရာပြည့်စုံနေတဲ့သူကို ကဥ္စနာ သိသင့်သည်။

တကယ်မသိဘဲ သူက အိမ်ရောက်လာသည့်ဆိုရင်တော့



www.burmeseclassic.com

www.burmeseclassic.com



ကဋ္ဌနာရဲ့အလှမှာ တွယ်နှောင်သွားပြီး ပိုင်ဆိုင်ချင်လို့ အနှိုက်မြင့်ဆီ ချဉ်းကပ်တာပဲဖြစ်မည်။

ဒါကိုတွေးမိတော့ ခင်ပျို ရင်ထဲမှာ ဝမ်းနည်းသွားသည်။ ရှင်းသန့်ချောမောသော သူ့မျက်နှာလေးကို မြင်မိပြန်သည်။

ကဋ္ဌနာ ကံကောင်းလိုက်တာ။

✿ ✿ ✿



## အခန်း ( ၉ )

"မင်းစီမံကိန်း စနေပြီလား မျိုးရိုး"

ဂျေမီက ပြောထားသောစကားတွေကို ထပ်ဆုံချိန်မှာ မမေ့မလျော့ မေးလာသည်။

"အေး စနေပြီ"

သူ့အဖြေကြောင့် ဂျေမီ စိတ်ဝင်စားစွာ မျက်ဝန်းတွေတောက်ပသွားသည်။ ဝေယံကိုကတော့ သူ့ကိုလှမ်းကြည့်ကာ တိတ်ဆိတ်စွာပဲ နားစွင့်လို့ထားသည်။

"ဘယ်အခြေအနေ ရောက်နေပြီလဲ မျိုးရိုး၊ ပြောစမ်းပါဦး"

ပန်းကန်ထဲက ပန်းကိတ်ခ်ကို ခက်ရင်းလေးနှင့် ထိုးဖွဲ့စားရင်း ယခုလက်ရှိအခြေအနေတွေကို သူပြောပြမိသည်။

"ဟင် မင်းစီမံကိန်းကြီးက ဘယ်လိုလဲဟ၊ ကာယကံရှင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



မဆုံသေးဘဲ သူ့မားသားကြီးနဲ့ အရင်ပတ်သက်နေပြီလား''

''အခြေအနေက အဲဒီလိုဖြစ်သွားခဲ့တာပဲလေ၊ ကဩနာကို ခပ်ပေါ့ပေါ့တွက်လို့မရဘူးနော်၊ ငါပေးတဲ့လက်ဆောင်ကို မယူဘဲ ပြန်ပေးတာ ပေးချင်ရင် ကိုယ်တိုင်လာပေးဆိုလို့ ငါသွားတာ၊ သူနဲ့ မဆုံဘဲ အဘွားကြီးနဲ့ ထိပ်တိုက်ဆုံတာ''

''ကြည့်လည်းလုပ်နော်၊ မင်း ရှန်းမရဘဲ နစ်နေဦးမယ်''

''တော်စမ်းပါကွာ၊ ဒီလိုမိန်းမမျိုး ခေါင်းထဲမထည့်ဘူး''

ဂျေမ့်စကားကို သူ ခပ်ပြတ်ပြတ်ပဲ တုံ့ပြန်သည်၊ ငြိမ်သက်နေသော ဝေယံက မနေနိုင်တော့ဘဲ ဝင်ပြောလာ၏။

''ကဩနက မာနကြီးတာပဲ ရှိတာပါ၊ အခုချိန်ထိ ရည်းစားမရှိသေးဘူး၊ အနားမှာ ဘယ်လောက်ပဲဝိုင်းနေနေ တစ်ယောက်မှ လက်မခံဘူး''

''ဘာလဲ မင်းက သံယောဇဉ်ရှင်ခန်းမပြတ်သေးဘဲ ကဩနာဘက်ကနာပြီး ပြောနေတာလား ဝေယံ''

သူ စကားနာထိုးတော့ ဝေယံ ယှဲ့ယှဲ့ပြုံးကာ ခေါင်းကိုခါသည်။

''မဟုတ်ပါဘူး၊ ငါက အမှန်ကိုပြောတာပါ မျိုးရိုးရာ၊ မင်းတို့က ငါ့ကိစ္စကြောင့် ကဩနာကို မုန်းနေမှာ မဖြစ်စေချင်လို့ ငါကလည်း လွန်ပါတယ်၊ ကဩနာ အပြတ်ငြင်းထားရဲ့နဲ့ မရမက ဖွတ်တိုးမိတာကိုး၊ အခုတော့ ငါ သဘောပေါက်ပါပြီ၊ ငါ့ကိုမချစ်နိုင်တဲ့သူကို ငါ





မပတ်သက်, မနှောင့်ယှက်တော့ဘူး''

နောင်တစကားနှင့် ဝေယံ ကတိပေးသည်၊ ဂျေမ်ကတော့ မျက်နှာတစ်ချက်မဲ့ ပခုံးတွန့်ပစ်ရင်း –

''မင်းကိစ္စက ပြီးသွားပြီ၊ အခုက မျိုးရိုးကိစ္စပါ၊ မင်း ဘာမှ ဝင်မပြောပါနဲ့ကွာ၊ ပွဲကြည့်ပရိသတ်လုပ်စမ်းပါ''

''ငါပြောတာ ငါ့ကိစ္စကြောင့် မျိုးရိုး ရှုပ်ထွေးကုန်မှာစိုးလို့ပါ၊ ကဩနာကို ဒီကောင် သဘောမကျဘဲ အချိန်ကုန် ဒုက္ခမခံစေချင်ဘူး''

''စိတ်ချ ဝေယံ၊ အခု ငါ့ဦးတည်ချက်က နှစ်ခုဖြစ်သွားပြီ''

သူ့စကားကြောင့် ဝေယံကော ဂျေမ်ပါ မျက်မှောင်ကြီးတွေ တွန့်ကုတ်သွားခဲ့ကြကာ နားမလည်နိုင်သလို ကြည့်နေ၏။ သူ စားပွဲပေါ်က တစ်သျှူးဘူးလေးမှ တစ်ရွက်ဆွဲထုတ်ပြီး နှုတ်ခမ်းတွေကိုသုတ်ရင်း –

''ဟုတ်တယ်၊ ကဩနာတို့အိမ်မှာ ငါ့စိတ်ကို ထပ်ငြိသွားစေတဲ့ မိန်းမတစ်ယောက် တွေ့တယ်''

''ဟင် ဘယ်သူလဲ''

'ခင်ပျိုမေ တဲ့''

''မကြားဖူးပါဘူး၊ ကဩနာမှာ ညီမ,မရှိပါဘူး''

''ဟုတ်တယ်၊ ညီမသုံးဝမ်းကွဲလောက်တော့ တော်တယ်၊ ဒါပေမဲ့ ကောင်မလေးဘဝက သနားစရာကောင်းပါတယ်၊ ကားအက်ဆီးဒင့်တစ်ခုကြောင့် မျက်နှာတစ်ခြမ်းမှာ ဒဏ်ရာတွေရခဲ့တယ်၊



www.burmeseclassic.com

www.burmeseclassic.com



မိဘရင်းချာတွေလည်း မရှိတော့ဘူး၊ ကဥ္စနာတို့အိမ်မှာ အိမ်စေသာသာ ဘဝနဲ့ နေနေရတာ''

သူ ရှင်းပြတာတွေကို ဂျေမီတို့နားထောင်ရင်း သူ့မျက်နှာကို စူးစိုက်ကြည့်အကဲခတ်နေကြသည်။ ပြီးမှ ဂျေမီက -

''နေဦး မျိုးရိုး၊ မင်းက အဲဒီကောင်မလေးကို ငြိသွားတာလား''

''အဲဒီသဘော မဟုတ်ပါဘူး၊ သူ့ဘဝလေးကို စာနာသွားခဲ့တာ''

''မင်းရည်ရွယ်ချက်က ဘာလဲ''

''ငါ့ရည်ရွယ်ချက်က နှစ်ခုလေ၊ ကဥ္စနာနဲ့ ပတ်သက်ဖို့ရယ်၊ ပြီးတော့ ခင်ပျိုမေရဲ့ဘဝလေးကို တိတိကျကျသိချင်တယ်၊ လိုအပ်ရင် ကူညီမှုတွေပါ ပေးချင်တယ်''

သူ့စကားကြောင့် ဂျေမီတို့ ဘာမှ မပြောတော့ဘဲ ငြိမ်သက်သွားခဲ့ကြသည်။ သူကတော့ နှုတ်ဆိတ်စွာပဲ ပြုံးနေလိုက်မိသည်။

အာကာ့ဆီက စကားတွေ ကြားရကတည်းက ခင်ပျိုမေ ဘဝလေးကို သူ စာနာသွားမိတာဖြစ်သည်။ ပြီးတော့ ဘယ်သူမှမသိသေးသောကိစ္စတစ်ခု ရှိနေသေးသည်။ ဒီမိန်းကလေးကို သူ မြင်ဖူးတာဒါ ပထမဆုံး မဟုတ်ပါ။

မာမီ့ကို အန်တီအိတ္တိဆိုင် လိုက်ပို့ရင်း CYGNUS ကားကြီးပေါ်မှာတုန်းက ဆုံဖူးသည်။ ကားထဲမှာ ပုန်းနေသော ကောင်မလေး





ကို ပထမဆုံးမြင်တွေ့ရစဉ်က သူမရဲ့ဒဏ်ရာတွေနဲ့ မျက်နှာကို သတိမထားမိခဲ့။

အားနည်းချက်ကြီးကြောင့် လူကြားထဲ ဝင်တိုးဖို့ ရှက်ရွံ့နေသော မိန်းကလေးကို သူသနားမိပါသည်။

ဒါတွေကို သူ ဘယ်လိုမှ ရှင်းမပြတတ်သေးပါ။ ရင်ထဲက စာနာသနားစိတ်စိတ်တွေက အလိုလိုပေါက်ဖွားတတ်ခဲ့ခြင်းမို့ -

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၀ )

"++ ခြောက်သွေ့စွာ ဒီရင်ခွင်မှာ ++ အထီးကျန်တည်ရှိရာ ++ သစ်ပင်အိုကြီးပဲ ပေါင်းနွမ်းတဲ့ စိတ်ဓာတ်နဲ့ ++ ဘဝဟာပြိုလဲသွား ++ အလင်းရောင် ပျောက်ဆုံးသွား ++ လွင်ပြင်ညဉ့်နက်များ ++ အသက်မဲ့သွားတဲ့အခါ ++"

ညည်းခန်းထဲမှာ ကြမ်းတိုက်ရင်း သီချင်းလေးမှာ အာရုံဝင်နေ ခိုက် တိခနဲရပ်သွားတာမို့ ခင်ပျို လှည့်ကြည့်မိသည်။

ပွရောင်းရောင်း ဂျင်းဘောင်းဘီအိတ်ထဲကို လက်နှိုက်ရပ် နေသော နေရဲစံကို တွေ့လိုက်ရသည်။

ဆာမူရိုင်းလို ဆံပင်ရှည်တွေက နီကြင်ကြင်ဆေးဆိုးပြီး ဖုတ် သိုက်စတိုင်လ် ထွင်ထားသည်။

ဝတ်ထားသောတီရှပ်မှာလည်း အရိုးခေါင်းပုံဒီဇိုင်းနှင့် လက်





နှစ်ဖက်စလုံးမှာ ဆင်ယင်ထားသော ဖန်စီလက်ကောက်တွေက ရှုပ် ယှက်ခတ်နေ၏။

လေးထောင့်ဆန်ဆန်မျက်နှာနှင့် ပွရောင်းရောင်း နှာတံ အောက်က ကျိုးတိုးကျဲတဲ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတွေက နှာ ခေါင်းရှုံ့ ရွံ့ရှာစရာဖြစ်နေသည်။

"ဘာလဲ မကျေနပ်လို့လား ခင်ပျို"

လူပုံက ထောင့်မကျိုးသလို ရောက်လာတိုင်းလည်း ခင်ပျို့ ကိုဆက်ဆံပုံက အနိုင်ကျင့် လူမိုက်ဆန်သည်။ အန်တီမြင့်ရဲ့ဘက် တူဝမ်းကွဲတော်သည်ဟုပဲ ခင်ပျိုသိထား၏။

"ပြဿနာမရှာနဲ့ နေရဲစံ၊ တို့ ဘာမှ မပြောဘူး"

"မင်းပြောလို့လည်း မရဘူးလေ၊ ဒီအိမ်က ငါ့အန်တီအိမ်ပါ၊ နေပါဦး နင်က ဒီသီချင်းတွေဖွင့်ပြီး ပတ်ဝန်းကျင်သနားအောင် ကြေ ညာနေတာလား"

"ဘာဆိုင်လို့လဲ နေရဲစံ၊ ငါ့ဘာသာ ငါကြိုက်တဲ့သီချင်း ဖွင့်နားထောင်နေတာ"

နေရဲစံ ဟက်ခနဲ မထီတရီရယ်လိုက်တာ လက်ထဲက ရီမုဒ် ကို ဆိုဖာခုံပေါ် ပစ်တင်သည်။

"နင်ကြိုက်တဲ့သီချင်းတွေက ကျက်သရေမင်္ဂလာမရှိဘူး၊ ခြောက်သွေ့တာတွေ, အကျည်းတန်တာတွေ လာလုပ်မနေနဲ့"

ဘောင်းဘီကို တစ်ချက်မ,တင်ကာ ဆိုဖာထိုင်ခုံမှာထိုင်ချရင်း



www.burmeseclassic.com

www.burmeseclassic.com



နေရဲစံပြောသည်။ ချဉ်စူးစူးအရက်နံ့က ထောင်းခနဲထွက်လာမှ အရက်သောက်ထားမှန်း ခင်ပျိုသိလိုက်သည်။

"အန်တီတို့ မရှိဘူးလား"

"မရှိဘူး"

စကားမပြောချင်တာမို့ ခပ်ပြတ်ပြတ်ပဲ ပြောပစ်လိုက်မိသည်။ နေရဲစံက ဘောင်းဘီအိတ်ထဲက စီးကရက်ဘူးကို ထုတ်ယူပြီး တစ်လိပ်ထုတ်ကာ မီးညှိရှိုက်ဖွာနေပြန်သည်။

"နင့်ပုံက ငါ့ကိုကြည့်တာ မှုန်တေတေနဲ့ မကျေနပ်တဲ့ပုံလား"

"နေရဲစံ လာရစ်မနေနဲ့နော်၊ ငါ့ဘာသာ အေးအေးနေတာ"

"ဘာအေးအေးနေတာလဲ၊ ငါ့အန်တီအိမ်ပေါ်မှာ ထိုင်ပြီး အငြိမ့်သား ထိုင်စားနေတာလား"

ထုံးစံအတိုင်း ခင်ပျို့ကိုပဲ ရည်ရွယ်ကာ နေရဲစံ ပြဿနာရှာနေပြန်၏။ တွေ့တွေ့နှင့်ရောက်လာတိုင်း အန်တီမြင့်ဆီ လက်ဖြန့်ကာ ငွေတောင်းတတ်သည့် သင်းအကြောင်းကို ခင်ပျို အသိဆုံးဖြစ်သည်။

အန်တီမြင့်ကလည်း မြန်မြန်ပြန်အောင် ချော့မော့ပြီး ထုတ်ပေးမှ ပြန်သွားတတ်သည်။

"ဒီမှာခင်ပျို၊ ငါက တစ်ခါတလေမှ လာတာ၊ နင်က ဘာအလုပ်မှမလုပ်ဘဲ ထိုင်စားနေတာ၊ နေပါဦး၊ နင် တစ်သက်လုံး ထိုင်စားနေမှာလား"





"ငါ ဒီမှာ အလကားနေတာ မဟုတ်ဘူး နေရဲစံ၊ အိမ်အလုပ်တွေ ကူညီလုပ်ကိုင်ပေးနေတာ နင်မမြင်ဘူးလား၊ အေး တစ်သက်လုံးလည်း မှီခိုမနေပါဘူး။ တစ်နေ့နေ့တော့ ငါ့ဘ၀ ငါရုန်းကန်မှာပါ"

"ဟား အပြောကတော့ ဘာကြီးသလဲမမေးနဲ့၊ တစ်နေ့နေ့ဟုတ်လား၊ ဘယ်နေ့လဲ နင် ယောကျ်ားရတဲ့ တစ်နေ့လား။ ဒါဆိုရင်တော့ ကမ္ဘာလဆန်း တစ်ရက်နေ့ဖြစ်မှာ၊ ဟား ဟား"

"နေရဲစံ"

"ဟုတ်တယ်လေ၊ နင့်လို အလုပဂေးကို ကြိုက်တဲ့ကောင်က မျက်စိကန်းနေတဲ့ကောင်ပဲဖြစ်မှာ"

"တောက်"

ရင်ထဲက ဒေါသတွေ ဆူဝေလာကာ ခင်ပျို မျက်ရည်လေးဝဲလာတာကို နေရဲစံ စီးကရက်မီးခိုးတွေနှင့် မှုတ်ထုတ်ကြည့်ရင်း –

"လာငိုမပြနဲ့နော်၊ ငါတို့က သရဲမျက်ရည်ကျတာကို မသနားတတ်ဘူး"

စိတ်ထဲက ရှိသည့်အတိုင်းဆိုလျှင် နေရဲစံမျက်နှာကို ပြေး၍ ကုတ်ဖဲ့ရိုက်နှက်ပစ်လိုက်ချင်သည်။ လူတစ်ယောက်ရဲ့ အားနည်းချက်တွေကို အနိုင်ယူဖို့ လှောင်ပြောင်ဖို့ နေရဲစံက အသင့်ရှိတတ်သည်လား။

ထိုအခိုက်မှာပဲ ခြံထဲကို မောင်းဝင်လာသော အန်တီမြင့်ကားလေးကို မြင်လိုက်တာမို့ ခင်ပျို ဒေါသတွေကို မျိုသိပ်လိုက်၏။

သူမဘက်က တော်သည့်တူနှင့် ယှဉ်တိုင်း ခင်ပျို့ကိုပဲ အပြစ်



www.burmeseclassic.com

www.burmeseclassic.com



မြင်တတ်သော အန်တီမြင့်ရှေ့မှာ ပြဿနာတွေ မပွားချင်တော့ပါ။

ရေဖလားကို ဆတ်ခနဲ ကောက်ယူကာ ဧည့်ခန်းထဲက ထွက်ခဲ့သည်။ နေရဲစံကတော့ သူအလိုရှိတာတောင်းဆိုဖို့အတွက် အန်တီမြင့်ကား ဆင်ဝင်အောက်မရောက်ခင် သွားကြိုနေ၏။

မမြင်ချင်သောမျက်နှာကို မမြင်ဖို့အတွက် နေရဲစံပြန်သွားချိန်အထိ ခင်ပျို့ရှောင်နေတာ အကောင်းဆုံး။

တစ်ယောက်ယောက်က ခင်ပျို့အားနည်းချက်တွေကို လှောင်ပြောင်လာတိုင်း အားကိုးတကြီး ပြေးမြင်မိတာ ကိုကိုထင်ရဲ့မျက်နှာကိုပဲ ဖြစ်သည်။

ရခြားမြေခြားမှာ သုံးနှစ်တာ ပညာတော်သင်သွားသည့် ကိုကိုထင်သာ အနားမှာရှိလျှင် ခင်ပျို့ ဒီလို ဝမ်းနည်းကြေကွဲစရာတွေ ကြုံရမည်မထင်ပါ။

ကိုကိုထင်ရဲ့ နွေးထွေးကြင်နာမှုမျိုး ခင်ပျို့အပေါ် ဘယ်သူမှ မပေးတတ်ခဲ့ပါ။

ကိုကိုထင်ရယ် ခင်ပျို့ကို အားပေးစကားတွေနဲ့ နှစ်သိမ့်ပေးပါဦးလား။

✿ ✿ ✿



## အခန်း ( ၁၁ )

မီးဖိုထဲမှာပဲ ဒေါ်စိန်နှင့် ထမင်းကူညီချက်ပေးနေတုန်း အန်တီမြင့်ခေါ်သံကြောင့် ခင်ပျို့ အပြေးလေးလှမ်းခဲ့ရ၏။ ဧည့်ခန်းထဲရောက်တော့ ခြေလှမ်းတွေ တွန့်ခနဲ ဖြစ်ကုန်သည်။

ဧည့်ခန်းဆိုဖာမှာ မြင်လိုက်ရတာက ကိုလူချော ဖြစ်နေသည်။ တစ်ခါတော့ အာကာ ပါမလာပါ။

"ဟဲ့ ရောက်နေတာ မပြောဘဲ ဘာကြောင့်ရပ်နေတာလဲ"

ခင်ပျို့ အသံမပေးမိဘဲ ရပ်နေတာကို အန်တီမြင့်ကိုကျော်ကြည့်လာသော သူ့မျက်ဝန်းတွေကြောင့် အန်တီမြင့် သတိထားမိကာ လှည့်ကြည့်အော်၏။

"ကြည့်လိုက်ရင် ရုပ်ပျာရုပ်ပျာနဲ့၊ သွား သမီးကို သွားခေါ်[illegible]။ ဒီမှာ မောင်မျိုးရိုး ရောက်နေတယ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုက်ကဲ့"

သူ့မျက်ဝန်းတွေအောက်မှာ ခင်ပျို့ သိမ်ငယ်စိတ်တွေနဲ့ ကျ ဝင်သွားတတ်စမြဲ။ အကျည်းတန်နေသော မျက်နှာကြီးကို မပြချင် မယ့် မရသည့်အဖြစ်။ ပြီးတော့ မီးဖိုထဲမှာ ချက်ပြုတ်နေစဉ်ဆိုတော့ ဆံပင်ရှည်ကြီးကို ထုံးဖွဲ့ထားတာမို့ ခင်ပျို့မျက်နှာကြီးကို ထင်ထင်ရှ ရှားပြထားသလို ဖြစ်နေ၏။

ကိုယ့်စိတ်က သိမ်ငယ်နေရသည့်အထဲမှာ အန်တီမြင့်က လည်း အကြောင်းရှာဆူပူနေတော့ ပိုလို့ရှက်မိသည်။

ခပ်သုတ်သုတ်လေး အပေါ်ထပ်ပြေးတက်ခဲ့ပြီး ကဥ္စနာအခ ရှေ့ရောက်တော့ တံခါးကို ဖြည်းဖြည်းလေးပဲ ခေါက်လိုက်မိသည်

"ဒေါက် ဒေါက်"

"ဘယ်သူလဲ"

အလိုမကျစွာ မေးလိုက်သော အသံကိုကြားသည်။ ကဥ္စ ကလည်း စိတ်မရှည်လျှင် မရှည်သလို တုံ့ပြန်တတ်တာမို့ ကြောက် သေး၏။

"အန်တီမြင့် ခေါ်ခိုင်းလို့ပါ၊ ဧည့်သည်ရောက်နေတယ်တဲ့"

တုံ့ပြန်သံမကြားရဘဲ တံခါးဖွင့်ပေးလာတာကို စောင့်ရသည် သုန်သုန်မှုန်မှုန်မျက်နှာနှင့် ထွက်လာ၏။

"ဘယ်က ဧည့်သည်လဲဟာ၊ ဘယ်သူမို့လဲ"

"ဟို မျိုးရိုးကျော်စောပါ"





ကဥ္စနာ့မျက်နှာက ဝင်းလက်တောက်ပသွားသည်။ နှုတ်ခမ်း လေးတွေတောင် ပြုံးသွားသည့်ထင်၏။

"အိုကေ ငါတွေ့ချင်တဲ့လူကို တွေ့ရပြီပေါ့၊ ခဏစောင့်ခိုင်း ထားလိုက်၊ အခုပဲ ဆင်းလာမယ်"

ခဏစောင့်ခိုင်းတာဆိုလျှင် အနည်းဆုံး ဆယ့်ငါးမိနစ် ပလောက်ကြာမှာ ခင်ပျို့သိသည်။ ကဥ္စနာက ဧည့်သည်တစ်ယောက်ကို မပြင်မဆင်ထားဘဲနဲ့ ဆင်းတွေ့မှာ မဟုတ်။

ကသောကမျောလေးတော့ ပြင်ဆင်ဦးမှာ သေချာ၏။ မျှော် နေတာက ကဥ္စနာကို ဖြစ်ဟန်တူသည်။ ထွက်လာတာက ခင်ပျို့ ဖြစ်နေတာမို့ သူ စိတ်ညစ်သွားမည်လားမသိပါ။

"လာမယ်တဲ့ အန်တီမြင့်၊ ခဏလေးစောင့်ပါတဲ့"

"ဩော် အင်း၊ သမီးဆင်းလာလိမ့်မယ် မောင်မျိုးရိုး၊ သုံး ဆောင်ပါဦးကွယ်၊ အဟင်း သမီးက ဟိုတစ်ခါ မောင်မျိုးရိုးနဲ့ မဆုံ လိုက်ရတာကို အားနာနေတာ"

ခင်ပျို့ ချက်ချင်းပြန်လှည့်ထွက်ခဲ့ပေမယ့် အန်တီမြင့်စကားသံ တွေကို ကြားနေသည်။ အန်တီမြင့်ကတော့ ကိုလူချောကို ကဥ္စနာနဲ့ ကြည်ဖြူလွန်းနေတာ သေချာသည်။

မျိုးရိုးကျော်စောဆိုသော သူကလည်း အရာရာပြည့်စုံကြွယ်ဝ သူဆိုတော့ အန်တီမြင့် သဘောမနောတွေကောင်းနေတာ မဆန်းလှ ပါ။ ကဥ္စနာကိုယ်တိုင်လည်း သူ့ကိုမြင်လျှင် ကြွေသွားမှာ သေချာ၏။



www.burmeseclassic.com

www.burmeseclassic.com



တွေးရင်း ခင်ပျို့ရင်ထဲမှာ လစ်ဟာသွားခဲ့တာ ဘာကြောင့်မှ မသိပါ။ ခြေလှမ်းတွေ တုံ့ခနဲရပ်မိကာ ခင်ပျို ထပ်မြင်ချင်လှသော မျက်နှာလေးကို ခန်းဆီးစ မ,ကာ ကြည့်မိပြန်သည်။

အန်တီမြင့်ရဲ့စကားတွေကို အပြုံးမျက်နှာနှင့် ငြိမ်သက်နာ ထောင်နေသော သူ့မျက်နှာက ရှင်းသန့်ကြည်လင်လွန်းပါသည်။ ဝတ် ထားတာက အဖြူအစင်းလေးတွေပါသော တီရှပ်လက်တိုနှင့် ဘောင် ဘီအနက်ရောင်ကလည်း စမတ်ကျသည်။

သူ့မျက်နှာလေးကို ပထမဆုံး ကားထဲက ခိုးကြည့်မိစဉ် ကတည်းက ချောလိုက်တာဟု နှုတ်က အကြိမ်ကြိမ် ရေရွတ်မိသည် အထိ ဖြစ်ခဲ့၏။

"ဟော သမီးလေးလာပြီ"

အန်တီမြင့်အသံနှင့်အတူ လှေကားထိပ်က ဆင်းလာသော ကဥ္စနာကို မြင်လိုက်ရသည်။ ပန်းနုရောင် ဂါဝန်ရှည်ကြီးနှင့် ကဥ္စနာ သည် လှပမြဲ လှပလို့နေသည်။

လှပလွန်းသောမျက်နှာလေးကို တမင်ပေါ်လွင်အောင် ဆံ နွယ်တွေကို အနောက်ဘက်မှာ စုနှောင်ထားသည်။ ဘယ်လိုပဲနေနေ လှပလွန်းသော ကဥ္စနာကို သူလည်း နှစ်သက်တွယ်မက်မှာ သေချာပြီ သား။

ခင်ပျို ပင့်သက်မောလေးရှိုက်ကာ လိုက်ကာစလေးကို ပြန် စေ့ပိတ်လိုက်သည်။





ဒီထက်ဆက်ပြီး ခိုးဂုက်ကြည့်နေလို့ မသင့်ပါ။ ပြီးတော့ ကိုယ်နှင့် ဘာမှမသက်ဆိုင်သော သူ။ ကိုယ့်ဘဝနှင့် သူ့ဘဝက ဘကယ့်ကို အဝေးကြီးမို့ မမျှော်မှန်းသင့်တာ နားလည်ပါသည်။

သီတာပြောခဲ့သလိုပါပဲ။ ကဥ္စနာက အမြဲတမ်း ကံကောင်း လွန်းနေတဲ့ သူပါ။ ခင်ပျိုကသာ။

✿

"သမီးအခန်းကို လိမ္မော်ရည်တစ်ခွက် သွားပို့ပေးလိုက်စမ်း ခင်ပျို"

အန်တီမြင့် မီးဖိုခန်းထဲအထိ ဝင်လာကာ ပြောမှ သူပြန်သွား ပြီဟု သိလိုက်သည်။ လိမ္မော်ရည်တစ်ခွက်ကို ဗန်းလေးထဲထည့်ကာ အပေါ်ထပ်က ကဥ္စနာအခန်းထဲအထိ သွားပို့ပေးရ၏။

"ကဥ္စနာ လိမ္မော်ရည်ရပြီ"

"စားပွဲပေါ်တင်ထားလိုက်စမ်းပါ ခင်ပျိုရယ်၊ ပြီးရင် ဒီမှာထိုင် ဦး။ ငါပြောစရာရှိလို့"

ပြတင်းတံခါးမှာ ရပ်နေသော ကဥ္စနာ ပြန်လှည့်လျှောက်လာ ရင်း ခုတင်မှာ ဝင်ထိုင်သည်။

ဘာတွေပြောဦးမှာလဲ။ နားမထောင်ချင်လှပေမယ့် ခင်ပျို



www.burmeseclassic.com

www.burmeseclassic.com



ခုတင်စွန်းမှာ ဝင်ထိုင်မိသည်။ ကဥ္စနာမျက်နှာပေါ်မှာ တည်ငြိမ်လွန်းနေ၏။ သူ့အကြောင်းတွေပဲ ပြောဦးမှာထင်သည်။

မမြင်တွေ့ခင်က အာရုံမဝင်စားသလို ရှိနေခဲ့သော ကဥ္စနာ အခုတော့ မျိုးရိုးကျော်စောကို မြင်တွေ့ခဲ့ပြီမို့ သဘောကျသွားပြီထင်သည်။ လိုအပ်ချက်မရှိ ပြည့်စုံသောယောကျ်ားကို ကဥ္စနာ ငြင်းစရာ မရှိဘဲလေ။

"နည်းနည်းတော့ ပဟေဠိဆန်နေပြီ ခင်ပျိုရေ"

"ဘာကို ပြောတာလဲဟင် ကဥ္စနာ"

ကဥ္စနာနှုတ်ခမ်းလေးတွေ တွန့်ကာ ပြုံးသွားသည်။ အပြုံးတွေမှာ လျှောင်ရိပ်လေးတွေ သမ်းနေသည် ထင်၏။

"မျိုးရိုးကျော်စောလေ၊ သူ့ကို ဘယ်သူထင်လို့လဲ"

ကဥ္စနာက အံ့ဩသလို ကိုယ့်ကိုယ်ကိုယ် ပြန်မေးတာ ဖြစ်သည်။ ဒါပေမဲ့ ခင်ပျို ခေါင်းလေးခါမိတဲ့အထိ စိတ်ဝင်စားသွားမိသည်။

"တခြားသူမဟုတ်ဘူး ခင်ပျို၊ သူ့ကို ငါ ကောင်းကောင်းကြီး သိတယ်"

ကဥ္စနာ သိနေသည်တဲ့၊ ဘယ်လိုသိတာလဲ၊ ဘယ်လိုဆုံတွေ့ခဲ့တာလဲ။ သိချင်စိတ်တွေ ခင်ပျို တားမရအောင် ဖြစ်လာ၏။

"ဟိုဟာစ်ခါ ငြိမ်းစုတူမလေးမွေးနေ့တုန်းက ဆုံခဲ့တဲ့နှစ်ယောက်ကို နင်မှတ်မိသေးသလား ခင်ပျို၊ ငါတို့ဝိုင်း လာထိုင်တဲ့ကောင်လေ၊ ဝေယံကို ဆိုတာ"





ခင်ပျို မှတ်မိသည်။ အဲဒီတုန်းက ကဥ္စနာ အားမနာတမ်း ပြောပစ်လိုက်တာမို့ ကြားထဲက ခင်ပျိုတောင် အားနာနေမိခဲ့သေးသည်။

ဝေယံကိုရဲ့သူငယ်ချင်း ရောက်လာတော့ ပြဿနာတွေ ပိုဆိုးကုန်သည့်အဖြစ်။

"အေး အခု မျိုးရိုးကျော်စောဆိုတာ ဝေယံနဲ့ ဂျေမီဆိုတဲ့ကောင်ရဲ့ သူငယ်ချင်းအရင်းအချာကြီးပဲ"

"ဟင် သူက ဆေးကျောင်းသားဆို"

"ဆေးကျောင်းတက်နေလို့ ငါမသိတာပေါ့၊ တို့ကျောင်းကို တစ်ခါလာလည်တုန်းက ကင်တင်းနဲ့မှာ ဆုံဖူးတယ်၊ အဲဒီဝေယံကြောင့်ပဲပေါ့၊ ငါ့ဝိုင်းကို ဝေယံလာထိုင်ရင်း ပြဿနာဖြစ်တော့ သူက မကျေနပ်ဘူးလေ"

ကဥ္စနာက ရှင်းပြသည်။ ခင်ပျို နားထောင်ရင်း ခေါင်းလေးညိတ်လိုက် နားစွင့်ထားလိုက်နှင့်ပဲ နေမိသည်။

ကဥ္စနာပြောပုံအရဆိုလျှင်တော့ ဝေယံကိုရဲ့သူငယ်ချင်း မျိုးရိုးကျော်စောဆိုတာ ကဥ္စနာကိုမြင်ပြီး ကြွေသွားတာလား။

"အဟင်း ငါတော့ မထင်ဘူး ခင်ပျို"

"ဟင် ဘာကိုလဲ"

"သူ့ရည်ရွယ်ချက်ကိုပေါ့၊ ငါ့ကို သူချဉ်းကပ်တာ ရည်ရွယ်ချက်တစ်ခုကြောင့်ပဲ ထင်တယ်၊ ဝေယံကိုအတွက် မကျေနပ်လို့ ထင်



www.burmeseclassic.com

www.burmeseclassic.com



တယ်''

''ဘယ်လို''

''ဟာ နှင်ကလည်း ဒုန်းဝေးလိုက်တာ၊ အဲဒီတုန်းက သူက ဝေယံ့အပေါ် ငါတုံ့ပြန်တာကို ကျေနပ်တာမဟုတ်ဘူး။ ဒါကြောင့် ငါ့ကို အချိုသပ်ပြီး ဝင်လာတာဖြစ်မယ်''

ကဥ္စနာကတော့ သူမ,ထင်မြင်ချက်ကို ပြောနေသည်။ ဟုတ်မဟုတ် ခင်ပျိုမသိပေမယ့် စိတ်ထဲမှာတော့ တွေးစရာဖြစ်သွားသည်။ ကဥ္စနာ ထင်မြင်သလိုဆိုလျှင်တော့ သူက ကဥ္စနာကို တကယ်မချစ်ဘူးပေါ့။

''အဟင်း ဒီလိုဝင်လာလို့ကတော့ ကဥ္စနာတို့ကလည်း တုံ့ပြန်ဖို့ အသင့်ပဲ''

''ဟင်''

ကဥ္စနာစကားကြောင့် ကြားထဲက ခင်ပျို စိုးရိမ်သွားမိသည်။ ကဥ္စနာ ဘာကို ဆိုလိုတာလဲ။ အငြိုးအတေးတွေနဲ့ ယှဉ်ပြိုင်လက်စားချေကြမှာလား။

''နှင် ဘာလုပ်မှာလဲ ကဥ္စနာရယ်''

''မျိုးရိုးကျော်စောဆိုတဲ့ယောကျ်ားလေးကို ငါကောင်းကောင်း တုံ့ပြန်ပြလိုက်မှာပေါ့ဟာ''

''ကဥ္စနာရယ် သူ့ရည်ရွယ်ချက် တကယ်မှန်နေရင် ကဥ္စနာ သိနေပြီပဲ၊ ရှောင်ပြီးငြင်းလိုက်ပေါ့''





''နားစမ်းပါဟာ၊ ကိုယ့်ကို တိုက်ခိုက်ဖို့ ဦးတည်ဝင်လာတဲ့ သူကို ကဥ္စနာတို့က ခေါင်းငုံ့ရှောင်တိမ်းပစ်ရမှာလား။ ကောင်းကောင်း ပြန်တုံ့ပြန်မှာပေါ့၊ ကဥ္စနာ့ဘဝမှာ အရှုံးဆိုတာ သမိုင်းထဲမပါစေရဘူး''

''ဟို ငါက စိုးရိမ်လို့ သတိပေးတာပါဟယ်''

''နှင် စောင့်ကြည့်လိုက်လေ၊ ဒီပွဲမှာ ဘယ်သူရှုံးနိမ့်သွားမလဲ ဆိုတာ၊ အဟင်း ဟင်း''

ကဥ္စနာက အပိုင်လေသံနှင့် ကြိမ်းဝါးရင်း သွဲ့သွဲ့လေး ရယ် နေပြန်သည်။ လှပချောမွေ့သောမျက်နှာမှာ ကြောက်စရာကောင်းသော လျှို့ဝှက်ချက်တွေလည်း ရှိနေသည်လား။

ကဥ္စနာရဲ့ အဆိပ်တွေက ဘယ်လောက်ထိပြင်းသလဲ။

တွေးရင်းနဲ့ ခင်ပျို စိုးရိမ်လာမိသည်က မျိုးရိုးကျော်စော အတွက်ပဲ ဖြစ်သည်။ မဆီမဆိုင် ကိုယ်က သူ့အတွက် ပူပန်နေတာ ဖြစ်သင့်ပါရဲ့လား။

ကဥ္စနာသာသိရင်တော့ မလွယ်။

ပင့်သက်မောလေးချကာ ခင်ပျို ရင်တွေမောသွားခဲ့တာတော့ သေချာ၏။ ဒီနှစ်ယောက်ကြားမှာ ခင်ပျိုပဲ သောကတွေ ဝေနေသည့် အဖြစ်က –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၂ )

"ဒီမှာကြည့်စမ်း သမီး၊ သမီးအတွက် မာမီဝယ်လာတာ"

ညနေစာစားသောက်ပြီး ညှေ့ခန်းထဲမှာ ထိုင်ဖြစ်ကြတုန်း အန်တီမြင့်က ကတ္တီပါဘူးလေးကိုထုတ်ကာ ကဥ္စနာကို လှမ်းပေးသည်။ အချိုပွဲအတွက် သစ်တော်သီးလေးတွေ အခွံနွှာပေးနေသော ခင်ပျို လည်း လှမ်းကြည့်မိ၏။

ကဥ္စနာက ဘူးလေးကို အသာအယာပဲ ဖွင့်လိုက်သည်။ လက်ခနဲ မီးရောင်မှာ ဖြာလဲ့သွားသော စိန်ပွင့်လေးကို ခင်ပျိုမြင်သည်။

"ဟယ် လှလိုက်တာ မာမီရယ်"

စိန်ပွင့်လော့ကတ်သီးကလေးကို ကဥ္စနာက မီးရောင်အောက် မှာ ကိုင်မြှောက်ကြည့်ရင်း ဝမ်းသာအားရ ဆိုနေ၏။

"သမီးမွေးနေ့ အကြိုပေးတာလေ၊ လာမယ့်တစ်ပတ်ဆို





သမီးမွေးနေ့ရောက်တော့မှာ မေ့နေပြီလား"

"မမေ့ပါဘူး မာမီရဲ့၊ အဲဒီနေ့ကျရင် ဘာပစ္စည်း မာမီဆီက တောင်းရမလဲ စဉ်းစားနေတာ၊ အခု မာမီပေးတဲ့ပစ္စည်းလေးမြင်တော့ အရမ်းဝမ်းသာသွားပြီ သိလား။ သမီးရဲ့ ပလက်တီနမ်ကြိုးလေးနဲ့ဆို လိုက်မှာ"

"အဟင်း မာမ့်လက်ဆောင်ကို သမီးနှစ်သက်လို့ ဝမ်းသာ ပါတယ်ကွယ်၊ ဒီစိန်လော့ကတ်သီးလေး ဘယ်က ဝယ်လာတာလဲ သမီးသိလား"

"ဘယ်ကမို့လဲ မာမီ"

"သားမျိုးရိုးတို့ အမေရဲ့ စိန်တိုက်ကလေ"

အန်တီမြင့်မျက်နှာက ကျေနပ်ကြည်နူးရိပ်တွေ ဖြာဝေနေ ပေမယ့် ကဥ္စနာကတော့ တည်ငြိမ်လွန်းနေသည်။

"မာမီက သမီးနဲ့သားတို့က သူငယ်ချင်းတွေ ဖြစ်နေတာကို လည်း ပြောပြလိုက်တယ်၊ မမျိုး တော်တော်အံ့ဩသွားပုံရတယ်၊ သူ့သားက မပြောသေးဘူးတဲ့၊ အဟင်း မာမ့်ကိုတော့ သူ ခင်ပြီးသား ပဲ"

အန်တီမြင့်က ရေပက်မဝင်အောင် ပြောနေပေမယ့် ကဥ္စနာ ကတော့ စိန်လော့ကတ်သီးလေးကို ဘူးလေးထဲပြန်ထည့်ကာ နှုတ်ခမ်း လေးတွေနဲ့ ပြုံးသည်။

ကဥ္စနာအပြုံးတွေ ... အန်တီမြင့် မမြင်ပေမယ့် ခင်ပျိုကတော့



www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ပါသေးသည်။

"ဒီရက်တွေမှာ မောင်မျိုးရိုးမလာဘူးနော် သမီး၊ သမီးတို့ ကျောင်းကိုလာသေးလား"

"ဟင့်အင်း မလာပါဘူး"

"အင်း ကျောင်းစာတွေပိနေလို့ ဖြစ်မှာပေါ့ကွယ်၊ ဆေးကျောင်းသားဆိုတော့ စာတွေက အရမ်းကျက်ရမှတ်ရမှာပေါ့၊ မောင်မျိုးရိုးလာရင် သမီးမွေးနေ့ပွဲကို ဖိတ်ရဦးမယ်၊ မာမီကတော့ မောင်မျိုးရိုးအမေကိုပါ သီးသန့်ဖိတ်ဖို့ စီစဉ်ထားတယ် သမီးရဲ့"

"အိပ်ချင်ပြီ မာမီရာ၊ မွေးနေ့လက်ဆောင် ကြိုပေးတာ သမီးဝမ်းသာသွားပြီ၊ သိလား၊ ကဲ ဂွတ်နိုက် မာမီ"

အန်တီမြင့်စကားတွေကို မကြားချင်တော့တာကြောင့်ပဲလား တော့မသိပါ။ ဘူးလေးကိုယူကာ ကဥ္စနာ ထထွက်သွားခဲ့သည်။

အန်တီမြင့်က အချိုပန်းကန်ထဲက သစ်တော်သီးတစ်စိပ်ကို ယူစားရင်း တီဗွီဆီ ပြန်အာရုံရောက်သွားသည်။ ခင်ပျို မကြည့်ချင်ပေမယ့် အန်တီမြင့် အိပ်ရာမဝင်သေးတာမို့ စောင့်ပေးရဦးမည်။

အန်တီမြင့်က သူ အိပ်ရာမဝင်ခင် လိုတာစေခိုင်းဖို့ အနားမှာ ခင်ပျိုကို ခေါ်ထားတတ်စမြဲ။

✿





အန်တီမြင့် အခန်းထဲဝင်သွားမှ တီဗွီကို ပိတ်ကာ သိမ်းဆည်းစရာတွေကို ခင်ပျို သိမ်းဆည်းသည်။ အချိုပွဲပန်းကန်ကို ယူပြီး မီးဖိုခန်းထဲ ဝင်ခဲ့၏။ မီးဖိုထဲမှာ သိမ်းဆည်းစရာတွေ မကျန်တော့ပါ။

ဒေါ်စိန် အားလုံးသိမ်းဆည်းပြီး အိပ်ရာဝင်သွားပြီထင်၏။ ဒေါ်စိန်ခမျာ အသက်ကြီးမှ အလုပ်လုပ်နေရသည့်ဘဝမို့ ခင်ပျို စာနာသနားမိသည်။ ဒါကြောင့်လည်း လုပ်စရာရှိတာတွေကို ခင်ပျို ကူညီလုပ်ကိုင်ပေးနေတာ ဖြစ်သည်။

"ခင်ပျို"

"ဟင်"

မီးဖိုခန်းဝမှာ မြင်လိုက်ရတာ ကဥ္စနာဖြစ်နေသည်။ ညဝတ်အင်္ကျီ ခရမ်းရင့်ရောင်ကြီးနှင့် ကဥ္စနာရပ်နေ၏။

"မအိပ်သေးဘူးလား ကဥ္စနာ"

"အိပ်လို့မဖြစ်သေးဘူး၊ ဒီည ဆယ်နာရီ ကိုကိုဆီက ဖုန်းလာမယ်တဲ့၊ အဲဒါ စောင့်နေတာ"

ကိုကိုထင်ဆီက ဖုန်းဆိုတာကြောင့် ခင်ပျိုလည်း ခေါင်းကလေးထောင်မတ်သွားမိသည်။

"ကိုကိုထင်ဆီက၊ ဟုတ်လား"

"ဟုတ်တယ်၊ နေ့လယ်က မာမီ့ဆီ ဖုန်းလာတယ်တဲ့၊ နင်မသိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း မသိလိုက်ဘူး၊ ခင်ပျို့ အဝတ်တွေလျှော်နေတုန်းက ထင်တယ်၊ အန်တီမြင့်လည်း မပြောဘူး"

"အေး ဒီည ဆယ်နာရီ ပြန်ဆက်မယ်ဆိုလို့ ငါစောင့်နေတာ၊ နင်လည်း အတူထိုင်စောင့်ပေးဟာ၊ ကော်ဖီနှစ်ခွက်ဖျော်လိုက်၊ ဧည့်ခန်းထဲမှာ တီဗွီကြည့်ရင်း စောင့်ရအောင်"

"အင်း စောင့်ပေးမယ်လေ၊ ခင်ပျိုလည်း မအိပ်ချင်သေးပါဘူး"

ကိုကိုထင်ဆီက ဖုန်းဆိုတာနဲ့ပဲ ခင်ပျိုလည်း အိပ်ချင်စိတ်တို့ ပြေသွားမိသည်။ ကိုကိုက တစ်လတစ်ခါလောက်ပဲ ဖုန်းဆက်တတ်တာဖြစ်သည်။ အထူးသဖြင့် အန်တီမြင့်ဆီပဲ ဆက်သည်။

ကိုကိုထင် ဖုန်းလာပြီးမှ ခင်ပျိုတို့ အန်တီမြင့်ပြန်ပြောတာပဲ နားထောင်ခွင့်ရသည်။

အခုတော့ ကဥ္စနာကို ဖုန်းပြောမည်ဆိုတော့ ကံကောင်းရင် ခင်ပျိုလည်း နားထောင်ခွင့်ရချင်သည်။

ကော်ဖီနှစ်ခွက်ဖျော်ကာ အိပ်ချင်ပြေ လက်ဖက်လေးတစ်ပွဲပါ ခင်ပျိုသုပ်ယူခဲ့တော့ ကဥ္စနာ ဆိုဖာထိုင်ခုံမှထိုင်ကာ တီဗွီကြည့်နေ၏။

"အိပ်ချင်ပြေအောင် လက်ဖက်လေးပါ လုပ်ခဲ့တယ် **ကဥ္စနာ**"

ခင်ပျို့စကားကြောင့် ကဥ္စနာက ပခုံးလေးတွန့် **မျက်နှာလေး**မဲ့သွားရင်း ခေါင်းကိုခါသည်။





"ဟင့်အင်း ချဉ်စာတွေ မစားချင်ဘူး၊ တော်ကြာ မျက်နှာမှာ ဝက်ခြံတွေ ထွက်လာမှာစိုးလို့"

"တစ်ခါတလေ စားတာပဲ၊ ဘာမှမဖြစ်ပါဘူး ကဥ္စနာရဲ့"

"ဟင့်အင်း ငါတော့မစားဘူး။ အစားတစ်လုတ်အတွက် အလှပျက်မခံနိုင်ဘူး။ နင် စားချင်စားပေါ့"

အလှအပတစ်ခုအတွက် အစားအသောက်ကို ဆင်ခြင်နေရသည့် ကဥ္စနာရဲ့အဖြစ်ကို တစ်ခါတစ်ရံမှာတော့ ခင်ပျို သနားမိသည်။ အငန်ရှောင် အဆိမ့်ရှောင်နှင့် ဇီဇာကြောင်တတ်သော ကဥ္စနာဒုက္ခက မသေးလှပါ။

တစ်ပတ်တစ်ခါ မြူတီဆလွန်းကို ပြေးရသော ကဥ္စနာသည် အိမ်မှာလည်း နေတာထိုင်တာကအစ ဂရုစိုက်လွန်းသည်။ အိပ်ခန်းထဲ မြင်တစ်ကောင်အော်သံကြားသည်နှင့် ခင်ပျိုရော ဒေါ်စိန်ပါ မနေနိုင်။

ညတွင်းချင်း ခြင်ဆေးတွေ ဖျန်းပေးရသေးသည်။

"တကတဲတော်၊ မင်းသမီးတွေတောင် သူ့လောက် လှချင်မှာမဟုတ်ဘူး။ လွန်လွန်းတယ်"

ဒေါ်စိန်က ကဥ္စနာကွယ်ရာမှာ ညည်းညူပြောတတ်ပါသည်။ ဟုတ်တော့လည်း ဟုတ်သည်။ ကဥ္စနာ အလှမက်မောပုံက ဆိုးလွန်းသည်။

"ငါ့မွေးနေ့ပွဲအတွက် ကိုကို့ဆီက လက်ဆောင်တောင်းရမယ်"



www.burmeseclassic.com

www.burmeseclassic.com



တီဗွီကြည့်နေပေမယ့် ကဋ္ဌနာစိတ်က ကိုကိုထင်ရဲ့ဖုန်းကိုပဲ အာရုံရောက်နေတာ သေချာသည်။ အလုထိခိုက်မှာ စိုး၍ အိပ်ပျက်မခံတတ်သော ကဋ္ဌနာ ကိုကို့ထင်ဖုန်းကိုတော့ အိပ်ပျက်ခံပြီး မျှော်ရှာသားပါလား။

အစ်ကိုရင်းချာမဟုတ်ပေမယ့် ကဋ္ဌနာသည် ကိုကိုထင်ကိုတော့ သံယောဇဉ် တွယ်တာလွန်းပါသည်။ ခင်ပျို မှတ်မိသေးသည်။ ကိုကိုထင် အမေရိကားကို သွားတော့မည်ဆိုတော့ ခင်ပျို့အခန်းကို ရောက်လာကာ ကဋ္ဌနာငိုခဲ့တာ မမေ့။

"ကဋ္ဌနာရယ် ကိုကိုထင်က အန်တီမြင့် ပညာသင်ခိုင်းလို့ သွားရတာပဲဟာယ်"

"သွားရမှာက သုံးနှစ်ကြီးတောင်လေ၊ ကိုကို့ကို ငါ သုံးနှစ်တောင် မတွေ့ရတော့ဘူးပေါ့၊ မာမီ သိပ်ရက်စက်တယ် သိလား၊ ကိုကိုက ဒီမှာ အင်ဂျင်နီယာဘွဲ့ကြီး ယူပြီးပြီပဲ၊ အဝေးမှာ ဘာလို့ ထပ်ပြီး ဘွဲ့တွေ ယူခိုင်းရတာလဲ"

ကဋ္ဌနာ ပြောလည်းပြော ငိုလည်းငိုသည်။ သုံးနှစ်ကြီးတောင် ကိုကိုထင်သွားမှာမို့ ခင်ပျိုလည်း လွမ်းတာအမှန်။ ကိုကိုထင်က ဒီအိမ်မှာ ခင်ပျို့အပေါ် နားအလည်ဆုံး၊ အနွေးထွေးဆုံးသူလေ။

"ကိုကိုထင် ပြန်လာဖို့က ဘယ်လောက်လိုသေးလဲဟင်"

"တစ်လ၊ တစ်လကျော်ဆို ကိုကိုပြန်လာတော့မှာ"

ခင်ပျို့အမေးကို ကဋ္ဌနာ ချက်ချင်းပဲ ဖြေသည်။ တစ်လ





ကျော်ဆို ပြန်လာတော့မည်တဲ့။ သုံးနှစ်ဆိုသော ကာလကြီးက ဘာမှ မကြာလိုက်သလိုပါပဲလား။

"နာရီတွေကလည်း ကြာလိုက်တာနော်"

နာရီကို တကြည့်ကြည့်နှင့် ကဋ္ဌနာ ရေရွတ်နေသည်။ ထိုင်ခုံရှေ့က စားပွဲပေါ်မှာလည်း ဖုန်းကို တင်ထား၏။

ကဋ္ဌနာစိတ်တွေ မြန်ဆန်နေသလို ခင်ပျိုလည်း ကိုကိုထင်အသံကို ကြားချင်လှပြီ။

ဆယ်နာရီထိုးခါနီးလေလေ ကဋ္ဌနာ ဂနာမငြိမ်ဖြစ်လာလေလေ ဖြစ်နေရှာ၏။ မစားဖူးဆိုသော လက်ဖက်ပန်းကန်ထဲကတောင် တစ်ဖွန်းကို ခပ်စားလိုက်သေး၏။

"တွီ တွီ တွီ"

"ဟယ် လာပြီ"

ဖုန်းခွက်လေးဆီ ကဋ္ဌနာ လက်ကလေးက အမြန်ရောက်သွားပြီး ကောက်ယူနားထောင်သည်။

"ဟဲလို ကိုကိုလား"

"______"

"ဟုတ်တယ် ညီမလေးပါ၊ ကဋ္ဌနာပါ ကိုကိုရဲ့"

"______"

ခင်ပျို ကဋ္ဌနာမျက်နှာလေးကိုပဲ ငေးကြည့်ကာ ကိုကိုထင့်အသံကို မကြားရတာ မချင့်မရဲဖြစ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှိတယ် ရှိတယ်ကိုကို၊ အခု အနားမှာ ခင်ပျိုရှိတယ်၊ ကဋ္ဌနာနဲ့အတူတူ ကိုကို့ဖုန်းကို စောင့်နေတာကြာပြီ"

"------"

"ခင်ပျိုနဲ့ပြောဦးမယ် ဟုတ်လား၊ ကဋ္ဌနာနဲ့ အရင်ပြောပါဦး။ ပြီးမှ ခင်ပျိုနဲ့ပြောလေ၊ ကိုကို ဘယ်တော့ပြန်လာမှာလဲဟင်"

"------"

ကိုကိုထင်က ခင်ပျိုနှင့်ပါ စကားပြောမည်ဆိုတာကြောင့် ဝမ်းသာသွားမိသည်။ နံဘေးမှာ ငြိမ်ငြိမ်လေးထိုင်ကာ ကဋ္ဌနာနဲ့ ကိုကိုထင် ပြောတာတွေကို ခင်ပျိုနားထောင်နေမိ၏။

ကဋ္ဌနာက စကားတွေ ဖောင်ဖွဲ့မဆုံး။ ကိုကိုထင်ကလည်း မေးသမျှ ဖြေပေးနေ၏။ ကျေနပ်သွားမှ ကဋ္ဌနာလက်ထဲက ဖုန်းလေး ခင်ပျိုဆီ ရောက်လာ၏။

"ရော့ ကိုကိုက နင့်ကို စကားပြောချင်လို့တဲ့"

ကမ်းပေးသော ဖုန်းလေးကို ယူပြီး ခင်ပျိုနားမှာကပ်လိုက်တော့ ကိုကို့အသံကို ကြား၏။

"ခင်ပျိုလေး"

"ဟုတ်တယ် ကိုကိုထင်၊ ကိုကိုထင် နေကောင်းလား"

"ကောင်းပါတယ်ကွာ၊ ခင်ပျိုလေးရော နေကောင်းလား"

"ဟုတ်ကဲ့ ကိုကို၊ ကောင်းပါတယ်"

"တစ်ယောက်တည်း ဝမ်းနည်းပြီး ငိုနေသေးလား ပျိုလေး"





ကိုကိုထင့်အသံတွေက ဟိုးအရင်တုန်းကလိုပဲ နွေးထွေးနေသည်။ ခင်ပျို မျက်ရည်လေးတွေတောင် ဝဲတက်လာမိ၏။

"တစ်ခါတလေမှပါ ကိုကိုထင်"

"မငိုနဲ့တော့ ပျိုလေးရယ်၊ နောက်တစ်လကြာရင် ကိုကိုထင် ပြန်လာမှာပါ၊ အဲဒီကျရင် ပျိုလေးမျက်နှာကို ကိုကိုထင် အကောင်းပကတိဖြစ်အောင် ပြန်ကုပေးမှာ"

"ရှင်"

"တကယ်ပြောတာ ပျိုလေး၊ အခုဘေးနားမှာ ကဋ္ဌနာလေး ရှိနေလား၊ ဘယ်သူ့မှ ဒီအကြောင်းကို မသိစေနဲ့နော်၊ ကိုကို လိုအပ်တဲ့ငွေကို ရှာဖွေပြီးသား၊ ပျိုလေးမျက်နှာကို ဆေးကုပေးချင်လို့ကွ"

"ဟုတ် ဟုတ်ကဲ့"

"အရင်ကတည်းက ကိုကို ကုပေးချင်တာ၊ ဒါပေမဲ့ ကိုကို့မှာ ကိုယ်ပိုင်ဝင်ငွေ မရှိဘူးလေ၊ မာမီကလည်း လက်မခံတော့ ကိုကို ဘာမှမတတ်နိုင်ခဲ့ဘူး၊ ကဲပါကွာ ဒါတွေ ပြန်မပြောချင်တော့ဘူး။ အရေးကြီးတာ ဒီအစီအစဉ်ကို ဘယ်သူ့မှ မပြောနဲ့နော်၊ မာမီ့နားကို ပြန်မရောက်စေချင်လို့၊ ဟုတ်လား"

"ဟုတ် ဟုတ်ကဲ့"

အံ့သြဝမ်းသာလွန်းတာကြောင့် ပျိုမေ ရင်တွေ တလှပ်လှပ် ခုန်နေ၏။ ကိုကိုထင်က ဘယ်သူ့မှ မသိစေနဲ့ဆိုတာကြောင့် နံဘေးက ကဋ္ဌနာရှေ့မှာ မျိုသိပ်ထားရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ပျိုလေး ဒါပဲနော်၊ မျက်ရည်တွေ ဘယ်တော့မှမကျ နဲ့တော့၊ ဟုတ်လား ဘိုင့်"

"ဟုတ်ကဲ့၊ ဒါပဲနော် ကိုကိုထင်"

ခင်ပျိုနှုတ်ဆက်ပြီးတော့ ကဥ္စနာ ဖုန်းလေးကို ဆတ်ခနဲ ပြန်ဆွဲယူသွားပြီး –

"ကိုကိုရေ မေ့နေလို့၊ နောက်တစ်ပတ်ဆို ကဥ္စနာမွေးနေ့လေ"

"––––"

"ရတယ်၊ မွေးနေ့လက်ဆောင်တော့ ကိုကိုယ်ခဲ့နော်၊ ဘာပဲဖြစ်ဖြစ် ကဥ္စနာယူမယ်၊ ကိုကိုပြန်လာမှပေးပေါ့"

"––––"

"သင့်ခ်ယူ၊ ဘိုင့် ကိုကို၊ အိပ်မက်လှလှမက်ပါစေ ကိုကို"

ကဥ္စနာ ဆုတောင်းပေးပြီး ဖုန်းလေးကို မချဘဲ ဆက်ကိုင်ထားတုန်းရှိ၏။ အတန်ကြာမှ ဖုန်းကို ခွက်လေးပေါ် ပြန်တင်ရင်း–

"မွေးနေ့လက်ဆောင်မှာဖို့ မေ့သွားလို့ဟ၊ ဒါနဲ့ ကိုကိုက နင့်ကို ဘာတွေပွားနေတာလဲ"

"ဟို အဲ ဘာမှမပွားပါဘူး။ အရင်လို ကိုယ့်အားနည်းချက်ကို တွေးပြီး ငိုမနေဖို့ ဆုံးမနေတာပါ"

မလိမ်ချင်ပေမယ့် ခင်ပျိုလိမ်လိုက်မိသည်။ ကိုကိုထင်က မှာထားတာကြောင့်ဖြစ်သည်။





ကဥ္စနာသိလျှင် အနိတ်ဖြင့် သိသွားမှာ ကိုကိုထင် စိုးသလို ခင်ပျိုလည်း စိုးပါသည်။ ခင်ပျို့မျက်နှာကို ကုသပေးဖို့ အနိတ်ဖြင့် တွန့်ဆုတ်နေခဲ့တာကြောင့် ဒီလိုရှင်သန်နေခဲ့ရတာ ကြာခဲ့ပြီ။

အခုတော့ ကိုကိုထင်က ကုသပေးမည်တဲ့။ အနိကယ်နှင့် ကိုကိုထင်သည် ခင်ပျို့အပေါ်မှာ တကယ်နွေးထွေး ကြင်နာတတ်သည့် ကျေးဇူးရှင်တွေပါပဲ။

အဲဒီကျေးဇူးတရားတွေကို ခင်ပျို ဘယ်တော့မှ မမေ့မှာသေချာ၏။ နောက်တစ်လဆို ကိုကိုထင် ပြန်ရောက်ပြီတဲ့။

ခင်ပျိုဘဝလေး ပြန်ရှင်သန်ခွင့် ရလိုက်သလိုပါပဲ။

ဒီညတော့ ခင်ပျို အပျော်တွေနဲ့ အိပ်လို့ပျော်မှာ မဟုတ်တော့တာ သေချာသည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၃ )

"ဒေါ်ခင်မိုးမြင့်ဆိုတာ မာမိနဲ့ ရင်းနှီးခင်မင်တဲ့ မိတ်ဆွေ တစ်ယောက်ပဲ သားရဲ့၊ မာမ့်ဆီက စိန်တွေ အမြဲဝယ်အားပေးရင်း ခင်မင်သွားတာလေ၊ သူက သားနဲ့သိတယ်ဆို"

မာမ့်ဆီအထိ ဒီသတင်းက ပေါက်ကြားသွားပြီဆိုတော့ သူ ငြင်းလို့မရတော့တာ နားလည်မိသည်။

"အင်း ဒေါ်ခင်မိုးမြင့်အိမ်ကို သားရောက်ဖူးတယ် မာမိ သိပ်အရင်းနှီးကြီးတော့ မဟုတ်ပါဘူး၊ ဂျေမီတို့ဝေယံတို့နဲ့ သူ့သမီး တစ်ကျောင်းတည်းတွေလေ၊ ဒါကြောင့် သိကျွမ်းနေတာ"

မာမ့်ရှေ့မှာ မယုတ်မလွန်အနေအထားမျိုးနဲ့ပဲ သူ ဝန်ခံ လိုက်သည်။ မာမိက ပေါင်မုန့်မီးကင်ကို ယိုသုတ်ပေးနေရင်း သူ့ စကားကို ခေါင်းညိတ်ပြသည်။





"အင်း သူလည်းပြောပါတယ်ကွယ်၊ သူ့သမီးလေးနဲ့ သား ခင်မင်ရင်းနှီးနေတဲ့အကြောင်းကို၊ နောက်တစ်ပတ်ဆို သူ့သမီးလေး မွေးနေ့ရှိတယ်တဲ့၊ မာမ့်ကိုတောင် သီးသန့်လာဖိတ်ဦးမတဲ့၊ သားကို တောင် ဖိတ်ထားမှာပေါ့"

မာမ့်စကားကြောင့် သူ အံ့ဩသွား၏။ ဒီရက်ပိုင်းအတွင်းတွေ မှာ ကဋ္ဌနာတို့အိမ်ကို သူ့မရောက်တာ ကြာနေခဲ့ပြီဖြစ်သည်။ ကဋ္ဌနာရဲ့ မွေးနေ့ရက်ကိုတောင် သူ မသိသေးပါ။

ဒေါ်ခင်မိုးမြင့်က မာမ့်ကို ဘယ်လောက်အထိများ စကားတွေ ကျိုကာပြောထားသည်လဲဟု သူတွေးမိ၏။

"သားတို့မဆုံတာ ကြာပြီမာမိ၊ ဟိုကောင်တွေနဲ့လည်း မဆုံ သေးတော့ မွေးနေ့ပွဲရှိမှန်းတောင် မသိသေးဘူး။ အားရင်တော့ သွားရ မှာပေါ့ မာမိ"

သူ့စကားကြောင့် မာမိ ဖျတ်ခနဲမော့ကြည့်သည်။ သူ့မျက် ဝန်းတွေနှင့် တစ်ချက်အကြည့်ဆုံတော့ မာမိ လှစ်ခနဲ ပြုံးလိုက်တာကို သူ မြင်ဖြစ်အောင်ပဲ မြင်လိုက်မိသေးသည်။

"မာမိကတော့ သွားဖြစ်အောင်သွားရမယ် သားရေ၊ ဒေါ်ခင် မိုးမြင့်ရဲ့သမီး ကဋ္ဌနာလေးကို မြင်ဖူးထားချင်လို့၊ အဟင်း"

မာမ့်စကားအဓိပ္ပာယ်ကို သူ နားလည်ပါသည်။ ဟန်မပျက် ကော်ဖီကို မော့သောက်လိုက်ရပေမယ့် စိတ်ထဲမှာတော့ စိုးရိမ်သွားမိ တာ အမှန်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုကောင်တွေ စိုးရိမ်ပေးထားသလို အခြေအနေကို ရောက် လာပြီထင်သည်။ သူ့ဘက်က ဘာမှတောင် အစမတည်ရသေးဘဲ မာမို့နားအထိ ပေါက်ကြားသွားတာ သိပ်တော့မကောင်းလှပါ။

ခက်သည်က မာမီနှင့် ဒေါ်ခင်မျိုးမြင့်တို့ သိကျွမ်းခင်မင်နေ တာက ဆိုးပါသည်။

"သား သားမှာ ချစ်သူရည်းစားတွေ ဘာတွေ ရှိသလား"

"ဟာ မဟုတ်တာ မာမီရာ၊ စိတ်မဝင်စားသေးဘူး"

"တကယ်လား သား၊ သားမှာ ရှိလာပြီဆိုရင်လည်း မာမို့ကို ပြောနော် သား၊ မာမီသိထားချင်လို့"

"မာမီရာ တကယ်ပြောတာပါ၊ ကျွန်တော် ဘယ်မိန်းကလေး ကိုမှ စိတ်မဝင်စားသေးဘူး၊ တကယ်၊ စိတ်ဝင်စားလာခဲ့ရင်တော မာမို့ကို ပြောမှာပါ၊ မာမီယုံပါ"

"မာမို့သားကို မာမီက ယုံကြည်ပြီးသားပါ၊ ဒါပေမဲ့ သားကို သဘောကျနေတဲ့ မိန်းကလေးတွေ၊ သမီးရှင်တွေက အများကြီးဆို တော့ မာမီ စိုးရိမ်ရတာပေါ့၊ အဟင်း မာမို့သားက လူချောလေးကိုး"

သူ့ကိုကြည့်ကာ မာမီပြောတော့ သူ ယဲ့ယဲ့ကလေးပဲ ပြုံးနေ လိုက်ပါသည်။ တစ်ခါတစ်ခါမှာတော့ မာမီက သူ့ကို ကလေးလေး တစ်ယောက်ဟုပဲ မြင်နေဆဲဖြစ်သည်။ တကယ်ဆို မျိုးရိုးကျော်စော ဆိုသည့်သူက တတိယနှစ်ဆေးကျောင်းသားကြီးတစ်ယောက်ပဲ ဖြစ် နေခဲ့ပြီ။





အခုချိန်အထိ မာမီက ရေချိုးတာ၊ စားတာ သောက်တာက ၁၀ လိုက်ပြီး စိုးရိမ်ပူပန်နေတုန်း ရှိသည်။

ဒီသားအမိနှစ်ယောက်တည်း ရှိသည့်ဘဝလေးမှာ မာမီက အရိပ်လို ဂရုစိုက်ချစ်တာကိုပဲ သူကလည်း ကျေနပ်ခံယူမိပါသည်။

"ကဲ မာမီ သား ကျောင်းသွားဖို့ ပြင်ဆင်လိုက်ဦးမယ်"

"ဪ အေး အေး သား၊ မာမီလည်း စိန်တိုက်ကို ဒီနေ့ စောစောသွားရမယ်၊ အရေးကြီးဖောက်သည်တွေနဲ့ ချိန်းထားလို့"

မာမို့ကိုပြောပြီး သူ စားသောက်ခန်းထဲက ထွက်ခဲ့သည်။ ကျောင်းသွားဖို့အတွက် အဝတ်အစားလဲ ပြင်ဆင်ရင်း မာမီ ကော်ဖီဝိုင်း မှာပြောခဲ့သော စကားတွေက ခေါင်းထဲပြန်ရောက်လာပြန်၏။

ကဋ္ဌနာ့ကိစ္စမှာ ကဋ္ဌနာ့မိခင်ကြောင့် သူ့အစီအစဉ်တွေကိုပဲ ပရိတ်ပြန်အုပ်ပစ်ရတော့မည့်ကိန်း ဆိုက်နေပြီ။

ဒါပေမဲ့ သူ နောက်ဆုတ်လို့ မဖြစ်သေးသောအကြောင်း တစ်ခုက ရှိသေးသည်။ ခင်ပျိုမေဆိုသော မိန်းကလေး။

အာရုံထဲမှာ ခင်ပျိုမေမျက်နှာလေးကို မြင်ယောင်လာသည်။

သနားစရာကောင်းသည့် ကောင်မလေးရဲ့ အပြစ်ကင်းစင်လှ သော မျက်ဝန်းတွေထဲမှာ သိမ်ငယ်ခြင်းတွေ အမြဲတမ်း ခိုတွယ်နေ တတ်သည်။

ကံကြမ္မာဆိုးရဲ့ ရိုက်ခတ်မှုကိုသာ မခံရလျှင် နုနုဖပ်ဖပ် သူမ မျက်နှာလေးက ကဋ္ဌနာလိုပဲ ရှင်းသန့်ချောမောလှပမှာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



တွေးရင်းနဲ့ ခင်ပျိုမေရဲ့မျက်နှာလေးကို သူမြင်တွေ့ချင်လာ၏။

သူမကို ဆုံတွေ့နိုင်ဖို့ နည်းလမ်းဆိုတာကလည်း တစ်လမ်း ရှိပါသည်။

ထို့အတွက် –

✿

"တီ တီ"

ခြံဝက ကားဟွန်းသံကြောင့် ခင်ပျို လှည့်ကြည့်မိသည်။ ခြံတံခါးအပြင်မှာ မြင်လိုက်ရသော လင်ခရူဇာကားဖြူကြီးကြောင့် မျက်ဝန်းလေးတွေတောင် ဝိုင်းစက်သွားရ၏။

ဒါ သူ့ကား။ ကိုလူချောရဲ့ကား။

"တီ တီ"

နောက်ထပ် ကားဟွန်းသံနှစ်ချက် ထပ်ထွက်လာမှ ခင်ပျို ရေပိုက်ကိုလွှတ်ချပြီး ဘုံဘိုင်ခလုတ်လေးကို ပြေးပိတ်ရသည်။ ပြီးမှ ခြံတံခါးဆီသို့ ခပ်သွက်သွက်ခြေလှမ်းတွေနှင့် လှမ်းခဲ့ရ၏။

ခြံတံခါးဆီ ခင်ပျိုရောက်တော့ သူ ကားတံခါးဖွင့်ဆင်းက ရပ်စောင့်နေသည်။ အပြာနုရောင် စပို့ရှပ်လက်တို၊ မီးခိုးရင့်ရော စတိုင်လ်ဘောင်းဘီနှင့် သူ့အသွင်က ငေးကြည့်လောက်အောင် ချော





မောပါသည်။

ဝင်းမွတ်ရှင်းသန့်နေသောမျက်နှာကို ခင်ပျို ရဲရဲဝံ့ဝံ့ မကြည့်ရဲဘဲ မျက်လွှာလေးချကာ ရပ်လိုက်မိ၏။

"ဟို ဟို ကရုဏာမရှိပါဘူးရှင်၊ ကျောင်းသွားပါတယ်"

"ကရုဏာမရှိတာ ကိုယ်သိပါတယ်"

ခင်ပျို ဘာပြောရမှန်းမသိအောင် ဖြစ်သွားသည်။ ဟုတ်ပါရဲ့ ဒီနေ့ ကရုဏာကျောင်းတက်မှာကို သူလည်း သိနေနိုင်တာပဲ။ နောက်ဆုံး ဖုန်းဆက်မေးရင်တောင် သိနိုင်လျက်နဲ့ ခင်ပျိုဖြေမိတာ မဟုတ်သေးပါလား။

"ဟို အန်တီမြင့်လည်း အပြင်သွားပါတယ်ရှင်"

"ကိုယ် အထဲကိုဝင်ဖို့ ခင်ပျိုမေ မဖိတ်ခေါ်တော့ဘူးလား"

"ရှင်"

ခင်ပျို့အမည်ကို သူ့နှုတ်က ခေါ်လိုက်တာမို့ ခင်ပျို အံ့ဩသွားမိရင်း မော့ကြည့်မိသည်။ ယှဲ့ယှဲ့ကလေးပြုံးနေသော သူ့မျက်နှာက အပြုံးတွေက တည်ငြိမ်လွန်းနေသည်။

"ကိုယ် အထဲကို ခဏလောက် ဝင်လို့ရမလား"

"ရှင်၊ ဟုတ် ဟုတ်ကဲ့၊ ရပါတယ်"

ကယောင်ကတမ်း ခေါင်းညိတ်ရင်း ချိတ်ရုံချိတ်ထားသော သော့ခလောက်ကို ခင်ပျို ဖြုတ်ဖွင့်ပေးမိသည်။

တကယ်ဆို အိမ်မှာ ခင်ပျိုနှင့် ဒေါ်စိန်ပဲရှိသည်။ ကရုဏာ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသွားနေသလို အနံ့တီမြင့်ကလည်း ဒရိုင်ဘာဦးလေးအောင်ကို ခေါ်ပြီး ဘဏ်ကိုသွားမည်ဟု မှာသွားသည်။

ခင်ပျိုဖွင့်ပေးသော ခြံတံခါးမှ သူက ကားကိုမောင်းဝင်သည်။ ဆင်ဝင်အောက်အထိ မောင်းဝင်သွားတာမဟုတ်ဘဲ တံခါးကို ကျော်ရုံလေး မောင်းကာ ရပ်နေပြန်၏။

ခင်ပျို ခြံတံခါးပိတ်ပြီး လှည့်ကြည့်တော့ ကားရှေ့ခန်းတံခါး တစ်ဖက်ကို ဖွင့်ပေးရင်း –

"ခင်ပျိုမေ တက်ပါ၊ ဆင်ဝင်အောက်အထိ လိုက်ခဲ့"

"အိုး နေပါစေရှင် ရပါတယ်"

"ကဲ တက်စမ်းပါကွာ၊ ကားနဲ့သွားတာက မင်းလမ်းလျှောက် မှာထက် မြန်တာပေါ့၊ ကိုယ့်ကားပေါ်တက်လိုက်လို့ မင်း ဘာဖြစ်သွား မှာမို့လဲ"

သူ့အသံတွေက မာထန်တာမဟုတ်ပေမယ့် စိတ်မရှည်နိုင် သည့်ပုံ ပေါက်နေတာမို့ ခင်ပျို မငြင်းရဲတော့ဘဲ ကားပေါ်လှမ်းတက် လိုက်ရ၏။ သည်တော့မှ သူ ကားလေးကို ဆင်ဝင်အောက်အထိ မောင်းသွားတော့သည်။

ဆင်ဝင်အောက်ရောက်တော့ ခင်ပျို တံခါးဖွင့်ဆင်းသည်။ သူကလည်း ကားပေါ်က ဆင်းလာသည်။

"အထဲကို ဝင်ပါဦးရှင်"

ကဋ္ဌနာနှင့် အနံ့တီမြင့်တို့ မရှိကြိုနိမို့ ခင်ပျို ညည်ခံရတော့သည်။





သူက ခေါင်းတစ်ချက်ညိတ်ကာ ဧည့်ခန်းထဲအထိ ဝင်လိုက်လာသည်။

"ထိုင်ပါဦးနော်၊ ဟို ခင်ပျို တစ်ခုခုသွားစီစဉ်လိုက်ဦးမယ်"

"နေ နေ၊ ဘာမှမလုပ်နဲ့ ခင်ပျိုမေ၊ ကိုယ် စားခဲ့ပြီးပါပြီ၊ ခဏလောက်ထိုင်ပါဦး"

လက်ကာတားရင်း သူက ထိုင်ခိုင်းနေတာမို့ ခင်ပျို မျက်နှာ ချင်းဆိုင်ခုံမှာ ရှိုရှိုလေး ဝင်ထိုင်လိုက်ရသည်။

ဧည့်ခန်းထဲမှာ သူနှင့်အတူ နှစ်ယောက်တည်းရှိနေတာမို့ ခင်ပျို ရှက်ရွံ့ရွံ့ဖြစ်နေတာ အမှန်ပဲဖြစ်သည်။ အကျည်းတန်မျက်နှာကို လည်း ဆံနွယ်ကြီးတွေနှင့် ကွယ်ဝှက်ထားပေမယ့် မလုံခြုံပါ။

"ကဋ္ဌနာနဲ့အနံ့တီမြင့် မရှိတာ ကိုယ်သိပါတယ်၊ ကိုယ်လာ လည်တာ မင်းနဲ့တွေ့ချင်လို့ပါ ခင်ပျို"

"ရှင်"

"ဟုတ်တယ်၊ ခင်ပျိုမေနဲ့ တွေ့ချင်လို့ တမင် ကျောင်းဖျက် ပြီး ထွက်လာတာပါ၊ ကိုယ်က မင်းနဲ့ ခင်မင်ချင်တာ"

ခင်ပျို အံ့သြမျက်ဝန်းလေးတွေနှင့် မော့ကြည့်မိသည်။ သူ နောက်ပြောင်နေတာလား။ သူ့မျက်ဝန်းတွေကတော့ ဖြူဖြူစင်စင်ပဲ ဖြစ်သည်။ ဒီလို နွေးထွေးစာနာအကြည့်မျိုးတွေ ကိုကိုထင့်ဆီက ခင်ပျို ပိုင်ဆိုင်ဖူးသည်။

"တကယ်ပြောတာ ခင်ပျို၊ ခင်ပျို့အကြောင်းတွေကို အာ ကာ ပြောပြလာကတည်းက ကိုယ် ခင်ပျို့ကို ခင်မင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



အာကာပြောပြထားသည်တဲ့။ အာကာ့ကို ခင်ပျို့အကြောင်းတွေ သူလျှောက်မေးထားသည်ပေါ့။

"မင်းကို ကိုယ်မှတ်မိတယ် ခင်ပျို၊ မင်းက မှတ်မိချင်မှ မှတ်မိမှာ၊ မင်းကို ဒီအိမ်မှာမဟုတ်ဘဲ အပြင်မှာ တစ်ခါဆုံဖူးတယ်၊ တစ်ခဏလေးပဲဆိုတော့ မင်း မှတ်မိချင်မှ မှတ်မိမှာ၊ ဒါပေမဲ့ အဲဒီတုန်းက မင်းမျက်နှာပေါ်က ဒဏ်ရာတွေကို ကိုယ် မမြင်ခဲ့ရဘူး"

ခင်ပျို ရင်ထဲမှာ တလှပ်လှပ် ခုန်သွားသည်။ ခင်ပျို့လည်း မှတ်မိပါသည်။ သူသိမည်ဟု မထင်ထားခဲ့မိပေမယ့် အခုတော့ သူ့နှုတ်က ဖွင့်ဟပြောနေတော့ ခင်ပျို ဝမ်းသာရမှာလား၊ ကြည်နူးရမှာလား မဝေခွဲတတ်ပါ။

"နောက်တစ်ခါ မင်းနဲ့ထပ်ဆုံရတာ ကိုယ်ကျေနပ်နေတယ် ခင်ပျို၊ မင်း တို့ကို မိတ်ဆွေတစ်ယောက်လို သတ်မှတ်နိုင်မှာလား"

ခင်ပျို ဘယ်လိုမှ မယုံနိုင်အောင် ခံစားနေရသည်။ သူ့ရဲ့ စကားတွေက သိမ်မွေ့နေခဲ့ကာ စာနာနွေးထွေးခြင်းတွေနှင့် ပြည့်ဝနေခဲ့သော မျက်ဝန်းအကြည့်တွေက ရုပ်သိမ်းမသွားခဲ့သေးပါ။

"ခင်ပျို့ ကိုယ်မေးတာ ဖြေပါဦး"

ယောင်ယမ်းပြီး ခေါင်းညိတ်လိုက်ချင်ပေမယ့် အာရုံထဲ တိုးဝင်လာတာ ကဋ္ဌနာရဲ့မျက်နှာ။ ပြီးတော့ အန့်တီမြင့်ရဲ့ ပုံရိပ်။

"ဟင့်အင်း။ ကျွန်မကို မခင်ချင်ပါနဲ့ ကိုမျိုးရိုးကျော်စော"

"ဘာလို့လဲ ခင်ပျို"





"မမေးပါနဲ့ရှင်၊ ခင်ပျို့တို့ မခင်မင်သင့်ပါဘူး"

ခင်ပျို့ ခေါင်းလေးကိုပဲ အကြိမ်ကြိမ် ခါယမ်းငြင်းဆိုနေတော့ သူကလည်း လက်မခံနိုင်သလို ခေါင်းကိုခါယမ်းပြန်၏။

"ဘာကြောင့်လဲဆိုတာ ကိုယ်သိချင်တယ် ခင်ပျို၊ ဘာလို့ ခင်မင်ခွင့်မရှိရမှာလဲ"

"ဟင့်အင်း မဖြစ်သင့်လို့ပါရှင်"

"မဖြစ်သင့်ဘူး ဟုတ်လား။ ကဋ္ဌနာကြောင့်လား, အန့်တီမြင့် ကြောင့်လား။ ပွင့်ပွင့်လင်းလင်း ပြောပါ ခင်ပျို"

သူက တစ်ဖွတ်ထိုးကြီး မေးနေသည်။ ခင်ပျို့ရဲ့အခြေအနေတွေကို သူသိထားသည်ဆိုလျှင် ဘာကြောင့်မေးနေတာလဲ။ ရင်ထဲမှာ ဝမ်းနည်းကြေကွဲစိတ်တွေနဲ့ ခင်ပျို့ မျက်ရည်လေးတွေတောင် ရစ်ဝိုင်းလာ၏။

"ခင်ပျို့ မင်းငိုတော့မလို့လားဟင်၊ မငိုပါနဲ့ မင်းမျက်ရည်တွေကို ကိုယ်မမြင်ချင်ဘူး။ မင်းကို ကိုယ်နားလည်နေတယ်၊ ကျေးဇူးတရားတွေ, အခြေအနေတွေကို မင်း ထောက်ထားငဲ့ညှာနေရတယ် မဟုတ်လား"

ခင်ပျို့ ခေါင်းမညိတ် ခေါင်းမခါမိပါ။ ဝဲတက်လာသော မျက်ရည်တွေပဲ မျက်တောင်ရှည်ကြီးတွေ ပုတ်ခတ်သိမ်းဆည်းနေမိ၏။

"ဒီလိုလုပ်ကွာ၊ မင်းနဲ့ကိုယ့်ကြားက ခင်မင်မှုကို ကိုယ်တို့ နှစ်ယောက်ပဲ အသိအမှတ်ပြုထားရင် ဖြစ်မလား၊ ဘယ်သူမှ သိစရာ



www.burmeseclassic.com

www.burmeseclassic.com



မလိုဘူးပေါ့''

ခင်ပျို့မော့ကြည့်တော့ သူ့မျက်ဝန်းတွေက စူးစူးနစ်နစ် စိုက်ငေးကြည့်နေရင်း –

''လက်ခံပေးပါ ခင်ပျို၊ ကိုယ့်ဘဝကို ဘာကြောင့် အားငယ်စိတ်တွေနဲ့ ရှင်သန်နေမှာလဲ၊ မင်းအနားမှာ မျိုးရိုးကျော်စောဆိုတဲ့ ကိုယ် မိတ်ဆွေတစ်ယောက်အဖြစ် ရှိနေတယ်လို့ ယုံကြည်ပေးပါ၊ ဘယ်လိုအခက်အခဲ, အကူအညီပဲဖြစ်ဖြစ် လိုအပ်ရင် ကိုယ်ကူညီပါ့မယ် ခင်ပျို''

သူ့စကားတွေကို နားထောင်နေရင်း ရင်ထဲက လှိုက်ခနဲ ခံစားမှုနှင့် မျက်ရည်တစ်ပေါက် ပါးပြင်ပေါ် လွင့်ခနဲ ကြွေဆင်းသွားခဲ့သည်။

''ကိုယ့်စကားတွေကြောင့် မင်းစိတ်ညစ်သွားတာလားဟင် ခင်ပျို''

ခင်ပျို ခေါင်းကို ခပ်သွက်သွက်လေး ခါယမ်းပြမိရင်း –

''ဟင့်အင်း မဟုတ်ပါဘူး ကိုမျိုးရိုးကျော်စော၊ ခင်ပျို့အပေါ် စာနာနားလည်ပေးမှုအတွက် ဝမ်းသာသလို ဝမ်းနည်းခံစားမိလို့ပါ''

''ဘာမှ ဝမ်းနည်းအားမငယ်နဲ့ ခင်ပျို၊ ပြီးပြည့်စုံမှုဆိုတာ လူတိုင်းမှာ မရှိပါဘူး၊ ဒါကို မင်း လက်ခံတယ်မဟုတ်လား''

ခင်ပျို ခေါင်းလေးညိတ်ပြမိသည်။ သူ့စကားတွေက ခင်ပျို အတွက် ခွန်အားတွေဖြစ်စေတာ အမှန်ပဲဖြစ်သည်။ ကိုကိုထင်လိုပဲ





သူသည် ခင်ပျို့ကို အားပေးစကားတွေနှင့် နှစ်သိမ့်နိုင်သူပါပဲ။

''ကဲ ကိုယ်ပြန်တော့မယ်နော် ခင်ပျို''

ခင်ပျို ခေါင်းညိတ်ပြတော့ သူ ထိုင်ခုံက ထရပ်သည်။ မြင့်မြင့်မားမား သူ့အရပ်ကြီးကို ခင်ပျို အတော်ပဲ မော့ကြည့်ရသည်။

''ခင်ပျို့မေနဲ့ ကိုယ် မိတ်ဆွေသူငယ်ချင်းတွေ ဖြစ်သွားကြပြီ နော်''

ပြုံးပြုံးလေးကြည့်ကာ သူထပ်မေးတော့ ခင်ပျို ခေါင်းလေး ညိတ်ပြမိ၏။ သူကျေနပ်စွာ ပြုံးရင်း –

ကိုယ်သွားမယ် ခင်ပျို၊ ဒီနေ့ ကိုယ့်အတွက် တန်ဖိုးရှိတဲ့ နေ့လေးတစ်နေ့ ဖြစ်သွားပြီကွာ''

နှုတ်ဆက်ပြီး ဆင်ဝင်အောက်က ကားပေါ် သူတက်သည်။ ကားကို ခြံဝအထိ နောက်ပြန်မောင်းထွက်သွားတော့ ခင်ပျို အပြေး လေးသွားကာ ခြံတံခါးဖွင့်ပေးလိုက်သည်။

''သွားမယ် ခင်ပျို၊ မကြာခင် ထပ်ဆုံဖြစ်ရအောင်နော်''

ခင်ပျို ခေါင်းလေးညိတ်ပြလိုက်မိပေမယ့် ရင်ထဲမှာတော့ မောနှုံးနှုံးကြီး ဖြစ်နေသည်။ ကဥ္စနာနှင့် အန်တီမြင့်တို့ မသိအောင် သူနှင့် ခင်မင်နေမိခြင်းက ဖြစ်သင့်ပါရဲ့လား။

တကယ်ဆို ကဥ္စနာနှင့် သူ့ရဲ့အကြောင်းတွေကို ခင်ပျို သိ သွားသည်။ အန်တီမြင့်က သူ့အပေါ် ကြည်ဖြူလွန်းနေတာလည်း သိထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့တောင် ခင်ပျိုက သူ့ရဲ့ခင်မင်လိုမှုကို ဘာကြောင့်လက်ခံ ခေါင်းညိတ်လိုက်မိတာလဲ မသိပါ။ ရင်မှာ နောင်တတွေ ရချင်သလိုလို ဖြစ်သွားခဲ့ပေမယ့်လည်း။

ခင်ပျိုနှင့် သူတို့ရဲ့ကျွမ်းဝင်မှုက မိတ်ဆွေသူငယ်ချင်းတွေပဲ ဟူသောအသိနှင့် ဖြေသိမ့်လိုက်သည်။

ကဥ္စနာအတွက်တော့ ခင်ပျို နှလုံးသားကို ဖြူစင်အောင် ကြိုးစားမှာတော့ သေချာပါသည်။

ကျေးဇူးတရားဆိုတာကိုတော့ ငါမမေ့ပါဘူး ကဥ္စနာရယ်။

✿ ✿ ✿



အခန်း ( ၁၄ )

ခြံဝန်းထဲမှာ ကျင်းပသည့် မွေးနေ့ပွဲဆိုပေမယ့် အန်တီမြင့်က မ်းခမ်းနားနားလေးဖြစ်အောင် စီစဉ်ထားသည်။ ခင်ပျိုတို့လည်း င်ပန်းကြသည်။ တော်သေးသည်က ညေ့ခံကျွေးမွေးသည့်အစီအစဉ် က ဘူဖေးစနစ်မို့ ဟိုတယ်ကဝန်ထမ်းတွေကပဲ လာရောက်စီမံပေး တာမို့ သက်သာခဲ့တာ ဖြစ်သည်။

"ညေ့သည်တွေက များမှာနော်၊ အားလုံး လိုလေသေးမရှိ အောင် ဂရုစိုက်ကြ"

အန်တီမြင့်က ညေ့သည်တွေ မရောက်သေးခင်ကဘဲ ခင်ပျို ျိုကို နားပူအောင် အမိန့်တွေပေးသည်။

"ညေ့ခံပွဲထဲကို လာကူစရာ မလိုဘူးနော် ခင်ပျို အိမ်ထဲမှာပဲ ကိုအပ်တာကို စီမံပေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အန့်တီမြင့်"

ညှော်ပရိသတ်တွေ ရှုပ်ထွေးနေသည့်နေရာမျိုးကို ခင်ပျို လည်း မနေရဲပါ။ အိမ်ထဲမှာပဲ ဒေါ်စိန်နှင့်အတူ လုပ်စရာရှိတာတွေ ကူလုပ်ပေးဖို့ နေလိုက်မိသည်။

"တို့တော့ ဘာမှ ထွေထွေထူးထူး လုပ်စရာမရှိပါဘူး ခင်ပျို ရယ်၊ နားအေးပါးအေး ထိုင်နားရုံပဲပေါ့"

ဒေါ်စိန်ကတော့ မီးဖိုထဲမှာ သက်သောင့်သက်သာ ထိုင်နား နေရတာမို့ ကျေနပ်လို့နေသည်။

"ခင်ပျို ခင်ပျို လာပါဦးဟ"

ကဇ္ဇနာခေါ်သံကြောင့် ဒေါ်စိန်နှင့်အတူ ထိုင်နေရာမှ ခင်ပျို ထွက်ခဲ့ရပြန်သည်။ အပေါ်ထပ်က အလှပြင်ပြီးဆင်းလာသော ကဇ္ဇနာ သည် ပန်းနုရောင်ဂါဝန်ရှည်ကြီးနှင့် မင်းသမီးလေးတစ်ပါးလို လှပနေ ၏။

"ကြည့်ပါဦးဟ၊ ငါ လှရဲ့လား"

လှပြီးသားမျက်နှာလေးကို နာမည်ကျော် အလှဖန်တီးရှင် နဲ့ နေ့လယ်ခင်းကတည်းက ဖန်တီးခြယ်သထားတာမို့ ကဇ္ဇနာမျက်နှာ လေးက အိစက်လှပနေသည်။

ဝတ်စုံလေးကလည်း လှပကြော့ရှင်းသော ခန္ဓာကိုယ်လေးမှာ အဆင်ပြေနေသည်။ အလှအပတွေကို ခင်ပျို စိတ်မဝင်စားတော့တာ ကြာပြီ။ ဒါပေမဲ့ ကဇ္ဇနာ လှပနေတာမြင်တော့လည်း အားကျမိ၏။





"ဟဲ့ ခင်ပျို၊ မေးနေတာ ဖြေပါဦး"

"လှပါတယ် ကဇ္ဇနာရယ်၊ ကဇ္ဇနာက လှပြီးသားပဲဥစ္စာ"

"အဟင်း ဟုတ်တယ် ဟုတ်တယ်၊ နဂိုလှပြီးသားကို တို့က ပေါ်လွင်သထက်ပေါ်လွင်အောင် ဖန်တီးပေးလိုက်တော့ အားလုံး ငေး မောသွားတာပေါ့နော် ဟင်း ဟင်း"

ဆံပင်နီနီကောက်ကောက်နှင့် အလှဖန်တီးရှင်က ဂုဏ်ယူစွာ ပြောလို့နေသည်။ သည်တော့မှ ကဇ္ဇနာ ကျေနပ်သွားခဲ့ကာ ပြုံးသွား သည်။ ခန္ဓာကိုယ်တစ်ကိုယ်လုံးမှာ ဆင်မြန်းတားတာက စိန်ရတနာ တွေပဲ ဖြစ်သည်။

"သမီးရေ ထွက်လာတော့လေ၊ ပရိသတ်တွေတောင် ရောက် ကုန်နေပြီကွဲ့"

ရတနာတွေ အိညွှတ်နေအောင် ဆင်မြန်းပြင်ဆင်ထားသော အန့်တီမြင့်ကလည်း ကဇ္ဇနာကို လာခေါ်သည်။ အိမ်ထဲက လေဒီရှူး ဖိနပ်လေးနှင့် နွဲ့နွဲ့လေး ထွက်သွားသော ကဇ္ဇနာကို ခင်ပျို ငေးငေး လေး ကြည့်ရင်း ကျန်ရစ်ခဲ့သည်။

ကဇ္ဇနာရဲ့ မွေးနေ့ပွဲလေးက ခင်ပျိုနဲ့ ဘယ်လိုမှ မသက်ဆိုင် သလို ရှိနေသည့်အဖြစ်မှာ ဒေါ်စိန်နှင့်ပဲ မီးဖိုထဲမှာရှိနေတာ အဆင် ပြေပါသည်။

ဘောက်စ်ကြီးတွေထဲက သီချင်းသံတွေ၊ ရယ်သံတွေ ခပ် ကျယ်ကျယ် လွင့် မျောနေသော မြက်ခင်းပြင်က မွေးနေ့ပွဲလေး အသက်ဝင်နေ



www.burmeseclassic.com

www.burmeseclassic.com



ချိန်မှာ ခင်ပျိုကတော့ ဒေါ်စိန်နှင့်ပဲ ရှိနေခဲ့ပါသည်။

အမြဲတမ်း အားငယ်သိမ်ငယ်မိသည့် စိတ်တွေကို ခင်ပျို ရင့်ကျက်စွာပဲ ထိန်းချုပ်တတ်ခဲ့ပါပြီလေ။

✿

ကဥ္စနာရဲ့ မွေးနေ့ပွဲဖိတ်စာလေးက မာမီ့ဆီက တစ်ဆင့် သူ့ဆီရောက်လာခဲ့တာပဲဖြစ်သည်။ ဒီရက်ပိုင်းမှာ ကဥ္စနာတို့သားအမ နှင့် သူ မဆုံဖြစ်ခဲ့ပေမယ့် အန်တီမြင့်က မာမီ့လက်ထဲ အရောက်ပို့ပေး ခဲ့သည်။

မာမီကိုယ်တိုင်ကလည်း မွေးနေ့ပွဲကိုသွားမည်ဆိုတော့ သူ လည်း လိုက်ခဲ့ရတော့သည်။

ကဥ္စနာရဲ့ မွေးနေ့ညစာခံပွဲလေးက ထင်မှတ်ထားသည်ထက် တောင် စည်ကားနေသည်။ သတ်မှတ်စီစဉ်ပေးထားသော ကားစတင်း မှာ သူတို့ကားလေး ထိုးရပ်သည်နှင့် အပြုံးတွေလျှံကာ ကြိုလာသူက အန်တီမြင့်။

"မျှော်နေတာ မမျိုးရေ့ သားလည်းပါလာလို့ ဝမ်းသာတယ် ကြွကြွပါရှင်၊ သမီးရေ ဒီမှာ မောင်မျိုးရိုးတို့လာတယ်"

"ခဏလေးမာမီ၊ ဒီမှာ သူငယ်ချင်းတွေ ရှိနေလို့"





အန်တီမြင့်က ကဥ္စနာကို လှမ်းခေါ်ပေမယ့် ကဥ္စနာ တစ်ချက် လေးပဲ လှည့်ကြည့်ပြီး သူငယ်ချင်းတွေဝိုင်းမှာ ရယ်ပွဲဖွဲ့ကောင်းနေ သည်။ အန်တီမြင့်မျက်နှာ ကွက်ခနဲပျက်သွားခဲ့ကာ ကိုယ်တိုင်ပဲ စားပွဲ ဝိုင်းကို ခေါ်ဆောင်နေရာချထားပေးသည်။

"သမီးက သူငယ်ချင်းတွေကို ညစာခံနေလို့ မမျိုးရေ့ ကဲ ဒါနလေးမြောက်သွားအောင် သုံးဆောင်ကြပါဦး၊ ဘူဖေးစနစ်ဆိုတော့ စိတ်တိုင်းကျ အားမနာတမ်း သုံးဆောင်ကြနော်၊ အဟင်း ဟင်း"

လိုတာထက် ပိုမိုနေသော အန်တီမြင့်ရဲ့ ညစ်ဝတ်ကျေပွန်မှုကို မာမီကတော့ ကျေနပ်နေပုံပါပဲ။

"လာ သား ဒါနလေးမြောက်သွားအောင် မာမီတို့ စားလိုက်ရ အောင်ကွယ်"

စားပွဲရှည်ကြီးတွေနှင့် စားသောက်စရာတွေကို စတီးဗန်းကြီး တွေနှင့် စီမံပေးထားတာမို့ သူနှင့်မာမီ စိတ်တိုင်းကျ သွားရောက်ယူ ဆောင်ပြီး စားပွဲဝိုင်းဆီ ပြန်ခဲ့ကြသည်။

ထိုအခိုက်လေးမှာပဲ အန်တီမြင့်က ကဥ္စနာလက်ကိုဆွဲကာ သူတို့စားပွဲဝိုင်းသို့ လျှောက်လာကြ၏။

"မမျိုးရေ သမီးကို မမျိုးက တစ်ခါမှမြင်ဖူးတာ မဟုတ်ဘူး။ အဟင်း ဒါ မြင့်သမီးလေး ကဥ္စနာလေ"

အန်တီမြင့်က မာမီ့ကို ကဥ္စနာနှင့် မိတ်ဆက်ပေးနေ၏။ ကဥ္စနာကို မာမီ ပြုံးပြုံးလေးစိုက်ကြည့်ရင်း ခေါင်းညိတ်ပြ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်္ဂလာမွေးနေ့လေး အမြဲတမ်း ဆင်နွှဲနိုင်ပါစေ သမီး"

"သင့်ခ်ယူပါ အန်တီ၊ သုံးဆောင်ပါနော"

ကဥ္စနာက မာမီကိုပဲ အပြုံးလေးနှင့် နှုတ်ဆက်ကာ သူ့ကို မေ့လျော့ထားတော့ အန်တီမြင့်က လက်တို့သတိပေးရင်း –

'ဒီမှာ မောင်မျိုးရိုးလည်းပါတယ်လေ သမီးရဲ့၊ သားကို မဖိတ်လိုက်ရလို့ သမီးက စိတ်မကောင်းဖြစ်နေတာကွဲ့၊ သားကလည်း ဒီရက်မှာ အိမ်ကိုတောင် လာမလည်ဘူးနော်"

"ဩော် ကျွန်တော် ကျောင်းစာတွေပိနေလို့ အန်တီ"

"သိတယ် သိတယ်၊ သားတို့က အချိန်ပြည့် စာတွေနဲ့ ပိနေတာပဲကွယ်၊ ကဲ ကဲ စားကြနော်၊ အားမနာနဲ့"

"မာမီ ဟိုမှာ ကျောင်းက သမီးဧည့်သည်တွေ ရောက်လာလို့ အန်တီ ခွင့်ပြုပါဦးနော်၊ ကိုမျိုးရိုး ခွင့်ပြုပါနော်"

"ရတယ်သမီး သွား သွားပါကွယ်၊ အန်တီတို့က ဧည့်သည် တွေမှ မဟုတ်ဘဲ"

မာမီက ကဥ္စနာကို ချက်ချင်းသဘောကျသွားတာ သူနား လည်ပါသည်။ ဒါပေမဲ့ သူ့အပေါ် ကဥ္စနာရဲ့ဆက်ဆံမှုတွေက ရှောင် ထွက်နေမှန်း သူသိပါသည်။ သူကိုယ်တိုင်ကလည်း ကဥ္စနာရဲ့ ဆက်ဆံ မှုတွေကို သိပ်ဂရုမစိုက်ဖြစ်ဘဲ ဧည့်ခံပွဲထဲမှာ ရှာဖွေနေမိတာ တစ် ယောက်။

မာမီနှင့် ဒေါ်ခင်မိုးမြင့်တို့ကတော့ စကားတွေ ဖောင်ဖွဲ့





ကောင်းနေကြသည်။ မာမီ့ကို ဒေါ်ခင်မျိုးမြင့်က သူမမိတ်ဆွေတွေရှိရာ ဝိုင်းအထိ ခေါ်ဆောင်သွားခဲ့ကာ မိတ်ဆက်ပေးနေသည်။

စားပွဲဝိုင်းမှာကျန်ခဲ့တာ သူတစ်ယောက်တည်း ဖြစ်သည်။ ကဥ္စနာက သူငယ်ချင်းတွေနှင့် စကားတွေဖောင်ဖွဲ့ကောင်းနေတာ မြင်သည်။

သူ အသာပဲ ထရပ်လိုက်သည်။ သူတွေ့ချင်သော ခင်ပျို အိမ်ထဲမှာပဲရှိမည်ထင်သည်။ ဧည့်ခံပွဲနှင့်ပရိသတ်ကို ခင်ပျို ရှောင်တိမ်း ပုန်းနေတာလား။

ဧည့်ခံပွဲထဲမှ ထွက်ခဲ့ကာ သူအိမ်ဘက်သို့ လျှောက်ခဲ့တော့ ဧည့်ခန်းတံခါးဝမှာ ရပ်နေသော ဦးလေးအောင်နှင့် ဆုံသည်။

သူ့ကိုမှတ်မိနေသော ဦးအောင်က နှုတ်ဆက်ပြုံးပြတာမို့ သူလည်း ပြုံးပြရင်း –

"ဦးအောင် ကျွန်တော် လက်ထရိန်း ခဏဝင်ချင်လို့"

"ဩော် ရတယ် ရတယ်၊ ဦးလေးလိုက်ပို့ပေးရမလား မောင် မျိုးရိုး"

"ရတယ်၊ ကျွန်တော့်ဘာသာပဲ သွားလိုက်မယ်လေ"

"အေး ဒါဆို မီးဖိုထဲမှာ ဒေါ်စိန်ရှိတယ် မောင်မျိုးရိုး၊ ဖြစ် တယ်မဟုတ်လား၊ ဒီမှာ ဦးလေးကို ဒေါ်မိုးမြင့်က စောင့်ခိုင်းထားလို့"

"ရတယ် ဦးအောင်"

ဦးလေးအောင်ကို လက်ကာပြပြီး သူ မီးဖိုဘက်လှမ်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့လုပ်ရပ်က ရဲတင်းလွန်းနေသည်လား။ သူ မသိပါ။ စိတ်ထဲမှ ပြင်းပြနေသော ဆန္ဒတစ်ခုက ခင်ပျိုကို တွေ့ချင်တာပဲဖြစ်၏။

"ခင်ပျို"

"ဟင်"

မီးဖိုခန်းတံခါးဝမှာရပ်နေသော သူ့ကိုမြင်တော့ ခင်ပျို ခေါ င်းကလေးငဲ့ကြည့်ကာ မျက်ဝန်းတွေ ဝိုင်းစက်သွားခဲ့သည်။

"ကို ကိုမျိုးရိုး"

"ခဏလေး ခင်ပျို"

သူခေါ်တော့ ခင်ပျို မဝံ့မရဲလေး လှမ်းလာသည်။ ဒေါ်စိန် ကတော့ သူတို့နှစ်ဦးကို လှမ်းကြည့်ရင်း အံ့ဩသောမျက်ဝန်းတွေနှ ကြည့်နေ၏။

"ဘာ ဘာကိစ္စလဲ ကိုမျိုးရိုး၊ ဘာလို့ ဒီအထဲထိ ဝင်လာရတာ လဲဟင်"

"ခင်ပျိုကိုတွေ့ချင်လို့ ဝင်လာဟာ၊ ခင်ပျို ဘာလို့ ဧည့်ခန်း ထဲမှာ မရှိတာလဲ၊ လူတွေကို ရင်ဆိုင်ဖို့ သိမ်ငယ်နေတုန်းလား ခင်ပျို ရယ်"

"ဒါ ကဇ္ဇနာရဲ့ ပွဲလေ ကိုမျိုးရိုးရဲ့၊ ခင်ပျိုတို့ လိုအပ်တာ လုပ်ကိုင်ပေးဖို့ ဒီမှာပဲ အန်တီမြင့်က တာဝန်ပေးထားလို့ပါ"

သူ့ရင်ထဲ နင့်ခနဲ ဖြစ်သွားသည်။ ဒေါ်ခင်မိုးမြင့်က ခင်ပျို အပေါ် ဒီလောက်အထိ နှိမ်ချလွန်းတာ မသင့်ဟု ခံစားမိသည်။





"ဟို ဟို သွားပါတော့ ကိုမျိုးရိုး၊ ကဇ္ဇနာတို့ မြင်သွားရင် တစ်မျိုးထင်သွားမှာစိုးလို့ပါနော်၊ ခင်ပျိုတောင်းပန်ပါတယ်"

ခင်ပျို့မျက်နှာလေးမှာ စိုးရိမ်ခြင်းတွေနှင့် ဧည့်ခန်းဘက်ကို ရင်တထိတ်ထိတ်လေးကြည့်ကာ ပြောသည်။

"ရော့ ခင်ပျို၊ ဒီဖုန်းလေးကို ယူထားပါ"

"ရှင် ဘာ ဘာလုပ်ဖို့လဲ"

"ခင်ပျို့ကို ကိုယ်ဆက်သွယ်လို့ရအောင်လေ"

"ဟင့်အင်း၊ ခင်ပျို မယူချင်ဘူး"

"ယူထားကွာ၊ အရေးအကြောင်းရှိရင် ဆက်လို့ရတာပေါ့၊ ကိုယ် တခြားအချိန်မဆက်ပါဘူး။ ညဘက်ကျမှဆက်မှာ၊ ကဲ ယူထား"

ခင်ပျို ခေါင်းကလေးခါယမ်းနေတော့ သူ ခင်ပျို့လက်က လေး ဆွဲယူကာ ဟန်းဖုန်းလေးကို ထည့်ပေးလိုက်သည်။

"မင်း ဘာမှ ကြောက်မနေနဲ့ ခင်ပျို၊ မင်းဘက်က ကိုယ် အမြဲရှိတယ်ဆိုတာ ယုံထား၊ ကဲ ကိုယ်သွားမယ်"

သူ ပြောပြီး ပြန်ထွက်ခဲ့တော့ ခင်ပျို ဖုန်းလေးကို ကိုင်ရင်း တွေတွေလေး ရပ်ငေးကျန်ခဲ့သည်။

"သမီးခင်ပျို"

ဒေါ်စိန်ခေါ်သံကြောင့် ခင်ပျို တွန့်ခနဲဖြစ်သွားခဲ့၏။ ဒေါ်စိန် က ခေါင်းကို တညိတ်ညိတ်ပြုရင်း –

"ဒေါ်စိန် နားလည်တယ်သမီး၊ အဲဒီကောင်လေးမျက်ဖြ



www.burmeseclassic.com

www.burmeseclassic.com



တွေက ဖြူစင်ပြီး စာနာစိတ်တွေ ပြည့်ဝနေတာ ဒေါ်စိန်မြင်တယ်၊ ကဋ္ဌနာဆီလာလည်တဲ့ကောင်လေး မဟုတ်လား၊ သူနဲ့သမီး ခင်မင်နေတာလား''

ဒေါ်စိန်ကို ယုံကြည်စွာပဲ ခင်ပျိုပြောပြလိုက်မိပါသည်။ ခင်ပျို စကားဆုံးတော့ ဒေါ်စိန် တည်ငြိမ်စွာ ခေါင်းညိတ်ရင်း –

''သူ့စေတနာက သမီးအပေါ် ပြည့်ဝပါတယ်၊ ဒီကိစ္စကို ဒေါ်စိန်နဲ့သမီးပဲ သိထားတာကောင်းပါတယ်၊ ဘာမှ မစိုးရိမ်နဲ့သမီး၊ ပောဒီအိမ်ကြီးမှာ သမီး တစ်သက်လုံးနေသွားရင် သမီးဘဝက အိမ်ဖော်အိမ်စေတစ်ယောက်ဘဝနဲ့ပဲ အဆုံးသတ်သွားမှာ၊ အချိန်တန်ရင် ဒီအရိပ်တွေက သမီးထွက်သွားတာ အကောင်းဆုံးပဲ''

ခင်ပျိုအပေါ် သံယောဇဉ်ကြီးမားနေသော ဒေါ်စိန်ကတော့ ခင်ပျို့ရှေ့ရေးကို မျှော်တွေးကာ အကြံပေးသည်။ ခင်ပျို လက်ထဲမှာ ဆုပ်ကိုင်ထားသော ဟန်းဖုန်းလေးကို ငုံ့ကြည့်ရင်း တွေဝေနေမိဆဲ။

ကဋ္ဌနာနဲ့ အနှီးတမြင့်သိလျှင် ဘာတွေဖြစ်လာမည်လဲ၊ တွေးရင်း ခင်ပျို ကြောက်လန့်နေမိတာတော့ အမှန်ပဲဖြစ်သည်။

သူ့ရဲ့စေတနာနဲ့ လုပ်ရပ်တွေအတွက်တော့ ခင်ပျို ရင်တုန်စိုးရိမ်မိတာ ပြေပျောက်မသွားသေးပါ။

မျိုးရိုးရယ်၊ ခင်ပျိုလို အကျည်းတန်မိန်းကလေးကိုမှ ဘာကြောင့် ခင်တွယ်ပတ်သက်ချင်ရတာလဲ။

✿ ✿ ✿



## အခန်း ( ၁၅ )

''မာမီက မျိုးရိုးနဲ့ကြည်ဖြူနေတာ အမှန်ပဲ ခင်ပျို၊ မွေးနေ့ပွဲမှာက မျိုးရိုးအမေနဲ့ စကားတွေဖောင်ဖွဲ့နေတာ နင့်အမြင်ပဲလေ''

ကဋ္ဌနာ့စကားတွေကို နားထောင်ရင်း ခင်ပျို ရင်တွေ တထိတ်ထိတ်ဖြစ်နေသည်။ ကဋ္ဌနာကတော့ ရင်ဖွင့်ပြောစရာရှိတိုင်း ခင်ပျို့ကိုပဲ လာပြီး လျှောက်ပြောပြနေတတ်၏။

အခုလည်း မျိုးရိုးကိစ္စတွေကို လာပြောနေတော့ ခင်ပျို ပိပ်ပြာမလုံသလို ခံစားနေရသည်။ မျိုးရိုးနှင့်ခင်ပျိုတို့ရဲ့ ခင်မင်မှုကို သိလျှင် ကဋ္ဌနာ ဒီအကြောင်းတွေ ပြောပါ့မည်လား။

''ငါ့ကိုလည်း ဆူနေသေးတယ်၊ မျိုးရိုးတို့ကို ခင်ခင်မင်မင် ရင်းရင်းနှီးနှီး မနေလို့တဲ့လေ၊ ငါကလည်း တမင်ကို ပညာပြပြီး ဥပေက္ခာပြုထားတာ၊ အဟင်း မျိုးရိုးရင်ထဲမှာ ဘာရှိတယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ငါသိတာပေါ့''

''နင်သိတယ် ဟုတ်လား ကနှာ''

''သိပ်သိတာပေါ့၊ သူ့မျက်ဝန်းတွေထဲမှာ လျှို့ဝှက်ချက်တွေ ရှိတယ်၊ ဝေယံကို ဆိုတဲ့ သူငယ်ချင်းအတွက် ငါ့ကို သူချဉ်းကပ်တာပါ၊ သူငယ်ချင်းအတွက် ကလဲ့စားချေချင်တာမျိုးပေါ့''

မျိုးရိုးစိတ်ထဲမှာ တကယ်ပဲ ကဠနာပြောသလို ရည်ရွယ်ချက်တွေ ရှိနေသလား။ ခင်ပျို ရေရာတိကျစွာ မသိပါ။ စဉ်းစားစရာကောင်းသည်က မျိုးရိုးက ခင်ပျိုအပေါ် လာပတ်သက်လာတာပဲ ဖြစ်သည်။

ကဠနာကိုချဉ်းကပ်ဖို့ ရောက်လာသူက ဘာကြောင့် ဒီလို ပြောင်းလဲသွားတာလဲ မသိပါ။ ဘာပဲဖြစ်ဖြစ် ဒီပြောင်းလဲမှုအပေါ်မှာ ခင်ပျိုလည်း ကြည်နူးရင်ခုန်နေတာပဲဖြစ်သည်။

''အတော်တော့ ရယ်စရာကောင်းတာပဲ ခင်ပျို၊ ငါက ဝေယံကို ဘာမှလှည့်စားခဲ့တာလည်း မဟုတ်ပါဘူး၊ ပြောရရင် ဝေယံတင် မကဘူး၊ ဘယ်ယောကျ်ားကိုမှ ငါ့စိတ်က မတိမ်းညွတ်ခဲ့ဘူး''

ကဠနာ့စကားတွေကို ခင်ပျို လက်ခံမိသည်။ ကဠနာရဲ့ အလှနှင့် ယောကျ်ားတွေ ဝိုင်းနေတာလည်း ခင်ပျိုသိပါသည်၊ ဒါပေမဲ့ အခုချိန်အထိ ကဠနာမှာ ချစ်သူရည်းစားရှိတာကိုလည်း ခင်ပျို မကြားမိဖူးပါ။

''ခင်ပျို၊ နင် ငါ့ကို ဘယ်လိုမြင်လဲဟင်''

''ဟင် ဘာကိုမြင်ရမှာလဲ ကဠနာ''





''ဪ အခုချိန်အထိ ငါ့နှလုံးသားက တည်ငြိမ်နေတာကိုလေ၊ အဲဒါ ဘာကြောင့်လဲသိလား''

ခင်ပျို ခေါင်းလေးကိုပဲ ခါယမ်းပြမိသည်။ ကဠနာ ငွေးငွေးလေးပြုံးကာ နံရံဆီကို ကြည့်နေ၏။ ပြီးမှ –

''ငါ့နှလုံးသားက တစ်ယောက်တည်းသောသူ့ကိုပဲ မြတ်မြတ်နိုးနိုး ချစ်နေခဲ့လို့ပေါ့''

''ဟင် ဒါဆို ကဠနာမှာ ချစ်သူရှိသလားဟင်''

''ချစ်သူ၊ အင်း ချစ်သူဆိုတာထက် အများကြီး လေးနက်ပါတယ် ခင်ပျို၊ ငါ့ဘဝအတွက် ရည်ရွယ်ထားတာ နှလုံးသားက တစ်ယောက်တည်း စွဲစွဲမြဲမြဲ ချစ်ခဲ့သူပါ''

''ဘယ် ဘယ်သူလဲဟင်''

သိချင်စိတ်နှင့်ခင်ပျိုမေးတော့ ကဠနာ ပင့်သက်လေးရှိုက်ကာ ခင်ပျိုကို လှည့်ကြည့်သည်။

''တစ်နေ့ကျရင် ခင်ပျိုသိရမှာပါ''

ကဠနာရဲ့ လျှို့ဝှက်လွန်းသောစကားတွေကို ခင်ပျို လိုက်လို့ မမီအောင် ဖြစ်သွားခဲ့သည်။

''ဖော်ထုတ်ပြခွင့်မရသေးတဲ့အချိန်မှာ သိုသိုသိပ်သိပ်လေးနဲ့ ချစ်နေရလည်း ကြည်နူးစရာပဲ ခင်ပျိုရဲ့၊ အင်းလေ နင်က ဒါတွေကို ခံစားတတ်မှာမဟုတ်တော့ မပြောတော့ဘူးဟာ၊ ကဲ အိပ်တော့၊ ငါ့ကြောင့် အိပ်ပျက်သွားရင် ဆောရီးဟာ''



www.burmeseclassic.com

www.burmeseclassic.com



ကဥ္စနာ နှုတ်ဆက်ကာ ခင်ပျို့ ခုတင်လေးပေါ်ကဆင်းပြီး ထွက်သွားခဲ့၏။ ခင်ပျို့ တံခါးလေးကိုလိုက်ပိတ်ရင်း ကဥ္စနာ ပဟေဠိ စကားတွေကို စဉ်းစားနေမိ၏။

ထိုအခိုက်မှာပဲ ခေါင်းဦးအောက်က သံစဉ်ချိုချိုလေးကို ကြားသည်။ ခင်ပျို့ ရင်တွေ ထိတ်ခနဲဖြစ်ကာ ဖုန်းလေးကို အသာထုတ်ယူ နားထောင်လိုက်သည်။

"ခင်ပျို့"

ကြားလိုက်ရသော မျိုးရိုးအသံလေးက ခင်ပျို့ရင်ထဲကို ကြည်နူးသွားစေသည်။

ခင်ပျို့ အိပ်နေပြီလား"

"ရှင် မအိပ်သေးပါဘူး မျိုးရိုး၊ နားထောင်နေပါတယ်"

"ကျေးဇူးတင်တယ်ကွာ၊ ကိုယ်က ခင်ပျို့အိပ်ပျော်သွားပြီ ထင်တာ၊ စောစောဆက်ရင်လည်း ခင်ပျို့နဲ့ မဆုံမှာစိုးလို့ကွာ၊ ခင်ပျို့ အခုမှ အလုပ်တွေပြီးတာလားဟင်"

'မဟုတ်ပါဘူး ရှစ်နာရီဆို နားလို့ရပြီလေ၊ အန့်တီမြင့် အခန်းထဲ မဝင်မချင်း ခင်ပျို့လည်း အတူနေပေးရတာ"

"ဒါဆို ရှစ်နာရီကျော်လောက်ဆို ဆက်လို့ရပြီပေါ့"

"အင်း အဲ ဒါပေမဲ့ မျိုးရိုးဆက်ချင်ရင် ဒီအချိန်မှဆက်နော်၊ အခုတောင် ကဥ္စနာ စကားလာပြောနေတာ စောစောကပဲ ပြန်သွားတယ်"





"ကဥ္စနာ၊ သူက ဘာလာလုပ်တာလဲ"

"ဒီလိုပဲ၊ စိတ်ပါရင် ပါသလို စကားလာပြောတတ်တယ်"

ခင်ပျို့ မယုတ်မလွန်လေးပဲ ပြောလိုက်သည်။ ကဥ္စနာနှင့် မျိုးရိုးတို့ နှစ်ယောက်ကြားမှာ ခင်ပျို့မသိသေးသော ပဟေဠိတွေက ကျန်နေသေးသည်။ ကဥ္စနာပြောသလို မျိုးရိုးက ကဥ္စနာ့ကို ကလဲ့စားချေချင်တာလား။

အကြောင်းမဲ့တော့ ကဥ္စနာကို ပတ်သက်စရာမရှိဟု ထင်သည်။

"ကဥ္စနာ့ကိစ္စတွေ ထားလိုက်ပါ၊ ကိုယ် အဓိကပြောချင်တာ ခင်ပျို့အကြောင်းတွေပဲ"

"ခင်ပျို့ နားထောင်နေပါတယ်၊ မျိုးရိုး ဘာပြောမလို့လဲ၊ ပြောလေ"

"ခင်ပျို့ ဘဝကို အရှုံးပေးသလို နေတော့မှာလားဟင်၊ ခင်ပျို့ ကျောင်းပြန်တက်ဖို့ မစဉ်းစားတော့ဘူးလားဟင်"

မျိုးရိုးအမေးကို ခင်ပျို့ မဖြေနိုင်ပါ။ တကယ်ဆို ဒီအားနည်းချက်ကြီးတစ်ခုကြောင့် ပညာရေးကိုစွန့်ခဲ့တာ မဟုတ်ပါ။ အန်ကယ်ဆွေ မရှိတော့ကတည်းက ခင်ပျို့ဘဝအတွက် အားကိုးရာကင်းမဲ့ခဲ့တာ ဖြစ်သည်။

အန့်တီမြင့်က ခင်ပျို့ကို ဆက်တာဝန်ယူဖို့ မကြည်ဖြူမှန်း ခင်ပျို့သိခဲ့တာကြောင့် ဆုံးဖြတ်ခဲ့တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ပျို ကိုယ်ပြောတာ ကြားရဲ့လား"

"မျိုးရိုးရယ် ခင်ပျို့အတွက် ကံကြမ္မာကိုက ဒီလိုအခြေအနေကို ဖန်တီးပေးခဲ့တာပါ၊ ခင်ပျို့ဘဝမှာ နွေးထွေးကြင်နာစွာနဲ့ ဆက်ဆံနားလည်ခဲ့သူဆိုလို့ လောကကြီးထဲမှာ မရှိတော့တဲ့ အန်ကယ်ဆွေနဲ့ အခု အမေရိကားမှာရောက်နေတဲ့ ကိုကိုထင်တို့ပဲ ရှိခဲ့တာပါ"

"ကိုကိုထင်ဆိုတာ ဘယ်သူလဲ ခင်ပျို"

"အန်တီမြင့်ရဲ့သားကြီး ကဋ္ဌနာရဲ့အစ်ကိုလေ၊ ကိုကိုထင်က ခင်ပျိုကို စာနာနားအလည်ဆုံးလေ၊ ဒါပေမဲ့ ကိုကိုထင်ကိုယ်တိုင်လည်း အန်တီမြင့်ကို မလွန်ဆန်နိုင်ခဲ့ပါဘူး"

ပြောရင်း ခင်ပျို အသံလေးတိမ်ဝင်ကာ မျက်ရည်လေးတွေ တောင် လည်လာ၏။ ဖုန်းလေးထဲက မျိုးရိုးရဲ့ ပင့်သက်ရှိုက်သံကို ကြားသည်။

"ခင်ပျို မင်းအနားမှာ ကိုယ်ရှိနေတာ မင်းမမေ့နဲ့လေ"

နှစ်သိမ့်စကားလေးနဲ့ကင် ခင်ပျို ကြည်နူးဝမ်းသာနေခဲ့မိတာပါ။ မျိုးရိုးရဲ့ စာနာနားလည်နိုင်မှုတွေအတွက် ခင်ပျိုက ကျေးဇူးတင်မိပါသည်။

"ယုံပါ ခင်ပျို၊ ခင်ပျို ကျောင်းပြန်တက်မယ်ဆိုရင် ကိုယ်ကူညီပေးမယ်၊ ခင်ပျို လက်ခံမလား"

မျိုးရိုးအမေးစကားက ရင်ထဲအထိ ထိရှခံစားစေသည်။

"ခင်ပျို ဖြေလေ၊ ခင်ပျိုလက်ခံမယ်ဆိုရင် ကိုယ် တာဝန်





ယူတယ်"

"မျိုးရိုးရယ်၊ သိပ်ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ မဖြစ်သင့်ပါဘူး"

"ဘာကို မဖြစ်သင့်တာလဲ ခင်ပျို၊ ခင်ပျို ခေါင်းလေးပဲ တစ်ချက်ညိတ်လိုက် မဖြစ်ဘူးဆိုတာ မရှိစေရဘူး"

မျိုးရိုးက ခင်ပျို ခေါင်းတစ်ချက်အညိတ်ကို ဖွတ်တောင်းဆိုနေ၏။ ဒါပေမဲ့ ခင်ပျိုလက်မခံပါ။ ခင်ပျို့ရဲ့ ဝဋ်ဒုက္ခတွေကြောင့် မျိုးရိုးမှာ ဝန်ပိုတွေ ပိစေရမှာလား။

"ဟင့်အင်း၊ ခင်ပျိုနဲ့မျိုးရိုးက မိတ်ဆွေသူငယ်ချင်းတွေပါ၊ ခင်ပျိုအတွက်နဲ့ မျိုးရိုး ဒီလောက် တာဝန်မပိုစေချင်ဘူး။ ခင်ပျို ကတိတစ်ခုပေးတယ် မျိုးရိုး၊ နောက်တစ်လအတွင်းမှာ ခင်ပျို ပြောင်းလဲသွားမှာပါ"

"ဘာပြောင်းလဲမှာလဲ ခင်ပျို"

"ကိုကိုထင် ရောက်လာတော့မယ် မျိုးရိုး"

ဖုန်းထဲမှာတုန်းက ကိုကိုထင်ပြောခဲ့သော စကားတွေကို ခင်ပျို ပြောပြလိုက်မိသည်။ မျိုးရိုး တိတ်ဆိတ်စွာ နားထောင်နေပြီးမှ

"ခင်ပျိုပြောနေတဲ့ ကိုကိုထင်က ခင်ပျို့အပေါ်မှာ အဲဒီလောက်အထိ တာဝန်ယူမှာ သေချာရဲ့လား"

"သေချာတယ် မျိုးရိုး၊ ကိုကိုထင်က ဟိုးငယ်ငယ်ကတည်းက ခင်ပျို့အပေါ်မှာ နွေးထွေးကြင်နာခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း၊ ဒါဆိုရင် ကိုယ်ဝမ်းသာပါတယ်၊ ကဲ ခင်ပျိုလည်း အိပ်တော့နော်၊ မနက်ဖြန်ညမှ ထပ်ဆုံကြစို့"

နှုတ်ဆက်စကားလေးနှင့် မျိုးရိုး ဖုန်းပိတ်သွားမှ ခင်ပျို ဖုန်းလေးကို ပိတ်ကာ ဆုပ်ကိုင်ထားမိသည်။ ညစဉ်ဝိုင်း ကြားခွင့်ရမည့် မျိုးရိုးရဲ့စကားသံလေးတွေကို ခင်ပျို မျှော်မိတော့မှာ သေချာ၏။

မျိုးရိုးရယ် ခင်ပျို့အပေါ်မှာ ကြင်နာနွေးထွေးမှုလေးတွေ ပေးနေတာ အိပ်မက်တစ်ခု မဟုတ်ပါစေနဲ့ကွယ်။ အမြဲတမ်းအတွက် ပဲ ဖြစ်စေချင်ပါတယ်။

✿ ✿ ✿



အခန်း ( ၁၆ )

"မင်းဘက်က အဲဒီလောက်အထိတောင် ငြိတွယ်သွားတာကို ... ထုံးပြမဆုံးဘူး မျိုးရိုး"

သူ့ပြောပြသမျှတွေ နားထောင်ပြီးတော့ ဂျေမီ မှတ်ချက်ပြု ...ည်။ ဝေယံကလည်း မှာထားသောကော်ဖီကို မေ့နေအောင် သူ့ ...ကားတွေထဲမှာ နစ်မျောနေခဲ့၏။

"နေပါဦး မျိုးရိုး၊ မင်းက အားလုံးတာဝန်ယူဖို့အထိ စိတ်ကူး ...တယ်ဆိုတော့ ဒီမိန်းကလေးကို ချစ်နေလို့လား"

ဂျေမီ့မေးခွန်းက သူ့ရင်ထဲအထိ ထိထိရှရှ တိုးဝင်စေသည်။ ...ညာစရာ အကြောင်းမရှိသော အဖြေအတွက် သူတည်ငြိမ်စွာပဲ ...ပြီ၏။

"ဟုတ်တယ် ဂျေမီ၊ ခင်ပျိုကို ငါ ချစ်မိနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ရဲ့လား မျိုးရိုး၊ သနားတာနဲ့ ချစ်တာ မတူဘူးနော်

"ဒါကို ငါသိပါတယ် ဂျေမီ၊ ငါ စတွေ့တုန်းက သူ့ကို သနားမိတာ၊ သူ့အကြောင်းတွေသိရတော့ ပိုပြီးစာနာသနားလာတယ် သူနဲ့တွေ့ချင်တယ်၊ စကားတွေပြောချင်တယ်၊ အားပေးချင်တယ် ဒါတွေက ရင်ထဲက အလိုလိုဖြစ်လာတာ ဂျေမီ"

"မျိုးရိုးခံစားချက်ကို ငါလက်ခံတယ် ဂျေမီ၊ အချစ်ဆို အံ့ဩစရာကောင်းတယ်"

ကြားထဲက ဝင်ပြောလာသူက ဝေယံပဲ ဖြစ်သည်။ ဂျေမီ ဝေယံကို မျက်နှာတစ်ချက် မဲ့ကြည့်ရင်း –

"ဘာလဲ၊ မင်းက သိက္ခာမာနတွေအားလုံး စွန့်လွှတ်ပေး ပြီး ကဥ္စနာကို ချစ်ခဲ့မိတာကို ရည်ညွှန်းတာလား"

"ဂျေမီရာ၊ အမြဲတမ်း ဘာလို့ ငါ့ကို မင်းအဲဒီအမြင်ကြီး ကြည့်ပြီး အပြစ်တင်နေတာလဲ"

"တင်ရမှာပေါ့ကွာ၊ မင်း တကယ်ဖြစ်ခဲ့၊ ငါတို့က ကယ်တင် ရတဲ့ ကိစ္စကြီးကို"

ထုံးစံအတိုင်း ဝေယံနှင့်ဂျေမီ စကားနိုင်လုနေပြန်၏။ ဝေ ကိစ္စမှာတုန်းက သူလည်း စိတ်နာမုန်းတီးခဲ့သည်။ ကဥ္စနာ ချဉ်းကပ်စဉ်က သူ့ရင်မှာ အမုန်းတွေနဲ့ပဲဖြစ်သည်။

ခင်ပျို့မေဆိုသော မိန်းကလေးနှင့်ဆုံလိုက်တော့ ထိုအမုန်း တွေက ပျောက်ကွယ်သွားသည်။ ကဥ္စနာဆီ ဦးတည်ခဲ့သော အမုန်း





ပြီးတွေသည် ခင်ပျို့ဆီ ဦးလှည့်မိတော့ သနားကြင်နာခြင်းတွေ ဖြစ်ကုန်၏။

"နေစမ်းပါဦး မျိုးရိုး၊ ကဥ္စနာကိစ္စမှာ မင်းရဲ့နှလုံးသားကိစ္စကြီး ဝင်လာတော့ အစီအစဉ် ပျက်ကုန်ပြီပေါ့"

ဂျေမီ အလိုမကျသလိုမေးတော့ သူ တွေဝေသွားခဲ့၏။ ရည်ချက်တွေ လမ်းကြောင်းလွဲကုန်တာတော့ အမှန်ပဲဖြစ်သည်။ နာနှင့် ခင်ပျို့က တစ်အိမ်တည်း အတူနေကြသူတွေမို့ သူ့အတွက် တစ်ခုခုတော့ ရွေးချယ်ရမည်။

"မင်း မဖြေနိုင်ဘူးမဟုတ်လား၊ ထင်ပါတယ်၊ မင်းအတွက် ရေးပါနေတာ ခင်ပျို့မေကို၊ ဒါပေမဲ့ ပြဿနာမရှိပါဘူး၊ ခင်ပျို့မေက နာတို့သားအမိ နှိမ်ချထားတဲ့သူဆိုတော့ နှစ်ယောက်ယှဉ်ပြိုင်ရွေး အထဲမှာ ကဥ္စနာကို မင်း ဥပေက္ခာပြုလိုက်သလို ဖြစ်သွားတာ ကောင်းတယ်၊ သူ ခံရခက်ခက်တော့ ဖြစ်သွားမှာပဲ"

ဂျေမီက သူ့တွက်ကိန်းနှင့်သူ ကျေနပ်နေပြန်သည်။ ဝေယံ တော့ လက်ရှိအခြေအနေတွေကို သိနေသူမို့ သူ့ကို သတိပေးစကား ၏။

"မျိုးရိုး၊ ကဥ္စနာအမေကြီးက မင်းမားသားကြီးနဲ့ ရင်းနှီးနေ ယ်ဆို၊ အဲဒါ ပြဿနာတစ်ခု ဖြစ်လာနိုင်တယ်နော်"

သူ နားလည်ပါသည်။ ဝေယံပြောသလို ဖြစ်လာမှာကို သူ ည်၊ စိုးရိမ်နေခဲ့မိသည်။ မွေးနေ့ပွဲနောက်ပိုင်းမှာပဲ ကဥ္စနာအမေ



www.burmeseclassic.com

www.burmeseclassic.com



မာမို့ဆီ လာလည်တာ နှစ်ကြာ်မရှိနေပြီ။

ကြာရင်တော့ အခြေအနေတွေ ရှုပ်ထွေးလာနိုင်သည်။

မာမို့ပုံစံကလည်း ကဥနာရဲ့ ငေးလောက်အောင် ချောမောသော အလှနှင့် ပြည့်စုံချမ်းသာမှု ဂုဏ်ဒြပ်တွေအရ ကျေနပ်နေပုံရ၏။ ဒါကိုတော့ သူ မေ့ထားလို့မရပါ။

မာမို့ဘက်က အစတည်လာရင်တော့ သူငြင်းရမည်။

✿

"လုံးဝမဟုတ်ဘူး မာမီ၊ မာမီထင်နေတာ မှားနေပြီ"

"ဟင်.ဘယ်လို သား"

"ဟုတ်တယ် မာမီ၊ သားနဲ့ကဥနာ ဘာမှ မသက်ဆိုင်ဘူး"

"သားတို့လူငယ်ချင်း ပွင့်ပွင့်လင်းလင်း မဖြစ်သေးဘူးလို့ ဆိုလိုတာလား သား"

"ဟာ မဟုတ်ဘူး မာမီ၊ အခုလည်း ဘာမှမဖြစ်ဘူး၊ နောင်လည်း ဖြစ်မှာမဟုတ်ဘူး။ ပြောရရင် သူငယ်ချင်းတွေလို့တောင် သတ်မှတ်လို့မရဘူး"

မာမီမျက်မှောင်ကုတ်ကာ နားမလည်သလိုကြည့်သည်။ သူ ရှင်းပြဖို့ စကားလုံးတွေကို အပြေးအလွှား စဉ်းစားရသည်။ တကယ်ဆို





သူကုယတိုင်က ကဥနာတို့အိမ်ကို ရောက်ခဲ့သည်။ ပတ်သက်ခဲ့သည်။

အခုမှ ဘာမှမသက်ဆိုင်ဟု ဖွင့်ငြင်းမှာ မဟုတ်သေးပါ။

"ဒီလို မာမီရာ၊ ကဥနာဆိုတာ ဝေယံသဘောကျနေတဲ့ ကောင်မလေး။ အဲဒါ ဝေယံက မပြောရဲလို့ သားက ဒီကောင့်အစား ကြားက အောင်သွယ်ပေးဖို့ ကြိုးစားနေတာ"

"ဘာရယ်၊ ဝေယံအတွက် မင်းက"

"ဟုတ်တယ် မာမီ၊ ကျွန်တော် ကဥနာကို လုံးဝစိတ်မဝင်စားဘူး"

"မမြင့်က သားနဲ့သူ့သမီး ပတ်သက်နေတယ်ထင်တာ၊ မင်းကိုလုပ်တာ ဘယ်ကောင်းမလဲ သားရယ်"

"ကဥနာအသိဆုံးပဲ မာမီ၊ သားနဲ့သူ ဘာမှမဟုတ်ဘူးဆိုတာ၊ အန်တီမြင့်က သူ့ဘာသာ လိုရာတွေးပြီး တစ်ဖက်သတ် သတ်မှတ်မှုတာ"

မာမီ စိတ်ရှုပ်ထွေးသွားသလို ခေါင်းခါသည်။ ပင့်သက်တစ်ချက်ကို ရှိုက်သည်။ ပြီးမှ သူ့ကိုကြည့်ရင်း –

"မင်းတို့လူငယ်တွေ ရှုပ်ကြတဲ့ကိစ္စက အကြောင်းမဟုတ်ဘူး။ အရေးကြီးတာ မမြင့်က သူ့သမီးနဲ့မင်းကို ကြိုက်နေပြီလို့ တစ်ထစ်ချ သတ်မှတ်ပြီး မာမို့ကို စကားလမ်းကြောင်း ခေါ်နေတာ ကြာပြီ"

"ဟာ မာမီ၊ သွား ခေါင်းမညိတ်လိုက်နဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"မညိုတ်မိခင် မေးမိတာ တော်သေးတာပေါ့၊ မာမီကိုယ်တိုင်ကလည်း သားနဲ့ကဠနာလေးကို ပတ်သက်နေပြီပဲထင်တာ၊ သားရယ်ကိုယ် ဘာမှမပတ်သက်ရင်လည်း စာရင်းတွေမရှုပ်စမ်းပါနဲ့၊ ဝေယံကိုလေးကိစ္စဆို သူ့ဘာသာ ရှင်းပါစေ"

"ဟုတ်ကဲ့ပါ မာမီ၊ ကျွန်တော်လည်း ဒါကြောင့် ရှောင်ထွက်ဖို့ ကြိုးစားနေတာ၊ မာမီလည်း အန်တီမြင့်ပြောရင် လက်မခံမိစေနဲ့နော်"

မာမီ မျက်စောင်းတစ်ချက်ထိုးကာ သူ့အခန်းထဲက ထွက်သွားမှပဲ သူ ပင့်သက်မောကြီး မှုတ်ထုတ်မိတော့သည်။

ပြဿနာက တက်တော့မလို့။ မာမီသာ အန်တီမြင့်ကိုစကားတွေ ကျွံလွန်ကုန်ရင်အခက်။ အခုတော့ အချိန်မီ ရှင်းလိုက်နိုင်ပြီ။

နာရီကို သူကြည့်လိုက်တော့ ကိုးနာရီထိုးတော့မည်။ ဒီအချိန်ဆိုလျှင် ခင်ပျို့ သူ့ဖုန်းဆက်သွယ်မှုကို မျှော်နေလောက်ပြီ ထင်သည်။

ဟန်းဖုန်းလေးကို ယူကာ ဝရန်တာလေးဆီ သူထွက်ခဲ့မိ၏။

✿

"ဘာပဲဖြစ်ဖြစ် သမီးရယ်၊ မောင်မျိုးရှိးက ရွေးချယ်အသင့်





ဆုံး ယောကျ်ားတစ်ယောက်ဆိုတာ သေချာတယ်၊ ရုပ်ရည်အရည်အချင်း အဆင့်အတန်း ဘာတစ်ခုမှကို အပြစ်ပြောစရာမလိုတာ"

မာမီ့စကားတွေကြောင့် ကဠနာစိတ်ပျက်သွားသည်။ အခုတစ်လော မာမီ မျိုးရှိးတို့မိခင်ဆီ မကြာခဏသွားနေတာလည်း သိသည်။ ဒါပေမဲ့ ဒီလောက်အထိ တိုက်တွန်းလာမည်ဟု မထင်ခဲ့မိပါ။

အခုလည်း မျိုးရှိးနှင့်သူမ ချစ်နေကြပြီဟု မာမီက တစ်ထစ်ချသတ်မှတ်ကာ မေးလာတာမို့ ကဠနာ အမှန်အတိုင်း ပြောတော့မယုံပါ။

"မာမီကလည်း သမီး တကယ်ပြောနေတာပါ၊ သမီးနဲ့သူအတူထိုင်ပြီး ငါးမိနစ်ပြည့်အောင်တောင် စကားပြောဖူးတာ မဟုတ်ဘူး"

"အဲဒါ သမီးဘက်က အပိုင်းလေ၊ မောင်မျိုးရှိးကတော့သမီးကို တကယ်နှစ်သက်သဘောကျလို့ အိမ်အထိတောင် ရောက်လာတာပေါ့"

"အဲဒါ သမီးမသိဘူး၊ အခုချိန်ထိလည်း သူနဲ့သမီး မဆုံဖူးသေးဘူး"

"သမီးကို့ကျောင်းကို သူမလာဘူးလားသမီး"

"ဟင့်အင်း၊ တစ်ခါမှ မလာဘူး"

မာမီ မျက်မှောင်ကြီးတွန့်ကာ မယုံသလို မျက်ဝန်းတွေနှင့်စိုက်ကြည့်နေခဲ့တာ အကြာကြီး။ ပြီးမှ –



www.burmeseclassic.com

www.burmeseclassic.com



"မောင်မျိုးရိုးကြည့်ရတာ အတော်ရိုးအေးပုံပဲ၊ သမီးကို သူ ဖွင့်မပြောရဲလို့ ဖြစ်မှာပေါ့၊ သူ့မိခင်ကနေ့ တစ်ဆင့်တောင်းဆိုလာမယ် ထင်တယ်၊ ဒါဆိုရင်တော့ သမီး ခေါင်းညိတ်ဖို့ပဲ လိုတယ်"

"ဟင့်အင်း၊ သမီးမှ သူ့ကို စိတ်ဝင်စားလို့မရတာ"

"ဘာရယ် သမီး၊ မောင်မျိုးရိုးမှာ ဘာအပြစ်ရှိလို့လဲ"

မာမီနားလည်အောင် ရှင်းပြဖို့က ခက်နေသည်။ ကဥ္စနာ ထင်ထားတာ မမှားဘူးဆိုလျှင် မျိုးရိုးဘက်ကလည်း မာမီမျက်စိဒိုတ်ယုံဦးမည်လားမသိ။

"သမ်း အသေအချာစဉ်းစားပေါ့၊ မောင်မျိုးရိုးကို သမီး ရွေးချယ်သင့်တယ်"

"မာမီရယ်၊ မုန့်ဆီကြော်က ဘယ်မှာနေမှန်းမသိ၊ နှုတ်ခမ်းနာကိစ္စကို ပြောနေသလိုဖြစ်နေပြီ၊ အချိန်တွေ အများကြီးရှိပါသေးတယ်၊ မာမီစောင့်ကြည့်ပါဦး"

"စောင့်ကြည့်စရာကို မလိုတာ သမီး"

"ဒုက္ခပါပဲ၊ မာမီက ဇွတ်ကြီးပါလား၊ သမီးက မိန်းကလေးနော် မာမီ၊ သမီးသိက္ခာကျအောင် မလုပ်ပါနဲ့"

"မာမီသမီး သိက္ခာကျအောင် မာမီက စီမံနေတာပါကွယ်၊ ဆရာဝန်လောင်း မျိုးရိုးအသိုင်းအဝိုင်းလည်း မြင့်တယ်၊ ဘာလိုသေးလို့လဲ"

"လိုတာက သူ့ဘက်က ဘာမှမကြိုးစားလာသေးဘဲ မာမီ





သမီးကို ဘာမှ မတိုက်တွန်းဖို့ပါ၊ အိမ်ထောင်ရေးကိစ္စမှာ ဦးနှောက်သက်သက်မဟုတ်ဘဲ နှလုံးသားနဲ့ပါ သမီးဆုံးဖြတ်ပါရစေ မာမီ"

မာမီ့စကားတွေ ထပ်မကြားရခင် မာမီ့အနားက ကဥ္စနာ သွားခဲ့တော့ မာမီ မကျေမနပ်ကျန်ရစ်ခဲ့မှာ သေချာ၏။ ညည်းညူနေသောစိတ်နှင့်အတူ မျိုးရိုးရဲ့မျက်နှာကို မြင်ယောင်လာသည်။

အာကာနှင့်ကဥ္စနာဆီ ချဉ်းကပ်သည်။ ပြီးတော့ မာမီနှင့် ဆက်နွယ်အောင် ကြိုးစားသည်။ ဒါပေမဲ့ ကဥ္စနာနှင့် ထိပ်တိုက်ဆုံဖို့ကျတော့ တစ်ခါမှ ကြိုးစားတာ မရှိခဲ့။

ကဥ္စနာတို့ကျောင်းကို သူသိနေတာပဲလေ။ လာမယ်ဆိုရင် လာလို့ရ၏။ အခုတော့ တစ်ခါမှ ရောက်မလာခြင်းက သံသယဝင်စရာ ဖြစ်နေ၏။

ဒါတွေကို မာမီမသိပါဘဲ မျိုးရိုးကျော်စောမှ မျိုးရိုးကျော်စော ဖြစ်နေတော့ ခက်သည်။

ကဥ္စနာ ရင်ထဲမှာတော့ ဘယ်လိုမှလက်မခံနိုင်တာ သေချာသည်။ နှလုံးသားမှာ ပွင့်ဖူးသောအချစ်က တစ်ယောက်သောသူအတွက်။ ဒါပေမဲ့ ဝန်ခံပြောဖို့ခက်လှသည့်အဖြစ်က။

တွေးလိုက်ရုံနှင့် စိတ်တွေ ရှုပ်ထွေးနောက်ကျိလာတော့ ဦးတည်မိတာ ခင်ပျို့ရဲ့ အခန်းဆီကိုပါပဲ။ ခင်ပျို့ဆီက ဘာအကြံဉာဏ်မှ မရနိုင်ပေမယ့်လည်း မွန်းကျပ်နေသော ကဥ္စနာရင်ထဲက စကားတွေကိုတော့ ခင်ပျို့က နားထောင်ပေးနိုင်သော အဖော်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက် ဒေါက် ခင်ပျို့ အိပ်ပြီလား"

အခန်းတံခါးကို ခပ်ဆတ်ဆတ်လေး ခေါက်ကာခေါ်တော့ ခင်ပျို့ ထူးသံလေးကို ကြား၏။

"ဟင် ကဉ္စနာ အိပ် အဲ မအိပ်သေးပါဘူး"

"ဒါဆို တံခါးခဏလောက်ဖွင့်ဟာ၊ နင့်ကို ပြောစရာတွေရှိလို့"

ခင်ပျို့ တံခါးလေးကို လာဖွင့်ပေးသည်။ ကဉ္စနာ အခန်းထဲ လှမ်းဝင်ခဲ့ရင်း ခင်ပျို့မေရဲ့ ခုတင်စွန်းလေးမှာ ဝင်ထိုင်လိုက်သည်။

"ဘာလဲဟင် ဘာပြောမလို့လဲ ကဉ္စနာ"

ကဉ္စနာကို ကြည့်ကာ ခင်ပျို့မေးသည်။ ကျွတ်ခနဲ စိတ်ညစ်သလို စုတ်သပ်ရင်း ခေါင်းကိုခါမိသည်။ ခင်ပျို့ကို ရင်ဖွင့်ဖို့စကားလုံးတွေ ရင်ထဲမှာ စီနေတုန်းမှာပဲ သီချင်းသံချိုချိုလေးက ထွက်လာ၏။

"အရှုံးမပေးနဲ့ မိငယ်ရေ ++ ရဲရင့်မှ ကျော်ဖြတ်သွား ++ နေဝင်ညကို ကူးဖြတ်ပြီးမှ ++ ရောင်နီသာတဲ့နေ့ကို ရောက်မယ်"

"ဟင် ဘယ်ကဖုန်းသံလဲဟ"

ကဉ္စနာ အံ့သြသလိုလေး ရေရွတ်ရင်း အသံလှိုင်းတွေထွက်နေသော ခေါင်းဦးလေးကို ဆွဲမ,ကြည့်လိုက်တော့ –

"ဟင်"

"ဟို ဟို ဟိုလေ"

ခင်ပျို့ မျက်ဝန်းလေးတွေ ပိုင်းစက်လို တုန့်တုန့်ယင်ယင်လေး





ဖြစ်နေသည်။ ကောက်ကိုင်မည့်သူ မရှိသေးသော ဟန်းဖုန်းလေးကို ကဉ္စနာ လှမ်းကောက်ကိုင်လိုက်သည်။

"ဟဲလို ခင်ပျို့"

"ဟင်"

ကြားလိုက်ရသောအသံက ရင်းနှီးနေသော အသံဆိုတာ ချက်ချင်းသိသည်။ ခင်ပျို့ကို လှည့်ကြည့်တော့ သူမမျက်ဝန်းတွေကို ရင်မဆိုင်ရဲသလို မျက်လွှာလေးချသွားသည်။

"ခင်ပျို့ အိပ်ချင်မူးတူးဖြစ်နေတာလား၊ ခဏလေးသည်းခံကွာ၊ ခင်ပျို့နဲ့ စကားပြောချင်လွန်းလို့ ရှစ်နာရီကတည်းက ထိုင်စောင့်နေရတာကွ"

သိပ်ကို သေချာပါသည်။ ဒါ မျိုးရိုးရဲ့အသံဆိုတာ ကဉ္စနာ သိလိုက်တာမို့ ခင်ပျို့ဆီပဲ ဖုန်းလေးကမ်းပေးမိ၏။ ခင်ပျို့ လှမ်းမယူတော့။ ကဉ္စနာ လက်ထဲအထိ ထိုးထည့်ပေးလိုက်၏။

ပြီးတော့ ရှောင်ပေးသလို အခန်းထဲက ထွက်ခဲ့လိုက်သည်။

အခန်းအပြင်ဘက်မှာ ကျောက်ရုပ်ပမာ ရပ်တန့်ရင်း ကဉ္စနာ မယုံကြည်နိုင်အောင် ဖြစ်နေသေးသည်။ အံ့သြစရာကောင်းလိုက်တာ၊ ခင်ပျို့နှင့်မျိုးရိုးတို့က ဒီအခြေအနေထိတောင် ဖြစ်သွားကြသည်လား။

ခင်ပျို့ကလည်း မပြောသလို မျိုးရိုးကလည်း အရိပ်အမြွက်လေးတောင်မှ မပြခဲ့ကြပါ။ လည်လိုက်တဲ့ မျိုးရိုးပါလား။ သူမကို ခုတုံးလုပ်ပြီး ပျို့မေကို ဦးတည်နေမှန်း အခုမှ သိလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဍ္ဍနာ"

မဝံ့မရဲခေါ်သံလေးနှင့် ခင်ပျို့ တံခါးဝမှာလာရပ်သည်။ ကဍ္ဍနာ လှည့်ရင်ဆိုင်ဟာ့ သူခိုးလူမိမျက်ဝန်းတွေက ရင်မဆိုင်လာပါ။

"တော်တော်အံ့ဩစရာကောင်းတာပဲ ခင်ပျို့၊ ဒီပြက္ခဒိန်က ဒေးဗစ်ကော်ပါဖီးလ်တက်တောင် ငါ့ကို စွဲဆောင်မှုအပြည့်ရှိတယ်"

"မ မဟုတ်ဘူး ကဍ္ဍနာ"

"ဘာမဟုတ်တာလဲ၊ နင် ငါ့ကို ထပ်လိမ်ဦးမလို့လား ခင်ပျို့၊ နင့်ရဲ့ရိုးသားဖြူစင်မှုကို ငါ အကြွင်းမဲ့ယုံကြည်ထားတာ"

"ခင် ခင်ပျို့ရှင်းပြတာကို ဆက်နားထောင်ပေးပါ ကဍ္ဍနာ၊ ပြီးမှ ကဍ္ဍနာ ကြိုက်သလိုပြောပါ"

ကဍ္ဍနာ့လက်မောင်းလေးကို ဆုပ်ကိုင်ပြီး မျက်ရည်အဝဲသား တုန်တုန်ယင်ယင် တောင်းပန်စကားဆိုနေသည်။

နုဖပ်နေသော မျက်နှာလေးနှင့် ဆန့်ကျင်စွာ တစ်ခြမ်းက အကျည်းတန်အမာရွတ်တွေနှင့် ခင်ပျို့မေဆိုသော မိန်းမတစ်ယောက် ကို မျိုးရိုးက ရွေးချယ်သည်တဲ့လား။

ဒါ အံ့ဩစရာတော့ ကောင်းနေသည်။ မျိုးရိုးကျော်စော ဆိုသော ယောက်ျားရဲ့ရည်ရွယ်ချက်က ဘာလဲ။ သိချင်စိတ်နှင့် ကဍ္ဍနာ ငြိမ်သက်စွာ နားထောင်နေလိုက်တော့။

"မျိုးရိုးက နင့်ကို ဒီဟန်းဖုန်းလေးတောင် ပေးထားတယ် ပေါ့"





"ဟုတ်ပါတယ် ကဍ္ဍနာ၊ ကဍ္ဍနာရဲ့ မွေးနေ့ပွဲညက သူဖွင့် ပေးသွားခဲ့တာပါ"

ကဍ္ဍနာ ချက်ချင်းပြန်အမှတ်ရသွား၏။ ထိုညက မာမီနှင့် မျိုးရိုးမိခင် ရှာဖွေနေကြတုန်းမှာ မျိုးရိုးအိမ်ဘက်က ပြန်လာတာကို ကဍ္ဍနာ မှတ်မိနေသည်။

"နင်တို့ချင်း ဒီလောက် ဆက်နွယ်နေတာ မိတ်ဆွေအဆင့် မကဘူးလို့ ငါထင်တယ်၊ နင်မညာနဲ့ ခင်ပျို့၊ မျိုးရိုးနဲ့နင် ကြိုက်နေ သလား"

"ဟင့်အင်း၊ မဟုတ်ရပါဘူး ကဍ္ဍနာ"

"ဒါဆို ချစ်သူရည်းစားတစ်ယောက်မဟုတ်တဲ့ ယောက်ျား တစ်ယောက်ဆီက နင် ဘာလို့ ဒီဖုန်းကို လက်ခံရတာလဲ"

"သူ့ကို ခင်ပျို့ယုံတယ် ကဍ္ဍနာ"

ခင်ပျို့အဖြေကြောင့် ကဍ္ဍနာ မဲ့မဲ့လေးပြုံးမိသည်။ ခြေလှမ်း တွေက ခုတင်လေးဆီ ဦးတည်သွားရင်း ခေါင်းအုံးပေါ်တင်ထားသော ဟန်းဖုန်းလေးကို ကောက်ယူလိုက်သည်။

စောစောက လှမ်းဆက်သောမျိုးရိုးရဲ့ ဖုန်းနံပါတ်လေး အတိုင်း ပြန်ပြီး ဆက်သွယ်လိုက်သည်။ တစ်ဖက်ချက်ချင်းပဲ လက်ခံ နားထောင်သံကို ကြား၏။ မျိုးရိုးအသံ။

"ခင်ပျို့ ဘာဖြစ်ကုန်ပြီလဲ၊ မင်းကို ကဍ္ဍနာ ပြဿနာရှာလို့ လား၊ ကိုယ့်ကို ပြောစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်တကြီးမေးသည့် မျိုးရိုးအသံကြောင့် ကဋ္ဌနာ မဲ့ပြုံးလေ၊ ပိုပီပြင်သွားခဲ့သည်။

"ကဋ္ဌနာက ခင်ပျိုကို ပြဿနာရှာစရာလား မျိုးရိုးကျော်စော၊ ရှင့်ကိုယ်ရှင် အထင်မကြီးမနေနဲ့၊ ကဋ္ဌနာ့နှလုံးသားမှာ ရှင့်အတွက် နေရာမရှိဘူး"

"မင်းနဲ့ကိုယ် ကာရံညီသွားလို့ ဝမ်းသာပါတယ် ကဋ္ဌနာ"

မျိုးရိုးအသံကလည်း တိကျပြတ်သားစွာ တုံ့ပြန်လာ၏။ ကဋ္ဌနာ အသံလေးထွက်အောင်ရယ်ရင်း –

"တစ်ခုမေးချင်လို့ မျိုးရိုးကျော်စော၊ ကဋ္ဌနာကို ချဉ်းကပ်၍ မလွယ်လို့ ခင်ပျိုဆီ ရှင့်ဦးတည်ချက် ပြောင်းသွားတာလား"

"လုံးဝမှားတယ် ကဋ္ဌနာ၊ အမှန်ဝန်ခံရရင် မင်းဆီ ကိုယ် ဦးတည်တာ ဝေယံအတွက်သက်သက်ပါ၊ ခင်ပျိုဆီ ဦးတည်ချက် ပြောင်းသွားတာ နှလုံးသားရဲ့ စေခိုင်းမှုကြောင့်ပဲ"

"ဩော် ဒီလိုလား၊ ကျွန်မ,ထင်ထားတာ မမှားဘူးပေါ့၊ အဟင်း ဝေယံကိုကြောင့် ရှင်က ကျွန်မကို လက်စားချေဖို့ ကြိုးစား တယ်ဆိုရင် တော်တော်ယောကျ်ားမပီသတဲ့ အလုပ်ပဲ"

သူ တမင်နာအောင်ပြောပစ်လိုက်တော့ တုံ့ပြန်သံမကြားပါ၊ မျက်နှာကြီးရဲရဲနီ ခံရခက်နေမှာတော့ ကဋ္ဌနာ ခန့်မှန်းမိပါသည်။

"ထပ်ပြောမယ် မျိုးရိုးကျော်စော၊ ကဋ္ဌနာဆိုတဲ့ မိန်းမဆီက အချစ်ကို ဘယ်သူမှ ရနိုင်မှာမဟုတ်ဘူး၊ ဘာကြောင့်လဲဆိုတော့





ကဋ္ဌနာ့နှလုံးသားက တစ်ဦးတည်းသော သူ့အတွက်မို့ပဲ"

"ဝေယံကိစ္စမှာ ကိုယ်မှားခဲ့တယ်၊ ဒါကိုသိလို့ နောက်ဆုတ် ပြီးပြီ ကဋ္ဌနာ၊ မင်း ကျေနပ်ပါလို့လည်း ထပ်တောင်းပန်ပါတယ်"

"အဲဒီကိစ္စ မေ့လိုက်တော့ မျိုးရိုးကျော်စော၊ တစ်ခုပဲသိချင် တယ်၊ ခင်ပျိုကို ရှင် ဘာလို့ ပတ်သက်တာလဲ ရှင့်ရည်ရွယ်ချက်က တာလဲ"

"ကိုယ် ဝန်ခံတယ် ကဋ္ဌနာ၊ ခင်ပျိုကို ကိုယ်ချစ်နေလို့ပဲ"

"အဟင်း"

"မင်းလှောင်တာလား ကဋ္ဌနာ၊ အချစ်ဆိုတာ ဆန်းကြယ် ယ်နော်၊ ခင်ပျိုကို ကိုယ်ချစ်တာ သူ့မျက်နှာက အလှအပမဟုတ်ဘူး၊ သူ့နှလုံးသားလေးကို ချစ်သွားတာ"

ကဋ္ဌနာ ငိုင်ကျသွားခဲ့သည်။ အချစ်ဆိုတာ ဆန်းကြယ်သလို ဖြူစင်မှုတွေနဲ့ သိမ်မွေ့လွန်းတာ ကဋ္ဌနာကိုယ်တိုင် လက်ခံထားသည် ပဲ။ မျိုးရိုးရင်ထဲမှာလည်း ဒီလိုခံစားနေရသည်လား။

"ကဋ္ဌနာ ခင်ပျိုကို ဒီစကားတွေ ကိုယ်မပြောခဲ့သေးဘူး၊ မှု အထင်လွဲမယ်မှာ စိုးလို့ပဲ"

"အိုကေ ကျွန်မကလည်း မပြောပါဘူး။ စိတ်လည်း မပူစား ဘူး။ အဲဒါ ရှင့်သမိုင်းပဲ၊ ရှင့်စကားတွေ အမှန်ဆိုရင်တော့ ကျွန်မ ဝမ်းသာကျေနပ်သလို ကျေးဇူးတင်ကြောင်းလည်း ပြောပါရစေ၊ ကဲ ဂွတ်လပ်ခ် မျိုးရိုးကျော်စော"



www.burmeseclassic.com

www.burmeseclassic.com



ကဥ္စနာ ဖုန်းလေးကိုပိတ်ပစ်ကာ အနောက်မှာရပ်နေသော ခင်ပျိုဆီ ကမ်းပေးလိုက်မိ၏။ ခင်ပျိုမယူဘဲ ငေးကြည့်နေဆဲ။

"ယူပါ ခင်ပျို။ နင် ကံကောင်းမယ်ဆိုရင် ငါဝမ်းသာပေးမှာ ပါ။ အမြဲတမ်း ကံဆိုးခဲ့တဲ့နင် ကံကောင်းသင့်ပါပြီ"

ခင်ပျိုလက်ထဲ ဟန်းဖုန်းလေးထည့်ပေးရင်း ကဥ္စနာ ပြုံးပြ မိ၏။ ခင်ပျိုရဲ့ မယုံမရဲ တုံ့ပြန်အပြုံးတွေက နွမ်းယဲ့ယဲ့။

သူ့အတွက် ကဥ္စနာ ကျေနပ်ဝမ်းသာနေတာကို ခင်ပျို မယုံ မရဲ ဖြစ်နေသည်လား။ တစ်ချိန်ကျရင် နင်သိလာမှာပါ ခင်ပျို။

နင့်ရဲ့မျိုးရိုးကျော်စောက ငါ့နှလုံးသားအတွက် သခင်တစ်ပါး မှ မဟုတ်တာ။

✿ ✿ ✿

BURMESE CLASSIC .com



## အခန်း ( ၁၇ )

အိမ်မှာ အန်တီမြင့်နှင့်ကဥ္စနာ မရှိဘူးဆိုတော့ မျိုးရိုးရောက် လာသည်။ မလာပါနဲ့ဟု ဖုန်းထဲမှာ တားခဲ့မိပေမယ့် တကယ်တမ်း ရောက်လာမည်ဆိုတော့လည်း ခင်ပျို ညှော်ခန်းထဲက မျှော်မိပြန်သည်။

ဆင်ဝင်အောက်မှာ ကားကိုထိုးရပ်ပြီး ဆင်းလာသော မျိုးရိုး ကတော့ ဘယ်လိုကြည့်ကြည့် စတိုင်လ်ကျ သပ်ရပ်လို့နေတာပဲဖြစ် သည်။ ဝတ်ဆင်ထားသည့်အရောင်တွေက နုနုဖျော့ဖျော့ အရောင် တွေပဲ ဖြစ်ပေမယ့် မျိုးရိုးကျော်စောရဲ့ ရှင်းသန့်ခံ့ညားမှုကို လျော့ပါး မသွားစေပါ။

အခုလည်း အပြာနုရောင် အစင်းသေးသေးလေးတွေနှင့် ရှပ်လက်တိုကို ဂျင်းပြာနုနှင့် တွဲဝတ်ထားသည်။ ဝင်းမွတ်ကြည်လင်နေ သော အသားအရေနှင့်မို့ မျိုးရိုးသည် ချောမောသန့်ပြန့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆိုလျှင် မျိုးရိုးရဲ့ ငေးလောက်အောင်လှပသော အသွင်စတိုင်လ်သည် ကဥ္စနာနှင့်ဆိုလျှင် လိုက်ဖက်လွန်းမှာသေချာသည်။

''ခင်ပျို ခြံထဲမှာပဲ ခဏလောက် ထိုင်ကြရအောင်နော်''

မျိုးရိုးလေသံ တည်တည်ငြိမ်ငြိမ်လေးနှင့် တောင်းဆိုတော့ ခင်ပျို ခေါင်းညိတ်မိပြီးသား ဖြစ်နေခဲ့သည်။ နှစ်ဦးသား ခြံထဲက ခုံတန်းလေးဆီ အတူလျှောက်ခဲ့သည်။

''ညတုန်းက ကဥ္စနာ ခင်ပျိုကို ဘာပြောသေးသလဲဟင်''

''ဟင့်အင်း ဘာမှမပြောဘူး၊ မျိုးရိုးဆီ သူဖုန်းလှမ်းဆက်တယ် မဟုတ်လား၊ ပြီးတော့ ခင်ပျိုကို ဖုန်းပြန်ပေးသွားတာပဲ၊ ဘာမှ မပြောဘူး''

ခုံတန်းလေးမှာ နှစ်ဦး ဝင်ထိုင်မိကြသည်။ မျိုးရိုးက ခင်ပျိုကို စူးစူးနစ်နစ် ငေးငေးလေးစိုက်ကြည့်နေသည်။

''ကဥ္စနာနဲ့ မျိုးရိုး ဘာတွေဖြစ်ကြတာလဲ ဘာတွေပြောကြတာလဲဟင်''

''သူနဲ့ကိုယ့်ကြားက ပြဿနာကို ရှင်းလင်းကြတာပါ၊ တခြား ဘာမှ မရှိဘူး၊ ကိုယ်စိုးရိမ်တာက ခင်ပျိုကို ကဥ္စနာတို့ ပြဿနာရှာမှာ စိုးတာ''

ဖုန်းထဲမှာကတည်းက မျိုးရိုးစိတ်တွေက စိုးရိမ်ပူပန်နေတာကို ခင်ပျိုသိနေခဲ့သည်။ ဒါပေမဲ့ ကဥ္စနာကိုယ်တိုင်က ခင်ပျိုကို ဘာမှ





မပြောခဲ့တာမို့ ခင်ပျိုတောင် အံ့ဩမိသေးသည်။

''ကဥ္စနာ တကယ်ကို ဘာမှမပြောပါဘူး မျိုးရိုး၊ ခင်ပျို့က ပြဿနာတွေဖြစ်ပြီထင်တာ၊ ဒါကြောင့် မျိုးရိုးကို ဖုန်းပြန်ပေးမလို့''

''ဟင် ဘာလို့ ပြန်ပေးရမှာလဲ ခင်ပျို၊ ကိုယ်နဲ့ခင်ပျိုကြားမှာ ဒီဖုန်းရှိနေလို့ စကားပြော ဆက်သွယ်ခွင့်ရမှာလေ''

''အန်တီမြင့်သိသွားရင် ပြဿနာတွေ ဖြစ်မှာစိုးလို့ပါ မျိုးရိုးရယ်၊ ခင်ပျိုကို နားလည်ပါနော်''

''ကဥ္စနာနဲ့ကိုယ် အပြတ်ပြောပြီးနေပြီ၊ ဘာပြဿနာမှ ဖြစ်စရာအကြောင်းမရှိဘူး ခင်ပျို၊ တကယ်လို့ ပြဿနာဖြစ်လာခဲ့ဦး ကိုယ်ရှင်းမယ်''

မျိုးရိုးကတော့ ဖွင့်ပြောလို့နေသည်။ တကယ်ဆို ခင်ပျိုရဲ့ အခြေအနေက အန်တီမြင့်တို့ အရိပ်အောက်မှာ ခိုနေရသည့်အဖြစ်ဆိုတာ မျိုးရိုးသိဖို့ကောင်းပါသည်။

''ခင်ပျို ကိုယ့်ကို အကြွင်းမဲ့ယုံကြည်စမ်းပါ၊ ဘာပြဿနာဖြစ်ဖြစ် ကိုယ့်ဆီ ခင်ပျို ဖုန်းဆက်လိုက်ပါ၊ ကိုယ်ရောက်လာပြီး ရှင်းမယ်''

ခင်ပျို သင့်သက်လေး ရှိုက်မိသည်။ ဘာကြောင့် မျိုးရိုး ခင်ပျိုနှင့်ပတ်သက်ပြီး ဒီလောက်အထိ တာဝန်တွေ ယူပေးနေရတာလဲ။

တကယ်ဆို ခင်ပျိုနှင့် မျိုးရိုးကြားမှာ ဘာမှပတ်သက်သေးတာလည်း မဟုတ်ပါ။ ပြီးတော့ ကဥ္စနာကိုယ်တိုင်ကလည်း ဒီကိစ္စကို



www.burmeseclassic.com

www.burmeseclassic.com



သိနေလျက်နဲ့ မသိဟန်ဆောင်ကာ အန်တီမြင့်ကို ကာကွယ်ပေးထား သည်။

ခင်ပျို့မှာသာ ပင့်သက်တွေ အခါခါရှိုက်ရင်း တွေဝေရင်မော နေခဲ့ရတော့၏။ မျိုးရိုးနှုတ်ဆက်ပြီး ပြန်သွားတော့မှပဲ ခင်ပျို့ အိမ်ထဲ ပြန်ဝင်ခဲ့သည်။

"မောင်မျိုးရိုးပြန်သွားပြီလား သမီး"

"ပြန်သွားပြီ ဒေါ်လေးစိန်"

ခင်ပျို့ ငေးငေးငိုင်ငိုင်လေး ဖြစ်နေတာကို အကဲခတ်ကြည့် နေသော ဒေါ်စိန်က ဂက်စ်မီးဖိုပေါ်မှ ဟင်းအိုးကို မွှေနေရင်း –

"သမီး ဘာဖြစ်နေတာလဲ၊ မောင်မျိုးရိုး ဘာပြောသွားလို့လဲ"

"ဘာမှမပြောပါဘူး ဒေါ်လေးစိန်ရယ်၊ သူပေးထားတဲ့ ဟန်း ဖုန်းကို သမီးပြန်ပေးတာ ယူမသွားဘူး။ အန်တီမြင့်သိရင် ပြဿနာတွေ ဖြစ်မှာစိုးလို့ပ"

"နေဦးသမီး ဒေါ်စိန်ကို အမှန်ပြောစမ်းပါ၊ မောင်မျိုးရိုးနဲ့ သမီးက ချစ်ကြိုက်နေကြတာ မဟုတ်ဘူးလား"

ခင်ပျို့ ခေါင်းလေးခါပြမိသည်။ ဒေါ်စိန် တွေတွေလေး စဉ်းစားသွားမိ၏။ ထိုအခိုက်မှာပဲ ညွှန့်ခန်းဆီက အန်တီမြင့်အသံကို ခင်ပျို့ ကြားလိုက်ရ၏။

"ခင်ပျို့ ဟဲ့ ခင်ပျို့၊ လာစမ်း ဒီကိုလာပါဦး"

ခင်ပျို့ ရင်ထဲ ထိတ်ခနဲဖြစ်သွားခဲ့ကာ ကသောကမျောလေး





အိမ်ရှေ့ကို ပြေးထွက်ခဲ့ရသည်။

"ရှင် အန်တီမြင့် ဘာလဲဟင်"

"မျိုးရိုးကားကို တွေ့လိုက်လို့၊ မောင်မျိုးရိုး အိမ်ကိုလာသွား တာလား"

"ရှင် ဟုတ်ကဲ့ စောစောကပဲ လာသွားတယ် အန်တီမြင့်"

ရုတ်တရက်ဆိုတော့ ခင်ပျို့မငြင်းရဲတာမို့ အမှန်အတိုင်းပဲ ဝန်ခံလိုက်မိသည်။ ဒေါ်ခင်မိုးမြင့်မျက်နှာကြီး အံ့ဩသလို မျက်ခုံးတွေ ကုပ်သွားခဲ့ရင်း –

"သမီး ကျောင်းမှာပဲရှိတာ သူသိမှာပါ၊ ဘာလို့ အိမ်ကို လာတာလဲ၊ နင် ဘာပြောလိုက်သလဲ ခင်ပျို့"

"ဟို ဟင့်အင်း၊ ဘာမှမပြောလိုက်ပါဘူး၊ ဟို ကဗ္ဗနာရော အန်တီမြင့်ပါ မရှိဘူးပြောလိုက်တော့ ပြန်သွားတယ်"

"ဟုတ်လား။ နင်ကလည်း တစ်ခုခုနဲ့ ညှော်ခံထားလိုက်ပါလား။ ဒါနဲ့ ဘာမှာသွားသေးလဲ ခင်ပျို့"

"ဟင့်အင်း ဘာမှ မှာမသွားပါဘူး အန်တီမြင့်"

"ကဲ ကဲ သွားတော့ သွားတော့၊ မေးရင် ဘာမှကိုမသိတာနဲ့ အသုံးတစ်ခုမှ မကျဘူး'

အလိုမကျသလို ခင်ပျို့ကိုမောင်းထုတ်ရင်း အန်တီမြင့် လက် ကိုင်အိတ်ကိုဆွဲကာ အပေါ်ထပ်လှေကားထစ်တွေအတိုင်း တက်သွား တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်ပျို့ ရင်လေးတွေတုန်ယင်ကာ မောနေမိသဲ။ မျိုးရိုးနှင့်သ
မ ကိစ္စကတော့ ကြာရင် လွယ်မည့်ပုံမပေါ်။

အန်တီမြင့်သာ သိသွားခဲ့ရင် ဘာတွေဖြစ်လာမည်မသိတော့

✿ ✿ ✿



BURMESE CLASSIC .com

## အခန်း ( ၁၈ )

"သမီးနဲ့ မောင်မျိုးရိုး ဘယ်လိုအခြေအနေရောက်နေပြီလဲ ဆိုတာ မာမီအမှန်အတိုင်း သိချင်တယ် သမီး"

မျိုးရိုးနှင့်ပတ်သက်ပြီး မာမီထပ်မေးလာပြန်တော့ ကဥ္စနာ စိတ်ညစ်မိပြန်သည်။

"မာမ့်ကို သမီး ဘယ်တုန်းက ညာပြောနေလို့လဲ မာမီရာ၊ ဘာမှမဖြစ်ဘူး၊ သမီးတို့ချင်း မတွေ့ကြတာ ကြာနေပြီ"

"မနက်တုန်းက မောင်မျိုးရိုး အိမ်လာသွားသေးတယ်သမီး"

မာမီပြောတော့ ကဥ္စနာ ယဲ့ယဲ့ကလေးပဲ ပြုံးမိသည်။ ခင်ပျို့ ဆီလာတာပဲ ဖြစ်မှာပေါ့။ မာမီကတော့ ဘာမှ သိရှာသေးပုံမရ။

"မာမီလည်း မရှိလိုက်ဘူး၊ သူက သမီးကျောင်းမှာပဲရှိမှာ သိလျက်နဲ့ ဘာလို့ အိမ်ကိုလာတာလဲ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သိမှာလဲ မာမီရဲ့၊ အဲဒါ သူ့ကိစ္စပဲဟာ"

ကဥ္စနာ စိတ်မရှည်နိုင်တော့သလို ခပ်ဆောင့်ဆောင့်လေး ပြောမိတော့ မာမီမျက်နှာ တင်းခနဲ ဖြစ်သွားခဲ့သည်။

"သမီး မောင်မျိုးရိုးအပေါ် သမီးပြောဆိုဆက်ဆံနေပုံတွေက မဟုတ်သေးဘူးနော်၊ ဒီမှာ သမီးကို မောင်မျိုးရိုးနဲ့ပဲ မာမီကြည်ဖြူတယ် ဆိုတာ သမီးသိတယ်နော်"

"မာမီရယ် ခက်လိုက်တာ"

"ဘာမှမခက်ဘူး သမီး၊ အခု ဒီကိစ္စမှာ မာမီ အကောင် အထည်ဖော်နိုင်အောင် ကြိုးစားနေတယ်၊ မောင်မျိုးရိုးအမေအိမ်ကို မာမီ သွားရဦးမယ်"

"မာမီက ဘာသွားလုပ်မှာလဲ"

"ဘာလုပ်ရမှာလဲ သမီးရဲ့၊ သမီးတို့ကိစ္စကို မာမီတို့လူကြီးချင်း ပဲ စီစဉ်နိုင်အောင် ကြိုးပမ်းရမှာပေါ့၊ သမီးတို့လူငယ်တွေက ဆုံတွေ့မှု မရှိဖြစ်နေတာ မဟုတ်သေးဘူး"

မာမ့်ကိုကြည့်ကာ ကဥ္စနာ အတော်ကိုပဲစိတ်ပျက်နေမိသည်။ မာမ့်လုပ်ပုံတွေက တကယ်ကို လွဲမှားနေခဲ့ပြီ။ မျိုးရိုးနှင့်ကဥ္စနာရဲ့ အခြေအနေအမှန်တွေကို မသိဘဲ မာမီ စိတ်ထင်ရာလျှောက်လုပ်နေ ရင် အခက်၊ မာမီရဲ့သိက္ခာ သူမရဲ့သိက္ခာတွေတောင် ကျသွားနိုင်သည်။

"မောင်မျိုးရိုးမိခင်နဲ့တိုင်ပင်ပြီး သမီးနဲ့မောင်မျိုးရိုးတို့ လူငယ် ချင်း ဆုံနိုင်အောင် စီစဉ်ပေးရမယ်"





"သမီးနဲ့ စီစဉ်မပေးနဲ့မာမီ၊ မာမီစီစဉ်ပေးရမှာက ခင်ပျိုနဲ့"

"ဘာရယ် သမီး"

"ဟုတ်တယ် မာမီ၊ မျိုးရိုးကျော်စောက ခင်ပျိုကို သဘော ကျနေတာပါ"

"မဖြစ်နိုင်တာ"

မာမီ မယုံနိုင်သလို ခေါင်းတွေခါကာ ရေရွတ်သည်။ အမှန် တရားကို မာမီသိအောင်ပြောမှဖြစ်မည်ဟု ကဥ္စနာ နားလည်လိုက် သည်။

"ဟုတ်တယ် မာမီ၊ မျိုးရိုးနဲ့ ခင်ပျိုက ကြိုက်နေကြတာ"

"ဘာရယ်"

"မာမီအံ့သြနေလား၊ အဟင်း သမီးသိတာကြာပြီ၊ တကယ် ဆို သူ သမီးဆီ ချဉ်းကပ်လာတာ ဘာကြောင့်လဲမှ မာမီမှမသိဘဲ"

မာမီသိအောင် ကဥ္စနာ အားလုံးကို ရှင်းပြလိုက်သည်။ မာမ့် မျက်ဝန်းတွေ မယုံနိုင်သလို သူမကို ငေးကြည့်နားထောင်လို့နေသည်။

"အဲဒါပဲ မာမီ၊ ဒါကြောင့် မာမီ မျိုးရိုးအမေနဲ့တွေ့ရင် သမီးနဲ့ ကိစ္စ မဆွေးနွေးနဲ့၊ ခင်ပျို့ကိစ္စကိုပဲ မာမီစီစဉ်ပေးရမှာ"

မာမီ ခေါင်းကိုခါနေသည်။ ဘယ်လိုမှ မယုံကြည်နိုင်စရာ အကြောင်းအရာတစ်ခုကို ကြားလိုက်သလို မာမီ အံ့သြနေတာ သိပ် ကို သိသာသည်။

"မာမီမယုံရင် ခင်ပျို့ကို မေးကြည့်လေ၊ ဒါမှမဟုတ်ရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



မျိုးရိုးကို ထိပ်တိုက်မေးကြည့်လို့ရတယ်၊ မျိုးရိုးကိုယ်တိုင် သမီးကို ဝန်ခံပြောခဲ့တာ မာမီ''

''ဒါ ဒါ ဘယ်လိုမှ မဖြစ်သင့်တဲ့ကိစ္စပဲ''

ပြောရင်း မာမီ ဆတ်ခနဲထရပ်သည်။ ပြီးတော့ ချာခနဲလှည့်ကာ ညှော်ခန်းထဲက ထွက်သွားခဲ့သည်။ ခင်ပျို့ကို မာမီ ထိပ်တိုက်မေးမှာ ကဋ္ဌနာသိနေသည်။ သူမစကားတွေကို မာမီ ယုံဖို့ခက်နေသည်လား။

ကဋ္ဌနာကတော့ ပေါ့ပေါ့ပါးပါးလေးပဲ ပြုံးလိုက်သည်။ မျိုးရိုးနှင့်ပတ်သက်သောပြဿနာကြီး ရှင်းလင်းသွားတာပဲ ကောင်းပါသည်။

ဘာဆိုဘာမှ မသိပါဘဲ မာမီ စိတ်ထင်ရာလျှောက်လုပ်နေတာက ဆိုးသည်။ ခင်ပျိုနှင့် မျိုးရိုး အဆင်ပြေသွားတော့လည်း မာမီ့အတွက် ကျေနပ်စရာတစ်ခုပဲ ဖြစ်သင့်သည်။

ခင်ပျိုဆိုတာလည်း မာမီရဲ့ တူမတစ်ယောက်ပဲလေ။

ကောင်းတဲ့ဘက်က ကြည့်လျှင် တစ်သက်တာလုံး မာမီ ခင်ပျို့ကို တာဝန်ယူထားရတဲ့ဘဝကတောင် ကင်းလွတ်သွားဦးမယ့်အဖြစ်။

ခင်ပျိုလေးကတော့ ကံကောင်းသွားခဲ့ပြီ။ သူမအတွက်ပဲ ကံကောင်းဖို့ ကျန်နေသည်။

အချစ်ရေးမှာတော့ ကဋ္ဌနာကံကောင်းချင်ပါသည်။

✿





ခင်ပျို ခေါင်းလေးငုံ့ ငြိမ်သက်နေသည်။ ဒေါ်ခင်မိုးမြင့် သူမရှေ့မှာ ရပ်နေသော ခင်ပျိုကိုကြည့်ကာ ဒေါသတွေရော အလိုမကျမှုတွေရော ခံစားဆူဝေနေ၏။

ဘယ်လိုမှ ယုံကြည်လို့မရသည့် အဖြစ်ကြီးပါလား။ မျိုးရိုးကျော်စောက ခင်ပျိုကို ချစ်ခင်နှစ်သက်နေသည်တဲ့လား။ ဒီလောက်အထိတောင် အကျည်းတန်လွန်းသည့် မိန်းမကို ဘယ်လိုမျက်စိနဲ့ မျိုးရိုး နှစ်သက်သွားတာလည်း စဉ်းစားလို့ဟောင်မရနိုင်အောင်ပါဘဲ။

တကယ်ဆို သမီးနဲ့ခင်ပျိုကို ဘယ်လိုပဲကြည့်ကြည့် သမီးက မယှဉ်နိုင်အောင် သာလွန်းသည်။ ဒါနဲ့တောင်မှ –

''နေပါဦး ခင်ပျို၊ ညည်းနဲ့ မောင်မျိုးရိုးက ဘယ်လိုဆုံတွေ့သွားခဲ့တာလဲ ပြောစမ်းပါဦး''

''ဟို အန်တီမြင့်တို့နဲ့ အပြင်ကို တစ်ခါထွက်ဖူးတုန်းကတည်းက မျိုးရိုးက ခင်ပျိုကို မြင်ဖူးမှတ်မိနေတာပါ။ ကဋ္ဌနာ့ဆီ လာလည်ရင်း ခင်ပျိုကို ထပ်တွေ့သွားခဲ့တာပါ''

နားထောင်နေရင်း ဒေါ်ခင်မိုးမြင့် ရင်ထဲမှာ ပိုလို့ခံရခက်လာသည်။ သူမမှာတော့ သမီးကို အမျှော်လင့်ကြီး မျှော်လင့်လို့ထားခဲ့သည်။ ဒါပေမဲ့ အခုတော့ သူမ,မျှော်လင့်ချက်တွေအားလုံး သွားခဲ့ပြီ။

မျိုးရိုးကျော်စောက ခင်ပျိုဆီမှာတောင် ဟန်းဖုန်းတစ်လုံး



www.burmeseclassic.com

www.burmeseclassic.com



ပေးထားသည့်အထိ ဖြစ်နေပြီလား။

"ညည်းနဲ့ မောင်မျိုးရိုး ရည်ငံနေကြတာ ကြာပြီလား ခင်ပျို"

"ဟင့်အင်း မဟုတ်ပါဘူး။ ခင်ပျိုနဲ့မျိုးရိုး ခင်မင်ရင်းနှီးတဲ့ အဆင့်ပဲ ရှိပါသေးတယ် အန်တီမြင့်"

"ဟုတ်တယ်မာမီ၊ ခင်ပျိုကို မျိုးရိုးက ဘာမှ ဖွင့်မပြောရသေးဘူး၊ သမီးပဲ သိထားတာ"

အနောက်က ဘယ်အချိန်ကတည်းက ရောက်နေသည်မသိသော ကဠနာအသံကြားမှ ဒေါ်ခင်မိုးမြင့် လှည့်ကြည့်မိသည်။

"ခင်ပျို နင် ကံကောင်းပါတယ်၊ ငါထင်တာမလွဲဘူးဆိုရင် မျိုးရိုးက နင့်ကို တကယ်မြတ်မြတ်နိုးနိုး ချစ်တာပါ၊ နင့်ဘဝအတွက် မျိုးရိုးက အားကိုးထိုက်တဲ့ ယောကျ်ားဖြစ်မှာပါ၊ ငါ ဝမ်းသာပါတယ်"

သမီးအသံတွေရော မျက်နှာမှာပါ ခင်ပျိုအတွက် ကျေနပ်ဝမ်းသာခြင်းတွေ အရိပ်ထင်နေသည်။ ခင်ပျိုအတွက် သမီးက ဝမ်းသာ ကျေနပ်နိုင်သည့်တဲ့လား။

ဟင့်အင်း သူမရင်ထဲကတော့ ဘယ်လိုမှ မကျေနပ်နိုင်တာ အမှန်ပဲဖြစ်၏။ မျိုးရိုးကျော်စောရဲ့ အဆင့်အတန်းက သမီးနဲ့မှ အသင့်တင့်ဆုံး အလိုက်ဖက်ဆုံး ဖြစ်သင့်သည်။

အခုတော့ ဘာမဟုတ်သည့် ခင်ပျိုက ပိုင်ဆိုင်ခွင့်ရသွားသည်တဲ့လား။ သူမတို့အရိပ်အောက်မှာ စေရာအတိုင်း နေခဲ့ ရှိခဲ့ရသော ခင်ပျိုမှသည် သူမတို့ထက် သာလွန်သောအသိုင်းအဝိုင်းကို ရောက်ရှိ





သွားမည့်အဖြစ်။

တွေးကြည့်ရုံနှင့် ရင်ထဲမှာ ခံရခက်နေသည်။ ဒါ ဝန်တိုစိတ်တွေပဲဟုဆိုလျှင်လည်း သမီးအတွက် သူမ တကယ်ပဲ လက်မခံနိုင်တာမို့ –

"ကဲ ခင်ပျို၊ ဘာပဲဖြစ်ဖြစ် မောင်မျိုးရိုးက ညည်းအပေါ် တကယ်ပဲ စိတ်ရင်းခံ ဘယ်လိုရှိတယ်ဆိုတာ ငါလေ့လာချင်သေးတယ်၊ ညည်းက လက်ရှိမှာ ငါ့အရိပ်အောက်မှာနေနေတာဆိုတော့ ငါ့ဆုံးမစကားကို နာခံရမယ်၊ ငါမသိဘဲ အခုလိုအခြေအနေတွေ ဖြစ်နေတာကိုက ညည်းမှားတာ"

"ခင်ပျို ဒီသဘောမဟုတ်ပါဘူး အန်တီမြင့်၊ အခုကိစ္စကလည်း မျိုးရိုးဘက်က ရိုးရိုးသားသား ခင်မင်ခွင့်တောင်းလို့ လက်ခံခဲ့တာပါ၊ ဒီဖုန်းကို ခင်ပျို ပြန်ပေးတာတောင် သူက လက်မခံလို့ပါ"

"ဟုတ်သားပဲ မာမီ၊ ခင်ပျိုမှာ အပြစ်မရှိပါဘူး၊ မျိုးရိုးကလည်း ဆုံးဖြတ်နိုင်တဲ့ အရွယ်ပဲဥစ္စာ"

သမီးက ခင်ပျိုဘက်က ရှေ့နေဝင်လိုက်ပေးနေတာမို့ သူမ ပိုလို့မကျေနပ် ဖြစ်နေရပြန်သည်။

ဘာပဲဖြစ်ဖြစ် ဒီကိစ္စကိုတော့ သူမ လိမ္မာပါးနပ်စွာပဲ ကိုင်တွယ်ဖြေရှင်းရမည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၉ )

"ခင်ပျိုကို ကျွန်တော် တကယ်ချစ်တာပါ အန်တီမြင့်"

မျိုးရိုးနှုတ်က ပြတ်သားစွာဆိုလာတော့ သူမရင်ထဲမှာ ပို လို့တောင် ခံရခက်ရပြန်သည်။ တည်ငြိမ်လွန်းသောမျက်နှာက သူမ မျှော်လင့်ထားမိသော လွဲချော်ခြင်းတို့ ရှိမနေတာ သေချာ၏။

"အန်တို့တူမလေးကို မင်းချစ်တယ်ဆိုတာ အန်တီ ယုံရခက် နေတာ အမှန်ပဲ မောင်မျိုးရိုး"

"ဘာကြောင့် မယုံတာလဲ အန်တီ၊ ခင်ပျိုရဲ့ အကျည်းတန် နေတဲ့ မျက်နှာကဒဏ်ရာတွေကြောင့်လား၊ ခင်ပျိုကို ကျွန်တော် မြတ်နိုးတာ အဲဒီအလှတွေမပါပါဘူး။ ပြီးတော့ ဒါကလည်း ဘာမှကို အရေးမကြီးတဲ့ ပြဿနာပါ၊ ခင်ပျိုရဲ့မျက်နှာကို ကျွန်တော်ကုသပေးလို့ ရပါတယ်"





မျိုးရိုးစကားကြောင့် သူမကိုယ်သူမတောင် လိပ်ပြာမလုံ ဖြစ်သွားခဲ့ရသည်။ တကယ်ဆို သူမတို့အနေအထားကလည်း ခင်ပျို ရဲ့ဒဏ်ရာတွေကို ကုသပေးနိုင်ခဲ့တာပဲ ဖြစ်သည်။

ဒါပေမဲ့ ဥပေက္ခာပြုထားခဲ့သူကိုယ်တိုင်က သူမပဲဖြစ်သည်။ ခင်ပျိုမေဆိုတာ ခင်ပွန်းဖြစ်သူဘက်က တော်စပ်သောတူမမို့ သူမ သိပ်မခင်တွယ်ခဲ့ပါ။ ခင်ပွန်းရှိစဉ်ကလည်း ခင်ပျိုကို မျက်နှာပေးလွန်း တာမို့ စိတ်ထဲက ကြည့်မရခဲ့။

ကိုယ့်မှာက ရွယ်တူသမီးရင်းချာရှိသည်။ အဖေဖြစ်သူက သွေးဝေးသော တူမကို တန်းတူအခွင့်အရေးတွေ ပေးနေတာ သူမ မနှာလို မရှုဆိတ်ခဲ့ပါ။

ဒါတွေကြောင့်လည်း ခင်ပျိုရဲ့ အကျည်းတန်မျက်နှာကြီးကို သူမဘက်က တမင်ပဲ သည်အတိုင်းပစ်ထားခဲ့၏။

"အင်း ခင်ပျိုရဲ့ရုပ်ရည်ဆိုတာ အပေါ်ယံတွေပါလေ၊ ဒါတွေ က အရေးမကြီးပါဘူးကွယ်"

"ဒါဆိုရင် ဘာအတွက် အန်တီက ခင်ပျိုကို ကျွန်တော် မေတ္တာရှိတာကို မယုံရဲခဲ့တာလဲ"

တဲ့တိုးကြီးမေးလာတော့ သူမ ဖြေရခက်ရပြန်သည်။ မျိုးရိုး ကို ထိပ်တိုက်ဆုံတွေ့မေးမိတာတောင် နောင်တရချင်မိသွားသည်။

"အန်တို့တူမလေးမှာက ချွတ်ယွင်းချက်တွေ အများကြီး ရှိနေလို့ပေါ့ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



မထီတရီ ယဲ့ယဲ့ပြုံးလိုက်သော မျိုးရိုး အပြုံးတစ်ချက်ကို သူမ အသေအချာကို မြင်လိုက်ရ၏။ ခင်ပျို့နှင့်ပတ်သက်ပြီး မျိုးရိုး၏ အမြင်က သူမအပေါ်မှာ ကောင်းမွန်မှာမဟုတ်တာ သေချာ၏။

"ဘာတွေများလဲ အန်တီ၊ ပြောကြည့်ပါဦး"

ကိုယ့်ကိုတောင် လှောင်သလို မေးခွန်းထုတ်နေပြန်၏။ ရင်ထဲမှာ ခံရခက်လှပေမယ့် လူကြီးဆန်စွာပဲ သူမ သို့ဝှက်ပြီးရင်း –

"ခင်ပျို့မေရဲ့အကြောင်းတွေကို မင်း ဘယ်လောက်သိထားသလဲ မောင်မျိုးရိုး၊ ခင်ပျို့အဖေက သိပ်ဆိုးခဲ့တဲ့သူကွဲ့၊ အရက်ဆိုင်မှာ ရန်ဖြစ်ပြီး လူသတ်မှုနဲ့ ထောင်ကျခဲ့တဲ့သူ၊ ထောင်ထဲမှာပဲ သေသွားတာ"

"အဲဒါ ကျွန်တော် သိပြီးသားပါ၊ ခင်ပျို့အဖေကိစ္စက ခင်ပျို့နဲ့ ဘာမှမဆိုင်ပါဘူး အန်တီ"

"အန်တီက မင်းမသိသေးဘူးထင်လို့ ပြောတာပါ"

"သိလည်း ပြဿနာတစ်ခု မဟုတ်ပါဘူးအန်တီ၊ ဒါဟာ မျိုးရိုးအရေးကိစ္စဆိုရင် အဲဒီခင်ပျို့တို့အဖေဆိုတာလည်း အန်တီရဲ့ ခင်ပွန်းဘက်က ညီတစ်ယောက် မဟုတ်ဘူးလား"

ချက်ကျကျမေးလာသော မျိုးရိုးစကားကြောင့် သူမမျက်နှာကြီး ရဲခနဲဖြစ်သွားတဲ့အထိ ခံရခက်သွားခဲ့၏။

"မဟုတ်သေးဘူး မောင်မျိုးရိုး၊ အန်တီတို့နဲ့ အမျိုးတော်တယ် ဆိုပေမယ့် သွေးကဝေးလွန်းပါတယ်၊ အန်တို့ခင်ပွန်းက ခင်ပျို့လေးတို့





ဖေကို စာနာလို့ စောင့်ရှောက်ပေးတာ သက်သက်ပါ"

"ထားပါတော့ အန်တီ၊ ခင်ပျို့ရဲ့အသိုင်းအဝိုင်းက ဘယ်လောက်ပဲ ဆိုးခဲ့ပါစေ ကျွန်တော့်အတွက် အရေးမပါဘူးဆိုရင် အန်တီ လက်ခံပြီလား"

"အန်တီလက်ခံဖို့ထက် မင်းမာမီက လက်ခံဖို့လိုတယ်လေ"

ဒီတစ်ခါတော့ မျိုးရိုး ချက်ချင်းမတုံ့ပြန်နိုင်ဘဲ တွေခနဲ ဖြစ်သွားခဲ့၏။ သူမ ပြုံးလိုက်မိသည်။ မျိုးရိုးဘက်က မျက်စိမှိတ် လက်ခံနိုင်သောကိစ္စတွေကို မျိုးရိုးရဲ့မိခင်က လက်ခံဖို့ဆိုတာ မလွယ်မှန်း သူမသိပါသည်။

"မာမီ လက်မခံခဲ့ရင်တောင် ကျွန်တော် နားလည်အောင် ရှင်းပြမှာပါ အန်တီ၊ နောက်ဆုံး လက်မခံခဲ့ရင်တောင် ကျွန်တော်က ခင်ပျို့ဘက်က အပြည့်အဝ ရှိပြီးသားလေ"

"အဲဒီလို အလွယ်မပြောနဲ့ မောင်မျိုးရိုး၊ မင်းမာမီနဲ့အန်တီက မိတ်ဆွေရင်းချာတွေပါ၊ မင်းနဲ့ခင်ပျို့ကိစ္စကြောင့် မျက်နှာပျက်ရတာမျိုး မဖြစ်ချင်ဘူးပေါ့ကွယ်"

မျိုးရိုး နှုတ်ခမ်းတွေ မဲ့ကျသွားသည်။ သူမမျက်နှာကို ရဲရဲတင်းတင်း ရင်ဆိုင်ကြည့်ရင်း –

"မာမီက သားတစ်ယောက်လုံး ရှင်းပြတာကိုမှ လက်မခံဘဲ အန်တီပြောတာကို လက်ခံရင်တစ်ပိုင်းပေါ့၊ ဒါပေမဲ့ သေချာတာက ခင်ပျို့အပေါ် ကျွန်တော်တကယ်ချစ်တာ၊ တကယ်မြတ်နိုးတာ အမှန်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စက ပြီးပြတ်သွားခဲ့ပြီ။ သူမ ဘာစကားမှမဆိုနိုင်ဘဲ ငြိမ်သက်နေတုန်းမှာ မျိုးရိုးက ထရပ်သည်။

"ခွင့်ပြုပါဦး အန်တီ၊ ကျွန်တော်ပြန်တော့မယ်"

"ခဏနေပါဦး မောင်မျိုးရိုး၊ ဒီမှာ ခင်ပျိုဆီ မင်းပေးထားတဲ့ ဖုန်း ပြန်ယူသွားပါ"

မျိုးရိုး လှမ်းမယူသေးဘဲ စူးစူးစိုက်စိုက် ကြည့်နေတာမို့

"အန်တီ လုပ်သင့်တာကို လုပ်တာပါ မောင်မျိုးရိုး၊ အခုချိန်မှာ ခင်ပျိုမေက အန်တီ့အရိပ်အောက်မှာ ရှိတာ၊ အန်တီရဲ့ အုပ်ထိန်းမှုအောက်မှာ နေနေတာ၊ ကဲ မင်းဘက်က ခင်ပျိုမေလေးကို တကယ် မေတ္တာရှိတယ်ဆိုရင် မင်းမာမီကို ခေါ်ခဲ့ပြီး အချိန်မရွေး လာတောင်းလို့ နိုင်ပါတယ်"

အကျပ်ကိုင်ခြင်းဟု နားလည်လိုက်သော မျိုးရိုး အံကို တင်းကြိတ်လိုက်တာကို သူမ မမြင်ဟန်ဘဲဆောင်နေလိုက်သည်။

"ကျေးဇူးတင်တယ် အန်တီ၊ ခင်ပျိုလို တစ်ကောင်ကြွက် မိန်းကလေးဘက်က အုပ်ထိန်းသူ အဒေါ်တစ်ယောက်အဖြစ် အန်တီ များများမတ်မတ်ရပ်တည်ပေးတာ ကျေးဇူးပါ၊ ကျွန်တော့်ကိုခွင့်ပြုပါဦး"

စားပွဲပေါ်က ဖုန်းကို ဆတ်ခနဲ ကောက်ယူပြီး မျိုးရိုး ချာခနဲ လှည့်ထွက်သွားသည်။ ဆင်ဝင်အောက်မှာ ရပ်ထားသော လင်ခရူဇာ ကားကြီးပေါ် တက်ကာ မောင်းထွက်သွားတော့မှ သူမ ခံပြင်းမှု တက်ခေါက်မိ၏။





"တောက်"

"မာမီ ဘာလို့ ဒေါသတွေ အရမ်းထွက်နေတာလဲ"

အခန်းထဲက ထွက်လာသော သမီးကိုမြင်တော့ ရင်ထဲက ဒေါသတွေ ပိုလို့ ဆူဝေသွား၏။ တကယ်ဆို မျိုးရိုးယိမ်းလာအောင် သမီးရဲ့အလှတွေက စွမ်းဆောင်သိမ်းသွင်းနိုင်လျက်နဲ့ ဒီလိုဖြစ်ကုန်တာ မဖြစ်သင့်။

"ဘာကို ထွက်ရမှာလဲ သမီး၊ မျိုးရိုးပြောသွားတာ မကြားဘူးလား၊ မာမီ့ကိုတောင် ရိသဲ့သဲ့လုပ်သွားတာ"

"သမီး အားလုံးကြားတယ် မာမီ၊ မာမီ ဘာလို့ ဒီစကားတွေ သွားပြောလိုက်တာလဲ သမီး မစဉ်းစားတတ်ဘူး၊ ခင်ပျိုနဲ့မျိုးရိုး ကြည်ဖြူနေပြီပဲ ဥစ္စာ"

"မာမီ ဘယ်တော့မှ လက်မခံနိုင်ဘူးသမီး၊ ဘာကြောင့်လဲ ထပ်မမေးနဲ့၊ လုံးဝကို လက်မခံနိုင်တာ"

ယတိပြတ် သူမစကားကြောင့် သမီး ခေါင်းကိုခါသည်။ ဘာမှတော့ ထပ်ပြီး မေးခွန်းတွေ ထွက်မလာပါ။

"ရှင်းရှင်းပြောမယ် သမီး၊ ခင်ပျိုနဲ့မျိုးရိုးကိစ္စကို မာမီ လက်မခံဘူး။ ဘယ်တော့မှလည်း ဖြစ်မလာစေရဘူး"

သူမ အပြတ်ကြေညာပစ်လိုက်သည်။ သမီး နားမလည်တာ လည်တာတော့ မသိပါ။ သူမ မဖြစ်လိုသော ကိစ္စတွေတော့ ထပ်ဖြစ်လာစရာ အကြောင်းမရှိ။ မျိုးရိုးနဲ့ ရှင်းလင်းချင်တာကြောင့် ဖုန်းဆက်



www.burmeseclassic.com

www.burmeseclassic.com



ခေါ် ခွေးနွေးခဲ့ပြီးပြီ။

မျိုးရိုးဘက်က သေချာနေပြီဟု သိလိုက်ရသည်။

ခင်ပျို့နှင့် ဒေါ်စိန်ကို ဘာမှမသိ မကြားစေချင်တာမို့ အိမ်မှာ မရှိအောင် စီမံထားတာပဲ တော်သေးသည်။ နို့မို့ မျိုးရိုးစကားတွေ ခင်ပျို့ကြားသွားကာ မာန်တွေတက်နေရင်အခက်။

သူမဘက်ကတော့ မျိုးရိုးနဲ့ခင်ပျို့တို့ကိစ္စကို အပြတ်ရှင်းဖို့ ဆုံးဖြတ်ထားလိုက်ပြီ။

ဘယ်တော့မှ သူမ မဖြစ်ချင်တာတစ်ခု ဖြစ်မလာစေရပါ။

✿ ✿ ✿



အခန်း ( ၂၀ )

"ဟာဗျာ၊ အန်တီကလည်း ဒီလောက် ရုပ်ဆိုး အကျည်းတန်ကြီးကိုများ"

နေရဲစံ မဲ့ကာရွဲ့ကာနှင့် ခါးခါးသီးသီး ငြင်းသည်။ ဒေါ်ခင်မိုးမြင့် နည်းနည်းတော့ စိတ်ညစ်သွားမိသည်။ သူ့အစီအစဉ်မှာ နေရဲစံကပဲ အခရာကျသည်။ နေရဲစံ လက်မခံလို့ မဖြစ်ပါ။

"အကျည်းတန်တာ မဟုတ်ပါဘူး နေရဲရဲ့၊ နဂိုရုပ်ရည်က ချောမောပါတယ်၊ အခုမှ မျက်နှာက ထိခိုက်မိသွားတာပါဟဲ့"

"နဂိုက ချောမောတာတွေ မပြောနဲ့လေ အန်တီရဲ့၊ အခု ရုပ်ရည်ကိုပဲ ပြော၊ တစ္ဆေသရဲနဲ့တွေ့ရင်တောင် တစ္ဆေသရဲက လန့်ပြေးမယ့် ရုပ်ကြီးဗျာ"

နေရဲစံကတော့ စကားပြောလျှင် ဘယ်တော့မှ ဆင်ခြင်တတ်



www.burmeseclassic.com

www.burmeseclassic.com



သူ မဟုတ်သည့်အတိုင်း တဲ့တိုးကြီးပဲပြောသည်။ အခုလည်း ခင်ပျို့
မျက်နှာကို ပျစ်ပျစ်နှစ်နှစ်ကို ဝေဖန်ပြောနေ၏။

"အန်တီက ဘာစိတ်ကူးပေါက်ပြီး ခင်ပျို့ကို သဘောက
သလား လာမေးနေတာလဲ၊ တောင်းပန်ပါရဲ့ဗျာ၊ ချောက်ထဲမချလိုက်ပါ
နဲ့"

"မဟုတ်ဘူး နေရဲ၊ အန်တီ့မှာ အစီအစဉ်တစ်ခုရှိနေလို့"

"ဘာအစီအစဉ်တွေလဲ အန်တီ"

"ပြဿနာတစ်ခု ဖြစ်နေလို့ နေရဲ၊ အဲဒါကြောင့် မင်းကို
အန်တီခေါ်လိုက်တာပေါ့"

သူမ အလေးအနက်ပြောတော့ နေရဲစံမျက်နှာက တည်သွား
သည်။ သူမစကားကို အလေးအနက် နားစွင့်နေသည်။

"အန်တီက မင်းနဲ့ခင်ပျို့ကို အခြေအနေတစ်ခုအထိ ပတ်
သက်သွားစေချင်တယ်"

နေရဲစံ တွန့်ခနဲဖြစ်သွားပြန်သည်။ ခင်ပျို့နာမည်ကို ကြားရုံ
နှင့်ပဲ နေရဲစံမှာ တီကို ဆားနဲ့တွန့်သလို ဖြစ်နေ၏။ ယောကျ်ားတစ်
ယောက် အဲဒီလောက်အထိရှောင်နေသည့် ခင်ပျို့ကိုမှ မျိုးရိုးကျော်စေ
က အရှုးအမူးဖြစ်နေတာ သူမ တွေးမရအောင် ဖြစ်နေ၏။

ခင်ပျို့အခြေအနေက မြင်ရုံနဲ့တောင် အကျည်းတန်သော
အမာရွတ်တွေကြောင့် လန့်သွားစေလောက်သည်။

မျက်နှာတစ်ခြမ်းက ဒဏ်ရာတွေနဲ့၊ ကျန်တစ်ခြမ်းကတော့





မြင်လိုက်လျှင် သဘောကျကျေနပ်သွားအောင် ခင်ပျို့ရဲ့မျက်နှာကို
ကုသပေးလျှင် မြင်သူငေးလောက်အောင် ဖြစ်သွားမှာသိလို့ ဖြစ်မည်။

"အန်တီဆိုလိုတာ ခင်ပျို့နဲ့ကျွန်တော့်ကို ပေးစားချင်တာ
လား"

"နေရဲရယ် အဲဒီလောက်အထိ မလိုအပ်ပါဘူး"

နေရဲစံ မျက်မှောင်ကြီးတွန့်ကုတ်သွားသည်။ အဖြေကို မပြော
ဘဲ နားလည်သွားပုံနှင့် ငြိမ်သက်သွား၏။

"အခု အန်တီပြောတာကို မင်း အသေအချာနားထောင်
နေရဲ၊ အန်တီ့အတွက် အရမ်းအရေးကြီးတယ်၊ မင်းညီမ ကဋ္ဌနာ
အတွက်လည်း ပါတယ်"

"ပြောပါအန်တီ၊ ဘာပြဿနာတွေ ဖြစ်နေသလဲ ပြောပြ၊
ဒါမှ ကျွန်တော် ဘယ်လိုကူညီနိုင်မလဲ စဉ်းစားလို့ရမှာပေါ့"

ဘက်ထဲက စီးကရက်တိုကို ပြာခွက်ထဲ ထိုးချေပြီး နေရဲ
နားစိုက်ထောင်နေသည်။ လက်ရှိအခြေအနေတွေကို ဒေါ်ခင်မိုးမြင့်
ပြောပြလိုက်သည်။

သူမစကားဆုံးတော့ နေရဲစံ အံ့ဩမျက်ဝန်းတွေနှင့်ကြည့်ကာ

"ခင်ပျို့ကို ကြိုက်တဲ့ကောင်က ရှိသေးတယ် ဟုတ်လား။
အံ့စရာပဲ၊ ဒီကောင် ပုံမှန်စိတ်မှ ရှိရဲ့လား၊ ဒါမှမဟုတ် မျက်လုံးကန်း
နေသလား အန်တီရာ"

"မဟုတ်ဘူးနေရဲ ပညာတတ်ဆရာဝန်လောင်းတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



မိဘအသိုင်းအဝိုင်းကလည်း အန်တီတို့ချမ်းသာတယ်ဆိုတာထက် နှစ်ဆမကအောင် သာတယ်''

''ဟား မယုံနိုင်စရာဘဲဗျာ''

''အေး အန်တီလည်း ကြားတုန်းက မယုံဘူး၊ ဒါပေမဲ့ သိပ်ကို သေချာသွားပြီ၊ အဲဒီသူငယ်ကိုယ်တိုင်က အန်တို့ကို ဝန်ခံသွားတာ၊ အန်တီက သူ့ကို သမီးလေးနဲ့ ရည်မှန်းထားတာ၊ သူ့မိခင်နဲ့လည်း အန်တီ အဆင်ပြေနေပြီးမှကွယ်''

''အခု အန်တီက ဘာလုပ်မှာလဲ၊ ဒီကောင်ကိုက ခင်ပျိုကို ကြိုက်နေတယ်ဆိုတော့ ဘာလုပ်လို့ ရမှာလဲ''

''ရနိုင်တဲ့နည်းလမ်းတွေ ရှိတယ်နေရဲ၊ ခင်ပျိုကို သူ့လက်ထဲက မင်း ရအောင်ယူလိုက်ရင် ပြီးပြီပေါ့''

''တစ်သက်လုံးအတွက်ဆိုရင်တော့ ဘယ်လိုမှ မဖြစ်နိုင်ဘူးနော် အန်တီ၊ အန်တို့တူလေးကိုလည်း သနားပါဦး''

''မင်း ဒုက္ခရောက်အောင် အန်တီ မလုပ်ပါဘူး၊ အမိကက မျိုးရိုး နောက်ဆုတ်သွားဖို့ပဲ၊ အကျည်းတန်တာကို သူပြုပြင်လို့ ရတယ်ဆိုပြီး ရှေ့တိုးလာဦး၊ ပြန်ပြုပြင်လို့ မရတော့တဲ့အရာကို ဘယ်ယောကျ်ားက ခွင့်လွှတ်ပြီး မက်မောနိုင်ဦးမှာလဲ''

''အိုကေ၊ ကျွန်တော်သဘောပေါက်ပြီ အန်တီ''

''ဒါဆိုရင် မင်း ဒီတစ်ပတ်အတွင်းမှာ လုပ်စရာကိုလုပ်ပါ''

''တစ်ပတ်မလိုပါဘူး၊ မနက်ဖြန် ကျွန်တော် အိမ်ကိုလာခဲ့





မယ်လေ၊ အန်တို့ဘက်က ဘယ်လိုပြင်ဆင်ပေးထားမလဲ''

နေရဲစံစကားကြောင့် သူမ ကျေနပ်သွားခဲ့သည်။ နေရဲစံက ဘာမှ အားကိုးမရဘူးဆိုပေမယ့် ဒါမျိုးမှာတော့ သုံးလို့ရပါသည်။

ဆယ်တန်းကို တဖုတ်ဖုတ်ကျကာ ပေတေနေသော နေရဲစံကို မိဘတွေနှစ်ပါးလုံးက လက်မြှောက်ထားကြသည်။ အဒေါ်ဝမ်းကွဲတော်သော သူမဆီကိုလည်း မကြာခဏ ရောက်လာတတ်သည်။

ရောက်လာတိုင်း သူ့မှာလိုအပ်ချက်တွေနှင့်ပဲဖြစ်ကာ ငွေကို မရ,ရအောင် တောင်းတတ်သည်။ အခုလည်း –

''ဒီကိစ္စ အဆင်ပြေသွားရင် အန်တီ ကျွန်တော့်ကို ဘယ်လောက်ပေးမှာလဲ ပြောဦးလေ''

''မင်းကို မုန့်ဖိုးနှစ်သိန်းပေးမယ်''

''ဘာ နည်းလိုက်တာ၊ ကျွန်တော်က ဗီလိန်အဖြစ် သရုပ်ဆောင်ရမှာလေ၊ ဒီလောက်နဲ့တော့ မရဘူး''

''ကဲ သုံးသိန်းပေးမယ် နေရဲ''

''ငါးသိန်းတော့ပေးဗျာ''

''ဟင် နင်ကလည်း လောဘကြီးလိုက်တာ၊ နင်လာတိုင်း လက်ဖြန့်တောင်းနေတာကိုတောင် ငါအမြဲပေးနေခဲ့တာနော်''

''သိပါတယ် အန်တီရဲ့၊ ဒီတူလေးပဲရှိတာကို၊ အခု ကျွန်တော်တောင်းတာက ခရီးသွားစရာကိစ္စလေး ရှိလို့ပါ''

ဒီကိစ္စကြီးကို နေရဲစံကို မဖြစ်မနေလိုအပ်နေတာ သိထား



www.burmeseclassic.com

www.burmeseclassic.com



တော့လည်း နေရဲစံက တောင်းဆိုနေသည်။ သူမဘက်ကလည်း ငြင်းပယ်မရတာမို့ မသဒ္ဓါပေမယ့်လည်း –

“ကဲ တော်တော့၊ နင့်လိုအပ်ချက်တွေချည်းပဲ၊ ငါပေးမယ်၊ မနက်ဖြန် တကယ်ကိစ္စပြတ်မယ်ဆိုရင် နင် အိမ်ကိုလာခဲ့”

“ကြည့်လည်းလုပ်ဦးနော် အန်တီ၊ ကျွန်တော် ထောင်ထဲ ရောက်အောင်တော့ မလုပ်ပါနဲ့”

“ငါက လုပ်မလား နေရဲရယ်၊ စိတ်ချ၊ နင့်ဘက်က ပိပိပြင်ပြင် လုပ်ပါ၊ ကျန်တဲ့ကိစ္စတွေ ငါရှင်းမယ်၊ ဟုတ်ပြီလား”

နေရဲစံ ခေါင်းညိတ်သည်။ ဒေါ်ခင်မိုးမြင့် ကျေနပ်စွာပြုံးလိုက်သည်။ ငွေငါးသိန်းဆိုတာ ဘာမှအရေးမဟုတ်ပါ။ သမီးနဲ့မျိုးရဲ့အတွက် အခြေအနေကောင်းတစ်ခုကို ရလာနိုင်သည်။

နောက်ဆုံး သမီးတို့ကိစ္စ ဖြစ်မလာသည်ပဲထားဦး။ မျိုးရဲနဲ့ ခင်ပျို့တို့ကိစ္စကြီး ပြီးဆုံးသွားရင်ပဲ တန်နေပြီ။

ခင်ပျိုမေဆိုသည့် ဖိန်းမအခြေအနေက သူမထက်မြင့်မား သွားသည့် အခြေအနေကိုတော့ သူမ ဘယ်လိုမှ လက်မခံ၊ မနှစ်မြို့ နိုင်ပါ။

✿ ✿ ✿



## အခန်း ( ၂၁ )

“ဟင် သမီး၊ ဒီနေ့ ကျောင်းမသွားဘူးလား”

“မသွားဘူးလေ မာမိရဲ့၊ ဒီနေ့ ခွင့်ယူထားတာ၊ အိမ်မှာပဲ တကျက်မလို့လေ”

သမီးစကားကြောင့် သူမ ခေါင်းပူသွားရသည်။ နေရဲစံ ရောက်လာလျှင် အစီအစဉ်တွေ လွဲချော်သွားမှာ စိုးရသည်။ ဒီနေ့ကျမှ သမီးက ကျောင်းမသွားဘူးဆိုတော့ ခက်နေပြီ။

နေရဲစံရောက်လာလျှင် ဒေါ်စိန်နှင့်ဒရိုင်ဘာဦးအောင်ကို သူမ အပြင်ခေါ်ထုတ်သွားဖို့ ဆုံးဖြတ်ထားသည်။ အိမ်မှာ ခင်ပျို့နှင့်နေရဲစံတို့ပဲ ရှိစေချင်တာ ဖြစ်သည်။

သမီးက ကျောင်းသွားမည်မို့ သမီးအတွက် ဘာမှပူစရာ မလိုဟု တွေးထားခဲ့တာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မာမီရော ဒီနေ့ ဘယ်သွားဦးမှာလဲ"

"ဟို အဲ မာမီ၊ ဝယ်စရာလေးတွေရှိလို့ သွားရမယ်သမီး။ ဒေါ်စိန်ကိုတော့် ခေါ်သွားမလို့လေ"

"ဒါဆိုလည်း သွားလေ၊ အိမ်မှာ သမီးနဲ့ခင်ပျို ကျန်ခဲ့မှာပဲ"

ဘာမှမသိသော သမီးက ကော်ဖီပိုင်းကထကာ ထွက်သွားသည်။ သူမ စိတ်တွေ ညစ်သွားမိသည်။

ထိုအခိုက်မှာပဲ အိမ်ရှေ့က ကားဟွန်းသံကို ကြားသည်။ နေရဲစံ ရောက်လာပြီထင်သည်။ သောက်လက်စကော်ဖီကိုတော် ဆက်မသောက်နိုင်တော့ဘဲ သူမ ကသောကမျော ထွက်ခဲ့၏။

ထင်သည့်အတိုင်းပါပဲ။ နေရဲစံက တက္ကစီနှင့် ဆင်ဝင်အောက် အထိ ရောက်နေပြီ။

"အန်တီ ငွေငါးထောင်လောက်ပေးစမ်းပါ၊ ဒီမှာ အိပ်ရာထ နောက်ကျနေလို့ တက္ကစီငှားပြီး လာခဲ့ရတာ"

စလာကတည်းက နေရဲစံ အခွင့်အရေးတွေယူနေပြီ ဖြစ်သည်။ အိမ်ခန်းထဲပြန်ဝင်ကာ ပိုက်ဆံအိတ်ကို သွားယူလိုက်ရ၏။

"နေရဲစံလား မာမီ၊ ဘာလာဒုက္ခပေးတာလဲ"

"တက္ကစီခ ပေးစရာလိုလို့တဲ့ သမီးရဲ့"

"အံမယ် ဒီကောင်က တက္ကစီခတွေတောင်းရအောင် ဘာ ကောင်မို့လဲ၊ မာမီနော်၊ အဲဒီကောင်ကို အလျှော့မပေးစမ်းပါနဲ့၊ ခဏ ခဏ လာဒုက္ခပေးနေတာ လွန်နေပြီ"





"သမီးကလည်းကွယ်၊ သူ့မိဘတွေမျက်နှာရှိလို့ မာမီ ဆက် ဆံနေတာပါ"

သမီး မကျေမနပ်မျက်နှာနှင့် စာအုပ်တွေပွေ့ပိုက်ကာ သူမ အခန်းဆီ ဝင်သွားသည်။ နေရဲစံက အလိုက်ကမ်းဆိုးမသိ နှုတ်ဆက် နေသေး၏။

"ကဋ္ဌနာ ကျောင်းမတက်ဘူးလား"

"အဲဒါ နှင့်ကိစ္စမှ မဟုတ်တာ"

"ဟ အလကား ဒေါသတွေ ထွက်နေပါလား"

တက္ကစီခကို လှမ်းပေးပြီး နေရဲစံကို လက်တို့ကာ ဧည့်ခန်းထဲ ကို ခေါ်ခဲ့ရ၏။

"ဒီနေ့ကျမှ သမီးက ကျောင်းမသွားဘူး နေရဲရေ"

"ဟင် အန်တီကလည်း အသေအချာ စီစဉ်ပြီးမှပျာ"

"အေးလေ ငါကလည်း သူကျောင်းတက်ရက်ဆိုတော့ သွား မယ်ထင်တာကိုး။ ကော်ဖီပိုင်းကျမှ သိတယ်၊ အစီအစဉ်တွေ စီစဉ်ပြီးခါ မှ"

"အားလုံးစီစဉ်ပြီးပြီပဲဗျာ၊ အန်တီကိုယ်တိုင် ကဋ္ဌနာကိုပါ ခေါ်သွားလိုက်၊ ဒီကကိစ္စ ကျွန်တော့်တာဝန်ထား"

နေရဲစံကိုယ်တိုင်က စိတ်ပါတက်ကြွနေတုန်းမှာ အစီအစဉ် တွေကို ပြီးမြောက်အောင်မြင်စေချင်သည်။ နောက်ထပ်လွဲချော်တာမျိုး မဖြစ်စေချင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"အေး အေး၊ မင်း ခြံထဲမှာ ခဏဆင်းနေလိုက် နေရဲ၊ သမီးကိုပါ အန်တီတို့နဲ့ခေါ်သွားနိုင်အောင် စီစဉ်မယ်"

နေရဲစံခေါင်းညိတ်ကာ ခြံထဲဆင်းသွားတော့မှ သူမ သမီး အခန်းဆီ ထွက်ခဲ့သည်။

အခန်းထဲက စားပွဲမှာ သမီး စာကျက်နေ၏။ သူမ,ဝင်လာတာ မြင်တော့ ခေါင်းမော့ကြည့်ရင်း –

"ဘာကိစ္စလဲ မာမီ"

"သမီးကို အကူအညီတောင်းစရာရှိလို့ မာမီနဲ့ ခဏလောက် လိုက်ခဲ့စမ်းပါ"

"ဟင် ဘယ်ကိုလိုက်ခဲ့ရမှာလဲ မာမီ"

"ပလာဇာကိုလေ၊ ဒီတစ်မနက်ပါပဲ၊ သမီးလိုချင်တာလေး လည်း ဝယ်ခြမ်းရတာပေါ့"

"သမီး ဘာမှမဝယ်ချင်ဘူးမာမီ၊ ဒီနေ့ စာကျက်မလို့ စာမေးပွဲ လည်း နီးနေပြီလေ"

"လိုက်ခဲ့ပါ သမီးရယ်၊ မာမီတစ်ယောက်တည်း ဖြစ်နေလို့ပါ"

"ဒေါ်စိန်ပါမှာဆို"

"သူက ဘာအားကိုးရမှာလဲ၊ သမီးလိုက်ခဲ့ပါနော် မနက်ပိုင်း လေးပဲကွယ်၊ နော်သမီး"

"ခင်ပျို့ကို ခေါ်သွားပါလား မာမီရယ်"





"အောင်မယ်လေး သမီးရယ်၊ ပလာဇာထဲ ဘယ်တုန်းက လိုက်ဝင်ဖူးလို့လဲ၊ မဖြစ်ပါဘူးကွယ်၊ သူက ချက်ပြုတ်ဖို့ နေခဲ့ရဦးမှာ လေ"

သူမ ဖွတ်အတင်းခေါ်နေတော့ သမီး စာအုပ်တွေကို ပြန်ပိတ် သိမ်းဆည်းရင်း ထရပ်သည်။

"သမီး အမြန်ဆုံးပြင်လိုက်နော်၊ မာမီတို့ ဧည့်ခန်းက စောင့် မယ်၊ ဟုတ်လား"

သမီးပခုံးလေးကို ချော့မော့သလို ပုတ်ပြောရင်း သူမ ထွက်ခဲ့ သည်။ အဝတ်အစားတွေ ကပျာကသီလဲပြီး မီးဖိုထဲလှမ်းခဲ့၏။

"ဒေါ်စိန် သွားကြမယ်လေ"

"ဟုတ်ကဲ့"

"ခင်ပျို အိမ်မှာပဲနေနော်၊ ဪ နေရဲစံရောက်နေတယ်၊ မှ ထမင်းစားပြီးမှ ပြန်မယ်တဲ့၊ ခူးခပ်ကျွေးလိုက်ဦးနော်"

"ဟုတ်ကဲ့ အန်တီမြင့်"

ဧည့်ခန်းထဲရောက်တော့ သမီးလေး ပြင်ဆင်ပြီး ထွက်လာ သည်။ အရင်လို အချိန်အကြာကြီး မပြင်ဆင်တာကြည့်ကာ သမီး ...က်မပါမှန်း သူမ နားလည်သဘောပေါက်မိသည်။

"နေရဲစံရော မာမီ"

"ရှိတယ်သမီး၊ ခြံထဲမှာ ထိုင်နေတယ်၊ ဘာဖြစ်လို့လဲ"

"သူက မပြန်သေးဘူးလား၊ အိမ်မှာ ဘယ်သူမှမရှိတာ"



www.burmeseclassic.com

www.burmeseclassic.com



''ခင်ပျို့လေးကို မှာခဲ့တယ်သမီး၊ သူ့ ခဏနေရင် ပြန်မှာပါ၊ ကဲ လာပါ၊ မာမီ့ကိစ္စတွေ နောက်ကျနေပြီ''

သူမ,ပြောရင်း ကားတံခါးဖွင့် လှမ်းတက်တော့ သမီးနှင့် ဒေါ်စိန် နောက်ခန်းမှာဝင်ထိုင်ကြသည်။

ဒရိုင်ဘာဦးလေးအောင် ကားလေးကို ခမောင်းထွက်ခဲ့တော့ နေရဲစံက ခြံထဲမှာ လမ်းလျှောက်ရင်း ကျန်ရစ်ခဲ့၏။ သမီးကို လှမ်းကြည့်တော့ နေရဲစံကို အလိုမကျသော မျက်ဝန်းတွေနှင့် ကြည့်နေတာ တွေ့၏။

သူမ မသိကျိုးကျွန်ပြုရင်း ငြိမ်နေလိုက်သည်။

သူမအစီအစဉ်တွေ ချောမောသွားဖို့ပဲ လိုအပ်သည်။

✿

ကဥ္စနာရင်ထဲမှာ စိတ်တိုင်းမကျတာတော့ အမှန်ပဲဖြစ်သည်။ အိမ်မှာ နေရဲစံကျန်ခဲ့တာကို ဘဝင်မကျပါ။

မာမီကိုယ်တိုင်က နေရဲစံ နေရစ်ခဲ့တာကို ဘာကြောင့် စိတ်ချ ထားခဲ့သည်လဲ။ နေရဲစံရဲ့ စိတ်ဓာတ်နှင့် အကျင့်စရိုက်ကို မာမီလည်း သိထားသည်။

အိမ်ကလစ်ရင် လစ်သလို ခိုးဝှက်ယူသွားတတ်တာ သိလျက်





ခင်ပျို့ရှိသည်ဆိုကာ ထားခဲ့တာ မဖြစ်သင့်ပါ။ နေရဲစံကို ခင်ပျို့မှ ...တာမဟုတ်တာ။

“မာမီ နေရဲစံကျန်ခဲ့တာ ဖြစ်ပါ့မလား၊ တော်ကြာ သမီး ...ခန်းထဲ မွှေနှောက်နေရင် အခက်နော်''

“မစိုးရိမ်ပါနဲ့သမီးရယ်၊ ခင်ပျို့ကို မာမီ မှာခဲ့ပြီးပါပြီ၊ နေရဲ ...ဒီလောက်အထိ မလုပ်ရဲပါဘူး''

အရင်ကဆို နေရဲစံကို မယုံကြည်သူတွေထဲမှာ မာမီကိုယ်တိုင် ...၏။ သူမကိုယ်တိုင် သတိပေးတတ်သူက အခုမှ ယုံကြည်ထားခဲ့တာ ...ဦးစားစရာကောင်းနေ၏။

တွေးရင်း ကဥ္စနာစိတ်ထဲမှာ သံသယတွေဝင်လာ၏။ ကား ...ခန်းထဲမှာ တိတ်ဆိတ်စွာထိုင်နေသော မာမီရဲ့မျက်နှာကိုလည်း ...ကဲခတ်ကြည့်မိသည်။

ထိုင်ခုံမှာ ကျောမှီကာ ထိုင်နေပေမယ့် မာမီမျက်ဝန်းတွေက ...ည်ငြိမ်မှုကင်းမဲ့နေသလိုပါပဲ။

ပလာဇာရှေ့ကို ကားတိုးရပ်တော့ မာမီ ကားတံခါးဖွင့်ဆင်း ...င်း သူမကို ခေါ်သည်။

“လာလေသမီး။ ဒေါ်စိန်တို့ ကားထဲကပဲစောင့်နေနော်၊ လာ ...မီး မာမီနဲ့လိုက်ခဲ့''

မာမီခေါ်နေ၍သာ လိုက်ခဲ့ရသည်။ ကဥ္စနာ့စိတ်ထဲမှာ ဘာမှ ...ရှိမရှိခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"သမီး ဘာဝယ်ချင်လဲ၊ ဝယ်ချင်တာဝယ်နော်"

"ဟင့်အင်း၊ သမီး ဘာမှ မလိုချင်ပါဘူး။ မာမီဝယ်စရာရှိတာဝယ်လေ"

တကယ်တမ်းကျ မာမီကိုယ်တိုင်လည်း ဘာဝယ်မည်ဆိုသည့် ရည်ရွယ်ချက် မရှိတာ သိသာနေသည်။ ပလာဇာထဲမှာ ဟိုလျှောက်ကြည့် သည်လျှောက်ကြည့်နှင့် တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် အချိန်ဖြုန်းနေသလို ရှိနေ၏။

"မာမီ ခဏလေးနော်"

"ဘယ်သွားမလို့လဲ သမီး"

"ဘယ်မှမသွားဘူး၊ သမီးသူငယ်ချင်းဆီ ဖုန်းဆက်စရာလေးရှိလို့"

ဆိုင်ထဲမှာ မာမီ့ကို ချန်ထားရစ်ခဲ့ကာ လူရှင်းသေးသောနေရာလေးကို ကဋ္ဌနာထွက်ခဲ့သည်။ ပြီးတော့ ဟန်းဖုန်းလေးထုတ်ကာ နံပါတ်လေးကို နှိပ်လိုက်သည်။

ဖုန်းက ဝင်သွားပေမယ့် ကိုင်မည့်သူမရှိ၊ ကဋ္ဌနာ စိတ်ရှည်စွာ ထပ်ခေါ်လိုက်မှပဲ လာကိုင်သည်။

"ဟဲလို"

ထင်သည့်အတိုင်း နေရဲစံရဲ့အသံကို ကြားသည်။ ခြံထဲမှာနေခဲ့သူက အိမ်ထဲကိုရောက်နေ၏။

"နေရဲစံ နင်ဘာလုပ်နေတာလဲ"





"ဘယ်သူလဲ၊ ကဋ္ဌနာလား"

"ဟုတ်တယ်၊ နင် အခု အိမ်ထဲမှာလား၊ နင် ဘာလုပ်နေတာလဲ"

"ဘာမှမလုပ်ဘူး၊ ငါလုပ်စရာရှိတာကိုပဲ လုပ်မှာပါ၊ နင်က ဘာလို့ ဖုန်းဆက်မေးနေတာလဲ"

"မာမီမေးခိုင်းလို့ မေးတာ၊ ခင်ပျိုရော"

"ရှိတယ်၊ အန်တီကိုပြောလိုက် ကဋ္ဌနာ၊ ဘာမှမပူနဲ့လို့ ငါလုပ်စရာအလုပ်ကို ငါတာဝန်ယူတယ်၊ နင့်ဖုန်းသံနဲ့ မနှောင့်ယှက်နဲ့တော့ ဒါပဲ"

ပြောပြီး နေရဲစံ ဖုန်းချသွားသည်။ ကဋ္ဌနာ နားမလည်နိုင်သလို ဖြစ်နေ၏။ နေရဲစံစကားတွေက ဘာလဲ။

တွေးရင်း ကဋ္ဌနာအာရုံထဲမှာ မာမီ့မျက်နှာကို မြင်ယောင်လာသည်။ ပြီးတော့ မာမီပြောခဲ့သောစကားတွေကို ပြန်ကြားလာမိပြန်၏။

"ရှင်းရှင်းပြောမယ် သမီး၊ ခင်ပျိုနဲ့မျိုးရိုးကိစ္စကို မာမီ လက်မခံဘူး၊ ဘယ်တော့မှလည်း ဖြစ်မလာစေရဘူး"

မျိုးရိုးနှင့်မာမီ အချေအတင် ဆွေးနွေးဖြစ်သည့်နေ့က မာမီကြိမ်းဝါးခဲ့သောစကားတွေကို ကဋ္ဌနာ ပြန်ကြားယောင်လာ၏။ ခင်ပျိုနှင့် မျိုးရိုးကိစ္စကို မာမီ လုံးဝမကျေနပ်တာ သေချာ၏။

အခုလည်း ခင်ပျိုပဲရှိသောအိမ်မှာ နေရဲစံရောက်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



ဘုရား ဘုရား ဒါ မာမိရဲ့ အစီအမံတွေလား။

တွေးမိကာ ကဋ္ဌနာ ထိတ်လန့်သွားမိသည်။ သူမနှင့် ဘာမှ မသက်ဆိုင်သော ကိစ္စပေမယ့် မာမို့ရည်ရွယ်ချက်တွေကို နားလည် လိုက်၏။ ခင်ပျို ဒုက္ခရောက်အောင် မာမီလုပ်မည်။ ပြီးတော့ -

မျိုးရိုးနှင့်သူမကို မာမိရည်ရွယ်ထားပြန်ပြီလား။ ဟင့်အင်း ဒါတော့ ခင်ပျိုလက်မခံပါ။

ကဋ္ဌနာ ဦးနှောက်ထဲမှာ မှတ်မိနေသော ဖုန်းနံပါတ်လေးတွေ ကို ဖိနှိပ်လိုက်ပါသည်။

ဖုန်းဝင်သွားသည့် ခေါ်သံရှည်လေးကို ကြားသည်။ မာမီက တော့ ကဋ္ဌနာရဲ့လုပ်ရပ်တွေကို သိမှာမဟုတ်။ ခွင့်လွှတ်ပါ မာမီရယ်။

မာမီဖြစ်ချင်နေတဲ့ ဆန္ဒတွေကို သိပ်ကို အတ္တဆန်လွန်းနေ တယ်။

✿

သူ့စိတ်တွေ လှုပ်ရှားလွန်းနေသည်။ ခင်ပျိုအတွက် စိုးရိမ် စိတ်တွေနှင့် ရင်ထဲမှာ ပူလောင်လွန်းနေသည်။ ကားစက်ရှိန်ကို အမြန် ဆုံး မောင်းခဲ့ပေမယ့် အရှိန်က နည်းလွန်းသည်ထင်နေ၏။

ဖုန်းထဲမှာ ကြားခဲ့ရသော ကဋ္ဌနာစကားသံတွေကို ပြန်ကြား





ယောင်လို့ နေမိဆဲပါပဲ။

"အိမ်ကို အမြန်ဆုံး သွားလိုက်ပါ မျိုးရိုး၊ ခင်ပျိုတစ်ခုခုဖြစ်မှာ ကို အရမ်းစိုးရိမ်နေတယ်၊ အမြန်ဆုံးသွားပါ၊ နေခြဲစံဆိုတဲ့ တို့ရဲ့မောင် ဝမ်းကွဲတစ်ယောက်နဲ့ ခင်ပျိုပဲရှိနေတာ"

သတိပေးစကားတွေဆိုကာ ကဋ္ဌနာ ဖုန်းချသွားသည်နှင့် သူ ထွက်ခဲ့တာဖြစ်သည်။ ခင်ပျိုအတွက် ကဋ္ဌနာစိုးရိမ်တာထက် အဆပေါင်းများစွာ သူ့ရင်မှာ ပူပန်နေတာ အမှန်။

ခြံတံခါးကြီးက ပိတ်ထားတာမို့ ကားကို ခြံတံခါးကို ပိတ်ကာ ပ ရပ်ပြီး သူဆင်းခဲ့သည်။ ခြံတံခါးက သော့ပိတ်မထားတာမို့ တော် သေးသည်။ ဘာမှ စဉ်းစားမနေတော့ဘဲ ပြေးဝင်လာခဲ့၏။

ဧည့်ခန်းတံခါးက ဟင်းလင်းပွင့်နေပြီး ဧည့်ခန်းထဲမှာလည်း တိတ်ဆိတ်နေသည်။

"နေရဲစံ နင် နင် မယုတ်မာနဲ့"

ခင်ပျို့အော်သံလေးကို အနောက်ဘက်အခန်းတစ်ခုဆီက ကြားလိုက်ရတော့ သူ ပြေးဝင်ခဲ့သည်။ မီးဖိုခန်းနှင့်ကပ်လျက် အခန်း တံခါးက ပွင့်လျက်သား။

"အော်မနေနဲ့ ခင်ပျို၊ နင့်ကို ကြင်နာလွန်းလို့ မထင်နဲ့၊ အဟွန်း လိုအပ်ချက်တစ်ခုအတွက် မျက်စိမှိတ်ပြီး တဒင်္ဂလေးပဲချစ်မှာ"

"နေရဲစံ၊ နင် ဒီလိုမယုတ်မာနဲ့ ငါ ငါ တောင်းပန်ပါတယ်"

ခင်ပျိုရဲ့ တောင်းပန်သံလေးက တုန်ယင်နေသည်။ နေရဲစံရဲ့



www.burmeseclassic.com

www.burmeseclassic.com



သည့် ကောင်က သူ့ကို ကျောပေးလျက်သား။

"ဟော့ကောင် လူယုတ်မာ"

"ဟင်"

"မျိုး မျိုးရိုး"

ဘာမှ ပြန်ဆင်ခုခံခွင့်မရလိုက်ပါဘဲ သူ့ရဲ့လက်သီးချက်တွေကို နေရဲစံ ခေါင်းကြီးငုံ့ခံယူလိုက်ရ၏။

ဒေါသတွေနှင့် ဆူဝေနေသော သူ့မျက်ဝန်းထဲမှာ ဘာမှမမြ... နေရဲစံရဲ့ခန္ဓာကိုယ်အနှံ့ ထိုးကြိတ်ပစ်နေမိတာ လက်တွေတော... နာကျင်လာတဲ့အထိ။

"မျိုး မျိုးရိုး တော်တော့ တော်ပါတော့"

ခင်ပျို့ ခုတင်လေးပေါ်က ပြေးဆင်းကာ သူ့ကိုဆွဲမှပဲ သတိဝင်လာ၏။ ကြမ်းပြင်ပေါ်ကို နေရဲစံ ပြိုလဲကျသွားသည်။ ဖူးရောင်နေသော မျက်နှာမှာ သွေးတွေရွှဲနေ၏။

"ခင်ပျို့ မင်းကို သူဘာလုပ်သေးသလဲ ပြောစမ်း။ လူယုတ်မာကို ကိုယ်သတ်ပစ်မယ်"

"ဟင့်အင်း၊ မလုပ်ပါနဲ့ မျိုးရိုးရယ်၊ ခင်ပျို့ ဘာမှမဖြစ်ပါဘူး။ သူနဲ့ မျက်နှာချင်းမဆိုင်ချင်လို့ အခန်းထဲ ဝင်လှဲနေတုန်း ရောက်လာကာ"

"တောက် ယုတ်မာလိုက်တာကွာ"

"ဒေါသတွေထိန်းပါ မျိုးရိုးရယ်၊ အန်တီမြင့်တို့ရောက်လာ





ရင် ခင်ပျို့ပြောပြမှာပါ"

"ခင်ပျို့ ဒေါ်ခင်မိုးမြင့်ကို မင်းယုံနေသလား၊ ဒီကိစ္စက သူ့ရဲ့အကြံအစည်တွေကွ"

"ဟင်"

ခင်ပျို့မျက်နက်ဝန်းလေးတွေ ဝိုင်းစက်ကာ တအံ့တဩကြည့်နေသည်။ တကယ့်ကို ဖြူစင်လွန်းသောခင်ပျို့မျက်ဝန်းလေးတွေထဲ သူ စူးစူးနစ်နစ်ကြည့်ရင်း –

"ခင်ပျို့၊ မင်း ဒီမှာဆက်မနေနဲ့တော့၊ မင်း ဒုက္ခရောက်မှာသေချာတယ်"

"ဟင်"

"ကိုယ်ပြောတာယုံ ခင်ပျို့၊ အခုတောင် ကိုယ် အချိန်မီသိလိုက်လို့ မင်းကံကောင်းတာ"

"ဟို ခင် ခင်ပျို့က"

"ကိုယ့်ကို အကြွင်းမဲ့ယုံပါ ခင်ပျို့၊ မင်းကို ကိုယ်အများကြီးကူညီပေးနိုင်တယ်ကွာ၊ လာ အခုလိုက်ခဲ့"

"ဟို ဟိုလေ"

"ဘာမှ မငြင်းနဲ့တော့ ခင်ပျို့၊ မင်းမလိုက်ဘူးငြင်းနေရင်လည်း ကိုယ်က ဇွတ်ခေါ်သွားရမှာပဲ၊ အန္တရာယ်တွေနဲ့ ပြည့်နှက်နေတဲ့နေရာမှာ မင်းကို ကိုယ် လုံးဝမထားခဲ့နိုင်ဘူး"

"မ မဟုတ်သေးဘူး မျိုးရိုး၊ ခင်ပျို့ကြောင့် ရှင် ဘာမှ...



www.burmeseclassic.com

www.burmeseclassic.com



တွေ မပိပါနဲ့''

''မင်းနဲ့ပတ်သက်သမျှ ဘာကိုမဆို လက်ခံဖို့ ကိုယ်ဆုံးဖြတ်ထားပြီးပြီ ခင်ပျို၊ လာကွာ ခုချက်ချင်းလိုက်ခဲ့''

သူ ဖွတ်ဆွဲခေါ်နေတော့ ခင်ပျို မျက်တောင်ရှည်ကြီးတွေ ပုတ်ခတ်ပြီး ခေါင်းလေးကိုပဲ ခါယမ်းလို့နေသည်။

''ခင်ပျို ကိုယ်ကိုယုံပါ၊ မင်းကို ကိုယ် ဒုက္ခရောက်အောင် ဆွဲမခေါ်ဘူး၊ ဒုက္ခတွေထဲက ခေါ်ထုတ်မှာ၊ အခုတောင် ကဠုနာ ဖုန်းဆက်ကာယ်တင်နိုင်းတာ''

''ကဠုနာ ဟုတ်လား''

''သေချာတာပေါ့၊ အနိုတိမြင့်က မင်းအပေါ် မကောင်းကြံ ပေမယ့် ကဠုနာက မင်းကို စာနာမှုရှိမှန်း အခုမှ ကိုယ်သိလိုက်ရတာ၊ ကဲ လာကွာ''

ခင်ပျို သူဆွဲခေါ်ရာကို အူတူတူလေး လိုက်ပါလာသည်။ ခြံဝမှာရပ်ထားခဲ့သော ကားလေးဆီရောက်တော့ ခင်ပျို အိမ်ကြီးထဲ ပြန်ငေးကြည့်နေသေး၏။

''ဘာမှ သံယောဇဉ်တွယ်မနေနဲ့တော့ ခင်ပျို၊ မင်းအပေါ် ဘာတစ်ခုမှ မကောင်းတဲ့ အရိပ်ကြီးကို စွန့်ပစ်လိုက်တော့''

ခင်ပျိုကို ကားတံခါးဖွင့်တက်နိုင်းပြီး သူ ကားလေးကို မောင်း ထွက်ခဲ့သည်။

ဆူဝေနေသော ဒေါသတွေကို ပြေအောင်ထိန်းရင်း ခင်ပျိုကို





သူ လှည့်ကြည့်သည်။

သူ့လုပ်ရပ်က သိပ်ကို တစ်ဖွတ်ဝိုးဆန်လွန်းနေသည်လား။

ဘာပဲဖြစ်ဖြစ် ဖြစ်သမျှကို အကောင်းဆုံး ရင်ဆိုင်ဖို့ သူ ဆုံးဖြတ်ပြီးခဲ့ပြီ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၂ )

"ဘယ်လို မျိုးရိုး၊ မင်း အဲဒီလောက်အထိတောင် ထင်တိုင်၊ ကြံပစ်လိုက်ပြီလား"

ဂျေမီ အထိတ်တလန့် မေးသည်။ ဝေယံကလည်း မယုံနိုင် သလို ကြည့်နေ၏။

သူကတော့ နောင်တရစရာ အကြောင်းမရှိသည့်ကိစ္စအ တွက် ဘာမှ တွေးမနေချင်တော့။

"ငါ ထင်ရာစိုင်းပစ်လိုက်တာ မဟုတ်ဘူး ဂျေမီ၊ ဒေါ်ခင်မိုး မြင့်နဲ့ တွေ့ပြီးကတည်းက ဖြစ်လာသမျှကို ရင်ဆိုင်ဖို့ ဆုံးဖြတ်ထားခဲ့ တာ"

"ဒါဆို အခု ခင်ပျိုကို မင်း ဘယ်မှာထားခဲ့သလဲ မျိုးရိုး"

"တည်းခိုခန်းတစ်ခုမှာ ထားခဲ့တယ်၊ ဘာဆက်စီစဉ်ရမလဲ





ဆိုတာကိုလည်း ငါတွေးထားတယ်"

"နေဦး မျိုးရိုး၊ မင်းနဲ့ခင်ပျို လက်မှတ်ထိုးလိုက်ပြီလား"

ဝေယံ့စကားကြောင့် သူ တွေသွား၏။ တကယ်ဆို ခင်ပျိုကို သူခေါ်လာခဲ့တာပဲ ဖြစ်သည်။ ချစ်စကားတစ်ခွန်းတောင်မှ မပြောခဲ့ရဖူး သေးပါ။

"ဟင့်အင်း၊ အမှန်ပြောရရင် ငါနဲ့ခင်ပျိုက သူငယ်ချင်း မိတ်ဆွေတွေသဘောပဲ ရှိသေးတာ၊ ခင်ပျိုကိုတောင် ငါ ချစ်စကား မပြောဖူးသေးဘူး"

"ဟာ မင်းတို့ဟာက မဟုတ်သေးဘူး၊ ကဥ္စနာကိုတော့ မင်းက ပြောတယ်၊ ခင်ပျိုကိုတော့ မပြောရသေးဘူးဆိုတော့"

"ငါ ပြောခွင့်ကို မရသေးတာ၊ ဒေါ်ခင်မိုးမြင့်နဲ့ တွေ့ပြီးက တည်းက ခင်ပျိုကို ထပ်တွေ့ခွင့် မရသေးတာ၊ ကဥ္စနာကိုတော့ ကျေးဇူးတင်ရမယ်၊ သူ မပြောရင် ခင်ပျို့ဘဝလေး နစ်မွန်းပြီ"

"အင်း ကဥ္စနာက မင်းနဲ့ခင်ပျို ဒီလိုအခြေအနေတွေ ဖြစ်စေ ချင်လို့ တမင်များ တွန်းပို့လိုက်တာလား"

ကဥ္စနာအပေါ်မှာ ခုချိန်ထိ အမြင်မကြည်သေးသော ဂျေမီက ပြောတော့ ဝေယံက လက်မခံနိုင်ဘဲ ငြင်းပြန်၏။

"မင်းကလည်း လူတစ်ယောက်ကို တစ်ဖက်သတ်အမြင်ကြီး နဲ့ပဲ ကြည့်နေတာကိုး၊ အခုကိစ္စမှာ ကဥ္စနာက ခင်ပျိုကို စာနာလို့ မျိုးရိုးကို အသိပေးလာတာလည်း ဖြစ်နိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဝေယံပြောတာ မှန်တယ် ဂျေမီ၊ ကဋ္ဌနာကို ငါနားလည်ထားတယ်၊ ကဋ္ဌနာမှာ ချစ်သူရှိတယ်ကွ"

"ဟင် ဘယ်သူလဲ"

"ဒါတော့မသိဘူး၊ သူကိုယ်တိုင် ငါ့ကို ဖုန်းထဲမှာတုန်းက ဝန်ခံပြောပြခဲ့တာ၊ အခုကိစ္စမှာ သူက ခင်ပျို့ဘက်က စာနာပေးတာ သက်သက်ပါ၊ သူသာ ငါတို့အရေးကိစ္စမှာ မကြည်လင်ဘူးဆို ခင်ပျို့လက်ထဲက ဖုန်းကို တွေ့ပြီးကတည်းက သူ့အမေကို ပြောမှာပေါ့"

"အင်း မင်းပြောတာလည်း မှန်ပါတယ်၊ ဒါပေမဲ့ အခု မင်းတို့အခြေအနေက ရှုပ်ထွေးကုန်ပြီ၊ မင်းအမေသိရင် ဘယ်လိုလုပ်မလဲ"

"လောလောဆယ် မာမီတော့ မသိနိုင်ပါဘူး၊ အခု ငါ ခင်ပျို့အတွက်ပဲ ခေါင်းထဲမှာရှိတယ်၊ ဟိုကောင်က သူခံလိုက်ရတာကို ကျေနပ်မှာမဟုတ်သလို ဒေါ်ခင်မိုးမြင့်ကလည်း အစာကြေမှာ မဟုတ်ဘူးကွ"

သူစိုးရိမ်နေတာကို ပြောပြတော့ ဂျေမီရော ဝေယံပါ ခေါင်းညိတ်လက်ခံကြသည်။ ဂျေမီက –

"မင်း ဘယ်လိုစီစဉ်ထားသလဲ မျိုးရို၊ ခင်ပျို့က တည်းခိုခန်းမှာပဲ အမြဲနေလို့မဖြစ်ဘူးလေ"

"ငါသိတယ်၊ အခု ခင်ပျို့ကို မာမီ ဝယ်ထားတဲ့ခြံတွေထဲက တစ်ခြံမှာ ငါပို့ထားမယ်"





"မင်းမာမီသိသွားရင် ပြဿနာကြီးကုန်မှာပေါ့"

"မာမီပိုင်တဲ့ခြံတွေက အများကြီးပါကွာ၊ မာမီမသိအောင်ထားမှာပေါ့၊ ခင်ပျို့အတွက် အဆင်ပြေဖို့လိုတယ်၊ မင်းတို့လည်း ငါ့ကို ကူညီပေးကြကွာ"

ဂျေမီနှင့်ဝေယံ ခေါင်းညိတ်သည်။ သူ ပြဿနာကြုံလာပြီဆိုတော့လည်း ဒီနှစ်ကောင် ကူညီဖို့ ဝန်မလေးကြပါ။

ဂိုအပ်တာအားလုံးကို စီမံပေးကြသည်။ ခင်ပျို့ကို တကယ်တမ်း မြင်တွေ့သွားတော့ ဒီကောင်တွေ နားလည်သွားခဲ့ကြ၏။ မျက်နှာကဒဏ်ရာတွေနှင့် ခင်ပျို့ဘဝလေးကို သူတို့တွေ စာနာသွားခဲ့ကြသည်။

သူငယ်ချင်းတွေရှေ့မှာပဲ ခင်ပျို့နှင့် ကိစ္စကို သူဆွေးနွေးဖြစ်သည်။

"ခင်ပျို့၊ လောလောဆယ် ခင်ပျို့နေဖို့ နေရာတစ်ခု ကိုယ်စီစဉ်ထားတယ်၊ ဘာမှ ပူစရာမလိုဘူး၊ ဒေါ်ဘွားရုံဆိုတဲ့ မိန်းမကြီးရှိတယ်၊ သူ့ရဲ့မြေးမလေး ပုံ့ပုံ့လည်း ရှိတယ်၊ ခင်ပျို့နဲ့အတူ နေပေးလိမ့်မယ်"

"မျိုးရိုးရယ်၊ ခင်ပျို့ကြောင့် ဒုက္ခတွေမရောက်စေချင်ဘူး"

"ခင်ပျို့ ကိုယ်ပြောပြီးပြီပဲ၊ ခင်ပျို့နဲ့ပတ်သက်တဲ့ ဘယ်အရာကိုမဆို ကိုယ်ခံယူပိုင်ဆိုင်ရဲတယ်လို့"

"မျိုးရိုး စေတနာတွေကို ခင်ပျို့ နားလည်ပါတယ်၊ ဒါပေမဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့တွေ ဘာတွေ မပြောနဲ့တော့ကွာ၊ ခင်ပျိုအတွက် ကိုယ် အကောင်းဆုံးစီစဉ်ပေးတာလို့ ယုံတယ်ဆိုရင် ခေါင်းညိတ်လိုက်"

သူ့စကားတွေက အမိန့်သံဆန်နေကောင်း ဆန်နေပါလိမ့်မည်။ ဒါပေမဲ့ ခင်ပျိုက ခေါင်းကလေးညိတ်သည်။

"အိုကေ ခင်ပျို၊ ဒါဆို အခုပဲ အဲဒီကို သွားကြရအောင်နော်၊ ဟိုရောက်ရင် ဒေါ်ဘွားရုံတို့ မြေးအဘွားက ခင်ပျိုကို ဘယ်လိုကြိုဆိုကြမယ်ဆိုတာ ခင်ပျိုစောင့်ကြည့်"

သူ ရဲရဲတင်းတင်းပဲ ကတိပေးကာ ခင်ပျိုကိုခေါ်ခဲ့သည်။ ဂျေမီနှင့် ဝေယံပါ သူတို့နှင့် အတူလိုက်ခဲ့သည်။

ဆိတ်ငြိမ်ရပ်ကွက်ထဲမှာ တစ်ထပ်တိုက်ပုလေးကို ရောက်တော့ ခင်ပျို မျက်ဝန်းလေးတွ ပိုင်းစက်ပြီး သူ့ကိုကြည့်ရင်း မေးရှာ၏။

"ဒါ ဘယ်သူ့အိမ်လဲဟင် မျိုးရိုး"

"ကိုယ့်မာမီပိုင်ဆိုင်တဲ့ ခြံတွေထဲက တစ်အိမ်လေ"

ခင်ပျို တွန့်ခနဲဖြစ်ကာ အထိတ်တလန့်လေးဖြစ်သွားတော့ သူ ပေါ့ပေါ့ပါးပါး ရယ်မောပစ်လိုက်ရင်း -

"ခင်ပျို ဘာကိုစိုးရိမ်သွားတာလဲ၊ မစိုးရိမ်ပါနဲ့၊ မာမီပိုင်ဆိုင်တဲ့ ခြံတွေက ဆယ်ခုမကပါဘူး၊ ဒီခြံကို မာမီလည်း ရောက်ခဲ့တယ်၊ ပြီးတော့ ဒီခြံကို စောင့်နေပေးတဲ့ ဒေါ်ဘွားရုံတို့မြေးအဘွားက ကိုယ့်ကို သိပ်ခင်မင်တယ်၊ ဘာမှမပူနဲ့၊ ခင်ပျိုကို သူတို့ သိပ်ချစ်ကြမှာ"





သူ့စကားကို ခင်ပျို ခေါင်းကလေးညိတ်ပြသည်၊ ထိုအချိန်မှာပဲ ဆင်ဝင်အောက်ကို ရောက်လာသော သူတို့ကားလေးဆီကို ဧည့်ခန်းထဲက စောင့်နေသော ဒေါ်ဘွားရုံတို့ မြေးအဘွား အပြေးလေးရောက်လာ၏။

"ဆရာလေး၊ ဆရာလေးကို အဘွားတို့ မျှော်နေတာ"

"နည်းနည်းနောက်ကျသွားလို့ ဘွားရုံ၊ လာ ခင်ပျို"

သူတို့လေးယောက် ဧည့်ခန်းထဲက ဆိုဖာထိုင်ခုံကြီးတွေမှာ ထိုင်တော့ ဒေါ်ဘွားရုံတို့မြေးအဘွားက ကြမ်းပြင်မှာထိုင်ဖို့ ပြင်ကြတာမို့ -

"ဟာ ဘွားရုံ မဟုတ်တာ၊ လာ ဒီမှာပဲထိုင်ပါ၊ ပွံ့ပွံ့ ညီမလေးလည်း လာထိုင်နော်"

သူပြောမှ ဘွားရုံတို့ မြေးအဘွား ဆိုဖာထိုင်ခုံလေးတွေမှာ ခပ်ရှိန်ရှိန် ဝင်ထိုင်ကြသည်။

မျိုးရိုးက နှစ်လိုဖွယ်ရာ ပြုံးပြရင်း -

"ဘွားရုံ ဘွားရုံတို့မြေးအဘွားနဲ့အတူ သူ့ကိုပါ ခေါ်ထားပေးပါ၊ ခင်ပျိုမေတဲ့၊ ခင်ပျို ဒါဘွားရုံ၊ ဒါက ပွံ့ပွံ့တဲ့"

သူ မိတ်ဆက်ပေးတော့ ခင်ပျို ပြုံးပြုံးလေး ခေါင်းညိတ်သည်။ ဘွားရုံတို့ မြေးအဘွားကလည်း ခင်ပျိုကို နွေးထွေးစွာပြုံးပြရင်း

"သမီးလေးအတွက် ဆရာလေး စိတ်ချပါ၊ ဘွားရုံတို့ မြေးအဘွား ဂရုစိုက်ပေးမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ခင်မင်ပျူငှာသော ဘွားရုံတို့ မြေးအဘွားကို ခင်ပျို ခင်မ သွားပုံရသည်။

"ကဲ ခင်ပျို ဘွားရုံတို့နဲ့အတူ နေနော်၊ အခု လောလောဆယ် တော့ ခင်ပျို အသားကျမှာမဟုတ်သေးဘူး။ မကြာခင် ဘွားရုံတို့ ခင်ပျို ခင်မင်သွားမှာပါ"

ခင်ပျိုကို ထားရစ်ခဲ့ပြီး အပြန်လမ်းမှာတော့ ဂျေမီနှင့်ဝေယံ သူ့ကို ဝေဖန်စကားတွေ ဆိုကြတော့သည်။

"မင်းပုံစံက မိန်းမ,ခိုးလာတဲ့ကောင် ကျနေတာပဲ"

"ဟုတ်ပါ့ကွာ၊ ဒါပေမဲ့ ဒီကောင်က မိန်းမ,ခိုးလာတဲ့ လူ လို ဖြစ်နေပြီကွ၊ ဟား ဟား"

သူ ခပ်ပြုံးပြုံးလေးပဲ ငြိမ်သက်နေမိသည်။ တကယ်လည် သူ့အဖြစ်က ဒီကောင်တွေပြောစရာ ဖြစ်နေခဲ့ပြီ။ ခင်ပျိုနှင့် သူ ချစ်သူရည်းစားတွေဟု တရားဝင်လည်း သတ်မှတ်လို့မရတာ အမှ

တကယ်ဆိုလျှင် ခင်ပျိုကို သူမြတ်နိုးတာတွေ ပြောပြချင် မယ့် ဒီအချိန်မှာ အခွင့်အရေးယူသလို ဖြစ်မှာလည်း စိုးမိသည်။

"မျိုးရိုး ပြီးရင် မင်း ဘာဆက်လုပ်မှာလဲ"

"ဟုတ်တယ်၊ အဲဒါအရေးကြီးတယ်၊ ဒီလိုအခြေအနေကြီး အကြာကြီးဆက်နေသွားဖို့ သင့်တာမဟုတ်ဘူးနော်"

နှစ်ယောက်စလုံးက သူ့ကို ဝိုင်းမေးကြသည်။ ဒါပေ လက်ရှိ အချိန်မှာ သူ ဘာမှမပြောနိုင်သေးတာ အမှန်။





"ဒီကိစ္စကို ကဋ္ဌနာတို့ဘက်က ဘယ်လိုတုံ့ပြန်လာမလဲဆိုတာ စောင့်ကြည့်ရမယ်၊ ပြီးရင် မင်းအမေရဲ့ တုံ့ပြန်မှုကလည်း အရေးပါ တယ်"

"ဟုတ်တယ် မျိုးရိုး၊ အန်တီက မင်းကျောင်းမပြီးသေးဘဲ ယောင်ယောင်ရှယ်ရှယ်နဲ့ အိမ်ထောင်ကျသွားမှာကို လက်ခံမယ် မထင်ဘူး"

ဂျေမီနှင့်ဝေယံတို့ ပြောကြတာကို သူလက်ခံပါသည်။ ဒီ အခြေအနေကိစ္စတွေကို မာမီ ဘယ်လိုနည်းနဲ့မှ လက်မခံနိုင်တာကို သူသိနေ၏။

"မျိုးရိုး၊ နောက်ဆုံး အန်တီက သိသွားပြီ၊ လက်မခံဘူးဆို မင်း ဒီကိစ္စကို ဘယ်လို ရှင်းမှာလဲ"

ဂျေမီမေးလာတော့ သူယဲ့ယဲ့ပြုံးရင်း ရင်ထဲမှာ ဆုံးဖြတ်ပြီး သည့်အတိုင်းပဲ ပြောလိုက်၏။

"မာမီဘက်က လက်မခံဘူးလို့ ငြင်းလက်ခဲ့ရင်လည်း ခင်ပျို ဘက်မှာပဲ ငါရှိမှာပါ"

ဂျေမီကော ဝေယံပါ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်တာ သူမြင်သည်။ သူ့ဆုံးဖြတ်ချက်အတွက် ဘာမှ မဝေဖန် ကြပေမယ့် ဒီကောင်တွေ အံ့သြသွားကြမှာ သေချာ၏။

တကယ်ဆို သူဟာ အချစ်အတွက် ဒီလောက်အထိ ရဲဝံ့ မိုက်မဲမည်ဟု သူတို့ ထင်ကြမှာမဟုတ်။ သူကိုယ်တိုင်လည်း ဒီလို အခြေအနေတွေ ကြုံလာမည်ဟု ထင်မထားခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ တစ်ဘဝမှာ တစ်ခါသာ ချစ်ခဲ့ဖူးသော သူ့အတွက် ကြုံဆုံနေရသော အဖြစ်တွေက ယုံနိုင်စရာတောင်မရှိခဲ့ပါ။

ခင်ပျို့အတွက် အရာရာကို ရင်ဆိုင်ဖို့ သူ ဆုံးဖြတ်ခဲ့ပြီးချိန်မှာ

✿ ✿ ✿



## အခန်း ( ၂၃ )

"ကျွန်တော် လုံးဝမကျေနပ်ဘူး အန့်တီ၊ တောက် ဒီကောင် အလစ်ရောက်လာပြီ တိုက်ခိုက်သွားတာ၊ သူများအိမ်ထဲအထိ စော်ကားသွားတာဗျ၊ တရားစွဲလို့ ရတယ်"

နေရဲစံ မကျေမနပ် ကြိမ်းဝါးနေသည်။ ညိုမည်းဖူးရောင်နေသော မျက်နှာပေါ်က ဒဏ်ရာတွေက နေရဲစံမျက်နှာကြီးကို ပိုလို့ အကျည်းတန်စေ၏။

"နင့်ကို တိုက်ခိုက်သွားတာ မျိုးရိုးကျော်စောဆိုတာ သေချာရဲ့လား နေရဲစံ"

ကဋ္ဌနာမေးတော့ နေရဲစံ အံကိုတင်းခနဲကြိတ်သည်။

ဒါပေမဲ့ ဒဏ်ရာတွေကြောင့် မျက်နှာကြီးမဲ့သွားကာ စုတ်သပ်ညည်းတွားရင်း –



www.burmeseclassic.com

www.burmeseclassic.com



"အ ကျွတ် ကျွတ်၊ သိပ်သေချာတာပေါ့ ကဥ္စနာရာ၊ ခင်ပျို့နှုတ်ကကို ဒီကောင့်ကို မြင်တော့ ရေရွတ်လိုက်တာ ငါကြားတယ်"

"မင်းဘက်က သေချာတယ်ဆိုရင် ပြဿနာမရှိဘူး။ မျိုးရိုး ဒီလောက်အထိကောင် ရဲတင်းလာကာတော့ လက်ခံနိုင်စရာ မရှိဘူး"

နေရဲစံစကားအတိုင်း မာမီကလည်း မကျေမနပ် ကြိမ်းဝါးသည်။ ကဥ္စနာ ကြားထဲက နားထောင်နေရင်း လက်မခံနိုင်ဖြစ်လာတာမို့ –

"နေဦးမာမီ၊ မာမီရဲ့တူက ဘာအမှားလုပ်လို့ ဟိုက ဒီလောက်အထိတောင် ထိုးကြိတ်သွားတာလဲ"

ကဥ္စနာမေးတော့ မာမီ ကွက်ခနဲ မျက်နှာပျက်သွားသလို နေရဲစံလည်း ခေါင်းကြီးငုံ့သွားသည်။

"နင့်ကို အကြောင်းမဲ့တော့ မျိုးရိုးကျော်စောက ထိုးကြိတ်သွားမှာ မဟုတ်ဘူး နေရဲစံ၊ ပြီးတော့ ခင်ပျို့လည်း အိမ်က ထွက်ပြေးသွားလောက်တယ်ဆိုတော့ သိပ်မဟုတ်သေးဘူး ထင်တယ်"

"ဘာမဟုတ်တာလဲ ကဥ္စနာ"

"ဒါတော့ နင့်အလုပ် နင်အသိဆုံးဖြစ်မှာပေါ့"

နေရဲစံမျက်နှာကြီး မည်းခနဲ ဖြစ်သွားသည်။ မာမီက အခြေအနေကို ဝင်ထိန်းသလို လက်ကားတားမြစ်လာရင်း –

"ထားလိုက်တော့ နေရဲ၊ မင်းနဲ့ခင်ပျို့ စကားများရန်ဖြစ်တာကို မျိုးရိုးက မဆီမဆိုင် ဝင်ထိုးကြိတ်သွားတာ လွန်နေပြီ၊ ပြီးတော့





ဟိုကောင်မ ခင်ပျို့ကရော ဘာလို့ အိမ်ကဆင်းသွားရတာလဲ၊ ငါက တော့ လုံးဝလက်မခံနိုင်ဘူး။ ကောင်းကောင်းမွန်မွန် နေနေရတဲ့ ဘဝ ကြီးကိုမှ သင်းက ထင်ရာစိုင်းသွားတယ်ဆိုရင် ပြန်လာကြည့် လက်မခံ ဘူး"

မာမီ ဒေါသတွေနှင့် ဆူဝေကာ ကြိမ်းဝါးသည်။ နေရဲစံက တော့ ခေါင်းကြီးငုံ့ကာ တိတ်ဆိတ်နေသည်။

ကဥ္စနာ ဘာမှမပြောတော့ဘဲ မာမီတို့အနားက အသာလေး ရှောင်ထွက်ခဲ့သည်။ ခင်ပျို့ကို တစ်ခါတည်း မျိုးရိုးခေါ်ထုတ်သွားမည် ဟု ကဥ္စနာ မထင်ခဲ့မိပါ။

အခုတော့ မျိုးရိုးက ခင်ပျို့ကို အပြီးတိုင်ခေါ်သွားသည်ဆို တော့ ဘာတွေဖြစ်လာမည်လဲမသိ။

လောလောဆယ်တော့ မာမီနှင့်နေရဲစံ ခံရခက်စွာ ဒေါသတွေ နှင့် ကြိမ်းဝါးသည်။ ကဥ္စနာအတွက်တော့ မာမီရဲ့ မျိုးရိုးနှင့် မဟာစီမံ ကိန်းကြီးပျက်သွားတာ ဝမ်းသာစရာအကောင်းဆုံးဖြစ်သည်။

ထို့အတွက် မျိုးရိုးကိုပဲ ကျေးဇူးတင်ရတော့မလိုလို၊ ခင်ပျို့ကို ပဲ ကျေးဇူးတင်ရတော့မည်လား မဝေခွဲတတ်ပါ။

အခုချိန်ထိ ခင်ပျို့ရော မျိုးရိုးပါ ပျော်ရွှင်နေကြမည်လား။ တွေးရင်း ကဥ္စနာ ပြုံးမိသည်။

ခင်ပျို့ နှင့်နဲ့မျိုးရိုးတို့အတွက်ကတော့ ဘာပဲဖြစ်ဖြစ် ပေါင်း ဖက်ခွင့် ရသွားခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ငါနဲ့ ငါ့ချစ်တဲ့သူအတွက်ကတော့ –

✿

"ဒီအတိုင်းဆို ခင်ပျို့ ဟိုကောင်လေးနောက် ပါသွားတာ ကျိန်းသေနေပြီ နေရဲ"

"သေချာပါတယ် အန်တီရာ၊ ကျွန်တော် သတိမလစ်ခ ဒီကောင် ခင်ပျို့ကိုခေါ်နေတာ ကြားလိုက်တယ်"

နေရဲစံစကားကြောင့် ဒေါ်ခင်မိုးမြင့် ပင့်သက်မောကြီး ရှိုက် သည်။ အသေအချာ စီမံထားသည့် စီမံကိန်းကြီးက အခုတော့ မထ မှတ်ဘဲ ပျက်စီးသွားခဲ့ပြီ။

မျိုးရိုးသာ ခင်ပျို့ကို ခေါ်ဆောင်သွားခဲ့တာမှန်လျှင် သူမ ကြွေးကြော်ထားသမျှက အလကားဖြစ်ပြီထင်သည်။

"အန်တီ"

"ပြော နေရဲ"

"ကျွန်တော့်အတွက် အန်တီပေးမယ်ဆိုတဲ့ ပိုက်ဆံ"

"မင်း စဉ်းစားပြောဦးလေ၊ အခု ဘာများဖြစ်လာလို့လဲ၊ မင်းလုပ်တာ ပိုတော့င် အခြေအနေတွေ ဆိုးကုန်တယ်"

"ဟာ ဒါတော့ ကျွန်တော့်အပြစ်မှမဟုတ်တာ၊ ဟိုကောင်က





မထင်မှတ်ဘဲ ရောက်လာလို့ ဖြစ်ကုန်တာ၊ ကျွန်တော့်မှာလည်း ခံလိုက် ရတာ သေလုမျောပါးပဲ"

နေရဲစံက မျက်နှာကဒဏ်ရာတွေအပြင် အဆစ်လည်သွား၍ ပတ်တီးစည်းနှောင်ထားရသော ဘယ်လက်ကောက်ဝတ်ကို ထိုးပြရင်း ပြောသည်။

"ငါးသိန်းတော့မရဘူး နေရဲ၊ မင်းအတွက် ငါ တစ်သိန်း ပေးလိုက်မယ်"

"ဟာဗျာ၊ အန်တီကလည်း နှစ်သိန်းတော့ပေးဗျာ"

"မရဘူးနေရဲ တစ်သိန်းခွဲယူ၊ ဒီအစီအစဉ်လွဲချော်သွားတာ ငါ့အတွက်တော့ တော်တော်ဆိုးတယ်၊ နေဦး ငါသိချင်တာ မျိုးရိုးဆိုတဲ့ ကောင် ကီစွနဲ့ပတ်သက်ပြီး မင်းထပ်စုံစမ်းပေးစမ်း၊ အခုချိန်ထိတော့ သူ ခင်ပျို့ကို သူ့အမေအိမ် ခေါ်မလာသေးဘူးတဲ့"

"ဒါဆို တစ်ခုခုတော့ လွဲနေပြီ၊ ဒီကောင် ဘယ်ခေါ်သွားမှာ လဲ"

"အဲဒါကို သိချင်တယ်၊ နင်စုံစမ်းပေး၊ အဲဒါအောင်မြင်ရင် နင်လိုတဲ့ပိုက်ဆံ ထပ်ပေးမယ်"

နေရဲစံ ခေါင်းကိုညိတ်သည်။ ပြန်ခုခံခွင့်မရလိုက်အောင် တိုက်ခိုက်ခံလိုက်ရသော ဒဏ်ရာတွေအတွက် ရင်ထဲမှာ မကျေနပ်တာ လည်း အမှန်ပဲဖြစ်သည်။

အခွင့်အရေးရလျှင် နေရဲစံဆိုတဲ့ကောင် ဘာကောင်လဲဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင့်ကို ပြရဦးမည်။

အခုတော့ ဒဏ်ရာတွေကြောင့် သူ ထမင်းတောင် မစားနိုင်ဘဲ ဆန်ပြုတ်သောက်နေရသည့်အဖြစ်။

"ဒီကောင့်ကို ကျွန်တော် မကျေနပ်ဘူး၊ ပြန်လက်စားချေချင်နေတာ"

"မင်းထင်ရာလုပ်ခွင့်မရှိဘူးနော် နေရဲ၊ ပြဿနာတွေ ရှုပ်ထွေးလာရင် ပိုဆိုးကုန်မယ်၊ ဒီတော့ ဆင်ဆင်ခြင်ခြင်လုပ်"

ဒေါ်ခင်မိုးမြင့် သတိပေးစကားဆိုရသည်။ နေရဲစံဆိုသည့် ကိုယ့်တူရဲ့အကြောင်း ကိုယ်သာအသိဆုံးဖြစ်သည်။ ဆင်ခြင်တုံတရားနှင့် မိုက်ရူးရဲဆန်တာကို ခွဲခြားတတ်သူမဟုတ်။

တကယ်ဆို သူ့သာ လီမွာပါးနပ်လျှင် အားလုံးပြီးနေပြီ။ အခုတော့ ကိုယ့်ဘက်က ရှုံးနိမ့်မှုတွေပဲ ကြုံနေရသည့်အဖြစ်မှာ။

✿ ✿ ✿



## အခန်း ( ၂၄ )

"သား အခုတစ်လော ကျောင်းပိတ်ရက်တိုင်း မင်း အပြင်ချည်းပဲ ထွက်နေတယ်နော်"

သူ အပြင်ထွက်ဖို့ ပြင်ဆင်နေတုန်း မာမီပြောလာတာမို့ ခြေလှမ်းတွေတောင် တုံ့ခနဲဖြစ်သွားသည်။ သူ့ကို အကဲခတ်ကြည့်နေသော မာမို့မျက်ဝန်းတွေကို ရှောင်တိမ်းရင်း –

"သား ဘယ်မှမသွားပါဘူး မာမီ၊ ဂျေမီတို့၊ ဝေယံတို့အိမ်ပဲ သွားတာပါ"

"အရင်က သား သိပ်အပြင်မထွက်ဘဲ အခုမှ အမြဲထွက်နေလို့ မေးတာ၊ ဟိုနေ့ကလည်း ကျောင်းပြန်တာနောက်ကျတာ နှစ်ရက်တောင်၊ သားတို့ ဘာတွေရှုပ်နေတာလဲ"

"ဟာ ဘာမှမရှုပ်ပါဘူး မာမီရာ"



www.burmeseclassic.com

www.burmeseclassic.com



''မာမီက စိုးရိမ်လို့ မေးနေတာ၊ ဟိုတစ်ခါပဲ ဝေယံကိုရဲ့ အရှုပ်ကိစ္စကြောင့် မာမီနဲ့မင်းကြားမှာ နားလည်မှုတွေ လွဲခဲ့ပြီးပြီနော်''

ကဗ္ဗနာက်မှုကို ရည်ရွယ်ပြီး မာမီပြောတော့ ကိုယ့်အမှားနှင့်ကိုယ် သူရှက်မိနေရသည်။ လက်ရှိမှာလည်း မာမီမသိအောင် ကျူးလွန်ထားသည့်အပြစ်ကြီးက ရှိနေသည်။

အခုလည်း ခင်ပျိုဆီကိုပဲ သူသွားဖို့ ပြင်ဆင်နေတာဖြစ်သည်။ ညတုန်းကတည်းက အစီအစဉ်တွေဆွဲထားသည်။

သူ့နောက်ကို ဒီအတိုင်းလိုက်ခဲ့ရသော ခင်ပျိုမှာ အဝတ်တစ်ထည် ကိုယ်တစ်ခုပဲ ပါသည်။ ခင်ပျိုအတွက် လိုအပ်သော အဝတ်အစားတချို့ ဝယ်ပေးဖို့ ပလာဇာဝင်မည်။

''အခု သားတို့ ဘယ်သွားမှာလဲ''

မာမ့်အမေးကြောင့် သူ့အတွေးတွေ ပြတ်တောက်သွားခဲ့ရင်း

''ပလာဇာသွားမလို့ပါ မာမီ၊ ဟို ဂျေမီက ဝယ်စရာလေးရှိလို့တဲ့''

''အင်း ဒါဆိုလည်း စောစောတော့ ပြန်ခဲ့နော်၊ မာမီလည်း ဒီနေ့ ဘယ်မှမသွားဘူး၊ အိမ်မှာပဲရှိမှာ''

''ဟုတ်ကဲ့မာမီ၊ စောစောပြန်ခဲ့မှာပါ၊ သားသွားမယ်နော်''

မာမ့်ကိုခွင့်တောင်းပြီး ဆင်ဝင်အောက်က ကားဆီ ထွက်ခဲ့၏။ မာမီရပ်ကြည့်နေတာ သိပေမယ့် ပြန်လှည့်မကြည့်ရဲအောင်ဘဲ လိပ်ပြာမလုံ ဖြစ်နေသည်။





ဒီအခြေအနေကြီးကို သူ ဘယ်လောက်အထိ မာမ့်ကို လိမ်ညာထားနိုင်မှာလဲ တွေးရင်း ပင့်သက်ရှိုက်မိသည်။

တကယ်တမ်း မာမီသိသွားလျှင်တော့ ရှင်းလင်းရမည့် ပြဿနာက ပေါ့သေးသေးမဟုတ်တာ သေချာ၏။

ပလာဇာအထိ ကားကိုမောင်းဝင်ခဲ့ပြီး ခင်ပျိုအတွက် လိုအပ်သော အဝတ်အစား အသုံးအဆောင်တွေ ဝယ်ရတာ နည်းနည်းတော့ မျက်နှာပူစရာကောင်းသည်။ သူဝယ်ရတာက ခင်ပျိုအတွက် အမျိုးသမီးအဝတ်အစားတွေမို့ ကောင်တာက မိန်းကလေးတွေကို မျက်နှာပူပူနဲ့ပဲ အကူအညီတောင်းရ၏။

''ချစ်သူအတွက်လား, မိန်းမအတွက်လား အစ်ကို''

''ဗျာ အဲ ဟို မိန်းမအတွက်ပါ''

''ဟင် ကိုယ့်မိန်းမအတွက်ဆိုပြီး နံပါတ်တောင် မသိဘူးလား။ နံပါတ်သိရင် ဝယ်ရတာ အဆင်ပြေတာပေါ့''

''ဟို အဲ မသိဘူး၊ ကျွန်တော်တို့ညားကြတာ နှစ်ရက်ပဲ ရှိသေးတယ်ဗျာ''

''ဪ အဟင်း ဟင်း၊ ဒါဆိုလည်း ခန့်မှန်းပြီးယူသွားပေါ့၊ အဆင်ပြေအောင်တော့ ရွေးပေးလိုက်မယ်''

သာမန်အဝတ်အထည်တွေက ပြဿနာမရှိပေမယ့် အတွင်းခံဝတ်စုံတွေအတွက်တော့ သူ့မှာ မျက်နှာကြီးနီရဲနေ၏။ ကောင်တာက အရောင်းစာရေးမလေးတွေကလည်း သူ့ကိုကြည့်ကာ ရယ်နေတွေ



www.burmeseclassic.com

www.burmeseclassic.com



ပိုဆိုးသည်။

ပလာဇာထဲက အထုပ်အပိုးတွေဆွဲကာ သူထွက်လာတော့ ချွေးတွေတောင်ပြန်နေ၏။

ကိုယ့်အဖြစ်ကို ရယ်လည်းရယ်ချင်မိသေး၏။ ဂျေမီနှင့် ဝေယံ တို့သာ ပါလာလျှင် လှောင်ပြောင်ဟားတိုက်လို့ ဆုံးနိုင်ကြမှာမဟုတ်။

ခြံထဲကို သူ ကားလေးမောင်းဝင်လာကတည်းက ဆင်ဝင် အောက်အထိ ထွက်ကာစောင့်နေသော ခင်ပျို့ကို မြင်ရသည်။

"ဒီနေ့ ကျောင်းပိတ်ရက်ဆိုတော့ မျိုးရိုးရောက်လာမယ် ထင်နေတာ"

ဝမ်းသာအားရ အပြုံးလေးတွေနှင့် ခင်ပျို့ပြောတော့ သူ ခင်ပျို့ကိုကြည့်ကာ ရယ်ချင်နေမိ၏။ ခင်ပျို့ဝတ်ထားသော အဝတ်အ စားတွေက ရယ်ချင်စရာကောင်းနေသည်လေ။

ဒါကို သတိထားမိသော ခင်ပျို့က သူမကိုသူမ ပြန်ကြည့်ရင်း မျက်နှာလေးနီမြန်းသွားခဲ့ကာ –

"ဟိုလေ ခင်ပျို့ အဝတ်အစားတွေလျှော်ထားလို့ ဘွားရဲ့ ဆီက ခဏငှားဝတ်ထားတာ"

ရင်ဖုံးအင်္ကျီပွပွရောင်းရောင်းလေးနှင့် ပါတိတ်တစ်ပတ်နွမ်း လုံချည်နှင့် ခင်ပျို့ပုံစံလေးက သူ့အမြင်မှာ တစ်မျိုးလေး လှပနေ၏။

"ခင်ပျို့က ဘာဝတ်ဝတ် ကြည့်ကောင်းပါတယ်"

သူ့စိတ်ထဲက အမြင်အတိုင်း ပြောတာဖြစ်ပေမယ့် ခင်ပျို့





ရှက်မျက်နှာလေးနှင့် ခေါင်းကိုငုံ့ထားခဲ၏၊ ဆံနွယ်ရှည်ကြီးတွေ ရှက်ရွံ့ နေသော ခင်ပျို့မျက်နှာလေးကို ကွယ်ထားကြ၏။

"အဲဒါ ကိုယ်သိလို့ ခင်ပျို့အတွက် အဝတ်အစားတွေ ဝင် ဝယ်နေတာ"

ကားနောက်ခန်းတံခါး ဆွဲဖွင့်ကာ သူ အိတ်တွေဆွဲထုတ်ယူ နေတော့ ခင်ပျို့ မျက်လုံးလေးတွေ ပြူးကြည့်ရင်း –

"ဟင် အများကြီး။ အဲဒီလောက်အထိ ခင်ပျို့မလိုအပ်ပါဘူး မျိုးရိုးရယ်၊ ဘာလို့ အဲဒီလောက်အထိတောင် ဝယ်လာရတာလဲ"

"ငြင်းမနေနဲ့တော့ ခင်ပျို့ မလိုဘဲရှိမလား၊ ခင်ပျို့မှာ တစ်စုံ တည်းပါတာ ကိုယ်သိတာပေါ့"

"မျိုးရိုးရယ်၊ နှစ်စုံလောက်ဆို ရပါတယ်၊ အားနာစရာ ကောင်းလိုက်တာ"

"ဘာမှ အားနာစရာ မလိုဘူး၊ ဘွားရဲ့တို့ ပုံ့ပုံ့တို့ရော"

"ရှိတယ်၊ မီးဖိုထဲမှာ ချက်ပြုတ်နေတယ်ထင်တယ်၊ ခင်ပျို့ တောင် စောစောက ဝိုင်းကူပေးပြီး မျိုးရိုးရောက်လာမလား ထွက် ကြည့်နေတာ"

သူ့လက်ထဲက အိတ်တွေကို ဆွဲယူကူသယ်ရင်း ခင်ပျို့ပြော သည်။ နူညက်သောမျက်နှာလေးမှာ သနပ်ခါးလေးတွေ လိမ်းခြယ် ထားသည့် ခင်ပျို့မျက်နှာလေးကို သူငေးကြည့်မိ၏။

ဒဏ်ရာ အမာရွတ်တွေက သနပ်ခါးပါးကွက်ကြီးတင်ထား



www.burmeseclassic.com

www.burmeseclassic.com



တာတောင်မှ မလုံခြုံပါ။

ခင်ပျိုကိုကြည့်ကာ သူ သနားသွားမိသည်။ ခင်ပျိုရဲ့နှလုံးသားက ဖြူစင်လှသလို မျက်နှာလေးကိုလည်း လှပစေချင်သည်။ ဒဏ်ရာအမာရွတ်တို့ ကင်းစင်သော တစ်ခြမ်းက မျက်နှာလေးအတိုင်း ဝင်းမွတ်နုဖပ်နေစေချင်၏။

ဒါပေမဲ့ ယတ်တလောမှာတော့ သူ မစွမ်းဆောင်နိုင်သေးပါ။

ညှော်ခန်းထဲက ထိုင်ခုံတွေမှာ ထိုင်မိကြတော့ ခင်ပျိုက အဝတ်အစားအိတ်တွေကိုကြည့်ရင်း –

"မျိုးရိုးကူညီပေးနေတာတွေ အရမ်းများနေပြီ၊ ခင်ပျို့ကြောင့် မျိုးရိုး တာဝန်တွေဖြစ်နေတာ စိတ်မကောင်းဘူး"

"အဲဒါတွေ မပြောကြေး ခင်ပျိုရာ၊ ကိုယ်ကူညီနေတာအားလုံးက ဖြူစင်တာကို ခင်ပျိုလက်ခံပေးပါ"

ငေးကြည့်နေသော မျက်ဝန်းလေးတွေထဲမှာ မျက်ရည်တွေ ချက်ချင်းဝဲတက်လာသည်။ မျက်တောင်ရှည်ရှည်ကြီးတွေ ပုတ်ခတ်ပြီး ခင်ပျို ထိန်းရင်း တစ်ခုခုပြောဖို့ ကြိုးစားနေ၏။

ဒါပေမဲ့ မီးဖိုဘက်ကထွက်လာသော ဘွားရုံတို့မြေးအဘွားကြောင့် ခင်ပျို ဘာမှမပြောဖြစ်လိုက်ပါ။

"ဆရာလေး ရောက်လာပြီလား၊ သမီးလေးက ဒီနေ့ လာချင်လာမှာဆိုပြီး မနက်ကတည်းက မျှော်နေတာ"

"ဟုတ်တယ် ဘွားရုံ၊ ဒီမှာ ခင်ပျိုအတွက် လိုတဲ့အဝတ်





အစားတွေ ဝယ်နေလို့၊ ဘွားရုံအတွက် စားစရာတွေနဲ့ ပွဲပွဲအတွက် အဝတ်အစားတွေပါ ဝယ်ခဲ့တယ်"

ဘွားရုံတို့မြေးအဘွားအတွက် ဝယ်လာသော အိတ်တွေကို သူ လှမ်းပေးရင်းပြောတော့ –

"မလိုပါဘူး ဆရာလေးရယ်၊ အိမ်မှာ ဘာမှ လိုလေသေးမရှိအောင် ချက်ပြုတ်စားဖို့ ဝယ်ပေးထားတာတွေအတွက်တောင် ကျေးဇူးတင်နေတာ"

"ယူပါ ဘွားရုံရဲ့၊ ခင်ပျိုအတွက် ဘွားရုံတို့မြေးအဘွား ရှိနေတာနဲ့တင် ကျွန်တော် ကျေးဇူးတင်နေပြီ"

"မလိုပါဘူး ဆရာလေးရဲ့၊ ဘွားရုံအပေါ် ဆရာလေးတို့သားအမိတွေက ကျေးဇူးတွေအများကြီးပါ၊ ဒါနဲ့ တစ်ခါတည်း ထမင်းစားသွားနော်၊ ငါးဖယ်ငါးဆုပ်နဲ့ ချဉ်ပေါင်ဟင်းချို ချက်ထားတယ်၊ ငါးပိကြော်ပါ ကြော်ထားတယ်ကွဲ့"

"ဟာ ကောင်းတာပေါ့၊ ဘွားရုံလက်ရာ မစားရတာ အတော်ကြာပြီ၊ အရင်က ကျောင်းပိတ်ရက်ဆို ကိုယ်တို့တွေ ဘွားရုံဆီလာပြီး ထမင်းချက်စားကြတာ ခင်ပျိုရဲ့"

"ဒီတစ်ခါ ဘွားရုံလက်ရာ မဟုတ်ဘူး ဆရာလေးရေ၊ ငါးပိကြော်ရော ငါးဖယ်ဟင်းပါ သမီးချက်တာနော်၊ ချဉ်ပေါင်ဟင်းပဲ ဘွားရုံချက်ပေးတာ၊ သမီးလေးက အချက်အပြုတ် တကယ်တော်တာပဲ၊ ဘွားရုံ ထင်တောင်မထင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့မှောက်မှာပဲ ဘွားရုံက ခင်ပျို့ကို ချိုးကျူးစကားတွေ ဆိုနေတော့ ခင်ပျို့ ရုက်မျက်နှာလေးနှင့် ခေါင်းကလေးငုံ့နေသည်။

ထိုမနက်က ခင်ပျို့ရဲ့လက်ရာဟင်းနှင့် သူ ထမင်းစားမြိန်ခဲ့ရတာ အမှန်ပဲဖြစ်သည်။ သူပြန်တော့ ခင်ပျို့က ကားအနားထိ လိုက်ပို့ပေးရင်း မေးသေးသည်။

"မျိုးရိုး အန်တီမြင့်တို့ဆီက ဘာကြားသေးလဲဟင်"

"အခုထိတော့ ဘာမှ မကြားရသေးဘူးခင်ပျို့"

ခင်ပျို့ မျက်နှာလေး ညှိုးသွားသည်။

အန်တီမြင့်ဆီက သံယောဇဉ် လက်ကျန်လေးတွေကို ခင်ပျို့ မျှော်လင့်နေသည်လား။

"ခင်ပျို့ အဲဒီအိမ်ကို ပြန်သွားဖို့တွေးနေတာလားဟင်၊ ခေါင်းထဲမှာ မေ့ပစ်လိုက်စမ်းပါ ခင်ပျို့"

"မျိုးရိုးရယ်၊ သွေးမတော်သားမစပ် သူစိမ်းတစ်ယောက်ဆီမှာ ခင်ပျို့ အကြာကြီးနေလို့ ဘယ်သင့်တော်ပါ့မလဲ"

ခင်ပျို့စကားကြောင့် သူ့ရင်ထဲမှာ စိတ်မကောင်းဖြစ်ရ၏။ သွေးမတော်သားမစပ် သူစိမ်းတဲ့လား ခင်ပျို့ရယ်။

တကယ်ဆို ခင်ပျို့ဘဝအတွက် တို့က အရင်းနှီးဆုံးသူ တစ်ယောက်အဖြစ် အနားမှာ ရှိချင်တာပါ။ ဒါပေမဲ့ ပွဲလန့်တုန်း ဖျာခင်းချင်တဲ့သူလို့ အထင်ခံရမှာ စိုးစိတ်နဲ့ မျိုသိပ်ထားခဲ့ရတာ ခင်ပျို့ နားလည်မလား။





မျိုးရိုးကျော်စောဆိုတဲ့ကောင် ရင်ထဲမှာ တစ်ယောက်ပဲ ချစ်ခဲ့ဖူးပါတယ်။ အဲဒီတစ်ယောက်ကလည်း တစ်ဘဝလုံးအတွက်ပါ။

ဒါကို ခင်ပျို့ သိခဲ့ရင် လက်ခံနိုင်မှာလား။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၅ )

ဟန်းဖုန်းလေးက ထမြည်လာတာမို့ စာကြည့်စားပွဲမှာ ထို နေရာမှ သူကောက်ကိုင်လိုက်ရပြန်သည်။

ဒီအချိန်ကြီးမှဆက်တာဆိုရင်တော့ ဂျေမီလား ဝေယံလာ တစ်ယောက်ယောက်ပဲ ဖြစ်မည်။ ဒါပေမဲ့ ဖုန်းနံပါတ်က သူ့မသိသော နံပါတ် ဖြစ်နေ၏။

"ဟဲလို မျိုးရိုးပါ"

"မျိုးရိုး ကျွန်မ ကဋ္ဌနာပါ"

"ဟင်"

သူ အံ့သြသွားမိတာ အလွန်ပဲဖြစ်သည်။ ကဋ္ဌနာဆီက ဖုန် ဆက်သွယ်လာမည်ဟု ထင်မှတ်မထားခဲ့ပါ။

"ရှင့်ကို ကဋ္ဌနာမေးချင်လို့ မျိုးရိုး"





"ဘာမေးမလို့လဲ ကဋ္ဌနာ မေးလေ"

"တခြားမဟုတ်ပါဘူး၊ ဟိုတစ်နေ့က ခင်ပျို့ကို ရှင်ခေါ်သွား ခဲ့တာလား"

သူ ချက်ချင်းမဖြေဘဲ ငြိမ်နေမိသည်။ ကဋ္ဌနာ ဘာရည်ရွယ် ချက်နှင့် မေးနေတာလဲ စဉ်းစားမိ၏။ ကဋ္ဌနာကို အမှန်လည်း မပြော ချင်ပါ။

"ရှင် ကျွန်မကို မယုံဘူးဖြစ်နေတာလား မျိုးရိုး"

"ဒီသဘော မဟုတ်ပါဘူး ကဋ္ဌနာ"

"ထားပါ ကျွန်မနားလည်တယ်၊ ကျွန်မစိုးရိမ်တာက ခင်ပျို့ အတွက်ပါ၊ ခင်ပျို့ကို ရှင်ခေါ်သွားတာမဟုတ်ရင် ခင်ပျို့ ဘယ်ရောက် နေသလဲ စုံစမ်းရမှာလေ"

"ခင်ပျို့အတွက်ဆိုရင် မပူပါနဲ့ ကဋ္ဌနာ၊ သူ့အတွက် အားလုံး အဆင်ပြေပါတယ်"

မယုတ်မလွန်ဘဲ သူဖြေလိုက်မိသည်။ ခင်ပျို့ ရေတိမ်နစ်ရ တော့မည့်အရေးက ကဋ္ဌနာ ဖုန်းဆက်ပြီး သူ့ကို သတိပေးတာမှန်ပေ မယ့် အပြည့်အဝ မယုံရဲပါ။ ကဋ္ဌနာဆိုတာ ဒေါ်ခင်မိုးမြင့်ရဲ့ သမီးဖြစ် နေ၏။

"ဒါဆိုရင် ကဋ္ဌနာ စိတ်အေးသွားပြီ မျိုးရိုး"

"ခဏလေး ကဋ္ဌနာ၊ ကဋ္ဌနာ့အမေက ခင်ပျို့ကိစ္စနဲ့ ပတ် သက်ပြီး ဘာတွေပြောသေးသလဲ၊ ဘာတွေစီမံနေသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မာမီကတော့ ဘယ်လိုမှ မထင်မှတ်တဲ့ အခြေအနေကြီးကြောင့် အံ့သြနေတာ အမှန်ပဲ၊ ခင်ပျိုကို ရှင်ခေါ်သွားတာသိပေမယ့် ရှင့်တို့အိမ်မှာ ခင်ပျိုမရှိတာလည်း သိနေတယ်"

"ဟင်"

ဒေါ်ခင်မိုးမြင့်ကို သူ လျှော့တွက်လို့မရပါ။ ခင်ပျိုကိစ္စမှာ သူမ လိုက်ပြီး တိတ်တဆိတ်စုံစမ်းနေတာတော့ သေချာ၏။

"ဒါပေမဲ့ မာမီ ဘာမှ လုပ်ပိုင်ခွင့်မရှိပါဘူး၊ ခင်ပျိုကို ရှင်က ပိုင်ဆိုင်သွားပြီပဲလေ"

"နေဦး ကဥ္စနာ၊ မင်း ဘာကို ဆိုလိုတာလဲ"

"ခင်ပျို့ကို ရှင်နိုးပြေးသွားတာပဲလေ၊ မာမီ ဘာပြောခွင့်ရှိမှာလဲ၊ နှစ်ယောက်စလုံးက အသက်ပြည့်နေပြီပဲ၊ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်တွေ ရှိနေကြပြီပဲ"

ကဥ္စနာကလည်း သူတို့နှစ်ဦးကို သည်လိုပဲထင်ထားသည်လား။ ဘာပဲဖြစ်ဖြစ် သူ နှုတ်ဆိတ်နေလိုက်သည်။ သူနှင့်ခင်ပျို မပတ်သက်သေးတာသိလျှင် ခင်ပျိုကို ရှာဖွေပြီး ချော့မော့ခေါ်သွားကြဦးမည်။

ပြီးရင် ခင်ပျိုအပေါ် ဒေါ်ခင်မိုးမြင့် ဘယ်လိုစီမံမလဲဆိုတာ သူ ပြေးမကြည့်ပါဘဲနဲ့တောင် သိနေသည်။

"ခင်ပျိုအတွက် ကျွန်မ ဝမ်းသာပါတယ် မျိုးရိုး၊ လတ်တလောမှာ ရှင့်မာမီက မကြည့်ဖြူပေမယ့် တစ်ချိန်မှာတော့ သူ





လက်ခံလာမှာပဲလေ၊ ရှင်တို့အားလုံး အဆင်ပြေပါစေလို့ ကျွန်မ ဆုတောင်းပေးမှာပါ"

"ကျေးဇူးတင်ပါတယ် ကဥ္စနာ"

"အဟင်း ကျွန်မကလည်း ကျေးဇူးတင်တယ် မျိုးရိုး၊ ရှင်နဲ့ခင်ပျိုနဲ့သာ ဒီအခြေအနေမရောက်ရင် မာမီက ရှင်နဲ့ကျွန်မကိစ္စအတွက် နားတွေပူအောင် နားချနေမှာလေ၊ အဟင်း အခုမှ ကျွန်မ တကယ် ပေါ့ပါးသွားတာ"

ကဥ္စနာကိုယ်တိုင်က သူနှင့်ခင်ပျိုကိစ္စအတွက် ကျေနပ်နေသည်တဲ့လား။ ဒါဆိုရင်တော့ ကဥ္စနာအပေါ် ဝင်နေသော သူ့သံသယတွေ ငြိမ်းသွားပြီပေါ့။

"မျိုးရိုး၊ လိုတဲ့အကူအညီရှိရင် ကျွန်မ ဖုန်းနံပါတ်အတိုင်း ဆက်သွယ်လိုက်ပါ၊ ခင်ပျို့အတွက် ကျွန်မ ပေးဖို့အသင့်ပါ"

"ကျေးဇူးတင်တယ် ကဥ္စနာ၊ ခုချိန်မှာ ခင်ပျိုအတွက် ဘာမှ မလိုသေးဘူး၊ လိုတဲ့အခါ ကဥ္စနာကို ကိုယ်တောင်းမှာပါ"

"အိုကေ၊ ဒါပဲနော် မျိုးရိုး"

နှုတ်ဆက်စကားနှင့်အတူ ကဥ္စနာ ဖုန်းလေးပြန်ချသွားတော့ သူ ငိုင်ငိုင်လေးကျန်ရစ်ခဲ့သည်။ ကဥ္စနာဘက်က အခြေအနေတွေကတော့ ငြိမ်းချမ်းနေသည်။

မငြိမ်းချမ်းတာက သူ့ဘက်က ဖြစ်နေသည်။ ခင်ပျို့ကိစ္စကို မာမီ့ကို အသိပေးလို့မဖြစ်တာ အမှန်။



www.burmeseclassic.com

www.burmeseclassic.com



အခုအချိန်ထိ မာမီမသိအောင် သိုဝှက်ထားရပေမယ့် မာမီနှင့် မျက်နှာချင်းဆိုင်မိတိုင်း သူ လိပ်ပြာမလုံသလို အမြဲခံစားရ၏။

ဂျေမီတို့ကလည်း မာမီနှင့် သူ့အတွက် စိုးရိမ်လို့နေကြောင်း ကြာရှည်စွာ ဖုံးဖိထားမရသော ပြဿနာကြီးကိုသာ မာမီသိသွားခဲ့လျှင်တော့ –

တွေးကြည့်ရုံနှင့်ပဲ သူ ရင်မောနေရပြီ။

✿ ✿ ✿



## အခန်း ( ၂၆ )

သူစိုးရိမ်နေမိသည့် ပြဿနာကို တစ်ပတ်ကျော်လောက်မှာပဲ မာမီက ထိပ်တိုက်မေးလာခဲ့သည်။

"သား မာမီ့ကို အမှန်အတိုင်းပြောနော်"

"ဘာလဲ မာမီ၊ မာမီ ဘာကိုပြောတာလဲ"

သူ့ရင်ထဲမှာ ထိတ်လန့်သွားရင်း သောက်လက်စ ကော်ဖီခွက်ကို စားပွဲပေါ်ပြန်တင်လိုက်ရ၏။ မာမီ့ဆီက ဘာစကားသံမှ ထွက်မလာသေးဘဲ သူ့ကို အကဲခတ်ကြည့်နေမှာ သိနေသည်။

မုန့်ပန်းကန်ထဲက ဘီစကစ်တစ်ချပ်ကို သူ လှမ်းယူစားရင်း မာမီကို မော့ကြည့်မိ၏။ မာမီ့မျက်ဝန်းတွေ သူ့ကို စေးစိုက်ကြည့်နေတာ အသေအချာပါပဲ။

"မာမီ သားကို ဘာမေးမလို့လဲ မေးလေ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း မိန်းကလေးတစ်ယောက်နဲ့ ပတ်သက်နေတယ်ဆိုတာ မာမီ သတင်းတစ်ခု ကြားနေတယ်'

သူ အံ့ဩသွားသလို မာမီ့ကို မျက်လုံးကြီးပြူးကြည့်လိုက်သည်။ ပြီးမှ ဝါးလက်စမုန့်ကို ဆက်ဝါးပြီး ကော်ဖီနှင့် တစ်ကျိုက်မျှော ချလိုက်၏။ မာမီ သတင်းသဲ့သဲ့ကြားထားတာ သေချာနေပြီ။

"ဟား အဓိပ္ပာယ်မရှိတဲ့ သတင်းကြီးပဲ၊ မာမီ့ကို ဘယ်သူ နှောက်လိုက်တာလဲ"

"မာမီ့ကို ပြန်မေးခွန်းထုတ်မနေနဲ့သား။ ဟုတ်တယ် မဟုတ် ဘူးပဲ မာမီကြားချင်တာ"

"လုံးဝမဟုတ်တာကြီး မာမီရာ၊ မျိုးရိုးကျော်စောဆိုတဲ့ကောင် က ရည်းစားထားဖို့ လုံးဝစိတ်မဝင်စားဘူး၊ ဒါကို မာမီယုံ"

သူ ခပ်တည်တည်နှင့် ပြောတော့ မာမီ ယုံကြည်သွားပုံရ၏။ အကဲခတ်အကြည့်တွေ ပြန်ရုပ်သိမ်းသွားခဲ့ရင်း –

"မာမီ ယုံတယ်သား၊ ဒါကြောင့် တခြားသူရဲ့စကားကို မာမီ လက်မခံခဲ့တာပေါ့၊ ကြားရတဲ့သတင်းကလည်း အတော်ဆိုးတယ်၊ မင်း မိန်းမပဲ တိတ်တိတ်ပုန်းရနေသလို"

"ဟာ ဆိုးလိုက်တာဗျာ၊ ဒါ သားသိက္ခာကိုပါ ဆွဲချပစ်လိုက် တာပဲ"

"မင်းသိက္ခာတင်မဟုတ်ဘူး၊ မာမီပါ ကျမယ့်ကိစ္စကြီး သား၊ မင်းနဲ့ပတ်သက်နေတယ်ဆိုတဲ့ ကောင်မလေးက အတော့်ကို အဆင့်





အတန်း နိမ့်ကျတဲ့ကောင်မလေးတဲ့"

"ဟာ ပေါက်ကရတွေ မာမီရာ၊ ဘယ်သူက မာမီကို ဒီ သတင်းတွေ ပေးလာတာလဲ၊ အဲဒီလူနဲ့ ကျွန်တော် ရင်ဆိုင်ချင်လိုက် တာ"

သူ ဒေါသတွေ ဆူဝေလာသလိုမျိုး အပြုတ်ရှင်းတော့ မာမီ လက်ကာတားရင်း –

"ဒေါသတွေ ထိန်းစမ်းပါသားရယ်၊ မာမီက မာမီ့သားကို ယုံကြည်ပြီးသားပါ၊ အခုပြောတဲ့သူကလည်း မလိုလို့ သွေးထိုးတာလို့ သိပြီးသား၊ အဟင်း မာမီ့သားက အပြစ်ဆိုစရာမရှိအောင် ပြည့်စုံနေ တော့ သူတို့ တမင်သိက္ခာချတာ ဖြစ်မှာပေါ့၊ ခေါင်းထဲက ထုတ်လိုက် သား၊ မာမီ မင်းကို ယုံတယ်၊ မလိုဘာမာစကားတွေက လေထဲမှာပဲ ပျောက်သွားမှာပါ"

မာမီက လေသံတည်တည်ငြိမ်ငြိမ်နှင့် သူ့ကို ဆုံးမစကားတွေ ဆိုနေခဲ့သည်။ ဒါပေမဲ့ သူ့ရင်ထဲမှာတော့ ရှုပ်ထွေးနောက်ကျိသွားခဲ့၏။

ဒီစကားတွေကို မာမီ့ဆီ အရောက်ပို့လိုက်တာ ဒေါ်ခင်မိုးမြင့် ကလွဲလို့ ဘယ်သူမှ မဖြစ်နိုင်ပါ။

မာမီရဲ့နှုတ်က ထုတ်မပြောပေမယ့် သူသိနေခဲ့သည်။

"ကဲ သား ကျောင်းနောက်ကျနေဦးမယ်"

မာမီ သတိပေးမှ သူ နာရီကို တစ်ချက်ငုံ့ကြည့်ကာ လက် ကျန်ကော်ဖီကို မော့သောက်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သား သွားတော့မယ် မာမီ၊ ဒီနေ့ ပရယ်တီကယ်ခန်း ဝင်ရမှာ"

"အေး အေး သွားတော့သား"

ဟန်မပျက် မာမို့ရှေ့က ထွက်ခဲ့ရသည်။ ပြဿနာကြီးကတော့ သူ့ခေါင်းထဲကို လေးပင်စွာ ပါလာခဲ့ပြီ။

ကျောင်းကို သွားမည်ဟု ဦးတည်မောင်းခဲ့သော ကားလေးက ဂျေမီနှင့်ဝေယံတို့ရှိရာကိုပဲ ဦးတည်ဖြစ်၏။

✿

"ငါတို့ထင်သားပဲ၊ ဒီပြဿနာက မကြာခင် ဝင်လာမယ်လို့"

"ဂျေမီပြောတာကို ငါလည်း စိုးရိမ်လို့ မင်းကိုသတိပေးတာပဲ၊ ဒါ ဒေါ်ခင်မိုးမြင့်လက်ချက်ပဲဖြစ်မှာ"

"သေချာတယ်၊ မာမို့ကို ဒီမိန်းမကြီးပဲ ပြောသွားတာ ဖြစ်မှာပေါ့၊ မာမီ ဖွင့်မပြောပေမယ့် ငါရိပ်မိတယ်"

သူ ခံပြင်းစွာ အံကြိတ်ထားရင်းဆိုတော့ ဂျေမီက ပင့်သက်ရှိုက် ခေါင်းကိုခါယမ်းရင်း –

"အဲဒါအသာထားကွာ၊ အရေးကြီးတာ မင်းအခု ဘာဆက်လုပ်မလဲ ဆုံးဖြတ်တော့ မျိုးရိုး"





"ဟုတ်တယ်၊ မင်းမာမီသိသွားရင် ပြဿနာက ပိုကြီးမားလာနိုင်တယ်နော်၊ မျိုးရိုး၊ အလေးအနက်စဉ်းစား"

နှစ်ယောက်စလုံးက သူ့ကို အကြံပေးသည်။ သူတို့ဆိုသလို သူ့ဘက်က တစ်ခုခုကို အသေအချာ ဆုံးဖြတ်ရတော့မှာလည်း နားလည်မိသည်။ မျက်ဝန်းထဲမှာ ခင်ပျို့မျက်နှာလေးကို မြင်ယောင်လာသည်။

"ငါ ဘာမှ စဉ်းစားစရာ မလိုဘူးကွာ၊ ခင်ပျိုကို ဖွင့်ပြောပြီး ငါ လက်ထပ်မယ်"

"ဟင်"

သူ့ယတိပြတ်စကားကြောင့် ဂျေမီရော ဝေယံပါ အံ့သြ ထိတ်လန့်သွားကြတာ သေချာ၏။ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ရင်း ငြိမ်သက်နေကြတာ အတော်ကြာ၏။ ပြီးမှ ဝေယံက –

"မင်း အသေအချာစဉ်းစားနော် မျိုးရိုး၊ အဲဒီလိုလုပ်ရင် မင်းအမေက လုံးဝလက်ခံမှာ မဟုတ်ဘူး"

"ဟုတ်တယ် မျိုးရိုး၊ ပြောရရင် မင်းအတွက် ဆုံးရှုံးနစ်နာစရာတွေ အများကြီးနော်၊ မင်း ပညာရေးကအစ စွန့်လွှတ်ပစ်ရမယ့် အခြေအနေရှိတယ်"

သူ ယဲ့ယဲ့ပြုံးရင်း ခေါင်းစိုက်မိ၏။ အခြေအနေအားလုံးကို သူ တွက်ဆပြီးခဲ့ပြီ၊ ခင်ပျိုအတွက် သူပေးဆပ်ရမည့် အရင်းအနှီးတွေက အများကြီးပါပဲ။ ဒါပေမဲ့ –



www.burmeseclassic.com

www.burmeseclassic.com



သူ ခင်ပျိုကို မြတ်နိုးချစ်ခဲ့တာ သေချာနေသည်။ ဒီအခြေအနေကြီးမှာ ခင်ပျိုကို ဥပေက္ခာပြုလိုက်ဖို့ဆိုတာ ဘယ်လိုမှ သူ လက်မခံနိုင်သော အဖြစ်ကြီးပဲဖြစ်၏။

"ငါ ဆုံးဖြတ်ပြီးပြီကွာ၊ အရာအားလုံးထက် ခင်ပျိုကို ငါ မြတ်နိုးတယ်၊ ဘာမဆို ရင်ဆိုင်ဖို့ ဆုံးဖြတ်ပြီးပြီ"

ဂျေမီနှင့်ဝေယံ ဘာမှထပ်မပြောတော့ပါ။ သူ ဆတ်ခနဲ ထရပ်လိုက်တော့ နှစ်ယောက်စလုံး မော့ကြည့်ကြ၏။

"မင်းတို့ ငါနဲ့လိုက်ခဲ့ကွာ၊ အခုပဲ ခင်ပျို့ဆီသွားမယ်၊ ခင်ပျို့ကိုလက်ထပ်ဖို့ ငါတောင်းဆိုမယ်၊ ခင်ပျို ခေါင်းတစ်ချက်ညိတ်တာနဲ့ တရားရုံးမှာ လက်မှတ်ထိုးမယ်၊ လိုအပ်တာ ကူညီဖို့ မင်းတို့လိုက်ခဲ့ကွာ"

အနိုင်အမာ ဆုံးဖြတ်ပြီးနေသော သူ့ဆုံးဖြတ်ချက်ကို ဝေယံတို့ ဘယ်လိုမှဖျက်လို့ မရနိုင်တာ နားလည်သွားကြပုံရ၏။

ခေါင်းတွေ လေးပင်စွာညိတ်ရင်း ထရပ်လိုက်ကြသည်။

သူကတော့ အချစ်အတွက် ရဲရင့်နေခဲ့တာလား၊ မိုက်မဲနေခဲ့တာလား။

သေချာတာကတော့ ခင်ပျိုကို သူ့ဘဝထက် ချစ်သည်။

✿





"ဟင့်အင်း၊ ခင်ပျို လက်မခံနိုင်ဘူး မျိုးရိုး"

ခါးခါးသီးသီး ငြင်းဆိုလာသော ခင်ပျို့ကြောင့် သူ မယုံနိုင်အောင် ဖြစ်သွားခဲ့သည်။

"ဘာရယ် ခင်ပျို့၊ ကိုယ့်ကို ခင်ပျို လက်မထပ်နိုင်ဘူးလား။ မင်း ကိုယ့်ကို မချစ်နိုင်ဘူးပေါ့၊ ဟုတ်လား"

ခင်ပျို မျက်ရည်စတွေကြားက ခေါင်းကိုပဲ ခါယမ်းနေသည်။ ခင်ပျို့ကိုကြည့်ရင်း သူ နားမလည်နိုင်တော့ပါ။ သူ့ခေါ်ရာနောက်ကို ခင်ပျို လိုက်ခဲ့ပြီးမှ ခါးခါးသီးသီးငြင်းဆိုနေတာ ဘာကြောင့်လဲ။

"ခင်ပျို့ရယ်၊ မင်းကို ကိုယ့်ဘဝတစ်ခုလုံးရင်းပြီး ချစ်ခဲ့တာပါ၊ ဒါပေမဲ့ မင်းနားမလည်နိုင်ခဲ့ဘူး၊ ကိုယ် အရမ်းဝမ်းနည်းတယ်"

ပြောရင်း သူ့အသံတွေ ကြေကွဲဝမ်းနည်းစွာ တိမ်ဝင်သွားတော့ ခင်ပျို သူ့လက်မောင်းကို ဆုပ်ကိုင်ရင်း ခေါင်းတွေခါသည်။ ရှိုက်သံတွေက ပိုလို့ ကျယ်လောင်လာ၏။

"မဟုတ်ဘူး ကိုယ့်တောင်းဆိုချက်ကြောင့် မင်းမျက်ရည်တွေ ကျနေတာ ကိုယ်မမြင်ရက်ဘူး၊ ကိုယ်မှားသွားပြီ၊ သိပ်ကိုမှားတယ်၊ တကယ်ဆို ခင်ပျို စိတ်ဆင်းရဲအောင် မလုပ်ခဲ့သင့်ပါဘူး"

"ဟင့်အင်း မဟုတ်ဘူး၊ မဟုတ်ပါဘူး မျိုးရိုးရယ်၊ ခင်ပျို ကြောင့် မျိုးရိုး အားလုံးကို စွန့်လွှတ်ပစ်ရမယ့်အခြေအနေကို ခင်ပျို လက်မခံနိုင်တာပါ၊ အဟင့် ဟင့်"



www.burmeseclassic.com

www.burmeseclassic.com



''ဘာလဲခင်ပျို၊ ကိုယ့်ကို မာမီက စွန့်ပစ်လိုက်ရင် ဆင်းရဲမွဲတေသွားတဲ့ဘဝကို ရောက်သွားမှာကြောင့်လား၊ မင်းကို ကိုယ်တာဝန်ယူနိုင်တယ်၊ ကိုယ်ဟာ ယောကျ်ားတစ်ယောက်ပါ ခင်ပျိုရယ်''

''မျိုးရိုးရယ်၊ ဒီလောက်ဆိုးတဲ့ဘဝတွေမှာတောင် ခင်ပျို နေတတ်ခဲ့ပြီးပါပြီ''

''ဒါဆို ဘာလို့ ခင်ပျို ခေါင်းတွေ ခါနေခဲ့တာလဲဟင်''

''ခင်ပျိုကြောင့် မျိုးရိုးရဲ့အနာဂတ်ကို ထိခိုက်မှာ ခင်ပျို ဘယ်လိုနည်းနဲ့မှ လက်မခံနိုင်ဘူး၊ အဲဒါ ဘာလို့လဲ သိလားမျိုးရိုး၊ ခင်ပျိုလေ ရှင့်ကို သိပ်ချစ်လို့ပါ၊ အဟင့် ဟင့်''

''ခင် ခင်ပျိုရယ်''

ခင်ပျိုခန္ဓာကိုယ်လေးကို သူ တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားလိုက်မိသည်။ ရှိုက်သံတွေနှင့် တုန်ခါနေသော ခင်ပျို့ကျောပြင်လေးကို သူ မြတ်နိုးကြင်နာစွာ ပွတ်သပ်ပေးရင်း –

''ကိုယ်လိုချင်တာ မင်းရဲ့အချစ်တစ်ခုပဲ ခင်ပျိုရယ်၊ အဲဒီအတွက် ဘာကိုမဆို ကိုယ်စွန့်လွှတ်ရဲတယ်''

''ဟင့်အင်း မလုပ်ပါနဲ့ မျိုးရိုးရယ်၊ ရှင် အားလုံး စွန့်ရဲတာ ခင်ပျိုသိပါတယ်၊ ဒါပေမဲ့ ခင်ပျို့ကြောင့်တော့ ရှင့်မိဘကို မစွန့်ပါနဲ့၊ ဆရာဝန်တစ်ယောက်ဘဝကို မစွန့်ပါနဲ့နော်''

''မင်းကို ကိုယ်မစွန့်လွှတ်နိုင်ဘူး ခင်ပျို''

''ခင်ပျို လက်ခံပါတယ် မျိုးရိုးရယ်၊ အခုချိန်မှာ ဘယ်အရာ





ကိုမှ မျိုးရိုး စွန့်လွှတ်စရာမလိုဘူးလေ၊ ဘာပြဿနာမှ မရှိသေးပါဘူး၊ ဘာလို့ တစ်ဖွတ်ထိုး ဆုံးဖြတ်ချင်တာလဲဟင်''

သူ့ရင်ခွင်ထဲက ခေါင်းလေးမော့ရင်း ခင်ပျို နှစ်သိမ့်စကားတွေ ဆိုနေတော့ သူ ခင်ပျိုမျက်နှာလေးကို ငုံငေးကြည့်နေရင်း –

''အခြေအနေတွေက အဲဒီလိုဖြစ်လာဖို့ နီးနေပြီပဲ ခင်ပျိုရယ်''

''ဟင့်အင်း၊ ဘယ်တော့မှ မဖြစ်လာအောင် ကြိုးစားရအောင်နော်၊ တကယ်တမ်းဖြစ်လာရင် ရှင့်ဘက်မှာ ခင်ပျိုရှိမယ်''

''တကယ်လား ခင်ပျို''

ခင်ပျို ခေါင်းလေးညိတ်သည်။ မျက်ရည်စတွေ တင်နေသော ပါးပြင်လေးတွေကို သူ ညင်သာစွာပဲ ပွတ်သုတ်ပေးမိ၏။

''ခင်ပျို ကတိတည်ပါကွာ၊ ဘယ်လို အခြေအနေပဲဖြစ်လာ ဖြစ်လာ ခင်ပျို ကိုယ့်ဘက်မှာ ရှိပေးပါ၊ အိုကွာ နောက်ဆုံး အခြေအနေရောက်လာရင် ခင်ပျို ကိုယ့်နောက်လိုက်ခဲ့စမ်းပါ၊ အရာရာကို ရင်ဆိုင်ဖို့ ကိုယ်တို့အတူရှိဖို့ လိုတယ်''

''ခင်ပျို ကတိပေးပါတယ် ကိုရယ်၊ အခုချိန်မှာတော့ ကိုစိုးရိမ်နေတာတွေ ဖြစ်မလာဖို့ ခင်ပျိုတို့ ဆုတောင်းရအောင်နော်''

ခင်ပျိုကို သူ့ရင်ခွင်ထဲမှာ တင်းတင်းကျပ်ကျပ်လေး ပြန်ထွေးပွေ့ထားမိပြန်သည်။

မြတ်နိုးစုံမက်ချင်စရာကောင်းတဲ့ ချစ်သူလေး။



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် နားလည်စာနာပေးမှုတွေနဲ့ ချစ်တတ်သော ချစ်သူလေးကိုတော့ သူ ဘယ်တော့မှ အဆုံးရှုံးမခံနိုင်တာ အမှန်။

✿

"ခင်ပျိုရဲ့ ဆုံးဖြတ်ချက်ကို ငါလေးစားသွားပြီ မျိုးရိုး၊ သူ ဆုံးဖြတ်တာ မှန်တယ်"

"ဟုတ်တယ် မျိုးရိုး၊ အခုချိန်မှာ မင်းမာမီမှ အတိအကျ မသိသေးတာပဲကွာ၊ အဲဒီလောက်အထိ မလိုအပ်ပါဘူး၊ အတတ်နိုင် ဆုံး သိုသိုဝှက်ဝှက်နေပြီး ခင်ပျိုအပေါ် မင်းမာမီနားလည်အောင် ကြိုးစားချိန်တွေ အများကြီးရှိသေးတာပဲ"

"ဟုတ်တယ်၊ ဝေယံပြောသလိုပဲ ဖြစ်သင့်တယ်၊ စုံးရိမ်စိတ် နဲ့ မင်းထင်ရာစိုင်းလိုက်ရင် ရင်ဆိုင်ရမယ့်အခက်အခဲတွေက အများ ကြီးကွ၊ မင်းဘ၀ နစ်မွမ်းသွားမယ်၊ ဒါကို ခင်ပျိုက နားလည်တယ်"

ဝေယံနှင့်ဂျေမီက တစ်လမ်းလုံး သူ့ကို နှစ်သိမ့်ဆုံးမရင်း ခင်ပျိုရဲ့အပေါ်မှာ စာနာနားလည်မှုတွေ ရှိနေခဲ့ကြ၏။

"တခြားမိန်းကလေးတစ်ယောက်သာဆို မင်းတောင်းဆိုတာ ကို ခေါင်းညိတ်ပြီး နာခံလိုက်မှာပဲ"

"ဒါ အမှန်ပဲ၊ ခင်ပျိုက မင်းအတွက် အများကြီးတွက်ထား





တယ်ကွ၊ ဒါ မင်းကို သူ ဘယ်လောက်ချစ်တယ်ဆိုတာ ပြလိုက်တာပဲ၊ မင်းကံကောင်းတယ် မျိုးရိုး၊ သိပ်ချစ်တတ်တဲ့ ချစ်သူလေးကို မင်း ပိုင်ဆိုင်လိုက်တာပဲ"

ဂျေမီ ချီးကျူးစကားကို နားထောင်ရင်း သူ ကျေနပ်စွာပဲ ပြုံးမိသည်။ တကယ်ပဲ ခင်ပျိုရဲ့အချစ်ကို သူ ပိုင်ဆိုင်ခဲ့ရပြီ။

ထို့အတွက် သူ ရင်မှာ ကြည်နူးနေမိတာလည်း အမှန်။

ခင်ပျိုဆိုခဲ့သလို အခြေအနေတွေ အကောင်းဆုံးဖြစ်လာစေ ဖို့ပဲ ဆုတောင်းရတော့မည်။ အဆိုးဆုံးဖြစ်သွားခဲ့လျှင်လည်း ခင်ပျို့ကို တော့ သူ ဘယ်တော့မှ စွန့်လွှတ်မှာ မဟုတ်တာ သေချာ၏။

မင်းဘက်က သစ္စာကတိတစ်ခုပဲတည်ပါ ခင်ပျိုရယ်၊

ကိုယ်နဲ့မင်း ဘယ်တော့မှ မဝေးစေရဘူး။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၇ )

"မျိုးရိုးကျော်စောတို့အိမ်မှာ ခင်ပျိုမေ မရှိတာတော့ သေချ၊ တယ် နေရဲ"

"ဒါဆို ခင်ပျိုက ဘယ်ရောက်နေလို့လဲ အန်တီ၊ ဒီကောင်၊ ပါသွားတာ သေချာနေတဲ့ဥစ္စာ"

"အဲဒါကိုပဲ စဉ်းစားရခက်နေတာပေါ့၊ မျိုးရိုးကလည်း သူ၊ အိမ်မှာပဲ ရှိနေတယ်၊ ပျောက်နေတာက ခင်ပျိုပဲ"

နေရဲစံ ခေါင်းကို တဖျင်းဖျင်းကုတ်သည်။ သူ့ရှေ့မှောက်မှ၊ ပဲ ခင်ပျို မျိုးရိုးဆိုသောကောင်နောက် ပါသွားတာသိနေသည်။ အ၊ တော့ ခင်ပျိုက ပျောက်နေသည်တဲ့။

"နေပါဦး အန်တီ၊ မျိုးရိုးကျော်စောဆိုတဲ့ကောင်အိမ်မှ၊ ခင်ပျိုမရှိတာ သေချာလို့လား"





"ခက်ပါလား နေရဲရယ်၊ မျိုးရိုးအမေ မမျိုးနဲ့က ငါနဲ့ ရင်းနှီး ခင်မင်ပြီးသားပါ၊ ငါ သူတို့အိမ် ရောက်ခဲ့ပြီးပြီ၊ မရှိဘူး၊ ဒါ သေချာ တယ်၊ မမျိုးပုံစံက လုံးဝမရိပ်မိတဲ့ပုံမို့ ငါတောင် အရိပ်အမြွက် သူ့သား သတင်းကို ပြောခဲ့သေးတယ်"

"ဟုတ်လား၊ အဘွားကြီးက ဒီကောင်မနဲ့ သဘောတူသ လား"

"ခင်ပျိုမေအကြောင်းတွေသိရင် သဘောတူဖို့ နေနေသာ သာ နားနဲ့တောင် ကြားချင်မှာ မဟုတ်ဘူး၊ ဒါပေမဲ့ မမျိုးက ငါ့စကား ကို သိပ်ယုံကြည်ပုံမရဘူး"

"အဘွားကြီးကလည်း ညံ့လိုက်တာဗျာ၊ ကိုယ့်သား ဘာဖြစ် နေတယ်, ဘာလုပ်နေတယ်တောင် မသိဘူးလား"

"ညံ့တယ်မထင်နဲ့၊ မမျိုးက ညံ့တာမဟုတ်ဘူး၊ မျိုးရိုးကိုယ် တိုင်က ပိရိလွန်းနေတာ၊ မိန်းမတစ်ယောက် တိတ်တိတ်ပုန်းယူထား တဲ့သူက ကျောင်းတက်နေနိုင်မလား၊ အမေ့အိမ်မှာပဲ အမြဲရှိနေသ လား၊ မျိုးရိုးက အရင်အတိုင်း ပုံမှန်မပျက် ရှိနေတာ"

"ဒီကောင် ဘယ်လောက်ပဲ ပုံမှန်အောင်နေနေဗျာ၊ ခင်ပျိုနဲ့ တော့ တွေ့မှာပဲ"

"အဲဒါကြောင့် နင့်ကို အသေအချာ စုံစမ်းခိုင်းနေတာပေါ့၊ အခုချိန်ထိ ဘာမှ မထူးခြားဘူး"

ဒေါ်ခင်မိုးမြင့် အပြစ်တင်ဆူပူတော့ နေရဲစံ ခေါင်းငုံ့ကာ



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်ရပ်သွားသည်။

"ကျွန်တော်လည်း စုံစမ်းနေတာပဲ အန်တီ"

"နင် အသေအချာ ဖိဖိစီးစီးလုပ်လေ၊ အခုတော့ ငါက ဘာမှ အပိုင်မပြောနိုင်ဘဲ မမျိုးကိုပြောတော့ ဟိုက ငါ့စကားကို မယုံကြည်တော့ဘူး။ ဒါမျိုးက လက်တွေ့အကောင်အထည်နဲ့ ပြမှ ဖြစ်မှာ"

"ဒါဆိုလည်း ခင်ပျိုဆိုတာ အန်တီအိမ်က အန်တီ့တူမလို့သာ ပြောပြလိုက်ပေါ့"

"ဦးနှောက်မရှိ မပြောနဲ့လေ၊ ခင်ပျိုက ငါ့တူမ,ပါလို့ ပြောလိုက်ရင် ငါပါသိက္ခာကျသွားမှာပေါ့၊ အရက်သမား, ထောင်ကျလူသတ်သမားရဲ့ အမျိုးအဆွေလို့ ငါက ကြေညာရမှာလား"

ဒေါ်ခင်မိုးမြင့် ခပ်ဟောက်ဟောက်ကလေး ပြောလိုက်မှ နေရဲစံ ဇက်လေးပုကာ နှုတ်ဆိတ်သွား၏။

"နင်ဟာလေ ဘာမှ အတွေးအခေါ်မရှိဘူး။ အရင်ကတည်းက ငါခိုင်းတဲ့အတိုင်းသာ လုပ်နိုင်ရင် ကိစ္စတွေပြီးနေပြီ၊ အခုတော့ ဘယ်လောက်ခံရခက်သလဲ"

"ကျွန်တော်လည်း ကြိုးစားခဲ့တာပဲ အန်တီ၊ အခုထိတောင် နဖူးမှာကွဲထားတဲ့ဒဏ်ရာက မပျောက်သေးဘူး"

"တော်စမ်းပါ။ နင်အသုံးမကျလို့ ခံရတာ၊ ကဲ အခု ဒီရက်ပိုင်းမှာ နင် ငါခိုင်းထားတာကို ရအောင်စုံစမ်း။ မျိုးရိုးက ခင်ပျိုကို ဘယ်မှာ





ပို့ထားသလဲသိရင် ပြီးပြီ၊ မမျိုးကို ငါက လက်တွေ့အပိုင်သက်သေပြမှ ရတော့မှာ၊ ဒီအတိုင်းပြောနေလို့ ဟိုက လက်မခံဘူး"

"စိတ်ချဗျာ၊ ကျွန်တော် ရအောင်စုံစမ်းမယ်၊ ဟို အန်တီ ကျွန်တော့်ကို အသုံးစရိတ်လေး ပေးပါဦး"

"လာပြန်ပြီ၊ နင့်မှာရှိတာက ကုန်ပြီလား"

"ဟာ ငွေတစ်သိန်းခွဲက ဘာအသုံးခံမှာလဲ၊ အခုဆို ဟိုကောင့်ကို လိုက်ပြီး အရိပ်လိုကြည့်နိုင်းဖို့ သူငယ်ချင်းတွေကို ပေးကမ်းစေခိုင်းရဦးမယ်၊ ကျွန်တော့်ရုပ်ကို သူက မှတ်မိနေတယ်"

နေရဲစံဆိုတော့ ဒေါ်ခင်မိုးမြင့် မနေနိုင်ပြန်။ စားပွဲပေါ်က အိတ်ကို ဖွင့်ကာ ငါးထောင်တန်တစ်အုပ်ကို ထုတ်ပေး၏။

"ဟဲ့ ဟဲ့ မြန်မြန်သိမ်း၊ ဟိုမှာ သမီးပြန်လာပြီ၊ ဒီကိစ္စ သမီး ဘာမှမသိစေနဲ့"

"ဟုတ်ကဲ့ အန်တီ၊ စိတ်ချပါ"

နေရဲစံ ငွေစက္ကူတွေကို ဂျာကင်အတွင်းအိတ်ထဲ ထည့်လိုက်ရင်း ဟန်မပျက် စီးကရက်တစ်လိပ် ထုတ်သောက်နေလိုက်၏၊ ကဥ္စနာကားလေး ထိုးရပ်သွားခဲ့ကာ တံခါးဖွင့်ဆင်းလာ၏။

"မာမီ မာမီ ကိုကိုပြန်လာတော့မယ်တဲ့၊ နောက်တစ်ပတ်ဆို ရောက်မယ်တဲ့"

"ဟင် သမီးကို ဘယ်သူပြောတာလဲ"

"သမီးဖုန်းကို ကိုကိုလှမ်းဆက်ပြောတာ၊ အခုတောင် စင်္ကာ



www.burmeseclassic.com

www.burmeseclassic.com



ပူ ရောက်နေပြီတဲ့၊ တစ်ပတ်လောက်နေမှ မြန်မာပြည်လာမယ်တဲ့၊ ရက်အတိအကျကို မာမီဆီ ဆက်မယ်တဲ့''

''ဟင် သားကြီးက စင်ကာပူတောင် ရောက်လာပြီလား''

''ဟုတ်တယ် မာမီ၊ မာမီ ဝမ်းမသာဘူးလား၊ သမီးတော့ အရမ်းဝမ်းသာနေတာ သိလား။ ကိုကို့ဖုန်း ဝင်လာတာနဲ့ ကျောင်းချိန်တွေတောင် ဆက်မတက်ဘဲ ပြန်လာတာ မာမီရေ''

''ကိုကိုထင်ရှားအောင် ပြန်လာတော့မှာလား၊ အတော်ပဲ လက်ဆောင်ကောင်းကောင်း တောင်းရမယ်''

နေရဲစံစကားကြောင့် ကဥ္စနာ မျက်ခုံးတန်းတန်းလေးတွေ စုကျုံ့သွားပြီး စူးစူးရဲရဲ လှမ်းကြည့်၏။

''နင်က အိမ်လာတိုင်း တောင်းဖို့ရှမ်းဖို့ပဲလား နေရဲစံ၊ ယောက်ျားရင့်မကြီးဖြစ်ပြီး မိဘအရိပ်ခို၊ အဒေါ်တွေဆီ လက်ဖြန့်တောင်းနေတာ မရှက်ဘူးလား''

''ဟာ နင်က အမြဲတမ်း ငါ့ကို ရန်လိုနေပါလား၊ အဟဲ ငါ ကုသိုလ်နဲ့ငါ ဘာမှမလုပ်ဘဲ နေနေတာကို နင်က မနာလိုဖြစ်နေတာ လား''

''သေလိုက်၊ မနာလိုတာမဟုတ်ဘူး။ မြင်ရတွေ့ရတာ အော့နှလုံးနာစရာကောင်းလို့ ပြောနေတာ၊ ဟွန်း''

နေရဲစံမျက်နှာမြင်တာနှင့် ခါးခါးသီးသီးဖြစ်တတ်သော ကဥ္စနာက အားမနာတမ်းပြောကာ အခန်းထဲ လှည့်ဝင်သွား၏။





''ကဲ သွားတော့ နေရဲ၊ အန်တီပြောတာ မမေ့နဲ့နော်၊ အမြန်ဆုံး အဖြေရအောင်စုံစမ်း''

''စိတ်ချအန်တီ၊ ဒီတစ်ခါ အပိုင်ဖြစ်စေရမယ်''

နှုတ်ဆက်ကတိပေးစကားဆိုကာ နေရဲစံပြန်သွား၏။ အိတ်ထဲက ငွေတစ်သိန်းတော့ ပါသွားခဲ့သည်။ နေရဲစံပြောသလို ဖြစ်မဖြစ်ဆိုတာတော့ သူမ စောင့်ကြည့်ရဦးမည်။

ရင်ထဲမှာ လိပ်ခဲတည်းလည်း ဖြစ်နေသော ခင်ပျို့ကိစ္စကို တွေးတိုင်း သူမ နာကျင်ခံရခက်လွန်းသည်။

သူမ ကြံစည်စီမံထားသမျှတွေအားလုံး ခင်ပျို့ကြောင့် ပျက်စီးသွားတာဟုပဲ သတ်မှတ်ထားသည်။ ထို့အတွက် ခင်ပျို့ဘဝကိုလည်း လက်တုံ့ပြန်ဖို့ သတ်မှတ်ထားသည်။

မစားရတဲ့အမဲ သဲနဲ့ပက်တာဟု ဆိုချင်ဆို၊ ခင်ပျို့အပေါ်မှာတော့ သူမအမုန်းတွေက ကမ္ဘာမကျေစတမ်းပါပဲ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၈ )

ကျောင်းတက်ရက်တွေမှာ ခင်ပျို့အိမ်ကို သူ မရောက်နိုင်ပေမယ့် ခင်ပျိုနှင့်အတူ နှစ်ကိုယ်ကြားစကားတွေတော့ ဖုန်းလေးမှ တစ်ဆင့် ပြောခွင့်တွေတော့ ရခဲ့သည်။

ကျောင်းပိတ်ရက်တွေမှာလည်း ခင်ပျိုနှင့်ဆုံနိုင်ဖို့အတွက် ဂျေမီနှင့်ဝေယံတို့က သူ့ကို ကူညီပေးခဲ့ကြသည်။ မာမီမသိအောင် ခင်ပျိုဆီသွားနိုင်ဖို့အတွက် ဂျေမီတို့က သူ့ကို အကြောင်းပြချက် အမျိုးစုံနှင့် အိမ်မှခေါ်ထုတ်ပေးတတ်ကြသည်။

"မျိုးရိုး ဒီနေ့တော့ မင်း ငါတို့နဲ့ လိုက်ခဲ့ကွာ၊ တို့ကောင်ကြီး အောင်မိုးက မွေးနေ့ဒါနပြုမယ်တဲ့"

"ဟဲ့ ဘယ်က အောင်မိုးလဲ မောင်ဂျေမီ"

"ဟာ အန်တီမျိုးကလည်း ဆယ်တန်းတုန်းက ဒီအိမ်မှာ





စာလာကျက်တဲ့ ကောင်လေ၊ အန်တီမျိုးသုပ်ပေးတဲ့ လက်ဖက်သုပ် တွေ တနင့်တပိုးစားပြီး ဗိုက်တွေအောင့်လို့ အန်တီမျိုးတောင် ဆေး တိုက်လိုက်ရတဲ့ ကောင်ပေါ့"

ဂျေမီက မာမီယုံကြည်အောင် ပြောနိုင်သည်။ မာမီရဲ့အမြင်မှာ သူ့အပြင်ထွက်လို့ကောင်းအောင် ဂျေမီက ခေါ်ထုတ်ပေးတတ်သည်။

"မျိုးရိုးရာ မင်းလုပ်ပုံနဲ့တော့ ငါလည်း မလိမ်ချင်တဲ့ လူကြီး တွေကို လိမ်ညာပြီး ငရဲပူနေရတယ်"

"မင်းကလည်းကွာ သူငယ်ချင်းတွေပဲဥစ္စာ၊ ကူညီပေးစမ်းပါ"

"အေး၊ ခဏခဏတော့ ဖြစ်မှာမဟုတ်ဘူးနော်၊ ကြာရင် အန်တီမျိုး ရိပ်မိသွားနိုင်တယ်၊ မင်းကလည်း ဖုန်းနဲ့စကားပြောရတာ ကို မကျေနပ်နိုင်ဘဲ တွေ့ချင်နေသေးတယ်"

"ဟာကွာ၊ ဘယ်သူမဆို ကိုယ့်ချစ်သူကို တွေ့ချင်ကြတာပေါ့ ကွာ၊ မင်းက ရည်းစားတောင် မှူးလို့ရှူစရာမရှိတဲ့ကောင်ဆိုတော့ နားလည်မှာ မဟုတ်ပါဘူး"

"အံမယ် မဆီမဆိုင် ငါ့တောင် လာနှိပ်ကွပ်နေသေးတယ်၊ မင်း တောင်ပြေးမြောက်ပြေး ကြည့်ရတာကိုပဲ စိတ်ပျက်လွန်းလို့"

"ဟား ဟား အဲဒါ အချစ်ရဲ့ခွန်အားကွ၊ ကဲ လစ်ပြီ ဟေ့ ကောင်၊ ခင်ပျို မျှော်နေလောက်ပြီ"

"ဘုရားပြီးတော့ ငြိမ်းဖျက်ဆိုတာ ဒါမျိုးပေါ့၊ လက်ဖက်ရည် လေး တစ်ခွက်တောင် တိုက်မသွားဘူး၊ တော်တော်ချစ်ဖို့ကောင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်ပဲ''

ဂျေမီ မကျေမနပ်ပြောကာ ကျန်ရစ်ခဲ့သည်။ သူကတော့ ကားလေးကို ခင်ပျိုတို့ အိမ်လေးဆီကိုပဲ ဦးတည်လိုက်မိသည်။ ခင်ပျို ရဲ့မျက်နှာလေးကို မြင်တွေ့ခွင့်ရလိုတာ သူ့ရင်ထဲက အပြင်းပြဆုံး ဆန္ဒတစ်ခု ဖြစ်ခဲ့၏။

ကျောင်းပိတ်ရက်တွေဆို သူ့ကို မျှော်တတ်သည့် ခင်ပျိုကို ခြံထဲက ခုံတန်းလေးမှာ စောင့်နေတာကိုတွေ့သည်။

''ခင်ပျို ကိုယ့်ကို မျှော်နေတာလား''

''ကို ဒီနေ့လာမယ် ထင်လို့လေ၊ တစ်ယောက်တည်းလား။ ကို့သူငယ်ချင်းတွေ မပါဘူးလား''

''တမင်ကို မခေါ်ဘဲထားခဲ့တာ၊ ဒီကောင်တွေရှိရင် ခင်ပျိုနဲ့ ဘယ်လိုလုပ် လွတ်လွတ်လပ်လပ် စကားပြောလို့ရမှာလဲ၊ ခြံထဲမှာပဲ ထိုင်ရအောင်နော်''

ခင်ပျို ခေါင်းလေးညိတ်သည်။ ခြံထဲကအပြာရောင်ခုံတန်းလေးမှာ နှစ်ဦး ဝင်ထိုင်ဖြစ်ကြသည်။ သနပ်ခါးမှုန်ညက်ညက်လေးနှင့် ဆံနွယ်တွေကို အမာရွတ်တွေနှင့် မျက်နှာတစ်ခြမ်းအုပ်ထားတတ်တာ ခင်ပျိုရဲ့အကျင့် ဖြစ်နေပြီထင်၏။

ခင်ပျို့ကို ဒီလိုမြင်မိတိုင်း သူ့ရင်ထဲမှာ စိတ်မကောင်း ဖြစ်မိသည်။ ဒီမျက်နှာကြောင့် ခင်ပျို သိမ်ငယ်စိတ်တွေ ဝင်နေတာကို သူ စိတ်မကောင်းပါ။





''ခင်ပျို တစ်ရက်လောက် ခင်ပျိုနဲ့ကိုယ် လျှောက်လည်ရအောင်၊ ခင်ပျို လိုက်မလား''

''ဟင့်အင်း မလိုက်ချင်ပါဘူးကိုရယ်၊ ခင်ပျို့မျက်နှာကို လူတွေမြင်ရင် သတိထားပြီး ဝိုင်းကြည့်တတ်ကြတာ၊ တော်ကြာ ကို့ကိုပါ သတိထားမိသွားကြရင် ခက်မယ်၊ ကို့မာမီဆီ သတင်းပြန်မရောက်ဘူးလို့ ပြောလို့ရမလား''

ခင်ပျိုက စိုးရိမ်သလိုလေးဆိုတော့ သူ နှုတ်ဆိတ်သွားရသည်။ သူနှင့် ခင်ပျိုဘဝက တကယ့်ကို လွတ်လပ်မှုတွေ ကင်းစင်နေသည့် ဘဝ။

''ကိုယ်တို့နှစ်ယောက်ဘဝကလည်း တခြားချစ်သူတွေလို လွတ်လပ်မှုကင်းမဲ့လိုက်တာကွာ''

''ကိုရယ်၊ ခင်ပျိုလေ ကို့ကို သနားတယ်၊ သိလား၊ ခင်ပျို့ကြောင့် ကိုယ်မှာ ဒုက္ခတွေနဲ့ ချာလည်နေတာ၊ နောက်ဆို အမြဲတမ်း မလာနဲ့တော့နော်၊ ကိုယ့်မှာက ကျောင်းစာတွေကတစ်ဖက်နဲ့ဆိုတော့ အချိန်တွေက တန်ဖိုးရှိပါတယ်''

ခင်ပျိုက အမြဲတမ်း သူ့အတွက် စာနာစိတ်တွေနှင့် ဆိုတတ်ခဲ့သည့် ခင်ပျိုကိုကြည့်ကာ သူ့ရင်မှာ ဝမ်းနည်းမိ၏။ တကယ်ဆို ခင်ပျိုရဲ့အပေါ်မှာ ပြည့်ဝစွာ တာဝန်ယူနိုင်တာမျိုး သူ့မှာမရှိခဲ့ပါ။

ဒီအခြေအနေတွေကို ရောက်ဖို့အတွက် သူ့မှာ ကြိုးစားရဦးမည့် အချိန်ကာလတွေက အများကြီး ရှိသေးသည်။ လက်ရှိမှာ သူ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်သည်လည်း မာမီရဲ့အရိပ်အောက်မှာပဲ ခိုလှုံနေရသည့်အဖြစ်။

"ခင်ပျို လာကွာ"

"ဟင် ဘယ်သွားမလို့လဲ ကို"

"အိမ်ထဲမှာ ခင်ပျိုနေနေတာ မွန်းကျပ်စရာကောင်းလို့ ကိုယ်တို့ ကားလျှောက်စီးကြမယ်"

ခင်ပျို တွန့်ခနဲဖြစ်ကာ မျက်ဝန်းလေးတွေက စိုးရိမ်သလိုကြည့်လာတော့ သူ ခင်ပျို့ပခုံးလေးကို နှစ်သိမ့်ဆုပ်ကိုင်ထားရင်း-

"ကားထဲမှာပဲ ခင်ပျို ထိုင်လိုက်ခဲ့လေကွာ၊ ဘယ်သူမှ မြင်တွေ့စရာအကြောင်း မရှိပါဘူး လာနော်"

"ခဏလေး ကို၊ ဘွားရုံတို့ကို ပြောလိုက်ဦးမယ်"

သူ့ရဲ့ကားလေးနှင့် ခင်ပျိုကိုခေါ်ပြီး အတူထွက်ခဲ့ကြသည်။ လူစိမ်းတွေနှင့် ရင်ဆိုင်တိုးမှာကို ကြောက်ရွံ့နေတတ်သော ခင်ပျိုကို သူ တိတ်ဆိတ်အေးချမ်းသော ဟိုင်းဝေးလမ်းမကြီးအတိုင်း မောင်းခေါ်ခဲ့သည်။

စိမ်းမြနေသော လယ်ကွင်းတွေဆီရောက်တော့ သူ့ကားလေးကို ထိုးရပ်လိုက်သည်။ ခင်ပျို့လက်ကလေးကိုဆွဲကာ လှပသောရှုခင်းတွေကို နှစ်ဦးသား အတူယှဉ်တွဲရပ်ကြည့်မိကြသည်။

လယ်ကွင်းပြင်ကြီးကို ဖြတ်တိုက်ခတ်လာသော လေပြည်ကြောင့် ခင်ပျိုဆံနွယ်တွေ ဝဲလွင့်နေသည်။ ဘာအကွယ်အဝှက်မှ မရှိသော ခင်ပျိုမျက်နှာလေးကို သူ တစိမ့်စိမ့်ကြည့်တော့ ခင်ပျို





မျက်လွှာလေးချကာ ရှက်ရွံ့နေသေးသည်။

"ကိုယ့်ကို မရှက်ပါနဲ့ ခင်ပျို၊ ခင်ပျို မျက်နှာပေါ်က အမာရွတ်တွေ ဘယ်လောက်ပဲ အကျည်းတန်နေပါစေ ခင်ပျိုရဲ့နှလုံးသားဖြူဖြူလေးကိုပဲ ကိုယ်မြင်နေတယ်၊ ကိုယ်မြတ်နိုးချစ်တာ အဲဒီ နှလုံးသားလေးကိုပါကွာ"

"ကိုရယ်"

ခင်ပျို ပခုံးလေး သူ့ရင်ခွင်ထဲမှီနွဲ့ကျလာသည်။ သူ ညင်သာစွာ ပွေ့ဖက်ရင်း ခင်ပျို လက်ဖဝါးလေးတွေ ဆုပ်ကိုင်ထားတော့ အေးစက်ထုံကျင်နေ၏။

"လေစိမ်းတွေတိုက်နေတာ ခင်ပျိုရဲ့ အနွေးထည်လေး ဝတ်လာခဲ့သင့်တာ၊ ချမ်းနေပြီလား"

"ဟင့်အင်း ခင်ပျို့စိတ်တွေ လွတ်လပ်ပေါ့ပါးနေတယ် ကို"

ပြုံးပြုံးလေးဆိုလာသော ခင်ပျို ကို့ရင်ခွင်ထဲမှာ သူပွေ့ဖက်ထားမိသည်။ သူဝယ်ပေးထားသော ခိုပြာရောင်ဝတ်စုံလေးနှင့် ခင်ပျိုသိပ်ကိုလှပငြိမ်းချမ်းနေခဲ့သည်။

ခင်ပျိုကို တစိမ့်စိမ့်ကြည့်ရင်း ရင်မှာ မြတ်နိုးခြင်းတွေ ပိုမိုတိုးလာခဲ့တာအမှန်။

ခင်ပျိုရယ် ကိုယ့်အနားက မင်း ဘယ်မှ ထွက်မသွားပါနဲ့၊ မင်းအနားမှာလည်း ကိုယ်အမြဲတမ်းရှိနေမှာ အကြွင်းမဲ့ယုံကြည်ပါ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၉ )

"ဆရာလေးရေ၊ သမီးလေးတော့ ဖျားနေပြီ"

နောက်တစ်နေ့ သူရောက်တော့ ဘွားရုံက ဆီးပြောလာသည်။ သူ့ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားခဲ့ကာ ခင်ပျိုအတွက် စိုးရိမ်သွားမိ၏။

"မနေ့က လေစိမ်းတွေ အတိုက်ခံလိုက်လို့ထင်တယ်"

"ဟုတ်မယ်၊ ညနေကျတော့လည်း ရေချိုးနောက်ကျတဲ့ အပြင် ခေါင်းတွေပါ လျှော်လိုက်တယ်လေ"

"ဟာ ခင်ပျိုကတော့ ဖြစ်ရမယ်"

ခင်ပျို့ရဲ့ အခန်းလေးထဲအထိ သူရောက်ခဲ့တော့ ပန်းနုရောင် အနွေးထည်လေးနှင့် ခင်ပျို ခုတင်ပေါ်မှာ ကျုံ့ကျုံ့လေး ထိုင်နေသည်။

"ခင်ပျို နေမကောင်းဘူးဆို"





ခင်ပျို နဖူးပြင်လေးကို သူ စမ်းကြည့်တော့ ကိုယ်ငွေ့လေးက နွေးနွေးလေးပူနေသည်။ အဖျားသွေးရှိနေတာတော့ သေချာသည်။ ခင်ပျိုမျက်နှာလေး နီမြန်းကာ မျက်ဝန်းလေးတွေ ရီဝေနေသည်။

"အင်း၊ သက်သာနေပါပြီ ကိုရဲ့၊ ဟတ်ချိုး ဟတ်ချိုး"

ပြောရင်း ခင်ပျို နှာတွေချေနေတော့ သူ ခင်ပျို့လက်ဖဝါးလေးကို လှမ်းဆုပ်ကိုင်ရင်း ခုတင်ဘေးမှာ ဝင်ထိုင်မိသည်။

"သက်သာနေပြီသာဆိုတယ် နှာတွေချေနေတုန်းပါလား၊ ဘာဆေးတွေ သောက်ထားလဲ ခင်ပျို"

"ဘွားရုံ ဈေးသွားတုန်းက ဆေးခန်းမှာ ဆေးဝင်စပ်ခိုင်းထားတာ သောက်ထားတယ် ကို၊ နှစ်ခွက်တောင်ရှိပြီ နော် ဘွားရုံ"

ခင်ပျိုက ဘွားရုံကိုလှမ်းကြည့်ကာ ကသောကမျောလေးပြောတော့ ဘွားရုံကလည်း ခေါင်းလေးညိတ်ပြသည်။

"ဆေးခန်းသွားမလား ခင်ပျို၊ ကိုယ်လိုက်ပို့မယ်"

"အို မသွားပါဘူး၊ ဆေးထိုးရမှာ ခင်ပျိုကြောက်တယ်၊ ဆေးတွေလည်းသောက်ထားပြီးပြီ၊ သက်သာနေပါပြီ ကိုရဲ့၊ ဘာမှ မဖြစ်တော့ဘူး"

ခင်ပျို အကြောက်အကန်ငြင်းပြီး ခုတင်ပေါ်က ဆင်းသည်။

"ခြံထဲဆင်း လမ်းလျှောက်ချင်တယ် ကို"

"ဟာ နေမကောင်းဘဲနဲ့ ဘယ်ဖြစ်မှာလဲ၊ ဧည့်ခန်းထဲမှာပဲ ထိုင်ကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခဏလေး အညောင်းပြေလျှောက်ချင်လို့ပါ ကိုရယ်၊ ခဏလေးနော်"

ခင်ပျို တောင်းဆိုနေတော့လည်း သူ လိုက်လျောပေးမိပြန်သည်။ ခြံထဲမှာ နှစ်ယောက်သား လမ်းလျှောက်ဖြစ်ကြသည်။ ပြီးတော့ ဒန်းပြာလေးမှာ နှစ်ဦးထိုင်ကာ စကားတွေ ပြောကြသည်။

"ခင်ပျို အထဲပြန်ဝင်ကြရအောင်နော်"

"ဟင့်အင်း၊ ထိုင်ချင်သေးတယ် ကို၊ မနက်ဖြန်ကစပြီး ကို လာလို့ရမှာ မဟုတ်တော့ဘူးလေ၊ ခင်ပျိုတို့ စကားတွေ တစ်ဝကြီး ထိုင်ပြောချင်သေးတယ်"

ကျောင်းဖွင့်ရက်တွေမှာ ခင်ပျိုဆီ သူ မလာနိုင်တာမို့ ခင်ပျို တမ်းတမ်းတတလေးပြောသည်။ ခင်ပျိုကို စာနာသနားသွားရင်း သူ ရင်ခွင်ထဲမှာပွေ့ထားမိသည်။

"ကို့ကို ခင်ပျို စမြင်တွေ့ဖူးတုန်းက မျက်နှာလေးကို အခုထိ မျက်စိထဲမှာ မြင်နေတယ် သိလား၊ အဲဒီတုန်းက ကိုက အဖြူရောင် တီရှပ်လက်တိုလေးနဲ့ ဂျင်းပြာနုလေးနဲ့၊ ကို့ကို ခင်ပျို ကားထဲက ခိုးကြည့်နေခဲ့တာ"

"ဟုတ်လား၊ အဲဒီတုန်းက ကားထဲမှာ ခင်ပျိုရှိနေမှန်း ကိုယ် လုံးဝမသိခဲ့ဘူး။ မှန်နက်တွေနဲ့ဆိုတော့ ဘယ်မြင်မှာလဲ၊ ခိုးကြည့်နေတဲ့ ကောင်မလေးရှိနေမှန်းသိရင် ကားတံခါးဆွဲဖွင့်ပြီး ဖက်နမ်းမိမှာ"

"အို"





ရှက်သွေးလွှမ်းသွားသော မျက်နှာလေးနှင့် ခင်ပျို မျက်နှာလေးကို ရင်ခွင်မှာ ကွယ်ဝှက်ဖို့ ကြိုးစားသည်။ သူ ခင်ပျိုနဖူးပြင်က ဆံနွယ်လေးတွေကို ကြင်နာစွာ သပ်တင်ပေးရင်း နဖူးပြင်လေးကို ဖွဖွလေး နမ်းရှိုက်မိသည်။

ပိတ်ကျသွားသော မျက်ခွံလေးတွေက မျက်တောင်ရှည်ကြီးတွေက ကော့ညွတ်နေသည်။ ဒဏ်ရာကင်းစင်သော ပါးပြင်လေးက နူးညက်နေ၏။ မြတ်နိုးစွာ ငုံနမ်းလိုက်ချင်ပေမယ့် သူ မနမ်းရက်ခဲ့ပါ။

"ခင်ပျို အိမ်ထဲဝင်ကြစို့နော်"

ဖျတ်ခနဲပွင့်လာသော မျက်နက်ဝန်းတွေက တောက်ပကြည်လင်နေ၏။ ခင်ပျို နာခံစွာပဲ ခေါင်းလေးညိတ်ကာ သူ့ရင်ခွင်ထဲက ခွာထွက် သည်။

ခင်ပျိုရယ် မင်းကို ကိုယ်မြတ်နိုးချစ်ခဲ့တာ တဏှာမက်ခြင်းတွေ ဘာမှမပါတဲ့ ဖြူစင်ကြင်နာခြင်းတွေနဲ့ဆိုတာ ယုံပါ။

✿

ညနေ သူ ပြန်မည်ဆိုတော့မှ ခင်ပျို ကိုယ်တွေ့ပူကာ အဖျားတွေ တိုးလာသည်။

"ဒုက္ခပဲ၊ ခင်ပျို အဖျားတွေ ပြန်တက်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မဖြစ်ပါဘူးဆို၊ ညနေစောင်းမို့ပါ"

"ဘာမှမဖြစ်ဘူး မပြောနဲ့၊ ဆေးခန်းတော့သွားမှ ဖြစ်မယ် ခင်ပျို"

"ဟင့်အင်း၊ ခင်ပျို ဆေးခန်းမသွားပါရစေနဲ့၊ ဟိုလေ ဆေး ပဲ သောက်ချင်တယ်၊ ဆေးပဲဝယ်သောက်မယ်နော် ကို"

အဖျားသွေးနှင့်ရဲနေသော ခင်ပျိုနှုတ်ခမ်းလေးတွေကို ကြည့် ကာ သူ သနားသွားမိတာမို့ ကိုယ်တိုင်ပဲ ဆေးဝယ်ဖို့ ထွက်ခဲ့၏။

"ဆရာလေး ဆရာလေး"

ခေါ်သံနှင့်အတူ အနောက်က ပြေးလိုက်လာသော ဘွားရဲ့ ကြောင့် သူ ကားနားကပ်ရပ်စောင့်နေမိသည်။

"ဘာလဲ ဘွားရဲ၊ ဘာပြောမလို့လဲဟင်"

"ဟိုလေ ဆရာလေးကို အမှန်ပြောမလို့၊ သမီးလေး ဘာ ဆေးမှ သောက်မထားရသေးဘူး"

"ဟင် မနက်က ဆေးဝယ်သောက်တယ်ဆို"

"မဟုတ်ဘူး၊ ခင်ပျိုလေးက ဆေးသောက်ရမှာ ကြောက်လို့ ညာတာ၊ ဘွားရဲလည်း သူလေးကို သနားလို့ ခေါင်းညိတ်ပေးတာပါ ဆရာလေးရယ်"

"ဟာကွာ၊ ခင်ပျိုကတော့ ကြောက်စရာမဟုတ်တာကို"

သူ ကရုဏာဒေါသတွေနှင့် ရေရွတ်ညည်းတွားရင်း ခင်ပျို အခန်းထဲအထိ ပြန်ဝင်ခဲ့သည်။ မြို့စောင်လေးခြုံကာ ကွေးနေအော





ခွေလျှက်ပြီး အဖျားတက်နေသော ခင်ပျိုမျက်ဝန်းလေးတွေ ပွင့်လာရင်း–

"ဟင် ကို၊ ဘာကျန်ခဲ့လို့လဲ"

"ဆေးမသောက်ဘဲ ညာထားတဲ့ ကောင်မလေးကို လာခေါ် တာ၊ ဒီလောက်ထိ အဖျားတာရှည်နေတာ ဆေးခန်းပြမှဖြစ်မယ်"

"ဟင့်အင်း ခင်ပျို မလိုက်ပါရစေနဲ့ ကို"

"မရဘူး ခင်ပျို၊ ကိုယ်နဲ့လိုက်ခဲ့"

ခင်ပျို အထိတ်တလန့်လေး ငြင်းဖို့ကြိုးစားပေမယ့် သူ တစ်ဇွတ်ထိုးပဲ ခင်ပျို့ခန္ဓာကိုယ်လေးကို ပွေ့ချီပစ်လိုက်သည်။

"အို ကို မပို့ပါနဲ့၊ ခင်ပျို မသွားချင်ဘူး"

"မသွားလို့မရဘူး ခင်ပျို၊ ညကြီးအချိန်မတော် အဖျားတွေ တက်ရင် ပိုဆိုးမှာပေါ့၊ အပ်နဲ့ထွင်းရမယ့်ကိစ္စကို ပုဆိန်နဲ့ပေါက်ချင်လို့ လား၊ တစ်လကိုးသီတင်း ဆေးရုံတက်ရမှ ပိုဆိုးမယ်၊ လိုက်ခဲ့"

သူ ခြောက်လှန့်သလိုလေးပြောလိုက်မှ ခင်ပျို ဘာမှမဆို တော့ဘဲ နှုတ်ဆိတ်သွား၏။ ကားတံခါးဆွဲဖွင့်ကာ ခင်ပျိုကို သူ တက်စေသည်။ ကြောက်စိတ်နှင့် မျက်လုံးလေးတွေဝိုင်းကာ ခင်ပျို နှုတ်ခမ်းလေးတွေ ဖြူလျော့နေ၏။

သူ ကားလေးကို မောင်းထွက်လိုက်ရင်း ခင်ပျို မကြောက် စေရအောင် တစ်လမ်းလုံး ချော့မော့အားပေးလာရသည်။

ဆေးခန်းရောက်တော့ သူ စိုးရိမ်နေသည့်အတိုင်း ခင်ပျို့ရဲ့ အဖျားအပူရှိန်က တစ်ရာ့ရှစ်တောင် ကျော်ချင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဖျားကျဆေးတစ်လုံး ထိုးပေးမည်ဆိုတော့ ခင်ပျိုမျက်နှာလေးက ငိုမဲ့မဲ့။ သူ ရယ်လည်းရယ်ချင်သည်။

"ဘာမှမကြောက်နဲ့ ပုရွက်ဆိတ်ကိုက်သလောက် မနာဘူး"

"ဟို အပ်ကြီးကိုကြောက်တာ ကိုရဲ့"

"အပ်ကြီးမဟုတ်ပါဘူးဗျာ၊ သေးသေးလေးနဲ့ ထိုးပေးမယ် ဟုတ်လား"

ဆရာဝန်က ခင်ပျိုကိုကြည့်ပြီးကာ ရွှတ်နောက်နောက်လေး ဆိုသည်။ သူ ခင်ပျို့လက်ဖဝါးလေးကို ဆုပ်ကိုင်ထားပေးတော့ ခင်ပျို မျက်ဝန်းလေးတွေ တင်းတင်းမှိတ်ထားသည်။

မျက်နှာလေး တစ်ချက်ရှုံ့မဲ့သွားခဲ့ကာ ခင်ပျို မျက်ဝန်းတွေ ဖွင့်ကြည့်တော့မှ –

"ကဲ ပြီးသွားပြီ၊ ဘာနာလို့လဲ ထတော့နော်"

ဆရာဝန်က သောက်ဆေးတွေ ထုတ်ပေးနေပြန်တော့ ခင်ပျို မျက်ဝန်းလေးတွေ ထိတ်လန့်ပိုင်းစက်နေရင်း –

"ဆေးထိုးပြီးပြီလေ၊ ဆေးတွေ ထပ်သောက်ရဦးမှာလား ကို"

"ဟာ အဖျားပြတ်အောင် သောက်ရမှာပေါ့ ခင်ပျိုရဲ့"

ဆရာဝန်ပေးလိုက်သော ဆေးတွေကို ခင်ပျို့လက်ထဲ ထည့် မပေးရဲဘဲ သူပဲ ယူခဲ့သည်။ ဆေးသောက်ရမှာ ကြောက်သော ခင်ပျို လွှင့်ပစ်နေလျှင် အခက်။





အိမ်ပြန်ရောက်တော့ ခင်ပျို ကိုယ်ပူချိန်ကျသွားပေမယ့် နွေးနွေးလေးတော့ ကျန်နေသေးသည်။ အပူချိန် ထပ်တက်နိုင်တာမို့ သောက်ဆေးတွေ အချိန်မှန်တိုက်ဖို့ ဆရာဝန်မှာလိုက်၏။

သူ စိုးရိမ်မိတာ ခင်ပျို ဆေးမသောက်မှာကိုပဲ ဖြစ်သည်။ ဘွားရုံကလည်း ခင်ပျိုကို နိုင်မှာမဟုတ်။

သူ ဆုံးဖြတ်ချက်နှင့် ဖုန်းလေးဆက်ကာ မာမီဆီကို ဆက်သွယ်လိုက်သည်။

"သား ပြောလေ ဘာပြောမလို့လဲ"

"သား ဒီည အိမ်ပြန်မအိပ်ဖြစ်ဘူး မာမီ"

"ဘာရယ်၊ ဘာလို့ မပြန်တာလဲ၊ သား အခု ဘယ်မှာလဲ"

"ဆေးရုံကြီးမှာပါ မာမီ၊ ဒီမှာ သားသူငယ်ချင်းရဲ့အမေ ဒီည အော်ပရေးရှင်းလုပ်ရမှာ၊ ခွဲစိတ်မယ့် ဆရာဝန်ကြီးက သားတို့ ဆရာကြီးလေ၊ သူငယ်ချင်းနဲ့သား ဒီတစ်ည စောင့်ပေးမလို့ပါ"

တစ်ဖက်က မာမီစကားသံ တိတ်ဆိတ်နေသည်။ သူ့စကားတွေကို မာမီယုံကြည်ဖို့ စဉ်းစားနေတာလားမသိ။ မတတ်နိုင်ပါ။ သူ ဒီတစ်ညတော့ ခင်ပျို့အနားမှာပဲ ရှိသင့်တာမို့။

"ဒါပဲနော်မာမီ၊ စိတ်မပူပါနဲ့ မနက်စောစော သားပြန်လာမှာပါ"

ပြောပြီးသည်နှင့် သူ ဖုန်းကို ပိတ်ပစ်လိုက်သည်။ မာမီ သံသယတွေ ဝင်လာပြီး ထပ်မေးလာမှာကိုလည်း မဖြေရှင်းနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကို ဘယ်ကို ဖုန်းဆက်နေတာလဲ"

"မာမီ့ဆီ ဆက်နေတာ၊ ကိုယ် ဒီည ပြန်မလာဖြစ်ဘူးလို့ ခွင့်တောင်းနေတာ"

"ဟင်"

"ဟုတ်တယ်၊ ဒီည ကိုယ် ဒီမှာပဲ စောင့်ပေးမယ်၊ ခင်ပျိုက အချိန်မရွေး အဖျားတွေ ပြန်တက်နိုင်တယ်၊ သောက်ရမယ့်ဆေးတွေ အချိန်မှန်သောက်ဖို့ပဲ လိုတယ်"

"ခင်ပျို သောက်မှာပါ၊ ဘွားရုံတို့လည်း ရှိပါတယ်၊ ကို ပြန်ပါနော်၊ မနက်ဖြန်လည်း ကျောင်းတက်ရဦးမှာ"

"ဘာမှမပြောနဲ့ ခင်ပျို၊ ကိုယ် ဒီည ဒီမှာပဲ ရှိမယ်၊ ခင်ပျို့ကို လုံးဝ စိတ်မချဘူး၊ ဒါပဲ"

ခင်ပျို ဘာမှဆက်မပြောနိုင်ဘဲ သူ့ကို ငေးငေးလေးကြည့်နေခဲ့သည်။ ခင်ပျို့အပေါ် မာထန်ထန်စကားတွေနှင့် မဆက်ဆံ အနိုင်မယူလိုပေမယ့် ခင်ပျိုက သူ့အတွက် စိုးရိမ်တာတွေ ပြောလာမှာစိုး၏။

တစ်ညလုံး ခင်ပျို့အနားမှာ သူ စောင့်ပေးသည်။ ညဦးပိုင်းမှာ ဘွားရုံနှင့် ပုံပုံပါ စောင့်ပေးပေမယ့် တစ်ညလုံး အိပ်ပျက်ကာ နောက်လူတွေ ထပ်လဲနေမှာစိုးတာကြောင့် သူ အိပ်ခိုင်းလိုက်ရ၏။

ခင်ပျို့ရဲ့အခန်းလေးထဲမှာပဲ ဒရင်းဘတ်လေးချကာ သူ စောင့်ပေးသည်။





"ခင်ပျို သက်သာပါတယ်၊ ကို အိပ်ပျက်နေမယ်၊ အိပ်ပါနော်"

"ဒရင်းဘတ်ပေါ်မှာ ကိုယ် အိပ်တတ်ပါတယ်၊ ကဲ ဆေးသောက်ပြီးရင် ခင်ပျို တစ်ရေးလောက် မှေးလိုက်"

သူ့စကားကို နာခံကာ ခင်ပျို ခေါင်းကလေးညိတ်သည်။ သူ ခင်ပျို့ခန္ဓာကိုယ်လေးပေါ် ခြုံစောင်လေး လွှမ်းခြုံပေးလိုက်သည်။

ခဏကြာတော့ ဆေးရှိန်ကြောင့်ထင်သည်။ ခင်ပျို အိပ်ပျော်သွားခဲ့သည်။ မျက်ခွံလေးတွေ ချက်ချင်း ချောင်ကျသွားသော ခင်ပျို မျက်နှာလေးကို ကြည့်ကာ သူ စိတ်မကောင်းဖြစ်မိသည်။

နဖူးပြင်လေးကို စမ်းကြည့်တော့ အပူငွေ့က နွေးနွေးရှိဆဲဖြစ်၏။ ဒရင်းဘတ်လေးဆီ ပြန်လာခဲ့ကာ သူ အသာလှဲလိုက်သည်။ မျက်ဝန်းတွေက အိပ်စက်မရသလို စိတ်တွေကလည်း လွင့်ပြေးသွား၏။

ခင်ပျို့ဘဝလေးကို ကူညီပေးမည်ဟု သူရည်ရွယ်ခဲ့ပေမယ့် ဘာတစ်ခုမှ မစွမ်းဆောင်နိုင်သေးတာ အမှန်။ ခင်ပျို့ရဲ့မျက်နှာလေးကိုလည်း ကုသပေးချင်သည်။

ခင်ပျို့ရဲ့ပညာရေးကိုလည်း ပြန်ပြီးတက်စေချင်သည်၊ ဒါပေမဲ့ လက်တွေ့မှာ သူ ဘာမှ မကူညီနိုင်ခဲ့ပါ။ ခင်ပျို့ကို သူခေါ်ခဲ့မိတာ ခင်ပျို့ဘဝလေးကို နှစ်သလို ဖြစ်နေပြီလား။

ခန္ဓာကိုယ်ပေါ်ကို ထိတွေ့လာသော အထိအတွေ့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သူ မျက်ဝန်းတွေ ဖွင့်ကြည့်တော့ ခင်ပျို သူ့ကို စောင်လေး လာခြုံ လွှမ်းပေးတာဖြစ်သည်။

''ဟင် ခင်ပျို မအိပ်သေးဘူးလား''

''တစ်ရေးနိုးတာပါ ကို၊ ကို အိပ်ပျော်နေတယ်ထင်လို့''

''မအိပ်ပါဘူး၊ မှေးခနဲ ပျော်သွားတာပါ၊ ကဲ ခင်ပျို ပြန်အိပ် လေ၊ နှစ်နာရီကျရင် ဆေးတစ်ခွက် ထပ်သောက်ရဦးမယ်''

ခင်ပျို မျက်နှာလေးရှုံ့သွား၏။ သူချော့မော့တိုက်ခဲ့တာကြောင့် ဆေးနှစ်ခွက်တော့ ခင်ပျို သောက်ပြီးပြီ။

''သောက်ထားတဲ့ဆေးတွေတောင် ဗိုက်ထဲမှာ စုပုံနေပြီ''

''မရဘူးလေကွာ၊ ဆေးပတ်လည်အောင် သောက်ရမှာပေါ့၊ စဖြစ်ကတည်းက ဆေးသောက်ခဲ့ရင် ဘာမှဖြစ်မှာမဟုတ်ဘူး၊ လိမ် တော့ ဆေးလည်းထိုးရ, ဆေးလည်းသောက်ရပြီပေါ့''

ခင်ပျို သူ့ကို မျက်စောင်းလေးထိုးကာ၊ ခုတင်ပေါ်မှာ ပြန်လှဲ အိပ်သွားခဲ့သည်။ သူ ဒရင်းဘက်လေးမှာထိုင်ရင်း စောင့်သည်။ သူ ပြန်ရောက်မလာခြင်းအတွက် မာမီရော အိပ်ပျော်မည်လား။

တစ်ခါမှ ညအိပ်ညနေ အိမ်က မခွာဖူးသော သူ့ကို မာမီ စိတ်ချမှာ မဟုတ်တာသိပေမယ့် သူညာခဲ့မိပြီ။

မာမီနှင့် ရင်ဆိုင်ရလျှင် ဘာတွေကြားရဦးမည်မသိ။ ယုံ လောက်အောင်တော့ သူညာရဦးမည်။

နှစ်နာရီထိုးတော့ ခင်ပျိုကို ဆေးသောက်ဖို့ သူနှိုးရ၏။ ခင်ပျို





ပခုံးလေးကို သူလှုပ်နှိုးပေမယ့် ခင်ပျိုမနိုးပါ။ ဖျတ်ခနဲ မျက်တောင် လေးတွေ ပုတ်ခတ်သွားတာ မြင်လိုက်မှ ခင်ပျို အိပ်ချင်ယောင်ဆောင် နေတာဟု သူသိလိုက်သည်။

''ဒီလောက်ထိ အအိပ်မက်တဲ့ ကောင်မလေး၊ တစ်ကိုယ်လုံး နမ်းပြီးနှိုးမှ ရမယ်ထင်တယ်၊ ကဲ''

''အိုး ကိုနော်''

''ဟား ဟား ထင်သားပဲ၊ ခင်ပျို အိပ်ချင်ယောင်ဆောင်နေ တာ၊ ကဲ ထနော်၊ ဆေးတစ်ခွက်သောက်လိုက်၊ မသောက်ခင် ဟောဒီ ကော်ဖီနဲ့မုန့်လေး စားလိုက်ဦး''

ဓာတ်ဘူးထဲက ကော်ဖီတစ်ခွက်နှင့် ကိတ်ခြောက်မုန့်လေးကို သူကိုယ်တိုင် ခင်ပျိုကို တယုတယ ခွံ့ကျွေးမိသည်။ ပြီးတော့မှ ဆေး တစ်ခွက်ကို တိုက်သည်။

ခင်ပျို မျက်နှာလေးရှုံ့မဲ့ကာ သောက်သည်။

''အိုကေ၊ ခင်ပျို သတ္တိရှိလာပြီ၊ ကဲ အားရှိအောင် ပြန်အိပ် လိုက်နော်''

''ဟင့်အင်း မအိပ်ချင်သေးဘူး ကို၊ ထိုင်နေမယ်''

ခင်ပျိုက လက်ကလေးပိုက်ထိုင်ကာ သူ့ကိုငေးကြည့်နေ သည်။ ခင်ပျို့နဖူးပြင်ပေါ်က ဆံနွယ်တွေကို သူ ညင်သာစွာ သပ်တင် ပေးမိ၏။

''ကိုရယ်၊ ကို့ကို ခင်ပျို အရမ်းချစ်သွားပြီ၊ သိလား''



www.burmeseclassic.com

www.burmeseclassic.com



"ပျှော်လား၊ ကိုယ်က ခင်ပျို့ကို အဲဒီထက် အဆပေါင်းများစွာ ပိုချစ်တာကွ"

"ကိုရယ်"

သူ ပခုံးလေးကို ခင်ပျိုလက်ကလေးတွေ ဆုပ်ကိုင်လာ၏။ ခင်ပျိုလက်ဖဝါးလေးတွေကို သူ အုပ်မိုးဆုပ်ကိုင်ထားတော့ နွေးနွေးကလေး ရှိန်းမြနေသည်။ ခင်ပျို လက်ဖဝါးလေးတွေကို သူ့ရင်ဘတ်မှာ ဖိကပ်အုပ်မိုးကိုင်ထားရင်း –

"ကိုယ်တို့ ဘယ်တော့မှ မဝေးကြေးနော်၊ ခင်ပျို"

"ဘယ်တော့မှ မဝေးပါဘူး ကို၊ ခင်ပျို့နှလုံးသားထဲမှာ ကိုက အမြဲတမ်း သက်ထက်ဆုံး ရှိနေမှာပါ"

"ခင်ပျိုရယ်"

ရင်ခွင်ထဲမှာ ခင်ပျို့ခန္ဓာကိုယ်လေးကို နွေးထွေးအောင် သူ ထွေးပွေ့ထားမိ၏။ နှစ်ဦးစလုံး ရင်ခုန်သံတွေ လှုပ်ခတ်တုန်ယင်နေခဲ့ပေမယ့် ရမ္မက်ကင်းစင်သော ရင်ခုန်သံတွေကတော့ တူညီနေခဲ့၏။

စစ်မှန်သောချစ်ခြင်းမှာ နှလုံးသားတို့ ဖြူစင်ခြင်းတွေနှင့် နှောင်ဖွဲ့တတ်သည်ဆိုတာ –

✿ ✿ ✿



## အခန်း ( ၃၀ )

မကြာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ဆင်းသက်တော့မည်ဟူသော လေယာဉ်မယ်လေး၏ ကြေညာသံကြောင့် သူ့ရင်ထဲမှာ လှိုက်ခနဲ ခံစားလိုက်ရ၏။ ထိုင်ခုံခါးပတ်ကို ပတ်ရင်း မှန်ပြတင်းတံခါးမှ လှမ်းကြည့်မိသည်။

ဟိုးအောက်မြေပြင်မှာ မြင်နေရသော မြင်ကွင်းတွေက သူ့စိတ်ကို ကြည်နူးလှိုက်ဖိုစေသည်။

မိနစ်ပိုင်းအတွင်းမှာ အမိမြေရဲ့ မြေကို သူ ခြေနင်းနိုင်တော့မည်။ သုံးနှစ်ဆိုသော ကာလရှည်ကြီးက ဘာမှ မကြာလိုက်သလိုပါပဲ။ ထိုကာလတစ်လျှောက်လုံးမှာ သူ မြန်မာပြည်ကို ပြန်မရောက်ခဲ့ပါ။

အားလုံးသည် မာမီရဲ့စီမံရာအတိုင်း သူ နာခံခဲ့ရတာဖြစ်သည်။ ဆယ်တန်းအောင်တော့လည်း အင်ဂျင်နီယာကြီး ဖြစ်စေဖို့



www.burmeseclassic.com

www.burmeseclassic.com



သော မာမီ့ဆန္ဒအတိုင်း ကျောင်းဆက်တက်ခဲ့ရ၏။ ပြီးတော့ အမေရိကားမှာ ဘွဲ့လွန်သင်တန်းတွေ ဆက်တက်ဖို့ မာမီက စီမံသည်။

သူ ခေါင်းညိတ်ရပြန်၏။ တကယ်ဆို သူ့ရင်ထဲက ဆန္ဒအတိုင်းသာ တောင်းဆိုခွင့်ရလျှင် ဘွဲ့လွန်ပညာတွေ သူ မတက်ချင်နေပါ။ ခင်ပျိုမေလေးရဲ့မျက်နှာကို ခွဲစိတ်ကုသပေးဖို့ မာမီ့ကို တောင်းဆိုချင်၏။

မာမီ ဘယ်လိုမှလက်မခံနိုင်တာမို့ ခင်ပျိုလေးကို သနားပေမယ့် သူ မတတ်နိုင်ခဲ့ပါ။ ကဥ္စနာနှင့်ခင်ပျိုနှစ်ယောက်မှာ ခင်ပျိုလေးအပေါ် သူ စာနာစိတ်နှင့် သံယောဇဉ်တွေပိုခဲ့တာ ဝန်ခံသည်။

တကယ်ဆို ကဥ္စနာရော ခင်ပျိုမေသည်ပါ သူ့ရဲ့ညီမအရင်းအချာတွေ မဟုတ်ဆိုတာ လူမှန်းသိတတ်စအရွယ်ကတည်းက သူနားလည်ခဲ့၏။

သူ့ဘဝက မိဘမဲ့ဘဝ။ ဒယ်ဒီနှင့်မာမီတို့က စောင့်ရှောက်ကျွေးမွေးခဲ့သော ကျေးဇူးတွေက ကြီးမားခဲ့သည်။ သူ့ကိုမွေးစားပြီးမှ ညီမလေးကဥ္စနာကို မာမီမွေးသည်။

ညီမလေးတစ်ယောက် ရလာတာမို့ သူပျော်ခဲ့သလို ခင်ပျိုမေဆိုသော နောက်ထပ်ညီမလေးကို ဒယ်ဒီမွေးစားဖို့ ခေါ်လာတော့လည်း ဝမ်းသာမိသည်။

ကဥ္စနာထက်သာလျှင် မာမီရဲ့နွေးထွေးချစ်ခင်မှုကို ပိုင်ဆိုင်ခွင့်မရရှာသော ခင်ပျိုလေးကို သူ အချစ်ပိုခဲ့တာတော့ အမှန်ပဲဖြစ်သည်။





ကံဆိုးလွန်းသော ခင်ပျိုလေး ကားအက်ဆီးဒင့်ကြောင့် လှပသောမျက်နှာလေး အကျည်းတန်သွားတော့ သူ ကြေကွဲဝမ်းနည်းမဆုံး။ ငွေကြေးကုန်ကျခံကာ ကုသလျှင် နဂိုအတိုင်း ပြန်ကောင်းနိုင်ပေမယ့် မာမီက ဥပေက္ခာပြုခဲ့၏။

လူ့တောထဲတိုးဖို့ မဝံ့ဖြစ်နေသော ခင်ပျိုလေးကို ကြည့်ကာ သူ့ရင်မှာ ဆုံးဖြတ်ကြွေးကြော်ထားတာ တစ်ခုရှိသည်။ တစ်နေ့ကျလျှင် ခင်ပျိုလေးမျက်နှာကို သူ ခွဲစိတ်ကုသပေးမည်ဟု။

ဒီရည်ရွယ်ချက်တွေကြောင့်ပဲ အမေရိကားမှာ ကျောင်းတက်နေရင်း ဝင်ငွေရအောင် သူ အလုပ်ဝင်လုပ်သည်။ သုံးနှစ်တာကာလမှာ အားလပ်ခွင့်ရက်တွေရရင်လည်း သူ မြန်မာပြည်မပြန်ခဲ့။

အမေရိကားမှာပဲ အလုပ်လုပ်ကာ ငွေတွေစုခဲ့တာက ခင်ပျိုလေးအတွက်ပဲ ဖြစ်ခဲ့သည်။ အခုတော့ သူ့ရည်ရွယ်ချက်တွေ ပြည့်မြောက်ခဲ့ပြီ။

ခင်ပျိုလေးမျက်နှာကို ကုသပေးနိုင်ရုံမကဘဲ ခင်ပျိုဘဝလေးကို ရပ်တည်နိုင်အောင် ပြည့်စုံသော ငွေကြေးတွေ သူ့မှာ ရှိနေခဲ့ပြီ။ ဒါကို မာမီလည်း သိစရာမလိုအပ်ပါ။

စင်ကာပူဘဏ်မှတစ်ဆင့် မြန်မာပြည်ကို ခင်ပျို့အမည်နှင့် သူ အားလုံး လွှဲပြောင်းပေးခဲ့ပြီးပြီ။

ဒါတွေကို ခင်ပျိုလေးသိလျှင် ဘယ်လောက် အံ့သြဝမ်းသာသွားမည်လဲ။



www.burmeseclassic.com

www.burmeseclassic.com



ဆူညံသော စက်အင်ဂျင်သံနှင့်အတူ ပြေးလမ်းနှင့် လေယာဉ် ဘီး ထိတွေ့လိုက်တာမို့ သူ့ခန္ဓာကိုယ် စိမ့်ခနဲ တစ်ချက်တုန်သွားလျှင် နံ့ဘေးက မှန်တံခါးကိုကြည့်လိုက်တော့ ပြေးလမ်းပေါ် လေယာဉ်ကြီး ဆင်းနေပြီပဲ။

ထိုင်ခုံမှထကာ လေယာဉ်တံခါးပေါက်က လှေကားဆီကို လျှောက်ခဲ့ချိန်အထိ သူ့ရင်မှာ ကြည်နူးမှုတွေ တငြိမ့်ငြိမ့် စီးမျောနေ၏။

မာမီရယ်၊ ကဥ္စနာရယ်၊ ခင်ပျိုလေးရယ်။

သူ့ကိုလာကြိုကြမည့် သုံးယောက်ထဲမှာ ခင်ပျို့မျက်နှာလေး ကိုပဲ သူ အရင်ဆုံး မြင်ချင်သည်။

လေဆိပ်ရဲ့ ဧည့်ကြိုအဆောက်အအုံပေါ်က လက်ပြ နှုတ် ဆက် ကြိုနေသူတွေထဲမှာ အားလုံးရှိနိုင်သည်။ ဒါပေမဲ့ သူရှာဖွေ မတွေ့ပါ။ ခြေလှမ်းတွေပဲ ဧည့်ကြိုအဆောက်အအုံအောက်ရောက် အောင် ခပ်သွက်သွက် လှမ်းခဲ့မိ၏။

"ကိုကို ကိုကို၊ ကဥ္စနာတို့ ဒီမှာ"

ကြားလိုက်ရတာ ကဥ္စနာအသံဖြစ်သည်။ လူအုပ်ကြားထဲမှာ ကဥ္စနာနှင့်မာမီမျက်နှာတွေကို မြင်သည်။ ခင်ပျိုကို မတွေ့သေးပါ။ အခုချိန်ထိ လူသူကြားထဲ တိုးဝင်ဖို့ ခင်ပျို သိမ်ငယ်နေဆဲလား။

ခင်ပျိုရယ်၊ မကြာခင်မှာ မင်းလေးရဲ့ ဘဝသစ်လေးက လှပစွာ ရှိနေတော့မှာပါကွယ်။

"ကိုကို"





သူ့ရင်ခွင်ထဲ ပြေးဝင်လာသော ကဥ္စနာ ဝမ်းသာအားရ ပွေ့ဖက်ထားသည်။

"သား"

"မာမီ နေကောင်းတယ်နော်"

"ကောင်းပါတယ် သားရယ်၊ သား အသားတွေဖြူဖွေးပြီး ပြည့်လာတယ်နော်"

"ကိုကိုက တကယ်ချောလာတယ်၊ ဟောလိဝုဒ်မင်းသား တွမ်ခရု အတိုင်းပဲ၊ သိလား"

"စိတ်ချ ညီမလေးအတွက် လက်ဆောင်တွေ အများကြီးပါ တယ်၊ ဒါနဲ့ ခင်ပျိုလေးကော"

သူ့အမေးကြောင့် ကဥ္စနာမျက်နှာပေါ်က အပြုံးတွေ ပျောက် သွား၏။ မာမီ့ကိုလှမ်းကြည့်တော့ မျက်နှာက တင်းခနဲ ခက်ထန် သွားခဲ့ရင်း –

"ဒီနာမည်ကို မာမီ မေ့ဖို့ ကြိုးစားနေတယ် သား"

"ဟင် ဘာ ဘာဖြစ်လို့လဲ၊ ခင်ပျို ဘာဖြစ်လို့လဲ မာမီ"

"အိမ်ရောက်မှ ပြောပြမယ်သား၊ ကဲ မာမီတို့ ပြန်ကြရအောင် နော်"

ပဟေဠိဆန်သော မာမီ့စကားတွေကို သူစိတ်မရှည်နိုင်ပါ။ ခင်ပျိုအတွက် စိုးရိမ်စိတ်တွေနှင့် ရင်က လှုပ်ခတ်နေခဲ့၏။

"မာမီ ကားပေါ်က သွားစောင့်နေလိုက်ပါ၊ ညီမလေး ကဥ္စနာ



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုနဲ့လိုက်ခဲ့ကွာ၊ ပါလာတဲ့ ပါဆယ်ပစ္စည်းတွေ ထုတ်ရဦးမယ်”

ကဥ္စနာ့ကို မာမီ့အနားက ခွဲထုတ်ခေါ်ခဲ့ကာ လူရှင်းသော လေဆိပ်ဧည့်ကြိုခန်းထဲက ခုံလေးတွေဆီ ခေါ်ခဲ့၏။

“ညီမလေး ကိုကို့ကို ပြောစမ်းပါ၊ ခင်ပျို ဘယ်မှာလဲ၊ ဘာတွေဖြစ်နေတာလဲ၊ ကိုကို ချက်ချင်းသိချင်တယ်”

ကဥ္စနာ့ပခုံးလေးကို သူ ဆုပ်ကိုင်လှုပ်ယမ်းပြီး အလောတကြီး မေးမိ၏၊ ကဥ္စနာပြောပြသော အကြောင်းတွေကို သူနားထောင်ရင်း ရင်ထဲမှာ နင့်ခနဲ ခံစားလိုက်ရ၏။

မယုံနိုင်ခြင်းနှင့် သူ့နှုတ်တွေ တိတ်ဆိတ်ဆွံ့အလျက် ကဥ္စနာ စကားတွေကို ကြားတစ်ချက် မကြားတစ်ချက်။

“ပြောရရင် မျိုးရိုးကျော်စောနဲ့ ခိုးရာလိုက်သွားတယ်ဆို့မေ မယ့် ခင်ပျိုကို မျိုးရိုးမိခင်က သဘောတူကြည်ဖြူမှာ မဟုတ်ဘူး ကိုကို၊ ဒါကြောင့် မျိုးရိုးက သူ့အမေမသိအောင် ခင်ပျိုကို တစ်နေရာမှာ ထားထားပုံရတယ်”

“ဟာကွာ၊ မာမီက ပြန်မစုံစမ်းဘူးလား၊ ခင်ပျိုက ဘယ်မှာလဲ”

“မာမီကတော့ ခင်ပျိုကို အရမ်းစိတ်နာသွားတယ် ကိုကို၊ ဘယ်မှာလဲ အတိအကျမသိပေမယ့် မျိုးရိုးနဲ့ ရှိမှာပါ၊ ကိုကို မစိုးရိမ်ပါနဲ့၊ မျိုးရိုးက ခင်ပျိုကို သိပ်ချစ်တာ ကဥ္စနာ သိတယ်”

ခင်ပျိုကို သိပ်ချစ်သတဲ့လား။ ကဥ္စနာ စကားတစ်ခွန်းက





သူ့ရင်ထဲကို စူးစူးနစ်နစ် မြားနဲ့ပစ်ခွင်းလိုက်သလိုပါပဲ။ နှလုံးသားက လစ်ဟာသွားတဲ့ ဝေဒနာနှင့် သူ ရင်တွေဆို့သွားစေသည့်သတင်းပါ လား။

“ကိုကို သွားရအောင်၊ မာမီမျှော်နေလိမ့်မယ်”

ကဥ္စနာ့သတိပေးမှ သူ ခေါင်းညိတ်ကာ ထရပ်မိသည်။ လေယာဉ်ကွင်းထဲက ထွက်ခွာခဲ့ချိန်ထိ သူ့ရင်ထဲမှာ ဝေဒနာမောတွေ နှင့် ဆို့နင့်နေခဲ့၏။ သူ စိတ်ကူးယဉ်ခဲ့သော ဘဝလေးက ပြိုပျက်သွား ခဲ့သလိုပါပဲ။

ခင်ပျိုလေးရယ်

သုံးနှစ်ကျော်လုံးလုံး ကိုကိုမက်ခဲ့တဲ့ အိပ်မက်လေး ပျက်စီး သွားခဲ့ပြီပေါ့။

✿

“အဲဒါပဲသား၊ ခင်ပျိုမေ သိပ်မိုက်မဲတယ်၊ တကယ်ဆို ကောင်လေးမိဘက သူ့ကို ဘယ်လိုနည်းနဲ့မှ ကြည်ဖြူမှာမဟုတ်ဘူး၊ အခုလည်း ကြည့်လေ၊ ခိုးကြောင်ခိုးဝှက်ဘဝနဲ့ နေ့,နေရတာ၊ သူက ကောင်လေးဘက်က ပြည့်စုံချမ်းသာမှုတွေကို မက်မောနေတယ် ထင် တယ်၊ စောင့်ကြည့်စမ်းပါ၊ ဘဝပျက်ပြီး မျက်ရည်စက်လက်နဲ့ မာမီ



www.burmeseclassic.com

www.burmeseclassic.com



ဆီ ဒူးထောက်ပြန်လာရင် မာမီကတော့ လုံးဝလက်မခံဘူး''

ပြင်းထန်သော မာမီ့စကားတွေကို သူ မကြားရက်ပါ။ ခင်ပျို ဒီလောက်အထိ မိုက်မဲသွားသလား။ ဒီလိုမိုက်မဲခဲ့တာဆိုရင်လည်း ခင်ပျိုကို အပြစ်လို့ သူမမြင်ရက်ပါ။

တကယ်ဆို မာမီရဲ့ဆက်ဆံမှုတွေက ခင်ပျိုအပေါ် ဘယ်တုန်းကမှ နွေးထွေးမှု ရှိခဲ့တာမှမဟုတ်တာ။

''မာမီတို့မိသားစုထဲမှာ ခင်ပျိုမေ မရှိတော့ဘူး၊ တကယ်ဆို ရှိလည်း မရှိသင့်ခဲ့တာပါ၊ လူဆိုးလူမိုက် အရက်သမား ထောင်ထွက်ဆိုတဲ့ သူ့အဖေရဲ့ဂုဏ်ပုဒ်တွေက မာမီတို့ကိုတောင် ထိခိုက်နိုင်သေးတယ်၊ အဟင်း ဒီလိုဂုဏ်ပုဒ်တွေကို သူ့ကောင်လေးက အခုချိန်မှာ ဘယ်မြင်ဦးမှာလဲ၊ ဘယ်မိဘက ဒီမျိုးရိုးမျိုးကို လက်ခံမှာလဲ၊ စောင့်ကြည့်နေလိုက်စမ်းပါ''

မာမီ့ရင်ထဲမှာ ခင်ပျိုအပေါ် ဘာကြောင့် နာကြည်းချက်တွေ ဒီလောက်ပြင်းထန်နေတာလဲ သူ မသိခဲ့ပါ။

မာမီမရှိတော့ချိန်ကျမှ ကဠနာက သူ့ကို အားလုံးရှင်းပြပါသည်။ သူ အံ့ဩပြီးရင်း အံ့ဩရ၏။

''မာမီက မျိုးရိုးကျော်စောကို ကဠနာနဲ့ သဘောတူနေတာ ကိုကိုရဲ့၊ ကဠနာက လုံးဝ စိတ်မဝင်စားတော့ မာမီမကျေနပ်ဘူး၊ ဒီကြားထဲမှာ မျိုးရိုးနဲ့ခင်ပျို ကြိုက်နေတာသိတော့ ပိုစိတ်တိုသွားတာပေါ့''





''ဟင် ဒါဆို ကဠနာနဲ့ သဘောတူထားရဲ့နဲ့ အဲဒီချာတိတ်က ခင်ပျိုကို ခိုးသွားတာလား''

''ပြောရရင် နည်းနည်းရှုပ်တယ် ကိုကို၊ ခင်ပျိုထွက်သွားတာ မာမီရဲ့ပယောဂ မကင်းဘူးလို့ ကဠနာထင်တယ်''

သူ နားလည်ပါတယ်။ မာမီက ဟိုးအရင်ကတည်းက ခင်ပျိုကို အလိုမရှိခဲ့တာဖြစ်သည်။ ကဠနာနဲ့ယှဉ်လာတော့ ခင်ပျိုကို ရှုံ့မုန်းသွားမည်ပေါ့။ ခင်ပျို့အဖြစ်က သနားစရာကောင်းနေသည်။

ဒါတွေက သူသာရှိနေလျှင် ဖြစ်လာမှာမဟုတ်ပါ။ အခုတော့

''ကိုကိုရာ ကိုကိုမေ့လိုက်ပါ၊ ခေါင်းစားတယ်''

''ကိုကို ဘယ်လိုမေ့လို့ရမှာလဲ ညီမလေးရယ်၊ ကိုကို ဒီကိုပြန်လာတာ ရည်ရွယ်ချက်တွေနဲ့ပါ''

''ရည်ရွယ်ချက်တွေ''

''ဟုတ်တယ်၊ ခင်ပျိုလေးအတွက် ကိုကို့မှာ ရည်ရွယ်ချက်တွေ အများကြီးရှိခဲ့တာ''

''ခင် ခင်ပျိုအတွက်''

ကဠနာ တအံ့တဩ မျက်ဝန်းလေးတွေ ဝိုင်းစက်ပြီး မေးပြန်သည်။ သူ ရင်ထဲမှာ မွန်းကျပ်နေသော ဝေဒနာတွေအတွက် ကဠနာကိုပဲ သူရင်ဖွင့်မိတော့၏။

''ဟုတ်တယ် ကဠနာ၊ ကိုကို ဟိုမှာကျောင်းတက်နေရင်း အားလပ်တဲ့အချိန်လေးမှာ အလုပ်လုပ်ပြီး ငွေတွေစုခဲ့တယ်၊ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ခွင့်ရက်တွေတောင် မြန်မာပြည်မပြန်ဘဲ အလုပ်တွေလုပ် ငွေရှာခဲ့တာ ခင်ပျို့အတွက်ပဲ''

ကဥ္စနာ ပါးစပ်လေးအဟောင်းသားနှင့် သူ့ကိုငေးကြည့်နေခဲ့သည်။ ခင်ပျိုမေအပေါ် သူ့ရင်ထဲကထားရှိသော စေတနာနှင့် မျှော်လင့်ချက်တွေကို ညီမလေး အံ့ဩနေမှာ သေချာ၏။

''အခု ကိုကို့မှာ အပြည့်အဝပါတယ်၊ ခင်ပျို့ရဲ့မျက်နှာကို ကုသဖို့တင်မကဘူး ခင်ပျို့ဘဝလေး ပြည့်စုံအောင် ရပ်တည်လို့ရတဲ့အထိ ကိုကိုရှာပါတယ်၊ ဒါပေမဲ့ကွာ''

ကဥ္စနာ ဘာစကားမှမဆိုဘဲ သူ့ကို ငေးကြည့်နေ၏။ သူ့ရင်ထဲက ခံစားချက်တွေကို စာနာသွားသည်လားမသိ။ ကဥ္စနာ မျက်ဝန်းလေးတွေထဲမှာ မျက်ရည်လေးတွေ လက်ဖြာတောက်ပနေ၏။

''ကို ကိုကို ခင်ပျို့အတွက် ဘာလို့ အဲဒီလောက်ထိ ရည်ရွယ်ချက်ကြီး ထားခဲ့တာလဲဟင်''

ကဥ္စနာ အသံတုန်တုန်ယင်ယင်လေးနှင့် ရှိုက်သံစွက်မေးတော့ သူ ကဥ္စနာကို လှည့်ကြည့်ရင်း –

''ကိုကို့ရင်ထဲမှာ ခင်ပျို့ရှိခဲ့လို့ပေါ့ ညီမလေးရယ်၊ တကယ်ဆို ခင်ပျို့ဘဝလေးက ညီမလေးလောက် ကံမကောင်းရှာပါဘူး။ သူ့မျက်နှာက အမာရွတ်တွေကြောင့် သိမ်ငယ်နေတယ်၊ ဒါကို ကိုကို မမြင်ရက်ဘူး။ ပြီးတော့ တွယ်ရာမဲ့ သူ့ဘဝလေးကို ကိုကိုလေ တစ်သက်လုံး စောင့်ရှောက်ပေးဖို့ ရည်ရွယ်ထားတာ''





''ဟင်''

''အခုတော့ ကိုကို့ရည်ရွယ်ချက်တွေ ပျက်စီးကုန်ပြီကွာ၊ ကိုကိုက အချစ်မှာ ကံမကောင်းခဲ့ပါဘူး''

ကြေကြေကွဲကွဲ သူဝန်ခံနေတော့ ကဥ္စနာ နှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်ယင်ကာ နှစ်သိမ့်ဖို့စကားတွေ ရှာနေသည်လား။ ဒါပေမဲ့ ကဥ္စနာပါးပြင်ကို စီးကျလာတာ မျက်ရည်တွေပဲဖြစ်၏။

✿

ကဥ္စနာရဲ့ မျှော်လင့်ချက်တွေ တကယ်ပဲ သေဆုံးသွားခဲ့တာပါ ကိုကိုရယ်။ လူမသိ သူမသိ ကြေမွသွားတဲ့ ကဥ္စနာရဲ့နှလုံးသားကိုတော့ ကိုကို မမြင်ခဲ့ဘူးနော်။

ဟိုးအရင်ကတည်းက ကဥ္စနာ နှလုံးသားမှာ ကိုကိုရှိခဲ့တာပါ။ ကိုကို အဝေးကြီးကိုသွားတော့မယ်ဆိုတော့ ကဥ္စနာ ကြေကွဲစွာ ငိုခဲ့ရတယ်။ ကိုကို့ကို အဝေးကြီးပို့လိုက်တဲ့ မာမီ့ကို စိတ်ဆိုးမိတဲ့အထိပါပဲ။

သုံးနှစ်ကျော်ဆိုတဲ့ ကာလရှည်ကြီးကို ကဥ္စနာနှလုံးသားက သစ္စာရှိစွာ ကိုကို့ကိုပဲ သိုဝှက်ထားခဲ့တာ ဘယ်သူမှမသိခဲ့ဘူးနော်။

ကဥ္စနာအနားမှာ ရှိနေတဲ့ ယောကျ်ားတွေအားလုံးကို ကဥ္စနာ ငြင်းပယ်ခဲ့ ရင်မခုန်တတ်ခဲ့တာ ကိုကို့ကြောင့်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မာမီကြည်ဖြူတဲ့ မျိုးရိုးနဲ့ ဝေးခဲ့တော့လည်း ကဥ္စနာ ကျေနပ်ဝမ်းသာခဲ့တယ်။ တစ်နေ့မှာ ကိုကိုရဲ့ရင်ခွင်ထဲမှာပဲ ကဥ္စနာ ခိုလှုံခွင့်ရမယ်လို့ ယုံခဲ့တယ်။

အခုတော့ ကိုကိုရဲ့နှလုံးသားက ကဥ္စနာအတွက် မဟုတ်ဘူးတဲ့လား။ ခင်ပျို့အတွက် ရှိခဲ့တာလား ကိုကို။

ကိုကို့ရင်ထဲက ခံစားချက်တွေကို နားထောင်ရင်း ကဥ္စနာနှလုံးသားတွေ တစ်ဖွဲ့စီကြွေနေခဲ့တာ ကိုကိုကတော့ သိမှာမဟုတ်ဘူး။ ဒဲ့ဩစရာကောင်းအောင် ကိုကိုက ခင်ပျိုကို ချစ်ခဲ့တာကိုး။

ကိုကို့ရဲ့ချွေးတွေနဲ့ ခင်ပျိုအတွက် ငွေတွေအများကြီးစုဆောင်းခဲ့တာတဲ့။

အချစ်ရေးမှာ ကိုကို ကံမကောင်းခဲ့ဘူးတဲ့။ ကဥ္စနာကရော ကံဆိုးလွန်းခဲ့ပါတယ် ကိုကို။

အတောင့်တဆုံး ကိုကို့ရဲ့အချစ်ကို ကဥ္စနာမရတော့ဘူးတဲ့လား။

ခင်ပျိုကျမှ ဘာလို့ ဒီလောက်အထိ ကံကောင်းနေခဲ့တာလား။ ကိုကို့ရော မျိုးရိုးရဲ့နှလုံးသားကိုပါ ခင်ပျိုက ပိုင်စိုးနိုင်တဲ့ သခင်မတစ်ပါးပေါ့။

ကိုကိုရယ်၊ ကိုကို့နှလုံးသားကို ပိုင်ဆိုင်ခွင့်မရတော့ဘူး ဆိုတာ ကဥ္စနာ နားလည်ခဲ့ပါပြီ။

ဒါပေမဲ့ တစ်ခုတော့ မျှော်လင့်ခွင့်ပေးပါ ကိုကို။





ကိုကို့အနားမှာ ကဥ္စနာ ရှိနေခွင့်လေးတစ်ခုပါ။ ဒီတစ်ခုတော့ ငါ့ကိုစွန့်ကြဲပါ ခင်ပျိုရယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃၁ )

"မျိုးရိုး"

ညည့်ခန်းထဲကို သူ့ခြေလှမ်းတွေ ဝင်မိရုံပဲရှိသေးသည်။ မာမို့အသံက ဟိန်းထွက်လာသည်။

သူမော့ကြည့်တော့ ဆိုဖာထိုင်ခုံမှာ ခြေချိတ်လက်ပိုက်ထိုင်နေသော မာမို့မျက်နှာက မာတင်းနေ၏။ ရွှေကိုင်းမျက်မှန်ထဲက မာမို့မျက်ဝန်းတွေက စူးစူးရှရှ တောက်ပနေ၏။

တင်းတင်းစေ့ထားသော နှုတ်ခမ်းတွေကို မြင်ရုံနဲ့ မာမီရဲ့ ချုပ်ထိန်းထားသော ဒေါသတွေကို သူအကဲခတ်မိ၏။

"ခဏလေး ကြွခဲ့ပါဦး မျိုးရိုးကျော်စော"

ရင်မှာ ထိတ်ခနဲ တုန်လှုပ်သွားသည်။ မာမီ ဘယ်တုန်းကမှ သူ့နာမည်ကို မခေါ်ခဲ့ဖူးပါ။





"မာမီ"

"ဘာမှ မပြောနဲ့၊ မင်း ဒီမှာထိုင်၊ ပြီးရင် ငါမေးတာတွေကို မင်းရဲ့နှုတ်က အမှန်အတိုင်းဖြေပါ"

မာမီ ယတိပြတ်စကားတွေ ဆိုနေကတည်းက ပြဿနာတက်ပြီဟု နားလည်လိုက်သည်။ ခင်ပျိုနဲ့ သူ့ကိစ္စကို မာမီရိပ်မိသွားခဲ့ပြီလား။

"မင်း အခု ဘယ်ကပြန်လာတာလဲ"

"ဟို ဂျေမီတို့အိမ်ကပါ မာမီ"

မဲ့ခနဲပြုံးသော မာမီနှုတ်ခမ်းတွေ ချက်ချင်းပဲ ပြန်တင်းတင်းစေ့သွားခဲ့ကာ –

"ငါ အခုပဲ ဂျေမီ့ဆီ ဖုန်းဆက်ပြီးပြီ၊ ဂျေမီတို့ တစ်မိသားစုလုံး သူတို့အဘိုးတစ်ယောက်သုံးလို့ ခရီးထွက်သွားတယ်တဲ့၊ ခြံစောင့်ကြီးက ဖြေတာ"

"ဟင်"

မာမို့ဘက်က တိကျသေချာနေ၏။ ဂျေမီ့အကြောင်းကို ပေယံပြောလို့ပဲ သူသိထားသည်။ အခုတော့ တလွဲဖြစ်ကုန်ပြီ၊ ထပ်ပြီး အမှားတစ်ခု မကျူးလွန်ချင်တာမို့ သူ ခေါင်းငုံ့ပစ်လိုက်၏။

"လိမ်စမ်း မျိုးရိုး၊ ပြီးခဲ့တဲ့တစ်ပတ်က မင်း တစ်ညလုံး ဘယ်မှာရှိနေခဲ့သလဲ"

သူမဖြေဘဲ နှုတ်ဆိတ်နေတော့ မာမီ ဆတ်ခနဲထရပ်ကာ



www.burmeseclassic.com

www.burmeseclassic.com



လေသံမာမာစူးစူးနှင့် ထပ်မေး၏။

"ဖြေလေ၊ အဲဒါကို ငါကြားချင်တာ၊ ခေါင်းမော့ပြီး ရဲရဲဖြေစမ်းပါ မျိုးရိုး"

"ကျွန်တော် မာမီ့ဆီ ဖုန်းဆက်ခဲ့တာပဲဗျာ"

"ဘာလဲ မင်းရဲ့ကျူးလွန်နေတဲ့ မုသာဝါဒတွေကို ငါ မျက်စိမှိတ်ယုံခဲ့တာ မင်းက ကျေနပ်တယ်ပေါ့၊ ဒီမှာ ကြည့်စမ်း"

စားပွဲပေါ်ကို ဘုန်းခနဲ ပစ်တင်လိုက်သော ဓာတ်ပုံတွေက ပြန့်ကျဲကျကုန်သည်။ သူ့မျက်လုံးတွေ ထိတ်လန့်စွာ ပြူးကျယ်သွားခဲ့သည်။ ခင်ပျိုနဲ့သူ့ပုံတွေ။

ခြံထဲကို သူ့ကား မောင်းဝင်သွားပုံတွေ၊ ခင်ပျိုနဲ့အတူ ရပ်နေပုံတွေ၊ ဒန်းပြာလေးပေါ်မှာ အတူထိုင်နေပုံတွေကိုပါ ပါသေးသည်။

"မင်း ဘာငြင်းမလဲ မျိုးရိုး"

"______"

"မင်း ငါ့ကိုလိမ်တယ်၊ ယုံကြည်မှုကို ခုတုံးလုပ်တယ်၊ သိပ်ကို ဆိုးတယ် မျိုးရိုး၊ အမှန်ကို ဝန်ခံစမ်းပါ၊ ဒါတွေက ဖန်တီးဘားတာတွေ မဟုတ်ဘူးနော်"

သူ ပင့်သက်ရှိုက်မိ၏။ အခုချိန်မှာ မာမီ့ကို သူ မလိမ်ညာချင်တော့ပါ။ ဓာတ်ပုံတွေက သက်သေဖြစ်နေပြီဆိုတော့။

"သား ဝန်ခံတယ် မာမီ၊ ခင်ပျိုက သားရဲ့ချစ်သူပဲ"

"ဘာ၊ ချစ်သူ ဟုတ်လား၊ မင်း တိတ်တိတ်ပုန်းလက်ထပ်





နိုးယူထားတဲ့ မိန်းမလို့ ပြောစမ်းပါ"

မာမီက စူးစူးဝါးဝါး ထအော်သည်။ တကယ်ဆို သူနှင့်ခင်ပျိုရဲ့ အခြေအနေမှန်ကို မာမီမသိသေးတာ သေချာနေပြီ။ အခုချိန်မှာ မာမီထင်ထားသည့်အတိုင်း သူ ငြိမ်သက်နေပေးလိုက်၏။

"အဲဒီကောင်မလေးက သူတစ်ပါးအိမ်မှာနေတဲ့ အောက်တန်းစား အိမ်စေမလေး။ ပြီးတော့ သူ့အဖေက လူဆိုးလူပေ အရက်သမားကြီး၊ လူသတ်မှုနဲ့ ထောင်ထဲမှာ သေသွားတဲ့လူ၊ တကယ့်ကို ကြည့်ညီုစရာကောင်းတဲ့ ဂုဏ်ပုဒ်တွေနဲ့ မိန်းမကို မင်းဘဝအတွက် ရွေးလိုက်သလားဟင် မျိုးရိုး"

"မာမီ့ကို သူတို့က သွေးထိုးစကားတွေ ပြောနေတာပါ၊ ခင်ပျိုက ဘယ်လောက်ဖြူစင်တဲ့ မိန်းကလေးဆိုတာ"

"တော် တော်စမ်းမျိုးရိုး၊ အဲဒီမိန်းကလေးက ကဋ္ဌနာတို့အိမ်က အိမ်ဖော်မလေးပါ၊ ကဋ္ဌနာကို ငြင်းပယ်ပြီး ဒီမိန်းမကို ရွေးရအောင် မင်း မိုက်မဲမယ်လို့ မာမီမထင်ဘူး၊ တကယ်ရှက်စရာကောင်းလိုက်တာ မာမီတို့အသိုင်းအဝိုင်းထဲ ဒီမိန်းကလေးကို မင်းဆွဲမသွင်းနဲ့၊ မာမီ လုံးဝလက်မခံနိုင်ဘူး"

"မာမီ"

"မာမီ ဘာမှမကြားချင်ဘူး၊ ခုချက်ချင်း မင်းအဲဒီကိစ္စကို ရှင်းပါ၊ မာမီပိုင်တဲ့ခြံထဲမှာ အဲဒီမိန်းမကို မမြင်ချင်ဘူး"

"ကောင်းပြီ မာမီ၊ ဒါဆို ကျွန်တော်လည်း ခင်ပျိုနဲ့အတူ



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားပေးပါ့မယ်''

''ဘာ''

''ဟုတ်တယ် မာမီ၊ ခင်ပျို့ကို ကျွန်တော် တစ်ဘဝလုံး အတွက် ချစ်ခဲ့တာပါ''

''မင်း မင်း''

''ကျွန်တော် ဖြေရှင်းပြလို့ မရအောင် မာမီက ခင်ပျို့အပေါ်မှာ အထင်သေးနေမှတော့ ကျွန်တော် ဘာမှမရှင်းပြတော့ဘူး မာမီ''

''မျိုးရိုး မင်း အခုဘာလုပ်မှာလဲ၊ မာမီ့ကိုပြောစမ်း''

သူ့အနားရောက်လာကာ မာမီ စူးစူးဝါးဝါး အော်ဟစ်မေးတော့ သူ ထိုင်ခုံကထရပ်ရင်း မာမီ့ကို ရင်ဆိုင်ကြည့်လိုက်၏။

''သား ခင်ပျို့နဲ့ပဲ ရှင်သန်မယ်မာမီ''

''ဖြန်း''

''ဖြန်း''

ပါးနှစ်ဖက်ပေါ် ဆင့်ကျလာသော မာမီ့လက်ဝါးရိုက်ချက်တွေကြောင့် သူ စပ်ဖျဉ်းပူလောင်သွားခဲ့၏။ မာမီ အသားတွေတုန်ယင်ကာ သူ့ကို စိုက်ကြည့်နေရင်း –

''မင်း အဲဒီမိန်းမကို မယူရဘူး မျိုးရိုး''

''သားကို ခွင့်လွှတ်ပါ မာမီ''

စကားအဆုံးမှာ သူ မာမီ့ရှေ့က ချာခနဲလှည့်ထွက်ခဲ့၏။ ညည်းခန်းတံခါးဝမရောက်ခင်မှာပဲ ဝုန်းခနဲ လဲပြိုသံကို ကြားရ၏။





''ဟာ မာမီ မာမီ''

သူ တုန်လှုပ်စွာ ဟစ်အော်ရင်း မာမီ့ကိုပြေးပွေ့မိသည်။ မာမီ့နှုတ်ခမ်းတွေ တင်းတင်းစေ့ရင်း မျက်နှာတစ်ခုလုံး သွေးဆုတ်ဖြူရော်နေ၏။

''မာမီ မာမီ''

သူ စိုးရိမ်စွာ ဟစ်ခေါ်ရင်း မာမီ့ကိုပွေ့ချီလိုက်သည်၊ သူ့လက်တွေထဲမှာ မာမီ အရုပ်တစ်ရုပ်လို ပျော့ခွေပါလာသည်။

မာမီရဲ့ တင်းတင်းစေ့ထားသော နှုတ်ခမ်းတွေက ပြေလျော့ကျ မသွားခဲ့ပါ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃၂ )

"အဟင်း ဟင်း၊ နောက်ဆုံးတော့ မာမီထင်ထားသလိုပဲ ဖြစ်ခဲ့ပြီပေါ့၊ အခုတော့ မျိုးရိုးဆိုတဲ့ကောင် သူ့မိဘဆန္ဒကို လွန်ဆန်နိုင်တော့မလား"

မာမီ ခေါင်းမော့အံကြိတ်ပြုံးရင်း ပြောနေတာကို သူ တိတ်ဆိတ်စွာပဲ ငေးကြည့်နေမိသည်။

"မမျိုးက အခုတော့ သိသွားပြီလေ၊ မျိုးရိုးဆိုတဲ့ကောင် ဘာမှမတတ်နိုင်တော့ဘူး။ ဆေးရုံက အမေ့အနားမှာ မျက်ကလဲဆန်ပျာ နေနေရပြီ၊ ဟိုကောင်မကတော့ ဒုက္ခပင်လယ်ဝေပြီပေါ့"

"ခင် ခင်ပျိုလားမာမီ၊ ခင်ပျို ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ သားရယ်၊ ခင်ပျိုက မျိုးရိုးအမေပိုင်တဲ့မြို့ထဲမှာ ပုန်းနေတာ၊ အခု ဒါကိုသိသွားတော့ ဟိုက သူ့သားကို ပြန်





ခေါ်ပြီး သင်းကို မောင်းထုတ်ပြီလေ၊ ဒီအရိပ်ကိုလည်း သူ ပြန်မလာရဲတော့ဘူး၊ ပြန်လာခဲ့ရင်လည်း မာမီ လက်မခံဘူး"

"ဟင်"

ခင်ပျိုသတင်းကြားတော့ သူ့ရင်ထဲမှာ စိုးရိမ်သွားမိပြန်သည်၊ ခင်ပျို ဒုက္ခတွေ ဝိုင်းနေပြီတဲ့လား။ မာမီက ဥပေက္ခာပြုရက်နိုင်ပေမယ့် ဥပေက္ခာမပြုရက်နိုင်ခဲ့သော သူ့နှလုံးသားက –

"မာမီရယ် ခင်ပျိုကို ပြန်လက်ခံလိုက်ပါ"

"လုံးဝလက်မခံနိုင်ဘူး သား၊ သူက မာမီ့ကို ခြေစုံကန်ပြီး ထွက်သွားခဲ့တာ၊ ပြီးတော့ သူ့ရဲ့အသိုင်းအဝိုင်းအကြောင်းကို မျိုးရိုးအမေ မမျိုးသိသွားခဲ့ပြီလေ၊ မာမီက ဘာလို့လက်ခံရမှာလဲ၊ သင်း ဘာသာ ဘယ်ဘဝရောက်ရောက်"

နာကျင်ခက်ထန်စွာ ပြောပြီး မာမီ အခန်းထဲဝင်သွားတော့ သူ ခေါင်းငိုက်စိုက်ကျသွားခဲ့သည်။ ခင်ပျို ဒုက္ခရောက်နေတာကို သူ လက်ပိုက်ထိုင်ကြည့်နေရမှာတဲ့လား။

ဟင့်အင်း၊ ဘယ်တော့မှ ဒီအခြေအနေကို သူလက်မခံနိုင်ပါ။ ခင်ပျိုလေးအတွက် သူ အမြဲရှိဖို့ အသင့်။

ဆတ်ခနဲ သူထထွက်ခဲ့ရင်း ဆင်ဝင်အောက်က ကားတံခါးကို ဆွဲအဖွင့်မှာပဲ –

"ကိုကို"

ကဥ္စနာ သူ့အနားကိုရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ဘယ်သွားမလို့လဲ"

"ခင်ပျို့ကို ရှာမလို့၊ ခင်ပျို့ ဒုက္ခရောက်နေချိန်မှာ ကိုကိုရှိမှ ဖြစ်မယ် ကဋ္ဌနာ၊ မာမီ ဘာပဲပြောပြော ကိုကိုသွားရမယ်"

ကဋ္ဌနာ ပင့်သက်လေးရှိုက်ကာ သူ့ကိုကြည့်ရင်း ခေါင်းလေး ညိတ်၏။

"ကဋ္ဌနာလိုက်ခဲ့မယ် ကိုကို"

"ဘယ်ကိုလိုက်မှာလဲ၊ ကိုကိုတောင် ခင်ပျို့ဘယ်မှာဆိုတာ မသိသေးဘူး ညီမလေး"

"ခင်ပျို့ ဘယ်မှာရှိတယ်ဆိုတာ ကဋ္ဌနာသိတယ် ကိုကို"

"ဟင်"

"အခုပဲ မျိုးရိုး ခင်ပျို့ဘယ်မှာရှိတယ်ဆိုတာ ကဋ္ဌနာဆီ ဖုန်းဆက်တယ်၊ သူ့မာမီ နှလုံးရောဂါနဲ့ ဆေးရုံတင်ထားရလို့ ခင်ပျို့ကို သွားခေါ်ပြီး ခဏစောင့်ရှောက်ပေးထားပါတဲ့"

"ဟင် ဟုတ်လား၊ ဒါဆို ကိုကိုတို့ သွားကြရအောင်၊ အမြန် တက် ညီမလေး"

ကားလေးပေါ် ကဋ္ဌနာတက်ပြီးသည်နှင့် သူ ကားကို မောင်း ထွက်ခဲ့သည်။ ကဋ္ဌနာညွှန်ပြသော လမ်းတွေအတိုင်း ကားလေးက ဦးတည်နေခဲ့၏။

ခင်ပျို့ဘဝလေးက အခုထိ ကံဆိုးနေခဲ့သည်လား။

ခင်ပျို့ရယ် ကိုကိုရောက်လာပါပြီ။ မင်းအတွက် ကံဆိုးခြင်း





တွေ ဘယ်တော့မှ မကြုံစေရဘူး။

မင်းအတွက် ကိုကို ရှင်သန်နေတာပါ။

✿

ကဋ္ဌနာ ရှင်းပြတာကို နားထောင်ရင်း မျက်ရည်လေးဝဲနေ သည့် ခင်ပျို့မျက်နှာလေးကို ကြည့်ရင်း သူ ရင်ထဲမကောင်းနိုင်။ ရှိုက်သံတွေနှင့် ခင်ပျို့ ကဋ္ဌနာကိုပြောသည်။

"ကိုမိဘတွေ သိသွားပြီပေါ့၊ ခင်ပျို့ မျှော်လင့်ပြီးသားပါ၊ ဒီလိုဖြစ်လာမယ်ဆိုတာ ခင်ပျို့ တွေးမိပြီးသားပါ ကဋ္ဌနာရယ်"

"ခင်ပျို့ရယ် ဒါကိုသိရဲ့နဲ့ ဘာလို့ ဒီလူကို လက်ထပ်ခဲ့တာ လဲ"

သူ မမျိုသိပ်နိုင်စွာမေးတော့ ခင်ပျို့ ယှဲ့ယှဲ့လေးပြုံးရင်း ခေါင်းလေးကို ခါသည်။

"ဟင့်အင်း၊ ခင်ပျို့တို့ လက်မထပ်ဖြစ်ခဲ့ပါဘူး ကိုကိုထင်"

"ဘယ်လို"

"ဟုတ်တယ်၊ မျိုးရိုးက လက်ထပ်ဖို့ တောင်းဆိုပေမယ့် ခင်ပျို့ လက်မခံခဲ့ဘူးလေ၊ ခင်ပျို့ကို လက်ထပ်လိုက်ရင် မျိုးရိုး ဒုက္ခ ရောက်သွားမှာပေါ့၊ မျိုးရိုးအမေက သဘောမတူခဲ့ရင် မျိုးရိုးဘ



www.burmeseclassic.com

www.burmeseclassic.com



နစ်မွမ်းပြီလေ၊ ခင်ပျိုကြောင့် မျိုးရိုး ဒုက္ခမရောက်စေချင်ဘူး''

ဖြူစင်လိုက်တဲ့ ခင်ပျိုစိတ်ဓာတ်လေးကို သူ မြတ်နိုးစာနာမိပြန်၏။ ကံကြမ္မာကြောင့် ခင်ပျို့ဘဝလေး မလှခဲ့သည့် ခင်ပျို့နှလုံးသားက ဖြူစင်လွန်းသည်။ ဒါတွေကြောင့်လည်း ခင်ပျိုကို သူ တွယ်တာခဲ့တာ။

''ဒါဆို နင်တို့ လက်မထပ်ဘဲ အတူနေနေတာလား''

''မဟုတ်ပါဘူး ကဥ္စနာရယ်၊ ဒီအိမ်မှာ ခင်ပျိုနဲ့အတူ ဘွားရုံကို မြေးအဘွား အတူနေပေးတယ်၊ မျိုးရိုးက ကျောင်းပိတ်ရက်မှ လာတာပဲ ရှိတယ်၊ မျိုးရိုးရဲ့ သိက္ခာတရားဖြူစင်တာကို ခင်ပျို အသိဆုံးပါ''

''အခု နင်ဘာဆက်လုပ်မလဲ ခင်ပျို''

''ထွက်သွားမှာပေါ့ ကဥ္စနာ၊ ဒီအခြေအနေတွေ ကြုံလာရင် ခင်ပျိုထွက်သွားပေးဖို့ ဆုံးဖြတ်ပြီးသားပါ''

''မဟုတ်ဘူး၊ မျိုးရိုးက နင့်ကို ခဏရှောင်ခိုင်းထားတာ၊ ပြီးရင် သူ နင့်ဆီ အပြီးထွက်လာမယ်တဲ့''

ကဥ္စနာ မျိုးရိုးမှာခဲ့သောစကားတွေ ပြောပြ၏။ ခင်ပျို မျက်ရည်စတွေကြားက နွေးနွေးလေးပြုံးရင်း –

''ဟင့်အင်း၊ မျိုးရိုးလာခဲ့မယ်ဆိုရင်လည်း ခင်ပျို လက်မခံဘူး၊ ခင်ပျိုလက်ခံရင် မျိုးရိုးဘဝလေး ပျက်စီးသွားမှာပေါ့၊ မျိုးရိုး ပညာရေးက တစ်ပိုင်းတစ်စကြီးလေ၊ ခင်ပျိုလက်မခံပါဘူး ကဥ္စနာ၊ သူ မရှာနိုင်တဲ့ အဝေးဆုံးကို ထွက်သွားမှာပါ''





ခင်ပျို့စကားကြောင့် သူ လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားခဲ့ကာ ခင်ပျို့ပခုံးလေးကို ဆုပ်ကိုင်ရင်း –

''ခင်ပျိုလေး ဘယ်မှထွက်မသွားပါနဲ့၊ မင်း ကိုကိုနဲ့လိုက်ခဲ့၊ မင်းဘဝကို ဒုက္ခတွေထဲကရုန်းထွက်ဖို့ ကိုကို တာဝန်ယူတယ်၊ မငြင်းနဲ့ ခင်ပျိုလေး၊ မင်းမျက်နှာကို ကိုကို ဆေးကုပေးမယ်၊ အိုက္ခာ မင်း ရှင်သန်ဖို့ ရပ်တည်ဖို့ ကိုကို ခုချိန်မှာ အပြည့်အဝ တာဝန်ယူနိုင်တယ်''

ခင်ပျို ငြိမ်သက်စွာ သူ့ကိုစိုက်ကြည့်နေခဲ့သည်။ ကဥ္စနာက ခင်ပျို့စကားကို နားစွင့်နေ၏။

''ကိုကိုထင် အရိပ်အောက်မှာလည်း ခင်ပျို ခဏပဲနိုင်ပါရစေ၊ ခင်ပျိုလေးဘဝကို ရှင်သန်ရပ်တည်နိုင်ဖို့ ကြိုးစားမယ်၊ ဒီမျက်နှာကြီးနဲ့လည်း အရာရာကို ရင်ဆိုင်ရဲအောင် ခင်ပျို သတ္တိရှိနေပါပြီ''

တကယ်ပဲ ခင်ပျို့ရင်ထဲမှာ သတ္တိတွေ ပြည့်ဝနေပြီလား။ ဒီသတ္တိတွေကို ခင်ပျို ဘယ်လိုပိုင်ဆိုင်သွားခဲ့တာလဲ။

ချစ်ခြင်းရဲ့ ခွန်အားတွေကပဲ ခင်ပျိုကို ရဲရင့်စေခဲ့တာလား။ အံ့ဩစရာတော့ အကောင်းသား။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃၃ )

ခြံဝန်းလေးက အေးချမ်းသော စိတ်ကို ပေးစွမ်းနိုင်သည်။ မြက်ခင်းစိမ်းစိမ်းလေးတွေ၊ ရောင်စုံပန်းခင်းလေးတွေနှင့် အရိပ်ရ သစ်ပင်လေးတွေလည်း ပါသည်။ ရေကူးကန်လေးနှင့် ကြက်တောင် ကစားကွင်းလေးကို ခင်ပျိုသဘောအကျဆုံးဖြစ်သည်။

ခြံဝန်းထဲက တစ်ထပ်တိုက်ပုလေးကလည်း ချစ်စရာကောင်း သည်။ ဒါတွေအားလုံးကို ခင်ပျို့နာမည်နှင့် ကိုကိုထင် ဝယ်ပေးထား ခြင်းပါပဲ။ ကိုကိုထင်ရဲ့ သံယောဇဉ်နှင့်စေတနာတွေကို ခင်ပျို အသိ အမှတ်မပြုဘဲ မနေနိုင်အောင် ဖြစ်ရ၏။

ဒီအိမ်နှင့် ခြံလေးကို ကိုကိုထင် ခေါ်ခဲ့သည်။ ခင်ပျို့အတွက် အဖော်အဖြစ် ဒေါ်လှခင်ဆိုသော မိန်းမကြီးကိုလည်း ခေါ်ပေးထားခဲ့ သည်။





ကိုကိုထင်က ခင်ပျို့မျက်နှာကို ပလတ်စတစ်ဆာဂျရီနည်းနှင့် ခွဲစိတ်ပေးဖို့လည်း စီစဉ်ပေးထား၏။

ထိုအစီအစဉ်တွေအားလုံးကို ရွှေခြားမြေခြားမှာ ရောက်နေ သည့် ကာလတွေမှာ ကိုကိုထင် ကြိုးစားရှာဖွေထားခဲ့ခြင်းတဲ့။

"ခင်ပျို ဘာမှ အားငယ်စရာမလိုဘူး။ ဒါ ကိုကိုရဲ့ ရည်ရွယ် ချက်တွေကို အကောင်အထည်ဖော်ခဲ့တာပါ၊ ခင်ပျို့နာမည်နဲ့ချည်းပဲ"

ကိုကိုထင်ရဲ့ စေတနာတွေကို ခင်ပျို မျက်ရည်ဝဲမိသည်အထိ လေးစားအသိအမှတ်ပြုမိသည်။

ကိုကိုထင်က မျိုးရိုးလိုပဲ ခင်ပျို့ဘဝသစ်လေးကို အမြဲအိပ်မက် မက်နေခဲ့တာဟု ပြောသေးသည်။

နေ့စဉ်တိုင်း ကိုကိုထင်ရောက်လာကာ အားပေးစကားတွေ ပြောတတ်၏။ ကဥ္စနာကတော့ တစ်ခါတစ်ရံမှ ရောက်လာတတ်၏။

"ခင်ပျို"

ခုံတန်းလေးမှာထိုင်ပြီး ခင်ပျိုတွေးနေတုန်း ကဥ္စနာ ရောက် လာ၏။ ကားသံမကြားလိုက်တာမို့ ခင်ပျို မသိလိုက်တာ ဖြစ်၏။

"ကားမပါဘူးလား ကဥ္စနာ"

"ဟင့်အင်း။ တက္ကစီနဲ့လာတာပါ၊ ဒီမှာပဲ ထိုင်ရအောင်နော်"

ခုံတန်းလေးအစွန်းတစ်ဖက်မှာ ကဥ္စနာ ဝင်ထိုင်သည်။ အပြင် ထွက်လျှင် အမြဲတမ်း လှပအောင်ခြယ်သထားတတ်သော ကဥ္စနာ့ အခုတော့ ဘာမှမလိမ်းခြယ်ဘဲ မျက်နှာပြောင်လေးနှင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ နဂိုလှပပြီးသော မျက်နှာလေးက ရှင်းသန့်နေ၏။ ခင်ပျိုကိုငေးကြည့်ရင်း ကဋ္ဌနာ ပင့်သက်လေး ချ၏။

"နင် အရမ်းကံကောင်းတာပဲ ခင်ပျို"

"ဟင်"

"ဟုတ်တယ်၊ နှလုံးသားအရေးမှာ နင်က ကံအကောင်းဆုံး သူပဲ သိလား၊ မျိုးရိုးက နင့်ကိုတကယ်ချစ်ခဲ့တာ၊ အခုလည်း နင့်ကို သူ အသည်းအသန်ရှာဖွေနေတယ်"

"ဟင့်အင်း၊ ခင်ပျို အရှုံးပေးလိုက်ပါပြီ ကဋ္ဌနာ"

"နင် အရှုံးပေးတာမဟုတ်ပါဘူး၊ မျိုးရိုးကို နင်ချစ်လို့ ရင်ကွဲခံနေတာပါ၊ နင့်ကြောင့် မျိုးရိုး ဒုက္ခရောက်မှာစိုးလို့ နင်နောက်ဆုတ်ခဲ့တာ"

ကဋ္ဌနာက ခင်ပျို့ရင်ထဲကို မြင်သိနေတာမို့ ခင်ပျို နှုတ်ဆိတ် ဝန်ခံလိုက်၏။ ကဋ္ဌနာက အဖူးငုံလေးတွေ ဖူးနေသော နှင်းဆီပင်လေး ကို လှမ်းငေးကြည့်ရင်း –

"ငါ ကံမကောင်းခဲ့ဘူး ခင်ပျို၊ အချစ်ရေးမှာ ငါကံဆိုးခဲ့ တယ်"

"ဟင် ဘာလို့လဲ ကဋ္ဌနာ၊ နင့်မှာ ရွေးချယ်နိုင်ခွင့်တွေ အများကြီးပဲလေ"

"ဟင့်အင်း၊ အချစ်ဆိုတာ ရင်မှာ တစ်ခါပဲ ဖူးတဲ့ပန်းမျိုးပါ၊ ငါ့ရင်ထဲမှာ ချစ်နေတာ ဘယ်သူလဲ၊ နင် သိလား"





ခင်ပျို ခေါင်းလေးရမ်းပြတော့ ကဋ္ဌနာ နွေးနွေးလေး အသက်မဲ့စွာ ပြုံးရင်း –

"ကိုကို့ကို ငါသိပ်ချစ်ခဲ့တာ"

"ဘာရယ် ကိုကိုထင်"

"ဟုတ်တယ်၊ ဒါပေမဲ့ ကိုကိုထင်ချစ်တဲ့သူက တစ်ယောက်၊ အဲဒီသူက နင်ပဲ"

"ဘာရယ်"

ခင်ပျို တကယ်ပဲ တုန်လှုပ်သွားမိသည်။ ကိုကိုထင်က ခင်ပျို ကို ချစ်တာတဲ့လား။

ဟင့်အင်း မဖြစ်နိုင်တာ။

ကိုကိုထင့် နှလုံးသားက အဖြူရောင်ပါပဲ။ ခင်ပျိုဘဝလေးကို စာနာစိတ်နဲ့ ကြင်နာခဲ့တာပါ။

"ကိုကို့နှုတ်က ငါ့ကို ဝန်ခံခဲ့တာ၊ ကိုကိုက သုံးနှစ်ကျော်လုံး လုံး နင့်အတွက်ရည်စူးပြီး ကြိုးစားခဲ့တာလေ၊ အဲဒါ နင်မသိဘူးလား"

"ဟင့်အင်း"

"နင်က အရမ်းရိုးသားတယ် ခင်ပျို၊ ကိုကိုနဲ့မျိုးရိုးကလည်း အဲဒါကြောင့် မြတ်နိုးကြတာထင်တယ်"

ပြောရင်း ကဋ္ဌနာ မျက်ရည်လေးတွေ ဝဲတက်လာသည်။ ကဋ္ဌနာကို ကြည့်ရင်း ခင်ပျို သနားနေမိ၏။ ရင်ထဲက ချစ်ခြင်းတစ်ခု ကို ကဋ္ဌနာ သိုဝှက်စွာ သိမ်းဆည်းထားနိုင်ခဲ့တာ ယုံနိုင်စရာတွေ



www.burmeseclassic.com

www.burmeseclassic.com



မရှိပါလား။

အရာရာပြည့်စုံနေတယ်လို့ ခင်ပျို ထင်မှတ်ခဲ့တဲ့ ကဋ္ဌနာမှာလည်း ပိုင်ဆိုင်ခွင့်မရတဲ့ အရာတစ်ခု ရှိနေပါလား။

ကဋ္ဌနာ ရင်ထဲကအပူတွေအတွက် ခင်ပျို စာနာမိပါရဲ့။

✿ ✿ ✿



## အခန်း ( ၃၄ )

ခင်ပျို ဆေးရုံမှာ ရှိနေသည့် နေ့တိုင်း ကိုကိုထင် နေ့တိုင်း ရောက်လာသည်။ အားပေးစကားတွေဆိုသည်။ ကဋ္ဌနာပြောခဲ့တာကြောင့် ကိုကိုထင့်ရင်ထဲကို သိနေသော ခင်ပျို မျက်နှာတွေ ပူမိ၏။

ကိုကိုထင်ကတော့ တကယ့်ကို မျှိုသိပ်နိုင်လွန်းစွာရှိ၏။

''ခင်ပျိုလေး ဘာမှ အားမငယ်နဲ့နော်၊ မနက်ဖြန် ပါရဂူကြီးတွေက ခွဲစိတ်ကုသကြမယ်၊ အောင်မြင်ဖို့ အပြည့်ယုံထား၊ သိလား၊ ပတ်တီးတွေဖြည်တဲ့နေ့ကျရင် ခင်ပျို့မျက်နှာလေး နဂိုအတိုင်း ရှိနေစေရမယ်''

ကိုကိုထင့်အားပေးစကားတွေ နားထောင်ရင်း ခင်ပျို အင်အားတွေ ဖြစ်စေခဲ့၏။ အခုချိန်မှာ မျိုးရိုးကို သတိရမိပေမယ့် ခဲ့တက်လာသောမျက်ရည်တွေကို ခင်ပျိုသိုဝှက်ချင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းကို ကိုကိုထင်လို မျိုသိပ်နိုင်စွမ်းတာလည်း အရည်အချင်းတစ်ခု မဟုတ်လား။ ခင်ပျိုကြောင့် မျိုးရိုးဘဝလေး မနစ်မွမ်းဘူးဆိုရင် ခင်ပျိုကျေနပ်နိုင်ရမှာပေါ့။

ခင်ပျို ကံကောင်းခဲ့သည်တဲ့လား။ ဟင့်အင်း အချစ်ကို ပိုင်ဆိုင်ခွင့် ရနိုင်ပေမယ့် ခင်ပျို ရှောင်ထွက်ပြေးခဲ့တာ ကံကောင်းခြင်းလား။

သေချာတယ် မျိုးရိုး။ ခင်ပျို့နှလုံးသားမှာ ရှင် အမြဲရှင်သန်နေမှာပါ။

✿

ခွဲစိတ်ကုသမှု နှစ်ကြိမ်ပြီးဆုံးတော့ ပါရဂူကြီးတွေက ခင်ပျို့မျက်နှာကို ပတ်တီးတွေ ချည်နှောင်ပေးခဲ့သည်။

နှစ်ပတ်အတွင်းမှာ ခင်ပျိုကို ဂရုစိုက်ကြတာ နေ့စဉ် နာရီမခြားရှိခဲ့သည်။ ကိုကိုထင်ရော ကဋ္ဌနာပါ အားပေးစကားတွေ ပြောနေ၏။

ခင်ပျိုမျက်နှာကို စည်းနှောင်ထားသော ပတ်တီးတွေ ဖြည်သည့်နေ့က ခင်ပျို့ရင်တွေ တလှပ်လှပ် ခုန်နေမိ၏။

ကဋ္ဌနာလက်ကလေးကို ဆုပ်ထားရင်း ခင်ပျို့ရင်တွေ တ





ဒိတ်ဒိတ်ခုန်လွန်းနေတာ ပေါက်ကွဲမတတ်ပါပဲ။

"ဘာမှ မကြောက်နဲ့သမီး။ မျက်လုံးလေးတွေ မှိတ်ထားနော်"

ဆရာဝန်ကြီးစကားအတိုင်း ခင်ပျို မျက်ဝန်းတွေမှိတ်ထားမိ၏။ ပတ်တီးတွေ တစ်လွှာချင်း ဆရာဝန်ကြီးက ခွာပေးသည်။

တိတ်ဆိတ်နေသော အခန်းထဲမှာ ခင်ပျို ရင်ခုန်သံတွေပဲ ဆူညံနေသည် ထင်မိ၏။

"သမီးမျက်နှာကို လက်နဲ့စမ်းကြည့်စမ်း"

ဆရာဝန်ကြီးစကားကြောင့် ခင်ပျို အမာရွတ်တွေနှင့် ပါးပြင်ကို လက်ဖဝါးလေးနှင့် တုန်တုန်ယင်ယင် ပွတ်သပ်ကြည့်၏။ ချောမွေ့နေသော အသားအရေကို ခင်ပျို ထိတွေ့မိ၏။

"ရော့ ခင်ပျိုလေး"

ကိုကိုထင်က မှန်ချပ်ကလေးကို ခင်ပျို့မျက်နှာရှေ့ ထိုးပေးသည်။ ခင်ပျို မဝံ့မရဲ ကြည့်လိုက်တော့ –

"အို"

ခင်ပျိုမျက်နှာလေးမှာ အမာရွတ်တွေကင်းစင်လို့ ချောမွေ့နေခဲ့တာ အံ့ဩစရာပါပဲ။ တစ်ချိန်လုံး သိမ်ငယ်စိတ်တွေကို ပေးခဲ့တဲ့ မျက်နှာကြီး ဘယ်ရောက်သွားပြီလဲ။

"ဝမ်း ဝမ်းသာလိုက်တာ ကိုကိုထင်၊ ခင်ပျို ခင်ပျို"

စကားသံတွေအစား ခင်ပျို မျက်ရည်တွေပဲ လိမ့်ဆင်းလာ၏။ ကိုကိုထင်က ခင်ပျို့လက်ဖဝါးလေးကို ဆုပ်ကိုင်ရင်း –



www.burmeseclassic.com

www.burmeseclassic.com



"နောက်ထပ်ဝမ်းသာစရာရှိသေးတယ် ခင်ပျိုလေး၊ ဟိုမှာ ကြည့်လိုက်စမ်း"

ကိုကိုထင် ညွှန်ပြရာ အခန်းဝကို ခင်ပျို လှည့်ကြည့်တော့ အပြုံးတွေနှင့် ရပ်ကြည့်နေသော မျိုးရိုး။

"မျိုး ရိုး"

"ခင်ပျို"

ခင်ပျိုဆီကို လှမ်းလာသော မျိုးရိုးခြေလှမ်းတွေက မြန်ဆန်သည်။ ခင်ပျို အိပ်မက်မက်နေခဲ့တာလား။

"ခင်ပျို့အတွက် ဘဝသစ်လေးကို ကိုကို ဖန်ဆင်းပေးချင်လို့ မျိုးရိုးကို ခေါ်လိုက်တာ၊ သူ့ခမျာ ကျောင်းမတက် အိမ်မပြန်ဘဲ လေနေတာကြာပြီ"

"ဟင်"

"ဟုတ်တယ်ခင်ပျို၊ မင်းကို မတွေ့မချင်း ကိုယ်ရှာမိမှာ ယုံပါ"

"မျိုးရိုးရယ်"

"ကဲ ခဏနေကြဦး၊ ကိုကို ဆရာဝန်ကြီးဆီ သွားလိုက်မယ်၊ ခင်ပျို ဘာမှမပူနဲ့၊ မျိုးရိုးမေမေ အန်တီမျိုးနဲ့လည်း ကိုကိုတွေ့ပြီးပြီ၊ ခင်ပျိုတို့ရဲ့ ကြီးမားတဲ့ချစ်ခြင်းကို သူ နားလည်သွားပါပြီ"

ကိုကိုထင်ပြောပြီး အခန်းထဲက ထွက်သွားတော့ ကဥ္စနာလည်း ထရပ်၏။





"ကဥ္စနာ"

ခင်ပျိုခေါ်သံကြောင့် ကဥ္စနာ ရပ်နေဆဲ။ ကိုကိုထင် အခန်းထဲက ထွက်သွားမှ ခင်ပျို ပြောမိ၏။

"ကဥ္စနာ နင်လည်း ကံကောင်းပါစေလို့ ငါဆုတောင်းပေးမယ်နော်"

ကဥ္စနာ နွေးနွေးလေးပြုံးသည်။ ပြီးတော့ ခေါင်းလေးခါယမ်းရင်း –

"မလိုတော့ဘူး ခင်ပျို၊ ဘာလို့လဲသိလား၊ နောက်တစ်လဆို ကိုကို အမေရိကားကို အပြီးထွက်သွားတော့မှာ"

"ဟင်"

"အဟင်း ငါကျေနပ်ပါတယ် ခင်ပျို၊ ကိုကို့ဆီက လိုချင်တဲ့ အချစ်မျိုး မရခဲ့ပေမယ့် ကိုကိုက ငါ့ကို ညီမလေးတစ်ယောက်လို အဖြူစင်ဆုံးချစ်ခဲ့တာ ငါယုံပါတယ်"

"ကဥ္စနာရယ်"

"အချစ်ကို ပိုင်ဆိုင်ရမှ မဟုတ်ပါဘူး၊ ကိုကို့လိုပဲ ငါခံစားတတ်ခဲ့ပါပြီဟာ၊ ကဲ ငါသွားမယ် ခင်ပျို၊ နင်တို့မင်္ဂလာပွဲကျရင် ငါနဲ့ ကိုကို ရှိမှာပါ"

နှုတ်ဆက်ပြီး ကဥ္စနာ ထွက်သွားခဲ့သည်။ ခင်ပျို စိတ်မကောင်း မျက်ရည်လေးဝဲနေတော့ မျိုးရိုး ပခုံးလေးကို ဆုပ်ကိုင်နှစ်သိမ့်ရင်း –



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းနည်းနေသလား ခင်ပျို ကဋ္ဌနာရင်ထဲမှာ ကျေနပ်နေမှာပါ၊ ပြီးတော့ ကိုယ်နဲ့ခင်ပျို့အတွက်လည်း ကိုကိုထင်ရှားအောင် ကျေနပ်ဝမ်းသာမှာပါ၊ ဘာလို့လဲဆိုတော့ ကိုယ်တို့နှစ်ယောက်က သိပ်ချစ်ကြတာလေ"

"မျိုးရိုးရယ်"

ရင်ခုန်သံတွေ ငြိမ့်ငြိမ့်လေးစီးမျောရင်း မျိုးရိုးကို ခင်ပျိုမြတ်နိုးစုံမက်စွာ မော့ကြည့်မိ၏။

ချစ်ခြင်းရင်ခုန်သံတူညီသော မျက်ဝန်းတစ်စုံ ဆုံမိသည်။

ဘယ်တော့မှ မဝေးနိုင်သော နှလုံးသားတို့ ဘယ်လောက်ဝေးဝေး အနီးဆုံးမှာ ရှိနေတတ်စမြဲ ဆိုတာ။

ပရိသတ်အတွက်

အမြဲတမ်း

သျှိုး

BURMESE CLASSIC .com


www.burmeseclassic.com

www.burmeseclassic.com

ဂျူး
ကလောင်ခွဲ
ဝ
များ

BURMESE CLASSIC .com

ချစ်ခြင်းဖြင့်ဖွဲ့သီသော



www.burmeseclassic.com